
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

တောင်မှူးကြီးသိန်းဝင်း

# သစ်တောအရေးပိုင်ဦးနေအောင် နှင့် ရှာပုန်းများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၃၊ ဧပြီလ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Maw Maw*
အတွင်းဖလင် ▭ *Quality*

■

ပုံနှိပ်သူ

ဒေါ်သင်းသင်းမွန် (မြို့ဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်ကော်အမိုးရှည်စက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးထွာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
သစ်တောအရေးပိုင်ဦးနေအောင်နှင့်ရှာပုံနှန်းများ /
ထောင်မှူးကြီးသိန်းဝင်း။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၀၇–စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) သစ်တောအရေးပိုင်ဦးနေအောင်နှင့်ရှာပုံနှန်းများ



သစ်တောအရေးပိုင်ဦးနေအောင်နှင့် မုဆိုးအဖွဲ့



သစ်တောအရေးပိုင်ဦးနေအောင်နှင့် ခွာလိပ်ဆတ်ဖားကြီး

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ဇော်မင်းနှင့် ဘဲငန်းရိုင်းများ

BURMESE CLASSIC .com



တစ်ပွဲစားမုဆိုးအင်နီ



စာရေးလေးကျော်စိန်ဝင်းနှင့် ပြောင်သေကြီး



www.burmeseclassic.com


မြွေအစာကိုက်နေပုံ

www.burmeseclassic.com



သစ်တောအရေးပိုင်ဦးနေအောင်နှင့် ခုနစ်တောင်ကျား

BURMESE CLASSIC .com



ဒေါ်ကျစ်ကားပေါ်က တောကောင်သေများ

# အခန်း [၁]

❑

ဦးနေအောင်ဟုခေါ်သော ကျွန်ုပ်သည် သစ်တောအရေးပိုင်အဖြစ် စစ်ကြိုခေတ်ကာလနှင့် စစ်ပြီးခေတ်ကာလ လွတ်လပ်ရေးရကာလအချိန်များတွင် စစ်ကိုင်းတိုင်း၌ တာဝန်ကျခဲ့စဉ် တွေ့ကြုံခဲ့ရသော တောတွင်းဆန်းကြယ် ဖြစ်ရပ်မှန်များအား စာဖတ်သူများ ဗဟုသုတရစေခြင်းအကျိုးငှာ တင်ပြလိုက်ရခြင်းဖြစ်သည်။

ကျွန်ုပ်အုပ်ချုပ်ရသော နယ်မြေမှာ အတော်ကျယ်ပြန့်သည်။ အင်းတော်၊ ဗန်းမောက်၊ ဖောင်းပြင်၊ ပင်လယ်ဘူး၊ မော်လိုက်၊ ကျွန်းလှကလေးဝ၊ တန်ဆည်မြို့နယ်များအထိ ရှည်လျားသည်။

တစ်လနှစ်ကြိမ် ကွင်းဆင်းစစ်ဆေးရသည်ဖြစ်ရာ တစ်လလုံးနီးပါး တောထဲတောင်ထဲတွင် အနေများသည်။ ထို့ကြောင့်လည်း တောစာ၊ တောင်စာကို နှစ်သက်သဘောကျပြီး အမဲလိုက်မုဆိုးလုံးလုံး ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ အလုပ်နှင့်ဝါသနာ တူနေ၍ ပင်ပန်းသော်လည်း ကျွန်ုပ် ညည်းညူမိပါ။

ကျွန်ုပ်တွင် ဝါသနာတူ၊ စရိုက်တူ၊ ကျွန်ုပ်အပေါ်တွင် အသက် စေ၍ ချခဲ့ကြသော သစ်တောဌာန၊ အရာရှိဝန်ထမ်း များစွာ ရှိသည့် အတွက် တောအုပ်ဖော်မင်း၊ လက်နှိပ်စက်စာရေး ကျော်စိန်ဝင်းနှင့် ယာဉ် မောင်း သင်ချက်အောင်ဘုတို့မှာ ကျွန်ုပ်၏ သစ်တောအရေးပိုင်ဘဝ တွင် အသုံးအဝင်ဆုံး တပည့်များဖြစ်သည်။

ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ်မှ သစ်တောပညာဘာသာဖြင့် ဘွဲ့ရပြီးနောက် လက်ထောက်တောအုပ်အဖြစ် စစ်ကြိုခေတ်က စတင်၍ သစ်တောဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ရရာ စစ်ကိုင်းတိုင်းအတွင်း၌ ဝင် လှည့်လည်၍ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ထို့ကြောင့် ကျွန်ုပ်မရောက်ဖူးသော တောနှင့် မရောက်ဖူး သော ရွာဟူ၍ အလွန်ရှားပေသည်။ သို့သော် ကျွန်ုပ်မရောက်ခဲ့ရသော 'ရွာပုန်းများ' ရှိသည်ကိုတော့ ဝန်ခံရပေမည်။ 'ရွာပုန်း' ဟူသည်မှာ လူတိုင်းမရောက်နိုင်သော သီးခြားကမ္ဘာတွင်ရှိသည်။ ပျောက်ကွယ်နေ သော ရွာများကို ဆိုလိုပါသည်။

သစ်တောဌာနတွင် ဝန်ထမ်းအဖြစ် ခန့်အပ်လျှင် ကျန်းမာ ရေး ကောင်းမွန်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်မာသူကိုသာ ရွေးချယ်ခန့်ထား လေ့ရှိသည်။ သင်တန်းအမျိုးမျိုးတက်ရရာ သစ်တောပညာဘာသာရပ် အပြင် လက်နက်အမျိုးမျိုး ကိုင်ဆောင်ပစ်ခတ်ခြင်း၊ ကိုယ်ခံပညာနှင့် ရေကူးခြင်း၊ တောင်တက်ခြင်း အလေ့အကျင့်များကို သင်ကြားတတ် မြောက်ရသည်။





သစ်အမျိုးအစား ခွဲခြားခြင်း၊ ခုတ်လှဲနိုင်ခွင့် ပင်စည်အတိုင်း အတာရှိသော သစ်ပင်များအား တံဆိပ်ရိုက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းနှင့် သစ်ခုတ်ခြင်း၊ ဆင်၊ ကျွဲတို့ဖြင့် သစ်ဆွဲခြင်း၊ သစ်ဖောင်ဖွဲ့၍ မျှောခြင်း တို့ကို လေ့လာသင်ယူရသည့်အပြင် လုံးတန်ခန့်မှန်းတွက်ချက်ခြင်း၊ သစ် ခွဲသား တန်တွက်ချက်ခြင်း၊ သစ်သူခိုးများအား ဖမ်းဆီးခြင်း အတတ် ပညာတို့ကိုလည်း ကျွမ်းကျင်စွာ တတ်ရသေးသည်။

ကျွန်ုပ်တို့ သစ်တောဝန်ထမ်းများအား အကြီးမားဆုံးဒုက္ခပေး သည့်ရန်သူမှာ သစ်သူခိုးများလည်းမဟုတ်၊ တောကောင်များလည်း မဟုတ်၊ ငှက်ဖျားရောဂါကြီးသာဖြစ်သည်။ ဝန်ထမ်းတိုင်း မဖျားမနာဖူး သူ မရှိ။ ငှက်ဖျားနှင့် မကင်းသူများချည်းသာ ဖြစ်ကြသည်။

အချို့ဆိုလျှင် တောထဲ၊ တောင်ထဲကွယ်လွန်ခဲ့ကြရ၍ အိမ်မှ မိသားစုပင် လာရောက်သင်္ဂြိုဟ်နိုင်ခြင်း မရှိခဲ့ကြ။ ထို့ကြောင့် သစ်တော ဝန်ထမ်း လုပ်သက်ကြာသူများမှာ ထုသားပေသားရနေသော အမာခံများ ဖြစ်ကြသည်။

ကျွန်ုပ်လည်း ဒုတောအုပ်ဘဝက ငှက်ဖျားဖြစ်ခဲ့ဖူးသည်။ ကာ ကွယ်ဆေး အပတ်စဉ် မှန်မှန်သောက်နေသည့်ကြားမှ ငှက်ဖျားဖြစ်ခြင်း ဖြစ်သည်။ ကာကွယ်ဆေး မသောက်သူများကတော့ ငှက်ဖျားဖြစ်လျှင် အကြီးအကျယ် အပူချိန်တက်ပြီး အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်တတ်သည်။

ဆေးမှန်မှန်သောက်သူများ ငှက်ဖျားဖြစ်လျှင်တော့ သက်သာ သည်။ အသက်အန္တရာယ် မထိခိုက်နိုင်ပါ။ ထိုခေတ်ကာလများက ယခု ကာလလို ငှက်ဖျားရောဂါ ကာကွယ်ဆေးမျိုးစုံ မပေါ်သေး၊ ကရိုလိုကွင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ကွီနိုင်ဆေး တစ်မျိုးတည်းသာရှိသည်။ ကာကွယ်ဆေးလည်း သူပင်၊ ကုသရန်ဆေးလည်း သူပင်။

ကာကွယ်ရန်တစ်ပတ် ကွီနိုင် နှစ်လုံးသောက်ရသည်။ ရောဂါဖြစ်ပါက တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်လျှင် လေးလုံးနှုန်းသောက်ရသဖြင့် ခေါင်းများခါးအုံပြီး အစားအသောက်ပင် စားချင်စိတ်မရှိ၊ အစာမစားသော်လည်း ရင်တုန်၊ ပန်းတုန်၊ မျက်စိတွေပြာလာပြီး ဖျားရက်ရှည်ဆက်သည်။

အားနည်းလွန်း၍ ဆေးကုနေရင်း သေဆုံးသူ၊ ချည့်နဲ့သွားသူ၊ ဦးနှောက်အတွင်း ငှက်ဖျားပိုးရောက်၍ ရူးသွပ်သွားသူများကိုလည်း တွေ့ရသည်။ ထို့ကြောင့် ငှက်ဖျားရောဂါနှင့် မကင်းနိုင်သော သစ်တောဝန်ထမ်းဘဝမှာ အလွန်သနားစရာကောင်းပါသည်။

အကြီးအကျယ် ငှက်ဖျားဖြစ်ပြီး နောက်ထပ်မဖြစ်တော့ဟု ယူဆလျှင် မှားပေမည်။ တောထဲ၊ တောင်ထဲနေသမျှ ကာကွယ်ဆေး သောက်နေသည့် တန်းလန်းမှပင် အစားမှားခြင်း၊ အအေးမိခြင်း၊ ပင်ပန်း၍ ချွေးထွက်လွန်ခြင်းများဖြစ်လာပါက စောင့်ကြည့်နေသော ငှက်ဖျားရောဂါဆိုးကြီးက ဒိုင်ပင်ထိုး၍ ဝင်လာမြဲဖြစ်သည်။

ရောဂါဝင်လာပါက လူဗလံလေးရော၊ ဗလကြီးသူရော မခံနိုင်ပါ။ ဆေးဝါးကုသခြင်း အမြန်ဆုံးမပြုလုပ်နိုင်ပါက ရူးသွပ်ခြင်း၊ သေဆုံးခြင်းတို့ဖြစ်တော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့တောတွင် နေစဉ်ကာလပတ်လုံး အစားမမှားစေရန်၊ ခြင်မကိုက်စေရန်၊ အအေးမမိစေရန် အထူးသတိထားကြရသည်။

ကျွန်ုပ်၏ လုပ်သက်တစ်လျှောက်လုံး အနှစ်သုံးဆယ်ခန့် အတွင်း၌ တွေ့ကြုံ၊ ဆုံကြုံ၊ မတည်မြဲသော လောကသံသရာကို ပဋိစ္စ



BURMESE CLASSIC .com



သမုပ္ပါဒ်နည်းဖြင့် ရှုမိတော့ အလွန်တရားရစရာ ကောင်းလှသည်။ သို့သော်လည်း တရားထူး၊ တရားမြတ်၊ မရသေးသော လူသာမန်သာဖြစ်၍ ရှည်လျားထွေပြားလှသော ဘဝသံသရာ ရထားကြီးကိုစီး၍ ကျရာတာဝန်များကို ထမ်းဆောင်ရပေဦးမည်။ မသေမချင်း လူမှုရေးတာဝန်ကို ထမ်းဆောင်ရသူကို လူဟုခေါ်သည်ဟု ကျွန်ုပ် အဆိုပြုလျှင် လွန်အံ့မထင်ပါ။

ကျွန်ုပ်တို့ အထိုင်စခန်းမှာ ကျွန်းလှမြို့ဖြစ်သည်။ သာမန်အားဖြင့် တစ်လနှစ်ကြိမ် သစ်ကွင်းသစ်ကွက်များအား လိုက်လံစစ်ဆေးရသည်။ အရေးပေါ် ထူးခြားဖြစ်စဉ် ပေါ်ပေါက်ပါက အချိန်မရွေး ကွင်းဆင်းစစ်ဆေးရသည်။ တောတောင်အတွင်း လုပ်ငန်းများဖြစ်၍ အရေးပေါ်ဖြစ်စဉ်များကလည်း အချိန်မရွေး၊ ရာသီမရွေး ပေါ်ပေါက်လာတတ်သည်။

ဆောင်းဦးပေါက် ရာသီတစ်နေ့တွင်ဖြစ်သည်။ ဗန်းမောက်မြို့မှ အရေးပေါ် ကြေးနန်းဝင်လာသည်။ ဗန်းမောက်တိုက်နယ်၊ ဖန်ခါးကုန်းစခန်းတွင် ယာဉ်တိုက်လူသေမှုဖြစ်ကြောင်း သတင်းပို့ခြင်းဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်တို့လည်း ဗန်းမောက်နှင့် အင်းတော်ကြီးဘက် ခရီးထွက်ရန် ပြင်ဆင်နေသောအချိန်ဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့အဖွဲ့ အလျှင်အမြန်ပင် ခရီးထွက်နိုင်ကြသည်။ ကျွန်းလှမှ ကားဖြင့်၊ ထိုမှ ရထားဖြင့် ကောလင်း၊ ဝန်းသိုကို ဖြတ်ပြီး ဗန်းမောက်မြို့သို့ ရောက်သည်။ ဗန်းမောက်မှ သစ်တိုက်ကားကြီးဖြင့် အမှုဖြစ်သော ဖန်ခါးကုန်းစခန်းသို့ တောလမ်းအတိုင်း သွားကြရသည်။ ဖန်ခါးကုန်း ဘိုတဲသို့ ညနေပိုင်းတွင် ရောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခါးကုန်းစခန်းမှာ သစ်တိုက်ကားငါးစီးထားရှိသော စခန်းကြီးဖြစ်သည်။ စခန်းတာဝန်ခံ၊ တောအုပ် ဦးခင်မောင်နှင့် မော်တော်ယာဉ်မှူး ဦးလှသောင်း၊ ဆင်ခေါင်း၊ ချောင်းအုပ်၊ ကျွဲသမားများ (၅၀) ခန့်ရှိသော အထိုင်စခန်းကြီးဖြစ်သည်။ ရောက်ရောက်ခြင်းပင် ကျွန်ုပ်တို့ အမှုကို စတင်စစ်ဆေးသည်။

အမှုဖြစ်စဉ်မှာ Ford အမျိုးအစား ခေါင်းတိုသစ်တိုက်ကားကြီးအား ညီမှုးချစ်စ စခန်းပြန်အဝင် ဝင်းတံခါးအား ဖွင့်ပေးသော သစ်တောဝန်ထမ်းအား တိုက်မိပြီး ဝင်းတံခါးကြီးပါ ပျက်စီးသွားသော အမှုဖြစ်သည်။ ကားမောင်းသူမှာ လှမောင်၊ ဗန်းမောက်မှခေါ်ယူ၍ သစ်ကားမောင်းသည်မှာ လပိုင်းသာ ရှိသေးသည်။

ကျွန်ုပ် ...

"မောင်မင်း ဖန်ခါးကုန်းစခန်းရောက်တာ ဘယ်လောက်ကြာပြီလဲ"

ကားသမားလှမောင် ...

"တစ်လကျော်ကျော်ပဲ ရှိပါသေးတယ်၊ အရေးပိုင်မင်း"

ကျွန်ုပ် ...

"ဗန်းမောက်စခန်းမှာ နေတုန်းကလည်း သစ်ကားမောင်းတာပဲလား"

"ဟုတ်ပါတယ်ခင်ဗျား၊ အင်းတော်နဲ့ ဖန်ခါးကုန်း သစ်ရာပင် သစ်ကွက်တွေက ရောက်လာတဲ့ သစ်လုံးတွေ၊ ခွဲသားတွေကို ဗန်းမောက်ကတစ်ဆင့် ရထားတင်ပေးရတဲ့ ကားကိုမောင်းတာပါ"

"ကားမောင်းသက်တမ်း ဘယ်လောက်ရှိပြီလဲ"





"ကျွန်တော်က ကသာဘက်က လာတာပါ။ ဟိုမှာ (၅) နှစ်၊ ဗန်းမောက်မှာ (၃) နှစ်၊ ဒီစခန်းမှာ တစ်လကျော်ဖြစ်လို့ ကားမောင်းသက် (၈)နှစ်ကျော်ပါပြီခင်ဗျား"

"အရင်ကရော ယာဉ်တိုက်လူသေမှု ဖြစ်ဖူးသလား"

"မဖြစ်ဖူးပါဘူးခင်ဗျား၊ ကျွဲတိုက်၊ နွားတိုက်တော့ ဖြစ်ဖူးပါတယ်"

"မောင်မင်း ... အရက်သောက်တတ်သလား"

"သောက်တတ်ပါတယ်ခင်ဗျား၊ ဒါပေမယ့် ကျွန်တော်မျိုးက လုပ်ငန်းသိမ်းပြီး ညဘက်မှ သောက်တတ်တာပါ။ အလုပ်ချိန်အတွင်း၊ မသောက်တတ်ပါဘူးခင်ဗျာ"

"အဲဒီအမှု ဖြစ်ပွားတဲ့အခြေအနေကို ပြည့်ပြည့်စုံစုံရှင်းပြပါဦး"

"ဒီလိုပါခင်ဗျား ... လွန်ခဲ့တဲ့ တစ်လကျော်လောက်က အခု ကျွန်တော်မောင်းတဲ့ ကားကြီးပေါ်ကနေ သစ်ရာပင်စခန်းနားရွာက ခရီး ကြုံလိုက်လာတဲ့ ရွာသားတစ်ဦး ဖန်ခါးကုန်းဘိုတဲရှေ့မှာ ကားပေါ်က ပြုတ်ကျပြီး နောက်ဘီးနဲ့ ကြိတ်မိလို့ ဆုံးပါးသွားပါတယ်။

အဲဒါကြောင့် ကားသမားပြောင်းပြီး ကျွန်တော့်ကို ဗန်းမောက် စခန်းကခေါ်ပြီး ဒီကားကြီးကို မောင်းခိုင်းတာပါ၊ ကျွန်တော်တို့အလုပ်က သစ်ရာပင်စခန်း ပိန္နဲကုန်းစခန်းတွေက သစ်လုံးတွေကို ဗန်းမောက်ကို ပို့ရပါတယ်။

မိုးချုပ်လို့ အချိန်လင့်ရင်တော့ ဒီဖန်ခါးကုန်းစခန်းမှာပဲ ချပြီး နားရပါတယ်။ ဒီကားကြီးက အင်ဂျင်ကောင်း၊ ဘော်ဒီကောင်းပြီး ညဘက်ရောက်ရင်တော့ ဖောက်လာတတ်တဲ့ညဉ်ဆိုး ရှိတယ်ဗျ၊ သရဲစီး နေတဲ့ ကားကြီးလို့ ကားသမားအချင်းချင်း ပြောကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"ညဘက်ရောက်ရင် ဖောက်လာတတ်တယ်၊ သရဲစီးနေတယ် ဆိုတာ ဘာကိုပြောတာလဲ"

"ညဘက်ရောက်ရင် ကားစီယာတိုင်ကြီးက အရမ်းလေးလာပြီး ထည့်လို့မရတော့ဘဲ သူသွားချင်ရာ သွားတတ်ပါတယ်။ အဲဒီအချိန်မှာ ကားနောက်ပိုင်းက အပုပ်နံ့ကြီး ထောင်းခနဲ ထွက်လာပြီး ညည်းသံကြီး တွေလည်း ကြားရပါတယ်။ နောက်ပြီး ကားကြီးက မီးမလင်းတော့ ပိုဆိုးပါတယ်"

"ကားမီးမလင်းရင် မော်တော်ယာဉ်မှူးကို သတင်းပို့ပေါ့။ ညရေးညတာ တောထဲမှာသွားရလာရတာ မီးမကောင်းလို့ ဘယ်ဖြစ်မလဲ မီးလုံးကြီး ကျွမ်းနေတာလား၊ ဝါယာကြိုးပြတ်နေတာလား စစ်ဆေးပေါ့။ ဝါယာကြိုးပြတ်တာလောက်တော့ ကားသမားကိုယ်တိုင် လုပ်နိုင်တာပဲ။ မောင်မင်းတို့ တယ်ပေါ့တာကိုး။ ကဲ ... ဆက်ပြောပါ၊ အဲဒီညက ဘယ်လိုဖြစ်သလဲ"

"ပြီးခဲ့တဲ့ သုံးလေးရက်လောက်ကပါ။ ကျွန်တော် သစ်ရာပင် စခန်းက ဗန်းမောက်ကိုပို့ဖို့ သစ်လုံးတွေတင်အပြီး ပြန်အလာမှာ ဒီစခန်း အနားရောက်တော့ မိုးချုပ်သွားပါတယ်။ ညဥ့် (၇) နာရီလောက် ရှိပါပြီ။ အဲဒီအချိန်မှာပဲ ကားစီယာတိုင်ကြီးက အလွန်လေးလာပြီး ကားနောက်က အပုပ်နံ့ကြီးရပါတယ်။ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ ကားသော့ပိတ်ပေမယ့် စက်ရပ်မသွားဘဲ ဝင်းတံခါးကြီးကို ဝင်တိုက်တာပါ။ ဝင်းတံခါးဖွင့်ပေးတဲ့ ဝန်ထမ်းကိုလည်း ကျွန်တော် မမြင်မိပါဘူး။ တိုက်ပြီးမှ သိတာပါ။ ဘရိတ်ကလည်း မကောင်းတော့ ရပ်မရပါဘူး"





"ကောင်းပြီ မောင်မင်းပြောတာတွေ မှတ်တမ်းတင်ထားမယ်။ မနက်ဖြန်မနက်၊ မျက်မြင်သက်သေတွေနဲ့ ကားကြီးကို စစ်ဆေးမယ်။ မောင်မင်းပြောတာ မှန်ရင်တော့ အမှုကသက်သာမယ်၊ လိမ်ပြောရင် တော့ ကြီးလေးတဲ့ပြစ်ဒဏ်ပေးမယ်"

"ကျွန်တော် လိမ်ပြောတာဆိုရင် ကြိုက်သလို အပြစ်ပေးပါ အရေးပိုင်မင်း၊ ကျွန်တော် အမှန်အတိုင်းထွက်ဆိုတာ ဖြစ်ပါတယ်ခင်ဗျား"

"ဟုတ်ပြီ ... သွားတော့၊ ကျုပ်တို့လည်း အမှုစစ်တာ ရပ် တော့မယ်"

ကားသမားအား စစ်ဆေးပြီးတော့ ကျွန်ုပ်တို့အဖွဲ့နှင့် စခန်း တောအုပ် ဦးခင်မောင်၊ မော်တော်ယာဉ်မှူး ဦးလှသောင်းတို့ လက်ဖက် ရည်ကြမ်းဝိုင်းတွင် စကားပြောကြသည်။

ကျွန်ုပ် ...

"မော်တော်ယာဉ်မှူးဦးလှသောင်း ဒီကားကြီးက သရဲစီးနေ တယ်ဆိုတာ ဟုတ်သလား"

"ကားသမားတွေ ပြောကြတာပါပဲ ... အရေးပိုင်မင်း။ ဒီ စခန်းက ကားသမားတွေကတော့ ဒီကားကြီးကို မမောင်းရဲကြပါဘူး။ ကျွန်တော် တို့ကြုံရတာကတော့ ညဘက်မှာ ဒီကားကြီးက သော့တပ် မထားဘဲ သူ့အလိုလို စက်နိုးတတ်ပါတယ်။

ဒါကြောင့် ဒီကားကြီးကို စခန်းမှာ ညသိပ်ရင် ဂျမ်းတုံးတွေ ခုထားရပါတယ်။ အလုပ်မှာ ကားတစ်စင်းလျော့ရင် ထိခိုက်တာကြောင့် ဗန်းမောက်စခန်းက ကားသမားလှမောင်ကိုခေါ်ပြီး မောင်းခိုင်းရတာပါ။ သူက လုပ်သက်ရင့်ပြီး သစ်ကားမောင်းကျွမ်းကျင်တဲ့ ကားသမားတစ် ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီကားမောင်းတာ တစ်လကျော်ပြီဆို၊ ဒီအတွင်းမှာ ဘာဖြစ်သေးသလဲ"

"ဒီကားကြီးက ညပိုင်းမှာ ဖောက်တတ်တာမို့ သူ့ကို အလုပ်စောစော သိမ်းခိုင်းလေ့ရှိပါတယ်။ အဲဒီညကမှ ဆင်သမားတွေ၊ မအားတာနဲ့ မိုးချုပ်သွားပြီး ပြဿနာဖြစ်တာပါ"

"ဒီကားက မီးလည်း မကောင်းဘူးဆို။ အဲဒီကိစ္စက မော်တော်ယာဉ်မှူးနဲ့ ကားသမားမှာ တာဝန်ရှိတယ်။ ညရေးညတာ စိတ်မချရတဲ့ ကားကြီးကို မီးတော့ကောင်းအောင် လုပ်ထားရမှာပေါ့။ မတော်လို့ ကားကြီးသာ ချောက်ထဲကျရင် ကားလည်းဆုံးမယ်၊ ယာဉ်မောင်းလည်း သေမယ်။ ခင်ဗျားတို့ တာဝန်မရှိပေဘူးလား"

"ဟုတ်ပါတယ် ... အရေးပိုင်မင်း၊ ကားကြီးတွေက မနက်စောစောထွက်၊ ညမိုးချုပ်စမှ ပြန်ဝင်ကြတာမို့ ပြင်ဆင်ချိန်မရပါဘူး"

"အဲဒါ အကြောင်းပြချက်ပဲဖြစ်မယ်။ ကျုပ် သစ်တောဌာနမှာ ထုပ်လာတာ ကြာပြီ။ လုပ်ငန်းသဘောကို နားလည်တယ်။ မီးပျက်တာလောက်ကတော့ သစ်တင်စခန်းမှာ သစ်လုံးတင်ဖို့စောင့်တုန်း ကားသမားက လုပ်နိုင်တာပဲ။ သစ်လုံးတစ်ခါတင်ဖို့ တစ်နာရီ၊ နှစ်နာရီ စောင့်နေရတာ အားလုံးအသိပဲ"

"ကဲ ... ဘာမှပြောမနေနဲ့တော့။ မနက်ဖြန် ကားကြီးနဲ့ သက်သေတွေကို စစ်ဆေးမယ်။ ခင်ဗျားတို့ ပေါ့လျော့ရင်တော့ အရေးယူ ခံရလိမ့်မယ်။ ကဲ ... ကျုပ်တို့ ဘိုတဲပြန်မယ်"

"ခဏစောင့်ပါ ... အရေးပိုင်မင်း၊ ကျွန်တော်တို့ ဒီမှာစားဖို့ သောက်ဖို့ စီစဉ်ထားပါတယ်ခင်ဗျား"





"နောက်နေ့တွေမှ စားမယ်ဗျာ။ ဒီနေ့တော့ ကျုပ်တပည့်အောင်ဘ စီစဉ်ထားတဲ့ ညစာကိုပဲ စားတော့မယ်၊ ခရီးလည်း ပန်းလာတယ်။ တောထဲ၊ တောင်ထဲမို့ ဆောင်းတွင်းကြီးမှာ ညဘက်ရေလည်းချိုးနိုင်တော့ဘူး။ နားတော့မယ်"

"ဟုတ်ကဲ့ ... အရေးပိုင်မင်း၊ မနက်ဖြန် နေ့လယ်စာကို တောကောင်သားနဲ့ အကောင်းဆုံး စီစဉ်ထားပါ့မယ်"

"ဒါနဲ့ ခင်ဗျားတို့ စခန်းပတ်ဝန်းကျင်မှာ ဘာကောင်တွေ ပေါသလဲ။ အမှုကိစ္စစစ်ဆေးပြီးရင်တော့ အမဲလည်ရအောင် စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော်တို့ စခန်းပတ်ဝန်းကျင်မှာတော့ တောဝက်နဲ့ ချေ (ဂျီ) ပဲ၊ ပေါပါတယ်၊ ပိန္နဲကုန်းစခန်းဘက်မှာတော့ မျောက်၊ ချေ၊ တောဝက်နဲ့ ဆတ်၊ ဝံတွေတောင်ရှိပါတယ်"

"ပိန္နဲကုန်းစခန်းက ဒီကနဲ့ ဘယ်လောက်ဝေးသလဲ"

"တောလမ်းခရီး နှစ်မိုင်ကျော် သုံးမိုင်ဝေးပါတယ်"

"အင်း ... အဲဒီဘက်မှာ ညအိပ်စခန်းချပြီး သုံးလေးရက်တောလည်ကြတာပေါ့ ... ဦးလှသောင်း စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော် ယာယီဘိုတဲဆောက်ပြီး စီစဉ်ပေးပါ့မယ်"

"ပိန္နဲကုန်းစခန်းက ဒီကစခန်းခွဲ မဟုတ်ဘူးလား"

"အရင်ကဟုတ်ပါတယ် ... အရေးပိုင်မင်း၊ အဲဒီစခန်းက မြေကြမ်းပြီး ရေနဲ့ဝေးတာကြောင့် စခန်းသိမ်းလိုက်တာ တစ်လလောက်ပဲ ရှိပါသေးတယ်။ အဲဒါကြောင့် ယာယီဘိုတဲ ပြန်ဆောက်ရမှာပါ။ စခန်းမှာ ရွက်ဖျင်တွေနဲ့ အလုပ်သမားတွေ အဆင်သင့်ရှိတာမို့ မြန်ပါတယ်။ ကျွန်တော်အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ကျုပ်တို့ပြန်မယ်။ မနက်ဖြန်မနက်မှ ဆုံကြတာပေါ့"

ကျွန်ုပ်တို့အဖွဲ့ စခန်းနှင့် ကိုက် (၂၀၀)ခန့်သာဝေးသော ဘိုတဲသို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ ဓာတ်မီးပါမလာသဖြင့် မော်တော်ယာဉ်မှူး ဦးလှသောင်းနှင့် တောအုပ်ဦးခင်မောင်တို့က လက်နှိပ်ဓာတ်မီး ထိုးပေးခြင်း ဘိုတဲသို့ လိုက်ပို့ပါသည်။ ဆောင်းညချမ်း ညဦးယံဖြစ်၍ တောသဲတောင်ထဲ စိမ့်အေးနေသည်။ ပုစဉ်းရင်ကွဲသံ ပုရစ်သံနှင့် အဝေးမှ မျောက်အော်သံတို့ကို ကြားနေရသည်။ တောသဘာဝ၊ တေးဂီတသံများပင် ဖြစ်တော့သည်။

ကျွန်ုပ်တို့ ဘိုတဲအဝရောက်တော့ ဦးလှသောင်းနှင့် ဦးခင်မောင်တို့ စခန်းသို့ ပြန်ကြသည်။ ကျွန်ုပ်တို့ ခြေလက်မျက်နှာ ဆေးကြောပြီး တပည့်ကျော်အောင်ဘု စီစဉ်ပေးသောညစာအား မြိန်ရှက်စွာ စားကြသည်။

ညစာ စားအပြီး ကျွန်ုပ် ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး အိပ်ရာဝင်တော့သည်။ အချိန်မှာ (၉) နာရီခန့်မျှပင် ရှိသေးသော်လည်း တောတွင်းမို့ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံမှလွဲ၍ တောမှာ တိတ်ဆိတ်နေသည်။ ခရီးပန်းလာပြီး ညစာစားကောင်းသဖြင့် ခေါင်းချသည်နှင့် အိပ်ပျော်ခြင်းသို့ရောက်သည်။

✿ ✿ ✿

# အခန်း [၂]

❑

အိပ်ရေးဝသဖြင့် မနက် (၅) နာရီတွင် အိပ်ရာက နိုးသည်။ တပည့်ကျော်အောင်ဘုကတော့ မနက်စာစားရန် ပြင်ဆင်နေသည်။ သွားတိုက်၊ မျက်နှာသစ်၊ ခြေလက်ဆေးပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့သည်။

မနက်စာကို အောင်ဘုစီစဉ်ပေးသည့် ကြက်ဥပေါင်မုန့်ကြော်နှင့် ကော်ဖီကိုသောက်ရင်း အမှုဖြစ်စဉ်အား စဉ်းစားနေစဉ် တောအုပ်ဇော်မင်းနှင့် လက်နှိပ်စက်စာရေးကလေး ကျော်စိန်ဝင်းတို့ အိပ်ရာမှ နိုးထလာကြသည်။ မျက်နှာသစ်ပြီးသည်နှင့် လက်ဖက်ရည်စားပွဲ ဝင်ထိုင်ကြရင်း . . .

ကျော်စိန်ဝင်း . . .

"ဆရာ . . . ညက အိပ်လို့ပျော်ရဲ့လား။ ကျွန်တော်တို့တော့ ခရီးပန်းလာတာကြောင့်ထင်ပါရဲ့၊ ခေါင်းချတာနဲ့ တုန်းခနဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ငါအိပ်လို့ ပျော်ပါတယ်။ မင်းတို့တောထဲ တောင်ထဲရောက်ရင် ဘုရားဝတ်ပြု၊ မေတ္တာပို့ဖို့ မမေ့နဲ့နော်။ ဒါနဲ့ ညက ငါ သတိမပေးမိလိုက်ဘူး။ ငှက်ဖျားကာကွယ်ဆေးရော သောက်ကြရဲ့လား။ ငါတော့ ဒီစခန်းရောက်တာနဲ့ သောက်ထားတာ"

ဇော်မင်း …

"ဘယ်မေ့မလဲ … ဆရာရယ်၊ ဒါ အရေးကြီးဆုံးပဲဟာ။ ကျွန်တော် ဆေးသောက်ပြီးမှ ကျော်စိန်ဝင်းကို သတိပေးပြီး သောက်ခိုင်းလိုက်တာ ဆရာတပည့်အောင်ဘုလည်း သောက်ပြီးပါပြီ"

"အဲဒါ အရေးကြီးတယ်။ တစ်ပတ်တစ်ခါ မှန်မှန်သောက်ဖို့ မေ့နေရင် သတိပေးကြ။ ဒီနေ့ ဘာနေ့လဲ"

"အင်္ဂါနေ့ပါ ဆရာ"

"အေး … မနက်က သောက်တာဆိုတော့ အပတ်စဉ် တနင်္လာနေ့တိုင်း ငှက်ဖျားကာကွယ်ဆေးသောက်ရန်ဆိုပြီး တံခါးမကြီးမှာ မြေဖြူခဲနဲ့ စာရေးထားလိုက်။ ဒါမှ မမေ့မှာ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ စားသောက်ကြအပြီး မနက် (၆)နာရီကျော်ခန့်တွင် ဖန်ခါးကုန်းစခန်းဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ စခန်းတွင် တောအုပ်ဦးခင်မောင်၊ မော်တော်ယာဉ်မှူး ဦးလှသောင်းတို့က လက်ဖက်ရည်ကြမ်းပိုင်းနှင့် စောင့်နေကြသည်။ အမြည်းမှာ ဆတ်သားခြောက်ဖုတ်ဖြစ်သည်။

ကျွန်ုပ်တို့ ရေနွေးကြမ်းနှင့် ဆတ်သားခြောက်ဖုတ်ကို မြည်းကြရင်း သက်သေများအား စစ်ဆေးကြသည်။ တောအုပ် ဦးခင်မောင်၊





မော်တော်ယာဉ်မှူး ဦးလှသောင်းနှင့် မျက်မြင်သက်သေဝန်ထမ်းများ တညီတညွတ်တည်း ထွက်ဆိုကြသည်ကတော့ ကားကြီးမှာ သရဲစီးနေသည်ဆိုခြင်းပင်။

ကျွန်ုပ်က …

"မော်တော်ယာဉ်မှူးဦးလှသောင်းရေ … ကားကြီးက ဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"(၆)လလောက်တော့ ရှိပြီထင်တယ် ဆရာ"

"ကားကြီး ဒီစခန်းရောက်တာ ကြာပြီမဟုတ်လား"

"ကားကြီး ဒီစခန်းရောက်တာ သုံးလေးနှစ်ရှိပြီဆရာ။ အရင်က ဘာမှမဖြစ်ဖူးပါဘူး။ စက်လည်း ကောင်းတယ်၊ ဒရိုင်ဘာလည်း မြဲပါတယ်။ အခုမှ ဖောက်လာတာပါ"

"ခင်ဗျားတို့ ဒီ (၂)လလောက်အတွင်းမှာ ကားကြီးကို ဘာလုပ်သေးသလဲ"

"ဖင်တုံး (ဆင့်တုံး)တွေ မကောင်းလို့ လဲတာပဲရှိပါတယ် … ဆရာ"

"ဖင်တုံးတွေက ဘာသစ်သုံးသလဲ၊ ဘယ်နားက ခုတ်တာလဲ"

"သစ်တုံးကားအတွက် ဖင်တုံးက ဖန်ခါးသား အကောင်းဆုံးပဲ ဆရာ။ ဖန်ခါးသားက ပျဉ်းတွဲတွဲမို့ အထိအခိုက်ခံတယ်။ ကျွန်းသားက ပွတယ် အထိအခိုက်မခံဘူး၊ ပျဉ်းကတိုးသားကျတော့ လေးပြီး ဆတ်တယ်။

ကျွန်တော်တို့စခန်းက ဖန်ခါးကုန်းစခန်းဆိုပေမယ့် ရှိတဲ့ဖန်ခါးပင်တွေက သစ်ခွဲဖို့မကောင်းဘာကြောင့် ပိန္နဲကုန်း ယာယီစခန်းနားက



www.burmeseclassic.com

www.burmeseclassic.com



နော်ခါးဝင်ဖြောင့်ဖြောင့်ကြီးကို ခုတ်လှဲပြီး ဒီစခန်းက သစ်ခွဲစက်နဲ့ စိတ်ကြိုက်လုပ်ထားတာပါ ဆရာ။

အင်း ... ဟုတ်ပါရဲ့၊ ဆရာမေးမှ ကျွန်တော်လည်း သတိထားမိတော့တယ်။ တိုက်ဆိုင်တာလားတော့ မသိဘူး။ ဇင်တုံးတွေ တင်ပြီးကတည်းက ကားကြီးဖောက်လာတာလို့ ဆိုရမယ်ထင်ပါရဲ့”

“ကဲ ... အဲဒါတွေထားပါတော့။ အခု ကားကြီးကို စစ်ဆေးကြရအောင်ပါ”

“အဆင်သင့်ပါပဲ ဆရာ”

ကျွန်ုပ်တို့ ကားကြီးအား စစ်ဆေးကြသည်။ Ford အမျိုးအစား ခေါင်းတိုသစ်ကားကြီးမှာ အတော်တောင့်တင်းသန်မာသည်။ အနောက်ဘက်တွင်လည်း ဇင်တုံးအသစ်များလဲထား၍ ဖရိမ်သစ်တင်ခုံနှင့် တိုင်များမှာ ဝါထိန်နေသည်။

ဘီးများကိုတော့ ပျဉ်းကတိုးသား ခြောက်ပတ်လည်(၆"x ၆") တိုင်တိုများဖြင့် ဂျမ်းတုံးခုထားသည်။ ကျွန်ုပ်က ကားသော့တောင်း၍ တပည့်ကျော်အောင်ဘုအား စက်နှိုးစေရာ တစ်ချက်တည်းနှင့် နိုးသည်။ မီးလုံးများအား စစ်ဆေးရာ ဝါယာကြိုးပြတ်နေခြင်းဖြစ်၍ ချက်ချင်းလဲစေရာ၊ မီးကြီးများက အကောင်းပကတိပင်။

“ကဲ ... ဦးလှသောင်းရေ၊ ညကျရင် ဒီကားကြီးနဲ့ ညမီးလည်မယ်။ အမှုကိစ္စကို ခေတ္တဆိုင်းငံ့ထားမယ်။ ညဘက် ဒီကားကြီးကို စမ်းသပ်ရင်းပေါ့။ ကျွန်တော့်တပည့် အောင်ဘုက ကျွမ်းပါတယ်၊ သတ္တိလည်း ကောင်းပါတယ်”

“ဆရာရယ် ... ညဘက်ဆိုရင် တခြားကားတွေလည်း အကုန်





အားပါတယ်။ ကြိုက်တဲ့ကားကို ယူသွားလို့ရပါတယ်။ ဒီကားကြီးကို ညဘက် မသုံးစမ်းပါနဲ့။ ပြဿနာဖြစ်မှာ စိုးလို့ပါ”

“ကျွန်တော်ကိုယ်တိုင်လည်း ပါမယ်၊ ခင်ဗျားတို့လည်း ပါမယ့်ဟာ ဘာကြောက်စရာရှိတုံးဗျာ။ ကိုယ်တိုင်စစ်ဆေးကြည့်မှလည်း အမှုမှန်ကို ဖော်ထုတ်လို့ရမှာပေါ့။ နို့မို့ဆိုရင် ဒရိုင်ဘာလှမောင် သက်သက်အရေးယူခံနေရဦးမယ်”

“ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ကားကြီးကို ဆီဖြည့်ပြီး အသင့်ပြင်ဆင်ထားပါ့မယ်။ ဆရာတို့ ဘယ်အချိန်ထွက်ကြမလဲ”

“ညစာစားအပြီး ည (၇)နာရီလောက်ပေါ့။ ကျွန်တော်တို့ သေနတ်တွေယူပြီး လာခဲ့မယ်”

“ဟုတ်ကဲ့ ဆရာ”

ကျွန်ုပ်တို့ စခန်းပြန်ခဲ့၍ နေ့လယ်စာ စားကြသည်။ တပည့်ကျော်အောင်ဘု စီစဉ်သော ငါးသေတ္တာဟင်းနှင့် ကြက်ဥကြော်အပြင် ဓနိခါးကုန်းစခန်းမှ တောအုပ်ဦးခင်မောင်နှင့် မော်တော်ယာဉ်မှူး ဦးလှသောင်းတို့ ပို့ထားသော တောဝက်သားဟင်းနှင့် ချေသားဟင်းလည်း ပါသည်။ နေ့လယ်စာ စားသောက်ပြီးတော့ တစ်ရေးအိပ်ကြသည်။ ညဥ့်၊ ညမီးလည်လျှင် အိပ်ရေးပျက်မှာဖြစ်သောကြောင့်ဖြစ်သည်။

ညနေစာကို ညနေ (၅)နာရီခန့်တွင် စားကြပြီး လက်နက်များကို ပြင်ဆင်စစ်ဆေးရသည်။ ကျွန်ုပ်၏ ဒဿမ-၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးကို စစ်ဆေးတိုက်ချွတ်သလို တောအုပ်ဖော်မင်းကလည်း သူ၏ ဝင်ချက်စတာအမျိုးအစား နှစ်လုံးပြူးကြီးကို တိုက်ချွတ်စစ်ဆေးနေသည်။ တောမဝင်မီ ကိုယ့်သေနတ်ကိုယ်စစ်ဆေးသောအလုပ်မှာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံဖြစ်သည်။ ကိုယ့်သေနတ်အကြောင်း ကိုယ်သာသိသည်မဟုတ်ပါလား။

ည ၆း၄၅ နာရီတွင် ကျွန်ုပ်တို့ ဖန်ခါးကုန်းစခန်းဘက်သို့ လမ်းလျှောက်ခဲ့ကြသည်။ တောလမ်းဖြစ်သော်လည်း သစ်တိုက်ကားများ ဥဒဟိုသွားထား၍ လမ်းမှာဖုံနေသည်။ စခန်းရောက်တော့ ဦးခင်မောင်နှင့် ဦးလှသောင်းတို့က အသင့်စောင့်ကြိုနေကြသည်။ တပည့်ကျော်အောင်ဘုက ‌မောင်းသည်။

ကျွန်ုပ်နှင့် တောအုပ်ဇော်မင်းတို့က ခေါင်းခန်းတွင် ထိုင်ကြပြီး ကားနောက်တွင် ပေါ်တော်ယာဉ်မှူး ဦးလှသောင်းနှင့် စာရေးလေးကျော်စိန်ဝင်းတို့က မတ်တတ်ရပ်၍ လိုက်ကြသည်။ ဦးလှသောင်းတွင် ဒသသမ-၃၀၃ အင်္ဂလိပ် ရိုင်ဖယ်ခေါင်းတိုကြီးပါသော်လည်း ကျော်စိန်ဝင်းတွင် လေးခွနှင့် လောက်စာလုံးအိတ်အပြင် Eveready Hunter Light ရှစ်ခဲ ထိုးဓာတ်မီးနှင့် ရေသန့်ဘူးသာ ပါလေသည်။

စခန်းကထွက်၍ မကြာမီ ကားမီးရောင်ဖွေးဖွေးကြောင့် တောယုန်တစ်အုပ် ကားဘေးမှ ယှဉ်၍ ပြေးလိုက်လာကြသော်လည်း ကျွန်ုပ်တို့ မပစ်ပါ။ သစ်ရျပင်စခန်းသွားလမ်း အလယ်ခန့်အရောက်တွင် တောင်ကုန်းပေါ်ကအဆင်း စမ်းချောင်းတစ်ခုရောက်သည်နှင့် စမ်းချောင်းအတွင်း ရေသောက်ဆင်းနေသည့် တောဝက်အုပ်နှင့် တိုးတော့သည်။

ဝက်အုပ်မှာ (၆)ကောင်ခန့်ဖြစ်ပြီး ဝက်မအုပ်ဖြစ်သည်။ ဝက်မကြီးမှာ အချိန် (၅၀) ခန့်ရှိမည်ဖြစ်ပြီး ကျန်ဝက်များမှာ (၃၀)(၄၀)ခန့်သာ ရှိလေသည်။ အစွယ်ဖွေးဖွေးနှင့် ဝက်သိုးကြီးမပါ။ ကားပြဲခင်းအစွန်တွင် လိုက်လာသည့် တောအုပ်ဇော်မင်းက လက်မြန်လှသည်။ အောင်ဘု ကားရပ်ပေးသည်နှင့် ကားမီးရောင်အား ကြောင်ကြည့်နေသည့်





ဝက်မကြီးနှင့် ဝက်ပျိုများအား Double ပြောင်းဖြင့် နှစ်ချက်ဆွဲ၍ ပစ်ခတ်လိုက်တော့သည်။

“ဒိန်း ... ဒိန်း ...”

ဝက်မကြီးနှစ်ကောင် စမ်းချောင်းထဲ ပြုတ်ကျကျန်ခဲ့ပြီး ကျန်ဝက်များ ထွက်ပြေးတော့သည်။ နှစ်လုံးပြူးသေနတ်၏ ကိုးလုံးကျည်ဒဏ်ကြောင့် ကျန်ဝက်များကိုလည်း ထိခိုက်သွားဟန်တူသည်။ ကျွန်ုပ်တို့ ကားပေါ်မှ အလျင်အမြန်ဆင်းကြပြီး ဝက်အုပ်နောက်သို့ စမ်းချောင်းအတိုင်း လိုက်ကြသည်။ မကြာပါ ... ချောင်းကွေ့တစ်ခုတွင် ဝက်အုပ်နှင့်ဆုံသဖြင့် အောင်ဘုက မီးထိုးပေးရာ ကျွန်ုပ်၊ ဇော်မင်းနှင့် ဦးလှသောင်းတို့ပစ်ကြပြန်သည်။

“ဒိုင်း ... ဒိန်း ... ဒိုင်း ...”

သေနတ်ကြီးသုံးလက် မီးပွင့်သွားသလို တောဝက်သုံးကောင်လည်း ကျကျန်ရစ်တော့သည်။ တောဝက်ပေါက်တစ်ကောင်သာ ကပ်၍လွတ်သွားသည်။ အောင်ဘုနှင့် ကျော်စိန်ဝင်းတို့က တောဝက်များအား စမ်းချောင်းအတွင်းမှ ကောက်နေကြစဉ် ကားစက်နှိုးသံကြီးကို ကြားရသည်။ မကြာမီ ကုန်းဆင်းမှ ဆင်းလာသံကို ကြားရပြီးနောက် ...

‘ဒုန်း’ ဟူသော ကားတိုက်သံကြီးကို ကြားရတော့သည်။

ကျွန်ုပ် ...

“အောင်ဘု ... မင်း ကားသော့ ယူမလာခဲ့ဘူးလား။ တစ်ယောက်ယောက် တက်ဆော့လို့ ကားစက်နိုးပြီး သစ်ပင်ဝင်တိုက်ပြီထင်တယ်”

“ဆရာ ... ကားသော့က ဒီမှာပါ။ ကျွန်တော် ယူခဲ့ပါတယ်။ ဘယ့်နှယ်ကြောင့် ကားစက်နိုးရပါလိမ့်။ ကုန်းဆင်းမို့ လိမ့်ပြီး ကားစက်



www.burmeseclassic.com

www.burmeseclassic.com



နိုးသွားတာ ထင်ပါရဲ့။ ကျွန်တော် နံပါတ်ဝမ်းဂီယာကြီးထည့်ပြီး ရပ်ထား ခဲ့တာ။ ဝက်အုပ်နောက် အမြန်လိုက်ရတော့ ဂျမ်းတုံးတောင် မခုမိခဲ့ဘူး"

ကျွန်ုပ် . . .

"ကားသော့မဖွင့်ဘဲ စက်နှိုးနိုင်သလား . . . အောင်ဘု"

"ကုန်းဆင်းမှာ ဂီယာကြီးထည့်ထားတော့ လိမ့်ကျရင် စက်နိုး နိုင်တယ် ဆရာ။ သော့အိမ်တွေက မကောင်းတော့ဘူး"

ကျွန်ုပ်တို့ ကားဆီလျှောက်လာကြပြီး မီးထိုးကြည့်တော့ စမ်း ချောင်းအစပ်က ထွာဆိုင်ခန့်ရှိ သပြေပင်အား ကားခေါင်းနှင့် ဝင်တိုက် မိပြီး ကားရပ်သွားခြင်းဖြစ်သည်။ ကား၏ ဘယ်ဘက်ဘီးက စမ်းချောင်း ထဲ ကျနေသည်။ ကားနားရောက်သည်နှင့် အလွန်ဆိုးဝါးစွာ နံလှသော အပုပ်နံ့ကို ရတော့သည်။ ဝက်သေများအနံ့တော့ မဟုတ်ပါ။ တိရစ္ဆာန် တစ်ကောင်ကောင် သေဆုံးပြီး ပုပ်၍နံသော အနံ့မျိုးဖြစ်သည်။ အား လုံး အော်ဂလီဆန်၍ ပျို့ပြီးအန်တော့သည်။

"ဝေါ့ . . . ထွီ . . . ဝေါ့ . . ."

ဇော်မင်း . . .

"ဟာ . . . ဆိုးလိုက်တာဗျာ။ အပုပ်နံ့က ဘယ်ကလာတာပါ လိမ့်"

အောင်ဘု . . .

"ဆရာရေ . . . ဘယ်ကအပုပ်နံ့လဲလို့ စူးစမ်းမနေနဲ့တော့။ ဒီနေရာက မြန်မြန်ဝေးမှကောင်းမှာ"

အောင်ဘုနှင့်ကျော်စိန်ဝင်းက ဝက်သေနှစ်ကောင်အား ကောက် ၍ ကားနောက်ပိုင်း ဖင်တုံးများပေါ်သို့တင်ပြီး အသင့်ပါလာသည့် ကြိုး





များနှင့် ပြုတ်မကျစေရန် ချည်နှောင်ကြသည်။ ပြီးတော့ အောင်ဘုက ကားပေါ်တက်၍ စက်နှိုးသည်။ ကားစက်မှာ တစ်ချက်တည်း နိုးသည်။

သို့သော် ကားရှေ့ဘယ်ဘီးမှာ စမ်းချောင်းထဲကျနေသဖြင့် ဘက် ဂီယာသွင်း၍ နောက်ဆုတ်သော်လည်း မရ။ ကျွန်ုပ်တို့အားလုံး ဝိုင်း တွန်းကြရတော့သည်။ သို့မှ ကုန်းပေါ်သို့ တက်တော့သည်။ ဆောင်းည လယ်ဖြစ်သော်လည်း ကျွန်ုပ်တို့မှာ ချွေးဒီးဒီးပြန်သည်။ မောပန်းလွန်း၍ အသက်ပြင်းပြင်းရှူမိတော့ ဆိုးဝါးလွန်းလှသည့် အပုပ်နံ့ကြီးမှာ ပါးစပ် ထဲသို့ပင် ဝင်သွားသဖြင့် အော့အန်ကြရပြန်သည်။

"ဝေါ့ . . . အော့ . . . ဝေါ့ . . . ထွီ . . ."

ကားပေါ်အမြန်တက်၍ စမ်းချောင်းအား ဖြတ်ကျော်ပြီး မောင်း တော့မှ အပုပ်နံ့ကြီး ပျောက်သွားသည်။ ချောင်းကွေ့တွင် ကျွန်ုပ်တို့ ပစ်ထားသော ဝက်သုံးကောင်အား အောင်ဘုတို့ဆင်းကောက်ပြီး ကား နောက်ဘော်ဒီတွင် ချည်နှောင်ပြီး ဆက်ထွက်လာရာ သစ်ရာပင်စခန်းသို့ ရောက်လာသည်။ စခန်းမှာ သန်းခေါင်ယံအချိန်ဖြစ်၍ ငြိမ်သက်နေ သည်။

ကျွန်ုပ် . . .

"ကဲ . . . အောင်ဘုရေ၊ ဝက်ငါးကောင်တောင်ရပြီပဲ။ အိပ် ရေးပျက်ပါတယ်ကွာ၊ ပြန်လှည့်တော့၊ စခန်းပြန်ကြမယ်"

"ဟုတ်ကဲ့ ဆရာ"

သစ်ရာပင်စခန်းထဲ၌ ကားခေါင်းလှည့်ပြီး ဖန်ခါးကုန်းစခန်း သို့ ပြန်ခဲ့ကြသည်။ သပြေပင်အား ကားတိုက်သည့် စမ်းချောင်းအနီး ရောက်သည်နှင့် အပုပ်နံ့ကြီးမှာ လှိုင်၍ နံလာပြန်သဖြင့် ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



လတ်ဝဲဘက်တွင် ထိုင်၍ ကားမောင်းနေသော တပည့်ကျော်အောင်ဘုအား

"အောင်ဘုရေ ... ကားခဏရပ်စမ်းဟေ့"

"ဟုတ်ကဲ့ ဆရာ"

ကားရပ်သည်နှင့် သပြေပင်ဘက်သို့လှည့်ပြီး ကျွန်ုပ်၏ မဂ္ဂနမ်နိုင်ဝယ်ကြီးထဲမှ ကျည်တစ်တောင့်ကို ပစ်ထုတ်လိုက်တော့သည်။

"ဒိုင်း ..."

ကော်ဒိုက်၊ ယမ်းညှော်နံ့အစဲတွင် ဆိုးဝါးလှသော အပုပ်နံ့ကြီး ချောက်လှင့်သွားတော့သည်။ ကျွန်ုပ်တို့ စခန်းနားအရောက်တွင် ...

အောင်ဘုက ...

"ဆရာရေ ... တစ်ပတ်လည်နေတဲ့ စီယာတိုင်ကြီး စခန်းနားရောက်မှ လေးပြီး ကျပ်နေပြီဗျ။ လှည့်လို့တောင် မရတော့ဘူး"

ကျွန်ုပ် ...

"အောင်ဘုရေ ... ဂီယာဖြုတ်ပြီး စက်သတ်လိုက်တော့။ ဘဲရိတ်ကိုလည်း နင်းထား"

အောင်ဘုက ကျွန်ုပ်ပြောသည့်အတိုင်း ချက်ချင်းလုပ်သည်။ ကားမှာ ရပ်သွားသော်လည်း၊ စက်က မရပ်ပါ။ ကျွန်ုပ်တို့ ကားပေါ်မှ အမြန်ဆင်းကြပြီး နီးစပ်ရာ သစ်တုံးများနှင့် ဂျမ်းတုံးခုကြသည်။ စိတ်ချရမှ အောင်ဘုက ကားနောက်ခန်းတက်၍ ကြိုးနှင့်ချည်ထားသော ဝက်သေများအား ကြိုးဖြေပြီး ကန်ချရာ တောဝက်သေများ မြေပေါ်ရောက်သည်နှင့် ကားစက်မှာ အလိုလို ရပ်သွားတော့သည်။

အောင်ဘုမှာ အံ့ဩသောအသံဖြင့် ...

"ဘယ်လိုလဲ ဆရာ"





"ဒီလိုပဲဟေ့"

ကျွန်ုပ်တို့ အချင်းချင်းနားလည်သော ဘာသာစကားဖြစ်သည်။ စခန်းရောက်ပြီဖြစ်၍ စိတ်အေးရတော့သည်။ ထိုစဉ် အောင်ဘုက ...

"ဆရာ ... ဒီကားကြီး ဘယ်လိုလုပ်မလဲ"

"ဒီအတိုင်းထားလိုက်၊ မနက်မှ ကြည့်လုပ်မယ်"

အောင်ဘုတို့အဖွဲ့ ဝက်သေများအား မော်တော်ယာဉ်ရုံးခန်းရှေ့သို့ သယ်ဆောင်လာပြီး ညလယ်စာစားရန် ချက်ပြုတ်ကြတော့သည်။ ကျွန်ုပ်တို့လည်း တောဝက်ဝမ်းတွင်းသားဟင်းနှင့် အရက်သောက်ကြပြီး ကားကြီးအကြောင်း ပြောဆိုမိကြသည်။

ကျွန်ုပ် ...

"ကဲ ... မော်တော်ယာဉ်မှူး ဦးလှသောင်းရေ၊ ကျွန်တော်တို့ကိုယ်တိုင် စစ်ဆေးကြလို့ အမှုမှန်ပေါ်သွားပြီပဲ။ အဲဒီတော့ ဒရိုင်ဘာလှမောင်ပြောတာတွေဟာ အမှန်ဖြစ်လို့ လှမောင်ကို အပြစ်ကလွှတ်ပြီး သူ့နဂိုနေရာ ဗန်းမောက်စခန်းကို ပြန်ပို့ပါ။ အမှုပိတ်သိမ်းလိုက်ပြီ။

ကားကြီးကိုတော့ ယာဉ်တိုက်လူသေမှု နှစ်ကြိမ်ဖြစ်ထားတော့ မသုံးနဲ့တော့။ လူကိုသတ်တဲ့ ဆင်ဆိုးတွေကိုတောင် သေနတ်နဲ့ပစ်ပြီး သေဒဏ်ပေးရသလို၊ ဒီသစ်ကားကြီးကိုတော့ စခန်းအတွင်း လွတ်ရာနေရာမှာ လေးနှစ်တန်းတွေ (၄' x ၂') လေးဘက်လေးတန် အခိုင်အမာကာရံ၊ ဂျမ်းတုံးတွေခုပြီး ထောင်ချထားပါ။ ဒါ ကျုပ်သစ်တောအရေးပိုင်အမိန့် ... အစိုးရအမိန့်ပဲ။ လူတွေ အသက်အန္တရာယ်မဖြစ်အောင် စီရင်ရတာပဲ။ မနက်ဖြန်ကစပြီး လုပ်ပါ ... ဦးလှသောင်း"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် အခိုင်အခန့် သစ်မာတွေနဲ့ ကာရံထားပါ့မယ်။ စိတ်ချပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ညလယ်စာ စားအပြီး၌ ပြန်ရန် ပြင်ဆင်နေစဉ် မော်တော်ယာဉ်မှူး ဦးလှသောင်းက . . .

"ဆရာ . . . ပိန္နဲကုန်းစခန်းကို မနက်ဖြန် ဘယ်အချိန်သွားမှာလဲ။ မနက်အစောကတည်းက ကျွန်တော့်လူတွေကို လွှတ်ပြီး ယာယီဘိုတဲ ဆောက်နိုင်းထားပါ့မယ်"

ကျွန်ုပ် . . .

"မနက်ဖြန်မနက်ပိုင်း အမှုပိတ်သိမ်းကြောင်း အစီရင်ခံစာ နှိပ်ရဦးမယ်။ နေ့လယ်စာ ထမင်းစားပြီးမှ သွားကြမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် လိုက်ပို့မယ့်ကားနဲ့ လိုအပ်မယ်ထင်တဲ့ အသုံးအဆောင်တွေ စီစဉ်ထားပါ့မယ်"

"ဟုတ်ပြီ . . . ဦးလှသောင်း၊ တောဝက်သားတွေကိုတော့ စားဖို့ချန်ထားပြီး ဝန်ထမ်းတွေကို အစေ့အငှ ဝေပေးလိုက်ပါ။ ကျွန်တော်တို့ကိုယ်တိုင် ပစ်ထားတော့ အမှတ်တရပေါ့ဗျာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဝန်ထမ်းတိုင်းကို အညီအမျှ ဝေပေးမှာပါ"

ကျွန်တော်တို့အဖွဲ့ စခန်းမှ ဖန်ခါးကုန်းဘိုတဲသို့ ထွက်လာတော့ မနက် (၂) နာရီ ကျော်ပါပြီ။ ခြေလက်ဆေး မျက်နှာသစ်ပြီး အိပ်ရာဝင်တော့ မနက် (၃)နာရီ ထိုးပြီ။

✿ ✿ ✿

# အခန်း [၃]

❑

ညဥ့်က အိပ်ရာဝင်နောက်ကျ၍ မနက် (၆)နာရီကျော်မှ အိပ်ရာထ နိုးတော့သည်။ ကမန်းကတန်းထ၍ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုရသည်။ ပြီးနောက် မနက်စာ ပြီးစလွယ်စားရင်း လက်နှိပ်စက်စာရေးတော်စိန်ဝင်းနှင့် ကျွန်ုပ်တို့ စစ်ချက်များအား မှီငြမ်းကိုးကားပြီး အမှုပိတ်သိမ်းခြင်းအစီရင်ခံစာအား လက်နှိပ်စက်တင်ရတော့သည်။

ခေတ္တနားလိုက်၊ ရိုက်လိုက်ဖြင့် နေ့လယ် (၁၂)နာရီထိုးကာနီးမှ အပြီးသတ်သည်။ ရေမိုးချိုး နေ့လယ်စာစား၍ ဖန်ခါးကုန်းစခန်းသို့ ရောက်တော့ မွန်းလွဲ (၁)နာရီ ထိုးပြီ။ မော်တော်ယာဉ်မှူး ဦးလှသောင်း အသင့်စီစဉ်ထားသော သစ်ကားကြီးဖြင့် ပိန္နဲကုန်းယာယီစခန်းသို့ ထွက်ကြသည်။

သစ်ထုတ်လမ်းဖြစ်၍ လမ်းမှာ အတော်ဆိုးသည်။ သစ်ရာပင်နှင့်သွားလမ်းထက် (၁၀) ဆခန့် ဆိုးဝါးသည်။ နှစ်မိုင်ကျော် သုံးမိုင်



www.burmeseclassic.com

www.burmeseclassic.com



ခန့်သာ ဝေးသော်လည်း (၁)နာရီနီးနီး သွားရသည်။ ပိန္နဲကုန်း ယာယီစခန်းတောင်ကုန်းအောက်ခြေရောက်တော့ ညနေ (၂)နာရီရှိပြီ။ ကုန်းပေါ်မှ အလုပ်သမားများ ပြေးလာကြပြီး ပစ္စည်းများသယ်ဆောင်နေကြစဉ် မော်တော်ယာဉ်မှူး ဦးလှသောင်းက ...

"ဆရာ ... ဟိုကားကြီးအတွက် ဖင့်တုံးလုပ်ဖို့ခုတ်တာ၊ ဟိုနားက ဖန်ခါးပင်ကြီးပဲ။ ခုတ်တုန်းက မိုးတွင်းကြီး၊ အခု (၆)လလောက်ရှိပြီ။ အတက်ပြန်မထွက်ဘူး။ သေသွားပြီထင်တယ်။ မထူးဆန်းဘူးလား ဆရာ"

ပင်စည်ငုတ်တို (၄') ပေချန်ထားသော ဖန်ခါးပင်အရင်းကြီးအား ညွှန်ပြသည်။ ပင်စည်ငုတ်တိုကြီးမှာ လူနစ်ဖက်ခန့် ရှိပေလိမ့်မည်။ ထိုစဉ်က သစ်တောဥပဒေအရ၊ သစ်ပင်ကြီးများအား ခုတ်လှဲလျှင် အတက်ထွက်၍ အပင်ဖြစ်စေရန် ပင်စည်ငုတ်အား မြေပြင်မှာအထက် (၄')ပေ ချန်ထားရသည်။ ကျွန်ုပ်တို့ ယာယီတဲစခန်းတည်ရှိသည့် တောင်ကုန်းအား မော့ကြည့်ရာ ကညင်ပင်၊ ကျွန်း၊ ပျဉ်းကတိုး၊ ဆိုင်သစ်နှင့် ပျဉ်းမ၊ တောင်သရက်၊ ဖန်ခါးပင်တို့အား အပြိုင်းပြိုင်း ပေါက်ရောက်နေသည်ကို တွေ့ရသဖြင့် ...

ကျွန်ုပ်က ...

"ဦးလှသောင်း ... ဒီတောင်ကုန်းက သစ်တောကြိုးဝိုင်းထဲမှာ ပါသလား"

"မပါဘူး ဆရာ။ ဒါ အပတောပါ"

"သစ်တောကြိုးဝိုင်းထဲမပါဘဲ သစ်တွေက ကောင်းလှချည်လား။ တောင်ခြေဆင်ခြေလျှောက ဝါးတွေဆိုရင်လည်း မျိုးကောင်းတွေပဲ၊ ဝါးဘိုး၊ ဝါးနက်၊ ကြသောင်းစုံနေတာပဲ ရွာနဲ့နီးတယ်ဆို မခုတ်ကြဘူးလား"





"ဒီတောင်ကုန်းက မြေကြွမ်းတယ်ဆရာ။ ယာယီစခန်းလုပ်တုန်းကလည်း ခဏပဲလုပ်တာ အဖျားအနာများပြီး ရေနဲ့ဝေးလို့ စခန်းပြောင်းကို ဖျက်ပစ်လိုက်ရတာ။ တောင်ကုန်းလေးကတော့ သာယာပါတယ်။ ရွာသားတွေ မခုတ်တာကတော့ မခုတ်ရဲကြလို့ ဖြစ်ပါလိမ့်မယ်"

ကျွန်ုပ်တို့အဖွဲ့ တောင်ခြေမှ စမ်းချောင်းကလေးကို ဖြတ်ပြီး တောင်ပေါ်သို့ တောလမ်းကလေးအတိုင်း တရွေ့ရွေ့ တက်ခဲ့ကြသည်။ တောင်ပေါ်ရောက်တော့ ရွက်ဖျင်မိုးထားသော တဲကြီးတစ်လုံးနှင့် တောင်ထန်းမိုးထားသော တဲတစ်တဲတွင် ဝါးထမင်းစား,စားပွဲနှင့် ဝါးခုံကလေးများကိုပင် စနစ်တကျ ရိုက်ထားသည်။

မီးဖိုလုပ်ရန်လည်း တောင်ထန်းကာ၊ တောင်ထန်းမိုးတဲလေးတစ်တဲ ပါသေးသည်။ ရွက်ဖျင်မိုး တဲကြီးအတွင်း၌လည်း ဝါးခုတင်များနှင့် ဝါးစားပွဲများ အစီအရီ လုပ်ထားသေးသည်။

ကျွန်ုပ် စိတ်တိုင်းကျလှသဖြင့် ယာယီစခန်း ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုရာ၊ တဲနောက်တွင် အိမ်သာနှင့် ရေချိုးခန်းကိုပင် အကျအန လုပ်ထားသေးသည်။ ရေချိုးခန်းအတွင်းရှိ သံစည်ပိုင်းနှစ်လုံးမှာလည်း ရေအပြည့်။ အလွန်တော်သော လက်သမားအဖွဲ့ ဖြစ်သည်။ ကျွန်ုပ် သဘောကျလှသဖြင့် လက်သမားအဖွဲ့အားခေါ်ပြီး ဘောက်ဆူးပေးလိုက်သည်။

ကျွန်ုပ်တို့အား နေရာချထားပေးပြီးသည်နှင့် မော်တော်ယာဉ်မှူး ဦးလှသောင်းနှင့် လက်သမားအဖွဲ့ ပြန်ကြသည်။ ကျွန်ုပ် ယာယီတဲ ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုရင်း တစ်မိုင်ခန့်အကွာတွင် စခန်းကုန်းမြောက်ဘက်၌ ရွာကလေးတစ်ရွာကို တွေ့ရသည်။ အိမ်ခြေ (၅၀) ခန့်ရှိသည့် တောတွင်းရွာကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ယာဥ်မှူး ဦးလှသောင်းတို့ပြောသော ပိန္နဲကုန်းရွာကလေး ဖြစ်ပေမည်။ ထိုစဉ် တောအုပ်ဖော်မင်းရောက်ရှိလာသဖြင့် ကျွန်ုပ်က ...

"ဖော်မင်းရေ ... အချိန်ကလေးရှိတုန်း တို့တွေ ဟိုရွာကလေးဘက် လမ်းလျှောက်ရအောင်။ အောင်ဘုနဲ့ ကျော်စိန်ဝင်း ဘာလုပ်နေကြသလဲ"

ဖော်မင်း ...

"အောင်ဘုက ညနေစာအတွက် ပြင်ဆင်နေတယ်ဆရာ။ ကျော်စိန်ဝင်းကတော့ ဆရာ့ပစ္စည်းတွေကို နေရာချပြီး အိပ်ရာခင်းနေတယ်"

ကျွန်ုပ် ...

"ကဲ ... လာကွာ ခဏတဖြုတ်ပဲ လမ်းလျှောက်ရင်း မိတ်ဖွဲ့ရင်းပေါ့။ ရွာလေးက အတော်သာယာတာပဲ။ နောက်ခံရိုးမတောင်ကြီးနဲ့ ပဏာရလှတယ်။ ရွာဘေးမှာလည်း စိုက်ပျိုးခင်းတွေ၊ လယ်ကွင်းတွေနဲ့ ပျော်စရာကောင်းတယ်ကွာ"

ကျွန်ုပ်တို့ မိနစ် (၂၀)ခန့် လမ်းလျှောက်တော့ ရွာထိပ်သို့ ရောက်သည်။ တောတွင်းရွာကလေးဖြစ်၍ လုံခြုံရေးအတွက် ရွာစည်းရိုးနှင့် ရွာတံခါးနှင့်။

ရွာထိပ်တွင် ကလေးတစ်ဦးအား တွေ့၍ ကျွန်ုပ်က မေးမြန်းရာ ...

"ကလေး ... လူကြီးအိမ် ဘယ်နားမှာလဲကွ"

"ဟို ... ရွာလယ်မှာဦး"





တစ်ရွာလုံးတွင် တစ်အိမ်တည်းသော သွပ်မိုး၊ ပျဉ်ထောင်၊ နှစ်ထပ်အိမ်ကြီးကို ညွှန်ပြသည်။

ကျွန်ုပ်တို့ ရွာလယ် နှစ်ထပ်အိမ်ကြီးရှေ့သို့ရောက်တော့ အိမ်အောက်ထပ်စားပွဲရှည်ကြီးတွင် ထိုင်နေသော အညာဖျင်ပင်နီအကျႌ၊ ယောပုဆိုးကွက်တုံးကြီးကိုဝတ်ထားသည့် နှုတ်ခမ်းမွေးကားကားနှင့် ခန့်ညားသော လူကြီးတစ်ဦး ခြံဝသို့ ထွက်လာသည်။

"ဘာကိစ္စများ ရှိပါသလဲဆရာတို့"

ဖော်မင်း ...

"ကျွန်တော်တို့က သစ်တောဌာနကပါ။ ကျွန်တော်ကတော့ တောအုပ်ဖော်မင်း။ ဒီက သစ်တောအရေးပိုင် ဦးနေအောင်ပါ"

"ဪ ... သစ်တောအရေးပိုင်မင်းတို့ကိုး။ ကြွပါခင်ဗျာ .. စားပွဲမှာ ထိုင်ကြပါ။ အခါးရည်နဲ့ လက်ဖက်သုတ် အဆင်သင့်ရှိပါတယ်။ သမီးရေ ... ဆတ်သားခြောက်ဖုတ်ကလေး လုပ်ပါဦးကွယ်။ ဒီမှာ အရေးပိုင်မင်းတို့ ရောက်နေလို့"

ကျွန်ုပ် ...

"နေပါစေ ...ဦး၊ ကျွန်တော်တို့ ခဏလာပြီး သူကြီးကို မိတ်ဆက်တာပါ။ ကျွန်တော်တို့က ဟိုတောင်ကုန်းပေါ်မှာ ယာယီစခန်းချပြီး အမဲလိုက်ဖို့လာတာပါ။ တာဝန်နဲ့လာတာ မဟုတ်ပါဘူးခင်ဗျာ"

သူကြီး ...

"တာဝန်နဲ့လာလာ၊ အလည်ပဲလာလာ၊ ဧည့်ဝတ်ကျေပွန်ရမှာက ကျုပ်တို့တာဝန်ပါ။ သုံးဆောင်ကြပါဦးခင်ဗျား"

ထိုစဉ်တွင် အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းပြီး ကိုယ်ခန္ဓာ အချိုးအဆစ်ကျသော မိန်းမပျိုတစ်ဦး အိမ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှ ဆင်းလာပြီး ဆီရွဲရွဲဆမ်းထားသော ဆတ်သားခြောက်ဖုတ် ပန်းကန်အား လာချပေးရင်း ပြုံးချိုသောမျက်နှာ၊ သာယာသောအသံဖြင့် ...

"အားပါးတရ သုံးဆောင်ကြပါရှင်"

ပဋိသန္ထာရစကားဖြင့် ဖော်ရွေစွာ နှုတ်ဆက်ပြီးနောက် ကျွန်ုပ်တို့အနားတွင် အသင့်ပါလာသော စလွယ်ဖက် ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေပါသည်။

ဖော်မင်း ...

"ညီမလေး ... နေပါကွယ်၊ အားနာပါတယ်။ အစ်ကိုတို့က ဖိတ်လို့လာတဲ့ဧည့်သည် မဟုတ်ပါဘူး။ ကြုံလို့ ဝင်လာကြတာပါ"

"အားမနာပါနဲ့ ... အစ်ကို၊ ညီမတို့က ဧည့်သည်မျှော်နေတာပါ။ တောထဲတောင်ထဲမှာနေရတော့ မြို့ကလာတဲ့ ဧည့်သည်ဆိုတာ အလွန်ရှားပါတယ်။ အစ်ကိုတို့လို အရာရှိ အရာခံ ဧည့်သည်လာလည်တာ ညီမတို့က ဂုဏ်ယူပါတယ်။ ညစာလည်း ဒီအိမ်မှာ စားသွားပါရှင်။ ညီမတို့အိမ်မှာ အဆင်သင့်ရှိပါတယ်"

လူပျိုတောအုပ်ဖော်မင်းမှာ ဖိုးကျိုင်းတုတ်ဖြစ်သွားပြီး ကျွန်ုပ်အား လှမ်းကြည့်ပါသည်။

ကျွန်ုပ်က ...

"ကျေးဇူးတင်ပါတယ် ... ညီမငယ်၊ အစ်ကိုကြီးတို့က စခန်းကုန်းပေါ်မှာ ညစာစားဖို့ စီစဉ်ပြီးတာကြောင့် နောက်နေ့များကျမှ စားပါမယ်ကွယ် နော် ..."

သူကြီး ...





"ဟုတ်သားပဲ ... အရေးပိုင်မင်းရယ်။ ကျုပ်တို့အိမ်က အားနာစရာ မရှိပါဘူး။ သားအမိ သားအဖသုံးယောက်တည်း ရှိပေမယ့် ပိုပိုလျှံလျှံ အမြဲတမ်း ချက်ထားပါတယ်။ သမီးကလည်း ကျွေးချင်နေတာမို့ ညစာသုံးဆောင်သွားပါဦးခင်ဗျာ"

ကျွန်ုပ် ...

"ကျွန်တော်တို့ နှစ်ရက်သုံးရက် နေဦးမှာပါခင်ဗျာ၊ နောက်နေ့များမှ စားပါရစေ။ ဒီနေ့တော့ သည်းခံပါခင်ဗျား"

သူကြီး ...

"ဒါနဲ့ အရေးပိုင်မင်းတို့ ကျုပ်အိမ်မှာဖြစ်စေ၊ ရွာအရှေ့က ကွက်သာမှာဖြစ်စေ၊ ဘိုတဲဆောက်ပြီး တည်းနိုင်လျက်နဲ့ ဟိုက သင်္ချိုင်းကုန်းတောင်ကုန်းပေါ်မှာ ဘာကြောင့် တည်းရတာလဲ၊ ရေကလည်းဝေး၊ မြေကလည်း ကြမ်းသနဲ့ဗျာ"

"ဩော် ... ကျွန်တော်တို့တည်းတဲ့ တောင်ကုန်းက သင်္ချိုင်းကုန်းလား ... သူကြီး"

"ဟုတ်ပါ့ဗျာ ... ဒီရွာက သင်္ချိုင်းကုန်းတောင်ကုန်းပါ။ တောင်ကုန်းက ရိုးမအစွယ်၊ တောင်နှာမောင်းဖြစ်လို့ ဖျက်ကျယ်ပြီး ရှည်တယ်။ အရေးပိုင်မင်းတို့ တည်းအိမ်ဆောက်တဲ့နေရာက တောင်ကုန်းရဲ့ အနောက်ဘက်အခြမ်း၊ ရွာသင်္ချိုင်းက အရှေ့ဘက်အခြမ်း နည်းနည်းလှမ်းတယ်။

ကျုပ်တို့ရွာကလည်း အသေအပျောက်နည်းကြတော့ တစ်နှစ်တစ်ယောက်၊ နှစ်ယောက်ပဲ မြှုပ်ရတာဆိုတော့ တစ်စိမ်းတရံစာတွေ့အနေနဲ့ မသိနိုင်ပါဘူး။ အုတ်ဂူလည်း မလုပ်နိုင်ကြတော့ မြေမြှုပ်သင်္ဂြိုဟ်ရုံပဲ တတ်နိုင်ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အဲဒီတောင်ကုန်းက မြေကြမ်းတယ်၊ နတ်ကြီးတယ် အရေးပိုင်မင်း။ ရွာလူတွေ အသုဘကိစ္စကလွဲလို့ အသွားအလာ မရှိကြဘူး။ ဒါကြောင့် တောင်ကုန်းပေါ်က သစ်ဝါးတွေ အပြိုင်းအရိုင်း ဖြစ်နေကြတာ။ ကြိုးဝိုင်းသစ်တောမဟုတ်တဲ့ အပတောဧရိယာဖြစ်ပေမယ့် ဘယ်သူမှ သစ်မခုတ်ရဲဘူး၊ ထင်းခြောက်တောင် မကောက်ရဲကြပါဘူးခင်ဗျာ"

ကျွန်ုပ် ...

"အင်း ... ဒါကြောင့်မို့ ထင်ပါရဲ့။ တောင်ကုန်းနဲ့ ဒီရွာက [illegible]ယ့် ရွာကိုလာတဲ့လမ်းက ဖုံမနေဘဲ မှဆိုးလမ်းသာသာ ဖြစ်နေလို့ ကျွန်တော် အံ့ဩနေတာ"

"ဟုတ်ပါရဲ့ ... အရေးပိုင်မင်းတို့က ဝန်ထမ်းဆိုတော့ ပြဿနာတော့ မရှိနိုင်ပါဘူး။ ဒါပေမဲ့ သတိထားတော့နေပါ။ အမှားအယွင်း မရှိပါစေနဲ့ခင်ဗျား"

"ကျွန်တော်တို့ စည်းနဲ့ကမ်းနဲ့ နေမှာပါ။ အပေါ့အလေးသွားတာက အစ သီးသန့်နေရာ လုပ်ထားပါတယ်"

သူကြီး ...

"ကောင်းပါလေ ... အရေးပိုင်မင်း။ ကျုပ်ဘက်က ဘာအကူအညီများ ပေးရဦးမလဲ"

ကျွန်ုပ် ...

"ကျွန်တော်တို့ ညစာစားသောက်ပြီး ညမီးလည်ချင်တယ်။ အဲဒါ သူကြီးတို့ရွာမှာ ရွာခံလမ်းပြ မုဆိုးရှိရင် (၃)ယောက်လောက် ကူညီစေချင်ပါတယ်။ ကျွန်တော်တို့က အပျော်တမ်း မုဆိုးတွေဆိုတော့ သားကောင်ရရင်လည်း ကျွန်တော်တို့စားဖို့ ချန်ပြီး ရွာကိုဝေပေးမှာပါ။ ရွာမုဆိုးတွေကိုလည်း ထိုက်သင့်တဲ့ အခကြေးငွေ ပေးပါ့မယ်"





"အခကြေးငွေ ပေးစရာမလိုပါဘူး ... အရေးပိုင်မင်း၊ ရွာခံမုဆိုးတွေက တောလည်ရရင် ပျော်နေတာပါ။ ကျုပ် စီစဉ်ပေးပါ့မယ်"

ကျွန်ုပ် ...

ဒါနဲ့ ဒီပတ်ဝန်းကျင်မှာ ဘာတောကောင်ပေါသလဲ ... သူကြီး"

"တောဝက်ကတော့ အပေါဆုံးပဲ၊ အုပ်လိုက်သင်းလိုက် နေကြတာ။ ချေနဲ့ဆတ်လည်း ပေါပါတယ်။ ဒီလိုရာသီမှာ ကျားလည်းရှိတယ်။ ဒီနှစ်တော့ ရွာအနောက်ဘက် တောင်ခြေမှာ ဆင်တွေရောက်လာလို့ ကျားဟိန်းသံတောင် မကြားရတော့ဘူးခင်ဗျ"

ကျွန်ုပ် ...

"ဆင်တွေရော့ရှိသလား၊ ရွာကို အနှောင့်အယှက်ပေးသလား၊ ရွာစိုက်ခင်းတွေရော ဖျက်သလား"

သူကြီး ...

"ကျုပ်တို့ရွာ ပတ်ဝန်းကျင်က ရေခံ၊ မြေခံကောင်းလို့ လာနေကြတာပါ၊ တောထဲမှာ စားစရာပေါလို့ ရွာစိုက်ခင်းကိုလည်း မဖျက်ကြပါဘူး။ တောကောင်ကျားကသာ ရွာကိုပတ်ပြီး ကျွဲ၊ နွားတွေကို ဆွဲတတ်ပါတယ်။ အခုတော့ ဆင်တွေရောက်လာလို့ တောကောင်လည်း ငြိမ်သွားပါတယ် ... အရေးပိုင်မင်း"

"တောကောင် ငြိမ်သွားတယ်ဆိုတော့ ဆင်တွေကို ကျေးဇူးတင်ရမှာပေါ့ဗျာ"

"ဟုတ်ပါတယ် ... အရေးပိုင်မင်း၊ ဒါနဲ့ ကျုပ် တစ်ခုလောက် တင်ပြပါရစေ။ အရေးပိုင်မင်းတို့ အခုတည်းတဲ့ တောင်ကုန်းပေါ်မှာ သခင်က ပိန္နဲကုန်းယာယီစခန်းဆိုပြီး သစ်ထုတ်သမားတွေနေခဲ့တဲ့ စခန်း



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းရှိခဲ့ပါတယ်။ အဖျားအနာထူထပ်ပြီး ရေနဲ့ဝေးတာကြောင့် စခန်းကိုဖျက်ပြီး ပြောင်းသွားကြပါတယ်။

နောက်ပြီး လွန်ခဲ့တဲ့ (၆) လလောက်က သချိုင်းစောင့်နေတဲ့ ဖန်ခါးပင်ကြီးကိုလည်း ခုတ်ယူသွားပါတယ်။ အဲဒီအပင်ကြီးခုတ်ကတည်းက ကျုပ်တို့ရွာမှာ အဖျားအနာ ထူထပ်လာတယ်။ ရွာထဲမှာလည်း သရဲ့သူ စုန်းမူး မကြာခဏဖြစ်လာတယ်။ အဲသဟာကို တဆိတ်လောက် အကူအညီတောင်းချင်ပါတယ်''

ကျွန်ုပ် ...

''ပြောပါ ... သူကြီး၊ ကျွန်တော်တို့ ဘယ်လိုကူညီရမလဲ''

သူကြီး ...

''ပွဲပြီးပြောတာက ခဏခဏပဲ။ ဖန်ခါးပင်ကြီးကို ခုတ်တာ မကျေနပ်ဘူးတဲ့။ တတ်နိုင်သမျှ လက်စားချေမယ်တဲ့။ သူ့အပင်ကပစ္စည်းတွေကို သူ့နေရာသူပြန်ထားပေးမှ ကျေနပ်မယ်လို့ ပြောနေတယ်။ ကျုပ်တို့အနေနဲ့လည်း အစိုးရဝန်ထမ်းတွေက ခုတ်တာဆိုတော့ မပြောရဲဘူးလေ''

ကျွန်ုပ် ...

''သြော် ... ဒါကြောင့်ကိုး။ ဖန်ခါးသားနဲ့ ကားဖင့်တုံးလုပ်တာပါ။ စခန်းမှာလည်း ပြသနာတက်နေတယ်။ ကျွန်တော် ဖင့်တုံးတွေကို ဖြုတ်ခိုင်းပြီး သူ့နေရာသူ ပြန်ထားခိုင်းပါ့မယ်''

သူကြီး ...

''ဟုတ်ကဲ့ ခင်ဗျား ... ဟုတ်ကဲ့ ... ဟုတ်ကဲ့''

ကျွန်ုပ် ...





''သူကြီးခင်ဗျား ... ညနေလည်းစောင်းပါပြီ၊ ကျွန်တော်တို့ ပြန်ပါဦးမယ်။ ရွာခံမုဆိုး (၃)ယောက်ကိုသာ ညမိုးချုပ်စ (၇)နာရီလောက်မှာ စခန်းကုန်းပေါ်ကို လွှတ်ပေးပါ''

သူကြီး ...

''ခဏစောင့်ပါဦး ... အရေးပိုင်မင်း။ ရွာခံမုဆိုးတွေက ညဘက် စခန်းပေါ် လာရဲမှာမဟုတ်ဘူး။ အခုတစ်ခါတည်းသာ ခေါ်သွားပါ။ ကျုပ် ချက်ချင်း အခေါ်လွှတ်ပေးပါ့မယ်''

''သမီး ... သွားစမ်းကွယ်၊ ကာလသားခေါင်း ဖိုးထူးကို သွားပြောစမ်း။ ရွာမုဆိုး စံသိန်းတို့အဖွဲ့ကို အမြန်လွှတ်ပေးပါလို့''

''ဟုတ်ကဲ့ အဖေ''

သူကြီးသမီး အိမ်ဝင်းထဲက ထွက်သွားတော့ တောအုပ်ဇော်မင်း လိုက်ကြည့်နေသည်။ သူသဘောကျနေဟန်ရှိသည်။ လူပျို၊ အပျိုများဖြစ်၍ ကျွန်ုပ် မဟန့်တားလိုပါ၊ အမြို့မြို့အနယ်နယ်သို့သွား၍ ကျွန်ုပ်နှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရသော ဇော်မင်းမှာ နဖူးစာရွာလည်ပြီ ထင်ပါသည်။ ယခင်က ဤသို့မဟုတ်၊ မိန်းမကိစ္စ စိတ်ဝင်စားသူမဟုတ်။ ယခုတော့ ဣန္ဒြေပျက်နေရှာပြီ။

သူကြီးကလည်း အလိုက်သိပါသည်။ ကွမ်းဝါးရင်း တပြုံးပြုံးဖြင့် ခေါင်းညိတ်နေသည်။

မကြာပါ၊ သူကြီးသမီးအပြင် ကာလသားခေါင်း ဖိုးထူးနှင့် ရွာခံမုဆိုး (၃)ဦးရောက်ရှိလာသည်။ တုတ်၊ ဓား ကိုယ်စီနှင့်ဖြစ်သည်။ မုဆိုးများဖြစ်ကြ၍ ခန္ဓာကိုယ် တောင့်တင်းသန်မာလှသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၄ ]

❏

ကျွန်ုပ်တို့ သူကြီးအား နှုတ်ဆက်ပြီး စခန်းကုန်းပေါ်သို့ ပြန်ခဲ့ကြသည်။ ရွာသူကြီးသမီးမှာလည်း တောအုပ်ဖော်မင်းအား လက်တပြပြနှင့် ကျန်ရစ်ရှာသည်။ ဖော်မင်းကလည်း လည်ပြန်တကြည့်ကြည့်။ ညနေစောင်းပြီဖြစ်၍ ကြက်၊ ငှက်များ အိပ်တန်းပြန်ကြသည်ကို တွေ့နေရပြီး တောတွင်းတေးဂီတအဖြစ် ပုစဉ်းရင်ကွဲနှင့် ပုရစ်အော်သံများကို ကြားလာရသည်။

အဝေးဆီမှလည်း မျောက်အော်သံနှင့် ချေဟောက်သံများကို ကြားနေရသည်။ တစ်ခါတစ်ရံ လေသင့်သည်နှင့် ရွာအနောက်ဘက် တောင်ခြေ၊ တောတန်းဘက်မှ ဆင်အော်သံများကိုလည်း တဝူးဝူးကြားနေရသည်။ တောတွင်းဖြစ်၍လည်းကောင်း၊ ဆောင်းတွင်းဖြစ်၍လည်းကောင်း နေမှာ အဝင်စောသည်ထင့်။ ညနေ (၅) နာရီခန့်သာ ရှိသေးသော်လည်း မှောင်စပြုပြီ။





စခန်းကုန်းပေါ်ရောက်တော့ တပည့်ကျော်အောင်ဘု ချက်ပြုတ်ရင်း မီးဖိုထဲက ထွက်လာ၍ . . .

"ဆရာ . . . . စာရေးလေး ကိုကျော်စိန်ဝင်း လောက်လေးခွ အိတ်ခွဲပြီး ထွက်သွားတာ အခုထိ ပြန်မလာသေးဘူး"

"ဘယ်အချိန်က ထွက်သွားတာလဲ"

"ဆရာတို့ ရွာဘက်သွားပြီး မကြာခင်ဘဲ၊ ဒီအနားပတ်ဝန်းကျင်ပဲလို့ ပြောသွားတယ်"

ကျွန်ုပ် . . .

"ဟာ . . . ဒီကောင် မိုးတောင်ချုပ်တော့မယ်၊ တစ်ယောက်တည်း။ ကဲ . . . ရွာခံမုဆိုး ကိုစံသိန်းတို့အဖွဲ့နဲ့ ကျွန်တော်တို့ ရှာကြရအောင်ဗျာ။ ဒီမှာ လက်နှိပ်ဓာတ်မီးတွေ ရှိပါတယ်။ ကူညီကြပါဦး"

"ဟုတ်ကဲ့ . . . အရေးပိုင်မင်း၊ ကျွန်တော်တို့မှာလည်း မီးတုတ်တွေ ပါ,ပါတယ်"

ကျွန်ုပ်နှင့် ဖော်မင်းတို့လည်း လက်နက်ကိုယ်စီ ဓာတ်မီးကိုယ်စီနှင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရှာကြသည်။ တောင်ပေါ်တွင် မတွေ့၍ တောင်ခြေသို့ ဆင်းကြသည်။ အရှေ့အနောက်ပတ်၍ တောင်ခြေခုတ်ထားသည့် ဖန်ခါးပင် ငုတ်တိုကြီးအနီး ကြခတ်ဝါးရုံပင် ခြေရင်းတွင် အဖွဲ့နှစ်ဖွဲ့ ပြန်ဆုံကြသည်။ သတင်းထူးမရ၊ ခြေရာလက်ရာပင် ပျောက်နေသည်။ တောတွင်းညဘက်ဖြစ်၍ နာမည်လည်းမခေါ်ရဲ၊ မုဆိုးအဖွဲ့ 'ဝူး . . . ဝူး . . . ဝူး' အော်၍ တောသံပေးခေါ်ကြသည်။ ထူးသံ ပြန်မကြားရပါ။

ကျွန်ုပ် စိတ်ဓာတ်ကျပြီး ဝါးရုံပင်ခြေရင်းတွင် ခြေပစ်လက်ပစ် ထိုင်လိုက်စဉ် ဖော်မင်းထိုးလိုက်သော မီးရောင်အောက်၌ ဝါးရုံပင်ကြားတွင် ညပ်နေသော စာရေးလေးကျော်စိန်ဝင်း လွယ်နေကျ လွယ်အိတ်



www.burmeseclassic.com

www.burmeseclassic.com



အနီတာလေးကို တွေ့ရသည်။ လွယ်အိတ်ထဲတွင် သူသုံးနေကျ လေးခွ၊ လောက်စာလုံးနှင့် မီးခြစ်၊ ဆေးလိပ်တို့ကို တွေ့ရသည်။ အနီးပတ်ဝန်းကျင်တွင် ခြေရာ၊ လက်ရာမပျက် သွေးစ၊ သွေးနလည်း မတွေ့ရ။ ရုန်းရင်းဆန်ခတ် ဖြစ်ထားပုံလည်းမရ။ အတော်တော့ ထူးဆန်းနေသည်။

သက်သေခံရှာ ပတ်ဝန်းကျင်တွင် ပိုက်စိပ်တိုက်ရှာကြသည်။ သာမှ သဲလွန်စမရ။ စမ်းချောင်းအစပ်သို့ဆင်း၍ မီးထိုးရှာရာ စမ်းချောင်းနံဘေးသဲခုံပေါ်တွင် ခြေရာများကို တွေ့ရသည်။ ကျော်စိန်ဝင်းတစ်ဦးတည်း၏ ခြေရာများသာဖြစ်သည်။

အခြားလူ၊ တိရစ္ဆာန်ခြေရာများကို မတွေ့ရ။ စမ်းချောင်းမှာ ဆောင်းတွင်းဖြစ်၍ လေးပေခန့်သာ ကျယ်သည်။ တစ်ဖက်ကမ်းကူး၍ ရှာသော်လည်း ခြေရာကို မတွေ့ရတော့။ ကျော်စိန်ဝင်း ဘယ်ရောက်သွားသနည်း။ စမ်းချောင်းထဲ ငုပ်လျှိုးသွားခြင်းလည်း မဖြစ်နိုင်။ စမ်းချောင်းမှာ ဒူးဆစ်ခန့်သာ ရေနက်ပြီး အောက်ခြေကို အတိုင်းသားမြင်နေရသည်။

ခြေရာ၊ လက်ရာပျောက်ပြီး သဲလွန်စပင် မကျန်ခဲ့သဖြင့် ရွာခံမုဆိုးများလည်း အတော်အံ့သြနေကြသည်။ စမ်းချောင်းကိုကျော်၍ ရိုးမခြေအထိပင် ဖုန်းဆိုးတောသာဖြစ်သည်။ သစ်ပင်ကြီးများ မရှိ။ ကျွန်ုပ်၏ Hunter Light (၈)ခဲထိုး Eveready တောလိုက်ဓာတ်မီးကြီးဖြင့် ရိုးမတောင်ခြေအထိ ထိုးကြည့်သော်လည်း ထူးခြားမှုမတွေ့ရ။

ထိုစဉ် တောတိုးသံကြားရသဖြင့် ကျွန်ုပ်တို့ ငြိမ်နေကြစဉ် မည်းမည်းလုံးလုံး တောဝက်အုပ်ကြီး ရေဆင်းသောက်လာသည်နှင့် ကြုံတော့သည်။ ကျွန်ုပ်က ရွာခံမုဆိုးစံသိန်းအား အမဲလိုက်ဓာတ်မီးပေးပြီး





ဇော်မင်းနှင့်အတူ သေနတ်များအား မောင်းတင်၍ စောင့်ဆိုင်းနေကြစဉ် ဝက်အုပ်ကြီးမှာ စမ်းချောင်းထဲဆင်း၍ အလုအယက် ရေသောက်ကြသည်။

ကျွန်ုပ် အချက်ပေးသည်နှင့် မုဆိုးစံသိန်းက မီးအထိုး ဇော်မင်းနှင့် ကျွန်ုပ်တို့ အပြိုင် ပစ်ခတ်လိုက်တော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

ဇော်မင်းက ထုံးစံအတိုင်း သူ၏နှစ်လုံးပြူးကြီးအား ဘယ်ပြောင်းညာပြောင်းခွဲ၍ ပစ်ခတ်လိုက်သည်။ မီးရောင်အောက်တွင် ကျွန်ုပ်ပစ်သောဝက်သိုးကြီးနှင့် ဝက်မနှစ်ကောင်မှာ စမ်းချောင်းထဲကပင် အပေါ်သို့ မတက်နိုင်တော့။ ရွာခံမုဆိုး စံသိန်းနှင့်အဖွဲ့က ဝက်သေများအား ဆင်း၍ ကောက်ကြသည်။

အမဲလည်ခြင်းမဟုတ်ပါဘဲ ကြုံ၍ဆုံ၍ ပစ်ရခြင်း အခွင့်အရေးမှာ ရှားပါးလှသဖြင့် ပစ်ခွင့်ကြုံခြင်း ဖြစ်ပေသည်။ ည (၉) နာရီခန့်သာ ရှိသေးသော်လည်း ညစာမစားကြရသေး၍ စခန်းတောင်ကုန်းပေါ်သို့ ပြန်တက်ခဲ့ကြသည်။

ကျွန်ုပ်နှင့် ဇော်မင်းသာ အောင်ဘု ချက်ပြုတ်ထားသောဟင်းနှင့် ညစာစားကြသော်လည်း ရွာခံမုဆိုးများက မစားကြ။ ဝက်သိုးကြီးအား ဖျက်၍ ညလယ်စာစားရန် ပြင်ဆင်နေကြသည်။ ကျွန်ုပ်ကလည်း အလိုက်သိစွာဖြင့် ရမ်အရက်ပုလင်းတစ်လုံးအား ထုတ်ပေး၍ အားလုံးပျော်ရွှင်သွားကြသည်။

ကျွန်ုပ် အိပ်ရာပေါ်လှဲ၍ အနားယူရင်း စဉ်းစားနေမိသည်။ အစွန်ကြောက်တတ်၊ ရှုံ့တတ်သော စာရေးကလေး ကျော်စိန်ဝင်းမှာ ညကြီးမိုးချုပ် တောထဲ၊ တောင်ထဲ၌ လည်ပတ်နေရန် အကြောင်းမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ခရီးလွန်သွားရန်လည်း မဖြစ်နိုင်။ သူ့လက်စွဲတော် လေးခွနှင့် သူနှစ်သက်သော ဆေးလိပ်များကို ယူမသွားခြင်းကလည်း အကြောင်းတစ်စုံတစ်ရာ ရှိပေလိမ့်မည်။

ကျွန်ုပ် တွေးရင်းတောရင်း အိပ်ပျော်သွားမိသည်။ ကျွန်ုပ်တစ်ရေးနိုးတော့ ညဉ့်သည် (၁၂) နာရီထိုးပြီ။ တဲအပြင်ထွက်လိုက်ရာ ရွာခံမုဆိုးအဖွဲ့နှင့် အောင်ဘုတို့ စကားပြောရင်း ဝက်ကလီစာနှင့် စားသောက်နေကြသည်မှာ မပြီးနိုင်သေး။

ကျွန်ုပ် အပေါ်အပါးထသွားရင်း သူတို့အနီးတွင် ရပ်ပြီး ...

"အောင်ဘုတို့၊ ကိုစံသိန်းတို့ မအိပ်ကြသေးဘူးလား။ ညဉ့်သန်းခေါင်တောင် ကျော်ပြီ"

အောင်ဘု ...

"ကျွန်တော်တို့က စာရေးလေး ကိုကျော်စိန်ဝင်းကို စောင့်ရင်းစားသောက်နေကြတာပါ။ ရွာခံမုဆိုးကိုစံသိန်းတို့ကလည်း မအိပ်ချင်သေးဘူးဆိုတာနဲ့ စကားကောင်းနေကြတာပါဆရာ"

ကျွန်ုပ် ...

"အေးကွာ ... ငါ့တပည့် ကျော်စိန်ဝင်းက အလွန်ကြောက်တတ်တာ။ ညကြီးမိုးချုပ် ဘယ်ရောက်နေသလဲမသိဘူးကွာ။ မုဆိုး ကိုစံသိန်းရေ ... ဒီနယ်မှာ သစ်ခိုးအဖွဲ့နဲ့ တောပုန်းဓားပြအဖွဲ့များ ရှိသလား"

စံသိန်း ...

"ဆရာကြီး ... ဒီနယ်မှာ သစ်ခိုးအဖွဲ့လည်း မရှိပါဘူး။ ဓားပြအဖွဲ့ကလည်း မရှိပါဘူး။ ကျွန်တော့်အထင်တော့ နတ်ဝှက်တာထင်ပါတယ်"





ကျွန်ုပ် ...

"နတ်ဝှက်တယ်ဆိုတာ ဘာလဲဗျ"

စံသိန်း ...

"နတ်ဝှက်တယ်ဆိုတာ လိပ်ပြာလှတဲ့သူကို ဆိုင်ရာပိုင်ရာက ချစ်လို့ ခေါ်သွားတာပါ။ ကန်တော့ပွဲပေးမှ ပြန်ပို့ပေးပါတယ်။ ပြန်ပို့တယ်ဆိုရာမှာလည်း ချက်ချင်းပြန်မပို့ပါဘူး။ တစ်ပတ်တန်သည်၊ တစ်လတန်သည်၊ တစ်နှစ်တန်သည် နေပြီးမှ ပြန်ပို့တတ်ပါတယ်"

ကျွန်ုပ် ...

"ပြန်ပို့တော့ အသက်ရှင်လျက်၊ အကောင်းအတိုင်းပဲလားကိုစံသိန်း၊ ဒီရွာမှာရော အရင်က ကြုံဖူးခဲ့ကြသလား"

စံသိန်း ...

"နှစ်ခါတောင် ကြုံဖူးပါတယ် ... ဆရာကြီး။ တစ်ခါက ရွာအနောက်ဖျားက မတင်မိ၊ တစ်ခါကတော့ သူကြီးအိမ်နားက ကိုဖိုးသိန်းပါ။ နှစ်ယောက်စလုံး ကောင်းကောင်းမွန်မွန် ပြန်ရောက်ပါတယ်။ ကိုဖိုးထိန်က (၆) လလောက်နဲ့ ပြန်ရောက်တယ်။ မတင်မိကတော့ တစ်နှစ်လောက်ကြာမှ ပြန်ရောက်တာပါ။ ပြန်ရောက်လာတော့ ကိုယ်ဝန်ကြီးနဲ့ဗျ"

ကျွန်ုပ် ...

"ဘာ ... ဘယ်လို ... ကိုယ်ဝန်ကြီးနဲ့ ဟုတ်သလား။ သူက ဘယ်သူနဲ့ အိမ်ထောင်ကျပြီး ဘယ်မှာသွားနေတာတဲ့လဲ"

စံသိန်း ...

"ဒီအနီးအနားက ရွာကြီးလို့ပြောတာပဲ။ အိမ်ခြေ ၂၀၀ ကျော်ရှိတဲ့၊ တစ်ရွာလုံး သက်သတ်လွတ်စားကြပြီး ငါးပါးသီလမြဲသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော်တို့ရွာမှာတုန်းက အပျို။ အဲဒီရွာကြီးရောက်တော့ ရွာသူကြီးသားနဲ့ အိမ်ထောင်ကျတာဆိုပဲ။ ကိုယ်ဝန်ဆောင်နေတုန်း လိမ်ပြောမိလို့ ရွာက နှင်အထုတ်ခံရတာတဲ့လေ''

ကျွန်ုပ် ...

''ကိုဖိုးသိန်းကရော ဘာကြောင့် ပြန်ရောက်လာတာလဲ''

စံသိန်း ...

''သူကတော့ ရွာသူတစ်ဦးနဲ့ အိမ်ထောင်ကျပြီး (၆)လလောက်ကြာမှာ ပိုင်ရှင်ထံခွင့်မတောင်းဘဲ မာလကာသီးခူးစားမိလို့ ခိုးမှုမြောက်ပြီး ရွာတရားရုံးက စီရင်ချက်ချပြီး ပြန်လွှတ်တာတဲ့''

ကျွန်ုပ် ...

''အလွန်ထူးဆန်းလှတဲ့ ရွာကြီးပဲနော်။ ငါးပါးသီလ မြဲတယ်၊ သက်သတ်လွတ်စားတယ်။ ရွာအုပ်ချုပ်ရေးကလည်း စနစ်ကျတယ်။ ဒီအနားတင်ဆိုတော့ မတင်မိတို့၊ ကိုဖိုးထိန်တို့ကို နေရာလိုက်မပြနိုင်ဘူးလား''

စံသိန်း ...

''ဘယ်နေမလဲ ... ဆရာရယ်၊ မေးမြန်းပြီး လိုက်ပြနိုင်းတာပေါ့။ ဒါပေမဲ့ သူတို့ပြတဲ့နေရာက စာရေးကလေး ပျောက်သွားတဲ့နေရာအနားမှာပါပဲ။ ဘာမှ အစအန မတွေ့ရပါဘူး။ ဖုန်းဆိုးတောလွင်ပြင်ကလေးတစ်ခုပါပဲ။ ဒါကြောင့် ကျွန်တော်တို့က အဲဒီနေရာကို 'ရွာပုန်း' လို့ခေါ်တယ်။ ပျောက်ကွယ် ပုန်းအောင်းနေတဲ့ရွာပေါ့ ဆရာကြီးရယ်''

ကျွန်ုပ် ...

''အဲဒီ ကိုဖိုးထိန်တို့၊ မတင်မိတို့ရော ဒီရွာမှာရှိသေးသလားဗျ။ ကျွန်တော် စုံစမ်းမေးမြန်းချင်လို့ပါ''





စံသိန်း ...

''ကိုဖိုးထိန်ကတော့ ရွာကထွက်သွားတာ တစ်နှစ်လောက်ရှိပြီဆရာ။ မတင်မိကတော့ လင်ကောင်မရှိဘဲ ကိုယ်ဝန်ရှိတာ။ ရှက်လို့ဆိုပြီး ရွာကထွက်သွားပြီး ဗန်းမော်မှာ သွားနေတယ်ဆရာ။ အဲဒီမှာ ချောင်းခြောက်ကလေးမွေးပြီး ချမ်းသာသွားတာ။ ဗန်းမော်မြို့လယ်ခေါင်ဈေးအနီးက ထမင်းဆိုင်ကြီးက သူတို့ဆိုင်ပေါ့''

ကျွန်ုပ် ...

''အေးဗျာ ... ဗန်းမော်ပြန်ရောက်မှ သွားမေးရဦးမယ်။ စိတ်ဝင်စားဖို့ အလွန်ကောင်းတယ်နော်''

စံသိန်း ...

''ဆရာတပည့်လည်း နတ်ဝင်ထားတာပါဆရာ။ သူကြီးနဲ့တိုင်ပင်ပြီး မနက်ဖြန် ကန်တော့ပွဲပေး၊ တောင်းပန်လိုက်ရင် ပြန်ရောက်လာမှာပါ''

ကျွန်ုပ် ...

''အေးဗျာ ... မနက်ဖြန်မှ သူကြီးကို အပူကပ်ရဦးတော့မှာဗျ''

စံသိန်း ...

''မနက်ဖြန်မနက်တော့ ကျွန်တော် ရွာကလူ (၁၀) ဦးလောက်ခေါ်ပြီးတော့ တောနင်းဦးမယ်ဗျာ။ ရှိုးမပေါ်ထိ တက်ရှာမယ်။ ဆရာကြီးက သူကြီးနဲ့တိုင်ပင်ပြီး ကန်တော့ပွဲကိစ္စလုပ်ပါ။ ကျွန်တော်တို့အဖွဲ့ထဲကိုတော့ သေနတ်ပါတဲ့ ဆရာဦးဇော်မင်းကို ထည့်ပေးပါ''

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ... ကိုစံသိန်းရေ၊ နှစ်ဖက်နှစ်လမ်း ရှာကြတာပေါ့ဗျာ။ ကဲ ... ကျွန်တော်တော့ ပြန်အိပ်လိုက်ဦးမယ်။ ခင်ဗျားတို့လည်း အိပ်ရေးပျက် သိပ်မခံနဲ့။ မနက်ဖြန် ပင်ပန်းကြဦးမှာ"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်တို့လည်း အိပ်ကြတော့မှာပါ"

ကျွန်ုပ် တစ်ရေးပြန်အိပ်သည်။ မနက် (၆) နာရီမှ နိုးတော့သည်။ အိပ်ရာထ၊ မျက်နှာသစ်ပြီး၊ ဘုရားဝတ်ပြု၊ ပုတီးစိပ်သည်။ ပြီးနောက် တောစောင့်နတ်၊ တောင်စောင့်နတ်များအား မေတ္တာပို့၍ အမျှဝေသည်။ တပည့်ကျော် ကျော်စိန်ဝင်းလည်း ဘေးမသီရန်မခဘဲ အမြန်ဆုံး ပြန်လည်ရောက်ရန် ဆုတောင်းမိသည်။

နောက်တစ်နေ့မနက် ကျွန်ုပ်နှင့်ဇော်မင်း မနက်စာစားရန် စီစဉ်နေကြစဉ် သူကြီးနှင့် သူ့သမီးတောင်းရွက်၍ ရောက်လာသည်။

သူကြီး ...

"ကျုပ်တို့ မနက်စာအမီလာပို့တာ။ ကောက်ညှင်းငချိတ်ပေါင်းနဲ့ ဆတ်သားခြောက်ဖုတ်ပါ ... အရေးပိုင်မင်း"

ကျွန်ုပ် ...

"ဩော် ... သူကြီးရယ် အားနာလိုက်တာဗျာ။ ကျွန်တော်တို့မှာ စားစရာတွေ ရှိပါတယ်။ ကဲ ... ထိုင်ကြပါဦး၊ အောင်ဘုရေ ဧည့်သည်တွေအတွက်ပါ လုပ်ကွာ"

အောင်ဘုက ပေါင်မုန့်ထောပတ်သုတ်၊ ကြက်ဥကြော်နှင့် ကော်ဖီများ လာချပေးသည်။ ထို့နောက် သူကြီးတို့ယူလာသော ကောက်ညှင်းငချိတ်ပေါင်းနှင့် ဆတ်သားခြောက်ဖုတ်ကိုလည်း ဆီဆမ်း၍ လာချ





ပြန်သည်။ ကျွန်ုပ်တို့လည်း မစားရတာကြာပြီဖြစ်သော ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ဖုတ်အား ကော်ဖီနှင့် လွေးကြသည်။

သူကြီး ...

"အားရပါးရ သုံးဆောင်ပါခင်ဗျား။ ဒါ ဒီလမှာပေါ်တဲ့ ကောက်ညှင်း စပါးအသစ်ပါ။ ကျုပ်သမီး နှင်းနု မနက်အစောကြီးထဲက ပေါင်းထားတာပါ"

ကျွန်ုပ်တို့ စားသောက်နေကြစဉ် တောအုပ်ဇော်မင်းနှင့် မနှင်းနုတို့မှာ မျက်လုံးချင်း စကားပြောနေကြဟန်တူသည်။ တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နူးစွာ ကြည့်နေကြသည်။ ကျွန်ုပ်တို့ စားသောက်ပြီးတော့ ရှေ့အဖွဲ့နှင့် အောင်ဘုတို့ စားကြပြန်သည်။ ကောက်ညှင်းငချိတ်ပေါင်းမှာ တစ်ပြည်သားခန့် ပေါင်းလာဟန်တူပါသည်။ အားလုံး အဝစားကြသော်လည်း မကုန်နိုင်။

သူကြီးနှင့် ကျွန်ုပ်တို့ စားသောက်ပြီး၍ လက်ဖက်ရည်ကြမ်းဝိုင်းထိုင်ကြရင်း ...

သူကြီး ...

"ညက သေနတ်သံတွေ ကြားလိုက်ပါတယ်။ အရေးပိုင်မင်းတို့ ဘာဖြစ်ကြတာလဲ"

ကျွန်ုပ် ...

"ဩော် ... ဟုတ်ပါရဲ့၊ ပြောဖို့မေ့နေတာပါ။ ညက ကျွန်တော့်တပည့်စာရေးလေး ... ကျော်စိန်ဝင်း ပျောက်သွားလို့ လိုက်ရှာကြရင်း စမ်းချောင်းမှာ ရေသောက်ဆင်းလာတဲ့ ဝက်အုပ်နဲ့တိုးပြီး ပစ်တာမှာ တောဝက်သုံးကောင်ရပါတယ်၊ သူကြီးတို့ရွာကိုလည်း ဝေပေးပြီးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကြီး . . .

"ဘယ်လို . . . အရေးပိုင်မင်းတပည့် ပျောက်သွားတယ် ဟုတ်သလား။ ဖန်ခါးကုန်းစခန်းများ ပြန်သွားတာလား"

ကျွန်ုပ် . . .

"မဟုတ်နိုင်ဘူး . . . သူကြီး၊ ဖန်ခါးကုန်းစခန်းကို ပြန်ဖို့ အကြောင်းမရှိပါဘူး။ ဒီတောင်ခြေက တောစပ်ဝါးရုံပင်ရင်းမှာ သူ့လွယ် အိတ်ကို တွေ့ရတယ်။ အဲဒီနားမှာပဲ ခြေရာလက်ရာ ပျောက်သွားတာ"

သူကြီး . . .

"ဩော် . . . အဲဒါဆိုရင်တော့ နတ်ဝှက်တာပဲ။ ကန်တော့ပွဲ ပေးပြီး ပြန်တောင်းရမှာပေါ့။ ကျုပ် စီစဉ်ပေးပါ့မယ်။ ရွာထဲမှာ အဲဒီကိစ္စ မျိုးကို လုပ်တတ်ကိုင်တတ်တဲ့ နတ်ဆရာတစ်ဦးရှိတယ်"

ကျွန်ုပ် . . .

"ဟုတ်ကဲ့ . . . အဲဒီကိစ္စလည်း လုပ်ပါ။ တောနင်းရှာဖို့လည်း တောကျွမ်းတဲ့ ရွာသား (၁၀)ယောက်လောက်လည်း ကူညီပါဦးခင်ဗျား"

သူကြီး . . .

"ဟုတ်ကဲ့ . . . ကျုပ် အားလုံး ဆောင်ရွက်ပေးပါ့မယ်။ တောထဲမှာ အဖော်မပါဘဲ တစ်ယောက်တည်း မိုးချုပ်နေဝင်သွားလာ ရင် အဲလိုဖြစ်တတ်ပါတယ်။ ဒါ နတ်ဝှက်တာ သေချာပါတယ်"

"ကဲ . . . အရေးပိုင်မင်း၊ ကျုပ် ရွာပြန်ပြီး စီစဉ်စရာရှိတာ လေးတွေ စီစဉ်လိုက်ဦးမယ်။ ရွာသား (၁၀)ယောက်လည်း စခန်း လွှတ်လိုက်ပါ့မယ်။ ဒီနေ့တော့ အရေးပိုင်မင်းတို့ အလုပ်များမှာ။ ထမင်း ဟင်း မချက်နဲ့တော့။ လူလည်း များတယ်။ ကျုပ်တို့ရွာက ချက်ပို့ မယ်"

စိတ်ကူးသစ်စာပေ



"အားနာလိုက်တာ . . . သူကြီးရယ်၊ ကျေးဇူးလည်း တင်ပါ ရဲ့ဗျာ"

နှင်းနုက . . .

"အားနာစရာ မရှိပါဘူးရှင်။ ဒီမှာ အိုးခွက်ပန်းကန် မလုံ လောက်တော့ အခက်အခဲဖြစ်မှာစိုးလို့ပါ။ ကျွန်မတို့ရွာမှာတော့ အပြည့် အစုံရှိပါတယ်။ ဝက်လည်း ရထားတော့ ဟင်းတွေ မပူရတော့ပါဘူး"

ဇော်မင်း . . .

"အေးဗျာ . . . အခုလိုကူညီကြတာ အလွန်ဝမ်းသာပါတယ်။ တောဝက်နှစ်ကောင် ယူသွားပြီး တစ်ရွာလုံးကိုလည်း ဝေပေးလိုက်ပါ"

"ဟုတ်ကဲ့ရှင့်"

မုဆိုးအဖွဲ့က တောဝက်နှစ်ကောင်ထမ်းပြီး သူကြီးတို့နှင့်အတူ ရွာပြန်သွားကြသည်။ အပြန်တွင် နှင်းနုက သမင်လည်ပြန် ကြည့်၍ ဇော်မင်းက မခွဲနိုင်၊ မခွာရက် လက်ပြနှုတ်ဆက်ကျန်ရစ်သည်။ ကျွန်ုပ် ဇော်မင်းကို အလွန်အံ့ဩမိသည်။ မိန်းမနှင့်တွေ့လျှင် အလွန်တည်ကြည် စွာ နေတတ်သော ဇော်မင်းတစ်ယောက် ဤတစ်ကြိမ် မည်သို့ဖြစ်သည် မသိပါ။

ကျွန်ုပ် . . .

"ဇော်မင်း . . . မင်းနှင်းနုကို တကယ်သဘောကျတာလား။ အပျော်မဟုတ်ဘဲ ရိုးမြေကျ လက်ထပ်ပေါင်းသင်းဖို့ ရည်ရွယ်ထားသလား။ တကယ်ဆိုရင်တော့ ငါ သူကြီးကို အုပ်ထိန်းသူအနေနဲ့ တောင်းရမ်းပြီး ဒီရွာမှာတင် မင်္ဂလာဆောင်ပေးမယ်"

ဇော်မင်း . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ဆရာ။ နှင်းနုကို ကျွန်တော် တကယ်မြတ်နိုးတာပါ။ လက်ထပ်ဖို့လည်း ရည်ရွယ်ထားပါတယ်။ ဒါပေမဲ့ ဘယ်ကစပြီး ချစ်ရေးဆိုရမှန်း မသိလို့"

ကျွန်ုပ် ...

"ယောက်ျားနဲ့ မိန်းမပဲကွာ၊ တစ်ယောက်နဲ့တစ်ယောက် ဒီလောက် အရေးပေးရင် သိကြပြီပေါ့။ မင်းတကယ်နှစ်သက်ရင် ဖွင့်သာပြောလိုက်။ ဟိုက ငြင်းမှာမဟုတ်ပါဘူး"

"အဲဒီလိုဖွင့်ပြောဖို့ ခက်နေတာ ဆရာ။ တွေ့တာလည်း မကြာသေးတော့ ကျွန်တော့်အပေါ်မှာ မယုံကြည်မှာလည်း စိုးတယ်။ ကျွန်တော်က သစ်တောက အရာရှိဆိုတော့။ အပေါ်စီးနဲ့ မတရားအနိုင်ကျင့်သလို ဖြစ်မှာလည်း စိုးတယ်ဆရာ"

ကျွန်ုပ် ...

"ဇော်မင်းရေ ... အချစ်နဲ့စစ် မတရားတာ မရှိဘူးကွ။ နှင်းနုက ရွာကွမ်းတောင်ကိုင် ဖြစ်မယ်ထင်တယ်။ အချိန်ကလေးရှိတုန်း ကြိုးစားပေတော့။ အပျို၊ လူပျိုပဲကွာ ဘာဆန်းသလဲ"

ဇော်မင်း ...

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်။ ဆရာက ကျွန်တော့်အတွက် အခွင့်အရေးလေးတော့ ဖန်တီးပေးပါဦးခင်ဗျာ"

"အေး ... အေး ... ငါ ကြည့်စီစဉ်ပေးမယ်။ ကျော်စိန်ဝင်း ကိစ္စကလည်း တစ်မှောင့်ကွာ။ သူ့ကိစ္စသာ မရှိရင်တော့ ဒီဇာတ်လမ်းဟာ အတော် ပျော်ဖို့ကောင်းမှာပဲ"

"ဟုတ်ကဲ့ ဆရာ။ အရေးကိစ္စထဲမှာ ကျွန်တော် ဆရာ့ကို အပူကပ်မိတာ တောင်းပန်ပါတယ်ဆရာ။ ကျွန်တော် အရင်က ဒီကိစ္စ





တွေကို စိတ်မဝင်စားခဲ့တာ ဆရာအသိပါ။ အခုမှ ဘယ်လိုဖြစ်တယ်မသိဘူး။ နှင်းနုကို မျက်စိထဲမှာ အမြဲတမ်း မြင်နေမိတယ်"

"အေး ... အဲဒါ ပဌာန်းဆက်ပေါ့ကွာ။ ရှေးဘဝက ရေစက်ကြောင့် အခုဘဝ ပြန်ဆုံကြပြီး မြင်မြင်ချင်း သံယောဇဉ်တွယ်ကြတာပေါ့။ ငါ ကိုယ်ချင်းစာပါတယ်။ ဒါနဲ့ မင်းကို ငါဖန်ခါးကုန်းစခန်းကို လူကြီးနဲ့ မှာခိုင်းတာ မှာပြီးပြီလား"

"ဟုတ်ကဲ့ မှာပြီးပါပြီ ဆရာ။ ဒီရွာက ဈေးသည်တွေနဲ့ မှာလိုက်တာပါ။ စာလည်း ရေးပေးလိုက်ပါတယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၉]

❑

မနက် (၈) နာရီခန့်တွင် ဖန်ခါးကုန်းစခန်းဘက်မှ ကားသံကြား ရသလို ရွာဘက်မှာလည်း လက်နက်ကိုယ်စီဖြင့် လူ (၁၃) ဦးခန့် တောင် ကုန်းဆီသို့ လာနေကြသည်။ မကြာပါ၊ သစ်တောဌာနကားကြီး တောင် ခြေစမ်းချောင်းအနီးသို့ ရောက်လာသလို ရွာမှလူ (၁၃) ဦးလည်း ကျွန်ုပ် တို့ စခန်းတောင်ကုန်းပေါ်သို့ ရောက်လာကြသည်။ သူကြီးက လွှတ် လိုက်သော ရွာသားများဖြစ်ကြသည်။ မုဆိုးစံသိန်းတို့အဖွဲ့လည်း ပြန်ပါ လာသည်။

စခန်းကားပေါ်မှ လူများ အထုပ်အပိုးကိုယ်စီဖြင့် တောင်ကုန်း ပေါ်သို့ တက်လာကြသည်။ မော်တော်ယာဉ်မှူး ဦးလှသောင်းဦးဆောင် သော ဝန်ထမ်းအဖွဲ့ဖြစ်သည်။

ဦးလှသောင်း ...





"ဆရာ ... ဆရာတပည့် စာရေးလေးကျော်စိန်ဝင်း ပျောက် သွားတယ်ဆို ကျွန်တော်တို့စခန်းလည်း မလာပါဘူး။ ကြုံတာနဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နဲ့ အရက်ပုလင်းတွေ ယူလာတာပါ။ ဘယ်လိုလုပ်ကြမလဲ ဆရာ"

ကျွန်ုပ် ...

"လူစုံတာနဲ့ ကျွန်တော်တို့ အဖွဲ့ခွဲရှာကြမယ်။ ဒီတောင်ပေါ် တောင်ခြေပတ်ဝန်းကျင်နဲ့ စမ်းချောင်းဟိုဘက်ကမ်း ရိုးမတောင်ပေါ် အထိ ရှာချင်တယ်ဗျာ။ နေ့ခင်းဆိုတော့ မြင်မြင်ထင်ထင် ရှိတာပေါ့။ ညကလည်း ပတ်ဝန်းကျင် ရှာပြီးပါပြီ။ တောင်ခြေ၊ ဝါးရုံပင်ကြားက သူ့လွယ်အိတ်ပဲ ပြန်တွေ့ခဲ့တယ်။ ခြေရာ၊ လက်ရာကို ပျောက်သွားတာ ပဲ"

"ကဲ ... ဇော်မင်းနဲ့ ရွာသားတွေကတစ်ဖွဲ့၊ ကျွန်တော်နဲ့ ရွာခံ မုဆိုးသုံးယောက် ဦးလှသောင်းတို့ မော်တော်ယာဉ်အဖွဲ့ကတစ်ဖွဲ့ ခွဲပြီး ရှာကြမယ်။ မွန်းတည့် (၁၂) နာရီမှာ ရိုးမကြောပေါ်မှာ ပြန်ဆုံကြမယ်။ နေ့လယ်စာကိုတော့ အပြန်မှ စားကြတာပေါ့။ ဒီမှာလည်း အောင်ဘု ချက်ထားတဲ့ယ်။ သူကြီးတို့ရွာကလည်း လာပို့ကြမှာပါ။ ကဲ ... သွား ကြစို့"

ကျွန်ုပ်တို့ တောင်ကုန်းပေါ်မှ အရှေ့အနောက် နှစ်ဖွဲ့ခွဲ၍ ဆင်း ခဲ့ကြသည်။ ကျွန်ုပ်တို့အဖွဲ့က မရောက်သေးသည့် တောင်ကုန်းအရှေ့ ဘက်ခြမ်းသို့ ဖြတ်လာရာ တောင်ကုန်းအရှေ့ တောင်ထိပ် မြေကွက်လပ် ပေါ်တွင် သချိုင်းကို တွေ့ရသည်။ အုတ်ဂူမရှိ မှတ်တိုင်မရှိ။ မြေပုံမို့မို့ များသာရှိသည်။ မြေပုံများမှာလည်း အဟောင်းများသာ ဖြစ်ကြသည်။ ပိန္နဲကုန်းရွာမှ လူအုသေအပျောက် နည်းဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အဖွဲ့ တောင်ကုန်းပေါ်က အဆင်းတွင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းပင်ကြီးများအား အတော်များများ တွေ့ရသည်။ သစ်ပင်ကြီးများပေါ်၌လည်း ဖယောင်းပန်းလက်တံတို၊ လက်တံရှည်၊ ရတနာရွှေခွက်နှင့် ခရမ်းရောင်ငှက်ကြီး သစ်ခွပန်းများအား တွေ့ရသည်။ ရတ်တရက် ဖော်မင်းကို သတိရလိုက်သည်။

ဖော်မင်းမှာ သစ်ခွဝါသနာအိုးဖြစ်သည်။ ကက်၍ရူးလျှင်တော့ သူ့ကောင်မလေး နှင်းနုကို လက်ဆောင်ပေးမှာ သေချာသည်။ ရွာမှလူများ မရှုဝံ့၍ ကျန်နေသည်မှာ သေချာသည်။ တပည့်ကျော် အောင်ဘိုကို တက်ခိုင်းလျှင်တော့ ကျိန်းသေရမှာ သေချာသည်။ အောင်ဘိုက အချက်အပြုတ်၊ ကားမောင်းခြင်းအပြင် သစ်ပင်တက်လည်း ကျွမ်းသည်။

သူက မတ္တရာနယ်သားဖြစ်၍ ဘက်စုံကျွမ်းကျင်သဖြင့် အလွန်အားကိုးရသူဖြစ်သည်။ သတ္တိလည်း ကောင်းသည်။ အကြောက်အလန့် အယုံအကြည်မရှိ။ ကျွန်ုပ်တို့ တောင်ကုန်းပေါ်ကဆင်းကြပြီး လက်ျာရစ် လှည့်ရာ တောင်ခြေစမ်းချောင်းသို့ ရောက်သည်။

စမ်းချောင်းကလေးမှာ စခန်းချရာ တောင်ကုန်းအား အရှေ့ဘက်မှ အနောက်ဘက်သို့ စီးဆင်းနေပြီး ရွာအနောက်ဘက် ရိုးမတောင်ခြေ၊ တောသစ်ရိုင်းများခိုအောင်းနေရာ နေရာမှာ အနောက်ဘက်သို့ ဆက်လက်စီးဆင်းသွားသည်။ စမ်းချောင်းလေးဖြစ်သော်လည်း အတော်ရှည်လျားသည်။

စမ်းချောင်းကမ်းစပ်မှ ကျွန်ုပ်တို့အဖွဲ့ ချောင်းကလေးအား ဖြတ်ကူးစဉ် သဲပြင်ပေါ်တွင် ခြေရာရှုးရှူးကလေးများနှင့် ဝက်အုပ်ကြီးခြေရာအား တွေ့ရသည်။ ထိုအထဲတွင် ဖိနပ်မပါသော လူခြေရာများအားလည်း တွေ့ရသည်။ မိန်းမခြေရာ ဖြစ်ဟန်တူသည်။





ကျွန်ုပ်တို့အဖွဲ့ စမ်းချောင်းအားဖြတ်၍ ဖုန်းဆိုးတောအား ကျော်ပြီး ရိုးမပေါ်သို့ တက်ခဲ့ကြသည်။ မုဆိုးလမ်းကလေးသာဖြစ်၍ တစ်ယောက်ချင်း တက်ရသည်။ လမ်းကလေးဘေးတွင် ဆနွင်းပင် (နနွင်း) ဒလာပင်နှင့် ဝါဆိုပန်း လက်ကျန်အပင်ကလေးများ၏ ရနံ့ကြောင့် စိတ်ရှင်လန်းရသည်။

တောနံ့တောင်နံ့ဆိုသည်မှာ သဘာဝရနံ့များဖြစ်ကြ၍ နှစ်လိုဖွယ်ရာ ကောင်းသည်။ အဝေးဆီမှ တောငှက်ကလေးများ၏ အော်မြည်သံနှင့် တောမျောက်များ၏အော်သံကို တစ်ခွန်းတစ်စမှ မတွေ့ရပါ။ ကျွန်ုပ်တို့အဖွဲ့ ရိုးမတောင်ပေါ် အရိပ်ကောင်းသည့် ပျဉ်းမပင်ကြီးအရိပ်တွင် ခေတ္တနားကြသည်။

မော်တော်ယာဉ်မှူး ဦးလှသောင်း ...

"ဆရာရေ ...ကိုကျော်စိန်ဝင်းကတော့ ကြက်ပျောက်ငှက်ပျောက်ပါလား။ အရိပ်အယောင်တောင် မတွေ့ရဘူးနော်"

ကျွန်ုပ် ...

"အဲဒါပေါ့ဗျာ ...ပိန္နဲကုန်းရွာသားတွေနဲ့ သူကြီးကတော့ နတ်ကျော်တာလို့ ပြောနေကြတာပဲ။ ကျွန်တော်က မယုံကြည်ပေမယ့် သူတို့ဆီအစဉ်အတိုင်း ကန်တော့ပွဲပေးပြီး တောင်းပန်တာကိုတော့ လုပ်ရတော့မှာပဲ။ ကိုယ့်လူပြန်ရဖို့ အရေးကြီးတယ်လေ"

ဦးလှသောင်း ...

"တောတောင်ထဲမှာ ထူးဆန်းတာတွေကတော့ ဖြစ်တတ်ပါတယ်ဆရာ။ ရိုးရာယုံကြည်မှုကိုလည်း မျက်နှာလွှဲလို့ မရပါဘူး။ မျှော်လင့်ချက်ကလေးနဲ့ လုပ်ရမှာပေါ့ ...ဆရာရယ်"

ထိုစဉ်တွင် သေနတ်သံတစ်ချက်ကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း ...."

တောအုပ်ဇော်မင်း၏ နှစ်လုံးပြူးသေနတ်သံဖြစ်သည်။ တောင်ခြေတောဘက်မှလာသော အသံဖြစ်သည်။

ထိုစဉ် မုဆိုးစံသိန်းက ...

"ဝူး ... ဝူး ... ဝူး ..."

ဟု တောသံပေးရာ၊ တစ်ဖက်တောင်ခြေမှလည်း ...

"ဝူး ... ဝူး ... ဝူး"

ဟု တောသံပြန်ပေးသည်။

ကျွန်ုပ်တို့အဖွဲ့လည်း ထိုင်ရာမှ ထကြ၍ တစ်ဖက်တောင်ခြေသို့ ဆင်းခဲ့ကြသည်။ တောင်ခြေ၊ ဝါးရုံပင်တန်းအနီးရှိ တောဂွေးပင်ကြီးအောက်တွင် ဆတ်ဖားကြီးတစ်ကောင် လဲနေပြီး ဇော်မင်းတို့အဖွဲ့ သယ်ဆောင်ရန် စီစဉ်နေကြသည်။ ရွာခံမုဆိုး စံသိန်းတို့အဖွဲ့ကလည်း ဝါးခုတ်၊ လျှော်ခုတ် အလုပ်များသွားကြသည်။ ဆတ်ဖားကြီးမှာ သင်းကွဲကြီး ဖြစ်ဟန်တူသည်။ ဦးချိုမှာ လဲကာစ။ တစ်ထွာခန့်စီသာ ရှိသေးသည်။

ဇော်မင်း ...

"ဆရာရေ ... ဒီကောင်ကြီးက နဘူးချုံထဲမှာ အိပ်နေတာဗျ။ ကျွန်တော်တို့အဖွဲ့ အသံကြားမှ ထပြေးတာ။ သူ့ချိုနက လဲကာစဆိုတော့ ညှာပြီး မြန်မြန်မပြေးနိုင်တော့ ကျွန်တော်နဲ့ တိုးတော့တာပေါ့။ အနီးကပ်ဆိုတော့ တစ်ချက်တည်းပဲ ... ဆရာရေ။ ပိဿာ ၆၀ ကျော်မယ် ထင်ပါရဲ့။ ဆတ်ချိုနုက ရခဲ့တယ်ဆရာ။ အရက်နဲ့ စိမ်သောက်ရင် အလွန်အားရှိတယ်"





ကျွန်ုပ် ...

"အေး ... အေး ... ကောင်းတာပေါ့ကွာ။ တောဝက်သားချည်း စားနေရတော့ ရိုးသွားပြီ။ ငါတို့လူအုပ်ကလည်း များတော့ အဆင်ပြေတာပေါ့။ ဒါနဲ့ မင်းတို့ဘက်က ဘာသတင်းထူးသေးသလဲ။ ငါတို့ဘက်ကတော့ ဘာသဲလွန်စမှ မရတော့ဘူး ... ဇော်မင်းရေ"

ဇော်မင်း ...

"ကျွန်တော်တို့ဘက်ကလည်း မထူးပါဘူးဆရာ။ ဘာမှခြေရာလက်ရာ မတွေ့ပါဘူး။ ကျော်စိန်ဝင်းတစ်ယောက် ပျောက်ချက်သားကောင်းလိုက်တာဗျာ"

ကျွန်ုပ် ...

"ကဲ ... နေ့လယ် (၁၂) နာရီလည်း ထိုးတော့မယ်။ စခန်းပြန်ကြရအောင်။ ဟိုမှာ သူကြီးနဲ့အဖွဲ့က ကန်တော့ပွဲပေးဖို့ စောင့်နေလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့အဖွဲ့နှစ်ဖွဲ့ ပေါင်းပြီး ဆတ်သေထမ်း၍ စခန်းကုန်းဆီသို့ ပြန်ခဲ့ကြသည်။ ဆတ်သေကြီးမှာ လေးလှသဖြင့် ရွာသားများနှင့် မုဆိုးစံသိန်းတို့ တစ်လှည့်စီ ထမ်းကြသည်။ တောင်ဆင်း၊ တောင်တက်ခရီးဖြစ်၍ မသက်သာကြပါ။ သို့သော် သူတို့ အလွန်ပျော်နေကြသည်။ အလုအယက် ထမ်းကြသည်။ ကျွန်ုပ်က အပြန်လမ်းတွင် ဇော်မင်းအား သစ်ခွပန်းအကြောင်း ပြောပြရာ သူ အလွန်စိတ်ဝင်စားသွားသည်။

ဇော်မင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့တပည့်ကျော် အောင်ဘုကိုပဲ အကူအညီတောင်းရတော့မှာပဲ ... ဆရာရေ၊ ကျွန်တော်က သစ်ခွပန်းကို မြတ်နိုးတယ်၊ နှင်းနုကိုလည်း လက်ဆောင်ပေးရတာပေါ့နော်"

ကျွန်ုပ် ...

"ဇော်မင်းရာ ... မင်းအကြံအစည်တွေကို ငါက ရှေ့ကြိုမြင်ပြီးသားပါ။ ဒါကြောင့်လည်း ဒီအကွက်ကို ပြောပြတာပါ"

ဇော်မင်း ...

"ကျေးဇူးတင်ပါတယ် ဆရာ"

ကျွန်ုပ်တို့ တောင်ကုန်းပေါ်ရောက်တော့ သူကြီးနှင့် နှင်းနုတို့အပြင် ထမင်းနှင့်ဟင်းတောင်းများကို ဆိုင်းထမ်းကြီးများနှင့် ထမ်းလာကြသော ရွာသားများအဖွဲ့လည်း ရောက်နေကြပြီဖြစ်သည်။

သူကြီး ...

"ဟော ... အရေးပိုင်မင်းတို့ ပြန်လာကြပြီကိုး။ အကြောင်းကော ထူးကြသလား။ အလို ... ဆတ်ဖားကြီးတောင် ရလာတာကိုး။ ဒါကြောင့် သေနတ်သံသဲ့သဲ့ ကြားလိုက်မိသလိုရှိတာ"

ကျွန်ုပ် ...

"တောအုပ်ဇော်မင်းပစ်တာ ... သူကြီးရေ၊ ချုံထဲအိပ်နေရာက အထွက် သူတို့နဲ့တိုးတာ ဆတ်ချိုနုတောင် အဆစ်ပါသေးဗျာ"

သူကြီး ...

"ကောင်းတယ် ... ကောင်းတယ် ... ဆတ်ချိုနုက အရက်နဲ့ပျားရည်နဲ့ စိမ်သောက်ရင် အလွန်အားရှိတာ။ အဖိုးတန်ပဲ"

"ကဲ ... ခဏနားပြီး နေ့လယ်စာ ထမင်းစားကြရအောင်





[illegible]ာ်သားဟင်းကို ရိုးမသွားအောင် အလှူချက်အိုးကြီးနဲ့ အချိုချက်ထားသည်"

ကျွန်ုပ်နှင့်ဇော်မင်း ခေတ္တနား၍ ရေချိုးပြီး အဝတ်အစားလဲနေကြစဉ် သူကြီးက မုဆိုးအဖွဲ့နှင့် ရွာသားများအား ငှက်ပျောဖက်ခင်း၍ ထမင်းကျွေးသည်။ ကျွန်ုပ်တို့အတွက်တော့ ဝါးခုံရှည်စားပွဲပေါ်တွင် [illegible]ကျင်းပြင်ဆင်ထားသည်။ နှင်းနုက ယပ်တစ်ချောင်းခတ်၍ စောင့်[illegible]နေရှာသည်။

"ကဲ ... ဆရာတို့ နေ့လယ်စာ စားဖို့အဆင်သင့်ပါရှင်"

ထိုစဉ် တပည့်ကျော်အောင်ဘုကလည်း သူ့လက်ရာဟင်းများ[illegible] လာချပေးသည်။

ကျွန်ုပ် ...

"ကဲ ... သူကြီးရော၊ နှင်းနုပါ လာကြပါ။ တစ်ခါတည်း စား[illegible]အောင်။ လက်ဆုံစားတော့ မြိန်တာပေါ့"

ကျွန်ုပ်က သူကြီးအား ကျွန်ုပ်အနားတွင် နေရာပေးသဖြင့် [illegible]ဖက်ခုံတွင် ဇော်မင်းနှင့် နှင်းနုတို့ အတူထိုင်ဖြစ်ကြသည်။ အလှူ[illegible]ာ်ရာ ဝက်သားအချိုဟင်းဖြစ်၍ စား၍ အလွန်ကောင်းသည်။ တပည့်[illegible]ာ်အောင်ဘု၏ ဝက်သားပေါင်းနှင့် ဝက်ခြေထောက်ဟင်းချိုမှာလည်း [illegible] နေ့လယ်စာမှာ စား၍ မြိန်လှသည်။

မော်တော်ယာဉ်မှူး ဦးလှသောင်းနှင့်အဖွဲ့ကတော့ အရက် [illegible]တ်ကြမည်ဖြစ်၍ ကျွန်ုပ်တို့၏ အိပ်ခန်းထဲတွင် နေရာယူထားကြ[illegible] တပည့်ကျော်အောင်ဘုက အမြည်းလုပ်ပေးရင်း သူလည်း ဝင်[illegible]နေပေရော့မည်။ စားသောက်နေစဉ် သူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"အရေးပိုင်မင်း . . . စာရေးလေးပျောက်သွားတာ ဘယ်အချိန်လဲ။ ကျုပ်တို့ ကန်တော့ပွဲနဲ့ အမွှေးတိုင်။ ဖယောင်းတိုင်တွေပါ ယူလာခဲ့ကြတယ်။ လူပျောက်သွားတဲ့အချိန်ကို အနီးစပ်ဆုံး ကန်တော့ပွဲပေးရမှာ"

ကျွန်ုပ် . . .

"ကျွန်တော်တို့၊ သူကြီးတို့ ရွာဘက်လာနေတုန်း ပျောက်သွားတာဆိုတော့ ညနေပိုင်းပဲ။ ဘယ်အချိန်လည်းတော့ ကျွန်တော်လည်း မသိဘူး။ အောင်ဘုကို မေးကြည့်ရမှာပဲ"

ထိုစဉ် အောင်ဘု အခန်းထဲမှ ထွက်လာသဖြင့် ဖော်မင်းက လှမ်းခေါ်လိုက်သည်။

"အောင်ဘုရေ . . . ခဏလာဦးဟေ့"

အောင်ဘု . . .

"လာပါပြီ ဆရာ၊ ဘာလိုသလဲ"

ကျွန်ုပ် . . .

"ဘာမှမလိုဘူးဟေ့ . . . ကျော်စိန်ဝင်း ပျောက်သွားတဲ့အချိန်ကို မေးမလို့"

အောင်ဘု . . .

"ဆရာတို့ရွာဘက်သွားပြီး သူလည်း ထွက်သွားတာဆိုတော့ ညနေ (၂)နာရီလောက်တော့ ရှိပြီဆရာ။ အချိန်အတိအကျတော့ ကျွန်တော်လည်း မသိဘူး"

သူကြီး . . .

"ရပါပြီ . . .။ ခန့်မှန်း (၂)နာရီ အချိန်ပေါ့။ အခု ဘယ်နှနာရီ ရှိပြီလဲ . . . အရေးပိုင်မင်း"





ကျွန်ုပ် . . .

"ညနေ (၁) နာရီခွဲတော့မယ်။ စားသောက်ပြီးတာနဲ့ သွားကြတာပေါ့၊ အတော်ပါပဲ"

စားကြသောက်ကြပြီးသည်နှင့် ကျွန်ုပ်၊ သူကြီးနှင့် နတ်ဆရာ၊ ဆိုးစံသိန်းတို့အဖွဲ့ တောင်အောက် ဝါးရုံပင်တန်းဘက်သို့ ကန်တော့ပွဲကိုင်၍ ဆင်းလာခဲ့ကြသည်။ ဖော်မင်းနှင့် မနှင်းနုတို့ကတော့ အိုးခွက်ပန်းကန်များ သိမ်းဆည်းရန် အကြောင်းပြပြီး ကျန်ခဲ့ကြသည်။

(၂)နာရီတိတိအချိန်တွင် သူကြီးခေါ်လာသော နတ်ဆရာက ကန်တော့ပွဲပြင်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပြီး တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဝါးရုံပင်စောင့်နတ်၊ ချောင်းစောင့်နတ်တို့အား တိုင်တည်ပူဇော်ပြီး ပျောက်သွားသော စာရေးကလေးကျော်စိန်ဝင်းအား ဖမ်းထားရာမှ ပြန်ပေးပါရန် တောင်းပန်တိုးလျှိုးသည်။ အမှားအယွင်းများရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်သည်။

ထိုအချိန်တွင် လေပွေတစ်ချက် မွှေ့တိုက်သဖြင့် ဖယောင်းတိုင်မီးငြိမ်းသွားရာ နတ်ဆရာက ဖယောင်းတိုင်များအား မီးပြန်ထွန်းပြီး အသက်က ဖော်ပြခဲ့သလို ထပ်မံရွတ်ဆိုပူဇော်ပြန်သည်။ ဤတစ်ကြိမ်တွင် ဖယောင်းတိုင်နှင့်အမွှေးတိုင်များ ကုန်စင်သည်အထိ လောင်ကျွမ်းသွားတော့သည်။ ထိုအချိန်တွင်မှ နတ်ဆရာက . . .

"အောင်မြင်မှာပါ ဆရာ၊ တစ်ပတ် သို့မဟုတ် တစ်လအတွင်း ပြန်ရောက်မှာပါ။ အနှောင့်အယှက်ရှိရင် ဖယောင်းတိုင်၊ အမွှေးတိုင်က ကုန်စင်အောင် မလောင်ဘူး။ တစ်ဝက်တစ်ပြက် ကျန်နေတတ်တယ်။ အခု ကုန်စင်အောင်လောင်တယ်ဆိုတော့ သူတို့ပြန်လွှတ်မယ်ဆိုတဲ့ သဘောတူလို့ပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"သူတို့ဆိုတာ ဘယ်သူလဲ ... နတ်ဆရာ"

နတ်ဆရာ ...

"သူတို့က ရွာပုန်းကလူတွေပါ ဆရာ။ ရွာပုန်းဆိုတာကလည်း ဒီမြေပေါ်မှာပဲ ရှိပါတယ်။ ကျွန်တော်တို့ အနီးအနားမှာပဲရှိပါတယ်။ ကျွန်တော်တို့ သာမန်မျက်စိနဲ့သာ မမြင်ရတာပါ။ သူတို့က ထူးဆန်းတယ် ဆရာ။ ငါးပါးသီလမြဲတယ်၊ သက်သတ်လွတ် စားကြတယ်။ ဘုံစနစ်ကို ကျင့်သုံးကြတာပါ"

ကျွန်ုပ် ...

"နတ်ဆရာ ... ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်က ကိုယ်တွေ့ပါဆရာ။ ကျွန်တော်ကိုယ်တိုင် လူ့လောက,က ပျောက်ကွယ်သွားပြီး အဲဒီရွာပုန်းကို ရောက်သွားပါတယ်။ ရွာသူတစ်ဦးနဲ့ အိမ်ထောင်ကျပြီး (၆) လလောက်အကြာမှာ စိုက်ခင်းက မာလကာသီးတစ်လုံးကို ပိုင်ရှင်ထံခွင့်မတောင်းဘဲ ခူးစားမိလို့ ကျေးရွာရုံးက ခိုးမှုနဲ့ အမှုစီရင်ပြီး လူ့လောကပြန်ပို့တာပါ။ ကျွန်တော့်နာမည် ဖိုးထိန်ပါ။ အခုတော့ နတ်ဆရာပေါ့ဗျာ"

ကျွန်ုပ် ...

"မုဆိုးစံသိန်းပြောတဲ့ ရွာပုန်းက ခေါ်သွားတယ်ဆိုတဲ့ ကိုဖိုးထိန်ဆိုတာ ခင်ဗျားကိုး။ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်လည်း တပည့်ရင်း စာရေးကလေးပျောက်သွားလို့ စိတ်အလွန်ပူနေရတာပါ။ ဒါနဲ့ နတ်ဆရာက ရွာကထွက်သွားတာ (၁) နှစ်လောက် ရှိပြီဆိုတော့ ဘယ်တုန်းက ပြန်ရောက်တာလဲ"





နတ်ဆရာ ...

"နှစ်ရက်၊ သုံးရက်ပဲ ရှိဦးမယ်ဗျ။ ကျွန်တော်လည်း ပင်လယ်ဘူး မြို့မှာသွားနေရင်း အဟောအပြောလေးသင်ပြီး ဗေဒင်ဆရာလုပ်ရာက နတ်ဝင်ပူးတတ်လို့ နတ်ဆရာ ဖြစ်လာတာပါပဲ။ ရွာပုန်းက စောင့်ရှောက်တယ် ထင်ပါရဲ့ခင်ဗျာ။ ကျွန်တော် သမာဓိရပြီး အဟောအပြောတွေ မှန်ကန်လာလို့ ဝင်ငွေလည်း ကောင်းလာပါတယ်။ အခု မိဘဆွေမျိုးတွေကို ပြန်လည်ထောက်ပံ့ရင်း ခဏလာလည်တာပါ"

ကျွန်ုပ် ...

"တိုက်ဆိုင်လိုက်လေဗျာ၊ ကျေးဇူးလည်း တင်ပါရဲ့။ ကျွန်တော့်တပည့်လေး အသက်အန္တရာယ်တော့ မထိခိုက်နိုင်ဘူး ထင်ပါရဲ့"

နတ်ဆရာ ...

"အသက်အန္တရာယ်အတွက်တော့ စိတ်ချပါ။ လူသတ်မှုလောက်ကျူးလွန်ရင်တော့ သူတို့က ခွင့်မလွှတ်ဘူး။ သာမန်အပြစ်လောက်ကတော့ သူတို့ရွာတရားရုံးက အမှုကိုစီရင်ပြီး လူ့ပြည်ပြန်ပို့တာ များပါတယ်"

ကျွန်ုပ် ...

"သူတို့ရွာက အလွန်စည်းကမ်းရှိတယ်ဆိုတာ ဟုတ်သလားကိုဖိုးထိန်"

"ဟုတ်ပါတယ် ဆရာ။ ငါးပါးသီလမြဲကြတော့ သူများအသက်သတ်တာ သူများပစ္စည်း ခိုးတာမရှိဘူး။ လိမ်မပြောကြတော့လည်း ပြဿနာနည်းတာပေါ့။ လိမ်ပြောတယ်ဆိုတာ စိတ်ရယ်၊ ခန္ဓာကိုယ်ရယ် တိုက်အထိုက်မရှိလို့ ဖောက်ပြန်မှုဖြစ်တာပါ။ စိတ်နဲ့ကိုယ် မဖောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင် လောဘဆိုတာ မရှိနိုင်ပါဘူး။ လောဘကြောင့် အာသာရမ္မက် ငမ်းငမ်းတက်ပြီး လိုချင်စိတ်တဏှာဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်။ ဥပါဒါန်ကြောင့် ကိုယ်စိတ်၊ နှလုံးသုံးပါးစလုံး ဒုက္ခရောက် တတ်ပါတယ်''

ကျွန်ုပ် . . .

''ကိုဖိုးထိန်ရဲ့ အပြောအဆို အယူအဆတွေ လေးနက်ပါရဲ့ဗျာ။ ကျွန်တော်တို့ကို ရှင်းပြတာ အလွန်ကျေးဇူးတင်ပါတယ်''

ကိစ္စပြီးသည်နှင့် ကျွန်ုပ်တို့ စခန်းကုန်းပေါ်သို့ ပြန်ခဲ့ကြသည်။ စခန်းကုန်းပေါ်အရောက်တွင် စားသောက်ပြီး ဖန်ခါးကုန်းစခန်းပြန်ရန် ကျွန်ုပ်တို့အား စောင့်နေသည့် မော်တော်ယာဉ်မှူး ဦးလှသောင်းတို့အဖွဲ့ အား တွေ့ရာ ကျွန်ုပ်က သူကြီးတောင်းဆိုထားသည့်အတိုင်း မော်တော် ကားဖင်တုံးလုပ်ထားသည့် ဖန်ခါးတုံးသစ်သားများအား ဖြုတ်၍ ခုတ် ထားသော ငုတ်တိုကြီးအနီးတွင် ပြန်လည်ပို့ပြီး စုပုံထားရန်ပြောရာ–

မော်တော်ယာဉ်မှူးဦးလှသောင်း . . .

''ဟုတ်ပါရဲ့ . . . ဆရာရယ်၊ အဲဒီကားကြီးအကြောင်းတော့ ကျွန်တော်ပြောဖို့ မေ့နေတယ်။ စာရေးလေးကိစ္စက အရေးပေါ်နေတော့ ဆရာ့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေမှာလည်း စိုးတယ်။ ကား ကြီးက ညသန်းခေါင်လောက်ကျရင် သူ့အလိုလို စက်နိုးပြီး စခန်းကို ဒုက္ခပေးတော့တာပဲ။

မနေ့ညကတော့ စက်နိုးရုံတင်မဟုတ်ဘူး၊ ကာရန်ထားတဲ့ လေး နစ် (၄' x ၂') တန်းတွေကိုပါ ဖောက်ထွက်လာပြီး သစ်လုံးပုံကြီးဝင်





ထိုက်မှ ရပ်သွားတော့တယ်။ သူကြီးပြောသလို လုပ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့ အခုပဲပြန်ပြီး ဖြုတ်မယ်။

ပြီးတာနဲ့ ပြန်လာပြီး သူ့ငုတ်တိုကြီးအနားမှာ ထားလိုက်မယ်။ ညနေ (၃)နာရီဆိုတော့ အချိန်ရပါတယ်။ ညမိုးချုပ်ရင်လည်း ကျွန်တော် တို့ ဒီစခန်းမှာ အိပ်လိုက်ကြတာပေါ့။ စခန်းကလူတွေက ဒီကားကြီး ကြောင့် ညမိုးချုပ်မှာကို ကြောက်နေကြတာ။ အတော်ပါပဲဆရာ''

''ကဲ . . . ကျွန်တော်တို့ ပြန်လိုက်ဦးမယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

❑

ဦးလှသောင်းတို့ မော်တော်ယာဉ်အဖွဲ့ ပြန်သွားတော့ သူကြီးနှင်းနုနှင့် ရွာသား (၁၀)ယောက်အဖွဲ့လည်း တောင်းပလုံးများထမ်း၍ ရွာသို့ ပြန်ကြသည်။ မုဆိုးစံသိန်းတို့ (၃)ယောက်အဖွဲ့ကတော့ စခန်းတွင် အင်အားရှိစေရန် ချန်ထားခဲ့သည်။ ဆတ်သေကြီးကိုတော့ ခေါင်းနှင့် အူကလီစာများ ပေါင်သားတစ်ချောင်းယူပြီးနောက် သူကြီးတို့အဖွဲ့အား ပေးလိုက်ပြီးဖြစ်သည်။

တောအုပ်ဖော်မင်းက ဆတ်ချိုနအား အကွင်းကွင်း လှီးဖြတ်၍ အရက်ပုလင်းများထဲထည့်၍ စိမ်နေသည်။ တပည့်ကျော် အောင်ဘုနှင့် မုဆိုးစံသိန်းအဖွဲ့က ဆတ်ခေါင်းကြီးအား ပြုတ်၍ သုတ်၍ ဦးနှောက်အား ကြော်ရန်နှင့် ဆတ်ကောင်ကြီးအား ကြပ်တိုက်ထားသည်။ ဝန်းတွင်းသားများကိုတော့ ညတွင် မော်တော်ယာဉ်မှူး ဦးလှသောင်းတို့ အဖွဲ့လာမည်ဖြစ်၍ အမြည်းလုပ်ရန် စီစဉ်နေကြသည်။





ကျွန်ုပ် အခါးရည်သောက်ရင်း စဉ်းစားနေမိသည်။ စာရေးတလေး ကျော်စိန်ဝင်းအား ပြန်မတွေ့လျှင် ရုံးချုပ်သို့ အစီရင်ခံရပေတော့မည်။ သူ့မိသားစုများနှင့်လည်း ရှင်းလင်းပေးရပေဦးမည်။ ထို့အပြင် ကျွန်ုပ်၏လက်စွဲတော် ပြုတ်သွားသဖြင့် ကျွန်ုပ်၏ အလုပ်ကိစ္စနှင့် ကိုယ်ရေးကိုယ်တာကိစ္စများက ကသီလင်တဖြစ်ပေဦးမည်။

နှစ်ပေါင်းများစွာ တွဲလာသော တပည့်ဖြစ်၍ အလွန်နှမြောမိသည်။ လူတစ်ယောက်မရှိမှ သူ၏တန်ဖိုးကို နားလည်လာသည်။ အတွဲညီသောအဖွဲ့ဖြစ်၍ နောက်စာရေးတစ်ယောက်ရသော်လည်း ကျော်စိန်ဝင်းလောက် အားကိုးရမည် မထင်ပါ။ အဖွဲ့ဝင်တိုင်း သူ့နေရာနှင့်သူ အားကိုးရသူများဖြစ်ပေသည်။

ညနေစောင်း (၅)နာရီခန့်တွင် ကားသံကြားရသည်။ မော်တော်ယာဉ်မှူး ဦးလှသောင်းတို့အဖွဲ့ ဖြစ်ပေသည်။ ကျွန်ုပ် တောင်အောက်ဆင်း၍ ကြိုဆိုနေမိသည်။ မကြာမီ သစ်တင်ကားကြီးရောက်လာပြီး စမ်းချောင်း တစ်ဖက်ကမ်းတွင်ရပ်သည်။ ဦးလှသောင်းဆင်းလာပြီး ကျွန်ုပ်အားမြင်သည်နှင့် ...

"ဆရာရေ ... ဖင်တုံးတွေရော၊ ထောက်တိုင်တွေရော အကုန်ရွှတ်လာခဲ့ပြီ။ စခန်းက ရှိသမျှ အလုပ်သမားတွေ ဝိုင်းဖြုတ်ကြလို့ ပြီးနိုင်ပြီးတာ။ ဘယ်နားပုံထားရမလဲ ဆရာ"

ကျွန်ုပ် ...

"ဒီဘက်ကမ်း၊ တောင်စောင်းက သူ့ငုတ်တိုကြီးပတ်လည်မှာ စုစုစည်းစည်း တကျ ပုံထားလိုက်ဗျာ။ လူလိုသေးရင် ကုန်းပေါ်က မုဆိုးအဖွဲ့ကို ခေါ်သေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှသောင်း . . .

"ရတယ် . . . ဆရာ၊ ဒီရောက်မှတော့ ပြဿနာမရှိတော့ဘူး၊ အလုပ်သမားတွေ ပါလာပါတယ်"

ကျွန်ုပ် . . .

"သစ်ချောင်းတွေဖြုတ်တော့ ဘာဖြစ်သေးသလဲ"

ဦးလှသောင်း . . .

"ဘာမှမဖြစ်ပါဘူး ဆရာ၊ ဒါပေမဲ့ သစ်ချောင်းတွေက ပုပ်စော်နံနေတယ်၊ ညနေစောင်းလေ နံလာလေပဲ။ ဖန်ခါးသားက ဒီလိုအနံ့မထွက်ပါဘူး"

အလုပ်သမားများက ကျွန်ုပ် ညွှန်ပြသည့်အတိုင်း ဖန်ခါးပင်ငုတ်တိုကြီးပတ်လည်တွင် သစ်ချောင်းများအား စုပုံကြသည်။ စက်လွှနှင့်တိုက်၍ လိုအပ်သလို ခွဲထားသော သစ်ချောင်းများဖြစ်ကြသဖြင့် ဖြောင့်ဖြူးညီညာလှသည်။

ထိုကားကြီးအတွက် ဇင်တုံးလုပ်ရန် ဖန်ခါးသားကောင်းကောင်း ထပ်မံရှာ၍ ခွဲစိပ်ပြီး ကားကြီးပေါ်တွင် တပ်ဆင်ရပေဦးမည်။ ထိုအတွင်း ကားကြီးမှာ အလုပ်မလုပ်နိုင်ဘဲ ရပ်ထားရပေဦးမည်။ ထို့ကြောင့် လုပ်ငန်းကို ထိခိုက်ပေတော့မည်။

စုပြုပြီးသော် ကျွန်ုပ်တို့ တောင်ကုန်းပေါ်တက်ရန် ပြင်ဆင်နေစဉ် အလုပ်သမားများက စမ်းချောင်းတွင် ရေချိုးချင်သည်ဆို၍ စောင့်နေရသေးသည်။ ဟုတ်ပေသည်။ အလွန်နံစော်သော သစ်တုံးများအား ထမ်းရသဖြင့် သူတို့ကိုယ်လက် သန့်စင်လိုကြပေမည်။

ကျွန်ုပ်တို့ တောင်ပေါ်တဲစခန်းပြန်ရောက်တော့ ညနေ (၆)နာရီခန့်ရှိပေမည်။ ကျွန်ုပ်တို့လည်း ကိုယ်လက်သန့်စင် အဝတ်အစားလဲပြီး





...ဆိုးစံသိန်းတို့ ဖိုပေးသော မီးပုံကြီးအနီးတွင် ထိုင်ကြပြီး ဆတ်ဝမ်း...ွင်းသား၊ ဆတ်ဦးနှောက်ကြော်၊ ဆတ်ခေါင်းသုတ်တို့ကို အရက်နှင့်...ည်း၍ အနားယူ၊ အပန်းဖြေကြသည်။ မုဆိုးအဖွဲ့နှင့် ဦးလှသောင်း၏ ...လုပ်သမားများကိုလည်း အရက်ပုလင်းများ ချထားပေးသဖြင့် သူတို့...ည်း စားသောက်ကြသည်။

ဒီနေ့တော့ ကျော်စိန်ဝင်းအား အရှာမထွက်တော့ပါ။ နေ့ရော ...ပါ ရှာဖွေထားသဖြင့် ပတ်ဝန်းကျင်တောတောင်လည်း နှံ့ပေပြီ။ လူ...လည်း ပင်ပန်းကြပြီ၊ အမဲလည်း မလည်လိုတော့။ ထို့ကြောင့် သည်...စားသောက်ကြအပြီး စောစောအိပ်ရာဝင် အနားယူကြရန်သာ ဖြစ်...ည်။

မနက်ဖြန် ကျော်စိန်ဝင်းအား ပြန်လည်မတွေ့ပါက တပ်ခေါက်...ကြရန်လည်း ဆွေးနွေးကြသည်။ တောအုပ်ဖော်မင်းကတော့ တစ်ပတ်...ည့်အောင်နေရန် ဆန္ဒပြုသည်။ ကျွန်ုပ်တို့ ဤယာယီစခန်းကို ရောက်...ည့်မှာ သုံးရက်ခန့်ရှိပေမည်။ ထို့ကြောင့် ကျွန်ုပ်ကပင် လာစဉ်ကတည်း...င် ရည်မှန်းထားသည့်အတိုင်း တစ်ပတ်ပြည့်အောင်နေရန် ဆုံးဖြတ်...တော့သည်။

ည (၉)နာရီကျော်ခန့်တွင် ကျွန်ုပ်တို့ စားသောက်ပြီးစီးသဖြင့် ...ည်းကြပြီး ည (၁၀) နာရီခန့်တွင် အိပ်ရာဝင်ခဲ့ကြသည်။ ထိုစဉ် ...င်ဘက်မှလာသော ညည်းသံကြီးကို ကြားရသည်။ လေသင့်သည် ... အပုပ်နံ့ကြီးလည်း လှိုက်တက်လာသည်။ ဖန်ခါးပင် ငုတ်တိုကြီး ...ဖြစ်သည်။ ပစ္စည်းများ သူ့နေရာ၊ သူပြန်ထားပြီးသော်လည်း ...သေးဟန် မတူပါ။ ကျွန်ုပ်စိတ်ထဲတွင် တေးထားလိုက်ရင်း ...တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက် (၆) နာရီထိုးမှ တစ်ရေးနိုးတော့သည်။ ညက ပင်ပန်းပြီး ညစာ စားကောင်းသဖြင့် အိပ်ကောင်းခြင်းဖြစ်သည်။ ကျွန်ုပ်မျက်နှာ ထသစ်တော့ အောင်ဘုနှင့် မုဆိုးစံသိန်းတို့ မနက်စာစားရန် ထမင်းကြော် နေကြသည်။ ထိုစဉ်တွင် တောင်းကြီးရွက်၍ မနှင်းနုနှင့်သူကြီးတို့ ရောက် လာကြသည်။

သူကြီး …

"ဩော် … အရေးပိုင်မင်းတို့ နိုးကြပြီကိုး။ ကောက်ညှင်းပေါင်း နဲ့ ဆတ်သားကြော် လာပို့တာပါ။ ဘာအကြောင်းများ ထူးသေးသလဲ"

ကျွန်ုပ် …

"အကြောင်းမထူးသေးပါဘူး … သူကြီး၊ ဖန်ခါးတုံးတွေကို တော့ မနေ့ညနေက သူ့နေရာသူ ပြန်ပို့လိုက်ပါပြီ"

သူကြီး …

"ကောင်းပါလေဗျာ … အနှောင့်အယှက် ကင်းသွားတာပေါ့။ စိတ်ထဲလည်း ရှင်းလင်းသွားတာပေါ့"

ထိုစဉ် အောင်ဘုက ထမင်းကြော်၊ ဆတ်သားဟင်းနှင့် ကော်ဖီ တို့ကို ပြင်ဆင်ပေးသလို မနှင်းနုကလည်း ကောက်ညှင်းပေါင်းနှင့် ဆတ် သားကြော်အား ပြင်ဆင်ပေးသည်။

ကျွန်ုပ်နှင့်သူကြီး မနက်စာ စားသောက်နေကြစဉ် တောအုပ် ဇော်မင်းနှင့် မော်တော်ယာဉ်မှူးဦးလှသိန်းတို့ နိုးလာကြပြီး စားပွဲတွင် ဝင်ထိုင်ကြသည်။

ကျွန်ုပ်က စားသောက်ရင်း သူကြီးအား ပြောမိသည်။

"သူကြီးခင်ဗျား … ကျွန်တော့်တပည့် ကျော်စိန်ဝင်း ဒီကနေ့ ထိ ပြန်မတွေ့သေးရင်တော့ ဒီစခန်းမှာ တစ်ပတ်ပြည့်အောင်နေပြီး





ရှာရဦးမှာပဲ။ အစိုးရဝန်ထမ်းဆိုတော့ မျက်နှာလွှဲ ခဲပစ် လုပ်လို့မရပါဘူး။ သက်သေ၊ သက္ကာယ ခိုင်မာအောင်တော့ လုပ်ရဦးမှာပါပဲ"

သူကြီး …

"အရေးပိုင်မင်းတို့နေတာ နေလို့ရပါတယ်။ ကျုပ်တို့မှာလည်း အပန်းမကြီးလှပါဘူး။ ဒါပေမဲ့ တစ်ခုတော့ တင်ပြချင်ပါတယ်။ ကျုပ်တို့ ရွာထဲမှာ ဒေါ်ဘုမ နေမကောင်းဖြစ်နေတာ တစ်လလောက်ရှိပါပြီ။ သတိ ထစ်သွားလိုက် သတိပြန်ရလိုက်နဲ့ အခုအပတ်ထဲ ပိုဆိုးလာတယ်။ သူက သူကြီးရောဂါပါ၊ ဆရာတွေလည်း စုံနေပါပြီ။ အဲဒါ နတ်ဆရာက ပြော ပါတယ်။ သချိုင်းမအားသေးလို့ မသေသေးတာတဲ့"

ကျွန်ုပ် …

"ဘယ်လို … သူကြီး၊ သချိုင်းမအားသေးဘူးဆိုတာ ဘာကို ပြောတာလဲ"

သူကြီး …

"ဒီလိုပါ … အရေးပိုင်မင်း၊ သချိုင်းမအားသေးဘူးဆိုတာ အရေးပိုင်မင်းတို့ အစိုးရဝန်ထမ်းတွေ ဒီတောင်ကုန်းပေါ်မှာ ရှိနေကြ တော့ သချိုင်းမအားသေးဘူး ဖြစ်နေတာပေါ့။ ဒီတောင်ကုန်းက ရွာ သချိုင်းကုန်းပါ"

ကျွန်ုပ် …

"ဩော် … အဲလိုလား၊ ကျွန်တော်တို့လည်း ပြန်ချင်ပါပြီဗျာ။ အမဲလည်ဖို့ လာတာပါ။ စာရေးလေးကျော်စိန်ဝင်း ပျောက်နေတာ ကြာ သွားတာပါ။ သူကြီးတို့ရွာကို အနှောင့်အယှက်ဖြစ်မယ်ဆိုရင် ကျွန်တော် တို့ ဖယ်ပေးပါ့မယ်"

သူကြီး …



www.burmeseclassic.com

www.burmeseclassic.com



"အရေးပိုင်မင်းတို့ ဖယ်ပေးမယ်ဆိုရင်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အရေးပိုင်မင်းတို့ မပြန်ကြပါနဲ့ဦး။ ကျုပ်တို့အိမ်မှာ ပြောင်းရွှေ့ပြီး တည်းနိုင်ပါ။ ကျုပ် အားလုံးကို တာဝန်ယူပါတယ်"

ကျွန်ုပ် ...

"သူကြီးကိုလည်း အကူအညီတောင်းရတာများလို့ အားနာပါပြီဗျာ။ စာရေးလေးကို ဒီနေ့ပြန်တွေ့ရရင်တော့ အလွန်ကောင်းမှာပါ။ ခန်းကားလည်း အဆင်သင့်ရှိတော့ ကျွန်တော်တို့ ဒီနေ့ပဲ ပြောင်းနိုင်တာပေါ့"

ထိုစဉ်တွင် တောင်အောက်ဆင်း၍ ရေခပ်ကြသော တပည့်ကျော်အောင်ဘုနှင့် မုဆိုးအဖွဲ့ အပြေးအလွှားတက်လာကြပြီး ...

"ဆရာရေ ... ကိုကျော်စိန်ဝင်းကို ပြန်တွေ့ပြီဗျာ။ သူ့လွယ်အိတ်တွေ့ရတဲ့ ဝါးရုံပင်ရင်းမှာပဲ လဲနေတယ်။ အိပ်နေတာလား သတိမေ့နေတာလားတော့ ကျွန်တော်တို့မသိဘူး။ ရွာမှုဆိုးကိုစံသိန်းကို အစောင့်ထားခဲ့တယ်"

ကျွန်ုပ် ...

"ဟေ ... ဟုတ်သလား။ ကဲ ... ဒါဆို သွားကြည့်ကြရအောင်"

ကျွန်ုပ်တို့အဖွဲ့ အလျင်အမြန် တောင်အောက်သို့ ဆင်းခဲ့ကြသည်။ ဟုတ်ပါသည်။ စာရေးလေး ကျော်စိန်ဝင်းမှာ ဝါးရုံပင်ခြေရင်းတွင် ကွေးကွေးလေး လဲနေရှာသည်။

ကျွန်ုပ်က အပြေးအလွှား လှုပ်နိုးလိုက်ရာ ကျော်စိန်ဝင်းမှာ မျက်စိဖွင့်ကြည့်ပြီး ...





"ဟင် ... ဆရာ၊ အလို ... ကျွန်တော် ဘယ်ရောက်နေတာလဲ"

"မင်း ငါတို့စခန်းကုန်းတောင်ခြေက ဝါးရုံပင်ရင်းမှာ လဲနေတာ။ မင်းပျောက်သွားတာ ဒီနေ့ဆိုရင် လေးငါးရက်ရှိပြီ"

ကျော်စိန်ဝင်းမှာ ပတ်ဝန်းကျင်ကို ပြူးတူးပြဲတဲကြည့်ရင်း ...

"ကျွန်တော် မနေ့ကမှ စခန်းကထွက်လာပြီး ဒီနားမှာ ထိုင်တာပါ။ ဟိုရှေ့က စမ်းချောင်းမှာ မိန်းကလေးနှစ်ဦး ရေလာခပ်ရင်း ရေအိုး မ,ပင့်နိုင်းလို့ ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ ကျွန်တော် လွယ်အိတ်ကို ဝါးရုံကြားညှပ်ခဲ့ပြီး ရေအိုးသွားပင့်ပေးတာဆရာ။ အဲဒါသူတို့ရွာကို လိုက်လည်ပါဆိုတာနဲ့ လိုက်သွားမိတယ်။

သူတို့ရွာက စမ်းချောင်းဟိုဘက်ကမ်း၊ ရိုးမတောင်ခြေမှာဆရာ။ ဒီကနေ မမြင်ရပေမယ့် နီးနီးကလေးရယ်ပါ။ အိမ်ခြေ (၂၀၀)ကျော်ရှိတဲ့ ရွာကြီးပဲ။ အိမ်ကြီးအိမ်ကောင်းတွေ များတယ်။ ကျွန်တော်နဲ့တွေ့တာက သူကြီးသမီးတွေ၊ မြခက်နဲ့ မြရွက်တဲ့။ အတော်ချောတယ်ဆရာ။ အသားအရေဆိုရင် ဖြူဝင်းနေတာပဲ။ တောသူပီပီ တောင့်တောင့်တင်းတင်း အချောအလှတွေပဲ။

ရွာက သူကြီးအိမ်ရောက်တော့ ကျွန်တော့်ကို အောက်ထပ်က စားပွဲကြီးမှာ ထိုင်ခိုင်းပြီး ရေနွေးကြမ်း၊ လက်ဖက်သုတ်နဲ့ ကျွေးတော့တာပဲ။ အတော်လည်း အရသာရှိတယ်ဗျာ။ ရေနွေးကြမ်းဆိုရင်လည်း လက်ဖက်ခြောက်အကောင်းစား စပ်ထားလို့ မွှေးနေတာပဲ။ စားသောက်ပြီးတာနဲ့ အကြီးမ မြခက်က ကျွန်တော့်ကို ရွာထဲလိုက်ပြတယ်။

ရွာထဲမှာလည်း အိမ်တိုင်း၊ ခြံတိုင်းမှာ အလွန်လှတဲ့ ပန်းပင်တွေ စိုက်ထားတာ အပွင့်အဖူးတွေနဲ့ ဝေနေတာပဲ။ သီးနှံပင်တွေဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ပင်လုံးကျွတ် အသီးတွေနဲ့။ သရက်ပင်၊ ပိန္နဲပင်၊ ဩဇာပင်၊ ဒူးရင်းပင်၊ မာလကာပင်၊ ကျွဲကောပင်တွေဆိုရင်လည်း ပြွတ်ခဲအောင် သီးနေတယ်။ အဲဒါ မြခက်က ခြံရှင်တွေဆီကတောင်းတော့ ရှူးပေး လိုက်ကြတာ တစ်ပုံကြီး။ ပြီးတော့ ကျွန်တော်တို့ကို အိမ်ခြံတွေထဲခေါ်ပြီး မုန့်အမျိုးမျိုးနဲ့ ညှော့ခံတယ်။

ရေခံ၊ မြေခံ ကောင်းလို့လားမသိဘူး . . . ဆရာရေ ပန်းတွေနဲ့ အသီးအနှံတွေ လှသလို တစ်ရွာလုံး ယောက်ျား၊ မိန်းမ ချောကြလှကြ တယ်ဗျာ။ အသက် (၆၀)ကျော်အရွယ် အဘိုးကြီး၊ အဘွားကြီးတွေ တောင်မှ ခန့်ခန့်ညားညားရှိကြတယ်။ ရှေးဗမာကြီးတွေ အတိုင်းပဲ။

ယောက်ျားမိန်းမ သျှောင်ထုံးကိုယ်စီနဲ့ဗျ။ နားမှာပန်ထားတဲ့ နားတွောင်းကြီးတွေကလည်း စိန်ကို ရွှေကွပ်ထားလို့ ဝင်းလက်တောက်ပ နေတာပဲ။ ကျွန်တော်နဲ့ မြခက်လည်း တစ်ရွာလုံးအနှံ့ လိုက်လည်ကြ တာ အလွန်ပျော်ဖို့ ကောင်းတယ်။

တစ်ရွာလုံး ကျွန်တော်နဲ့မသိပေမယ့် မြခက်ပါလို့လားမသိဘူး ဖော်ရွေလိုက်ကြတာ အလွန်ပဲ။ ရွာစွန်ရောက်မှ မြခက်ညီမ မြရွှက်က ညစာစားဖို့ အချိန်နီးပြီဆိုပြီး လိုက်ခေါ်တာ။ ကျွန်တော်စားခဲ့တဲ့ မုန့်နဲ့ အသီးအနှံတွေက မနည်းဘူး၊ ဗိုက်ကိုတင်းနေတာပဲ။ အဲဒါ အိမ်ပြန် ရောက်တော့ ခြေလက်ဆေးပြီး အိမ်အပေါ်ထပ် တက်ရတယ်။

အိမ်ပေါ်မှာလည်း ထမင်းဝိုင်းကြီး ပြင်ထားတာ ဟီးနေတာပဲ။ ဟင်းရွက်ပေါင်း (၂၀)ကျော်မယ် ထင်ပါရဲ့။ ဒါပေမဲ့ အသားဟင်းမပါ ဘူး။ အားလုံး ဟင်းသီးဟင်းရွက်နဲ့ သက်သတ်လွတ်ဟင်းတွေချည်းပဲ။ ဒါပေမဲ့ အရသာက အသားဟင်းထက် ကောင်းတယ်။





အိမ်ရှင်သူကြီးနဲ့ သူကြီးကတော်ကြီးကလည်း အလွန်ဖော်ရွေ ယ်ဗျာ။ ကျွန်တော် ဟင်းခွက်ကို နှိုက်စရာမလိုဘူး။ သူတို့က တစ် ောက်ပြီးတစ်ယောက် ခပ်ထည့်ပေးကြတာ။ မုန့်နဲ့သစ်သီးတွေ စား လို့ ဗိုက်ပြည့်နေပေမယ့် သူတို့ဟင်းတွေက ကောင်းလွန်းလို့ ထမင်း ်န်းကန်လောက် စားလိုက်နိုင်သေးတယ်။ သူတို့ကတော့ ထမင်း ်ပန်းကန်စီပဲ စားတယ်ဗျ။ အသီးအရွက်တွေကို ပိုစားကြတယ်။

စားသောက်ပြီးတော့လည်း ထိန်နေအောင် ထွန်းထားတဲ့ ာက်လင်းမီးရောင်အောက်မှာ ရေနွေးကြမ်းသောက်၊ အချိုပွဲစားကြ စကားပြောကြတယ်။ အဲဒီအချိန်မှာ မြခက်နဲ့မြရွှက်က အိမ်နောက် မှာ သိမ်းဆည်းရင်း ပန်းကန်ဆေးနေကြတယ်။ သူကြီးက ကျွန်တော့် ပြောတယ်။ မင်း ဒီမှာနေမှာလားတဲ့။

အဲဒီတော့မှ ကျွန်တော် သတိရလာတယ်၊ ဆရာတို့ကိုပေါ့။ ်တော် အကြာကြီးနေလို့ မဖြစ်သေးဘူး။ ကျွန်တော့်ဆရာတွေ ပါ တယ်ဆိုတော့ သူကြီးကတော်ကြီးက မင်းကို ငါ့သမီးတွေက သာဇဉ် ဖြစ်နေကြတယ်။ ဒီမှာနေချင်သပဆိုရင်တော့ ငါ့သမီးတစ် ာက်ယောက်နဲ့ လက်ထပ်ပြီး နေနိုင်တယ်၊ ပြန်ချင်သပဆိုရင်လည်း ြန်မနက်မှာ ပြန်ပါ။ ဒီညတော့ ဒီမှာအိပ်ပေရော့လို့ ပြောတယ်။

သူကြီးကလည်း ကျွန်တော့်ကို ပြောသေးတယ်၊ သူတို့ရွာကြီး ငါးပါးသီလမြဲတဲ့ရွာတဲ့၊ ရွာရှိလူကုန် သက်သတ်လွတ် စားကြတယ် တိရစ္ဆာန်လည်း ရွာမှာမမွေးကြဘူး၊ လောဘလည်း မရှိကြဘူး၊ သလည်း မရှိကြဘူးတဲ့၊ ငါးပါးသီလ ဖောက်ဖျက်ရင်တော့ ရွာ ာတဲ့ နှင်ထုတ်ခံရမယ်လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနဲ့ သူကြီးကတော် ဘုရားဆောင်ဝင်ပြီး ဘုရားဝတ်ပြု ကြတော့ မြခက်နဲ့ မြရွက်ရောက်လာကြပြီး ကျွန်တော်နဲ့ စကားပြော တယ်။ ပြီးတော့ ညှိခန်းမှာ အိပ်ရာ၊ ခြင်ထောင်ပြင်ပေးတယ်။ အိပ်ရာ ခင်းနဲ့ စောင်တွေ၊ ခြင်ထောင်တွေကလည်း ဖွေးဆွတ်ပြီး ဖြူလွှနေတာ ပဲ။

ကျွန်တော်လည်း ဗိုက်တင်းနေတာနဲ့ ဘုရားဝတ်ပြုပြီး အိပ် ငိုက်လာတယ်။ အဲဒါကြောင့် မြခက်နဲ့ မြရွက်ကလည်း အလိုက်တသိပ ပဲ။ ကျွန်တော့်ကို အိပ်ရာဝင်ခိုင်းတယ်။ စောင်ခြုံပေးပြီး ခြင်ထောင်ချ ပေးတယ်။

ပြီးတော့ အဖေတို့၊ အမေတို့ ပြောတာကို စဉ်းစားပါတဲ့ ကျွန်တော်လည်း ဆရာတို့ကို သတိရလာတာနဲ့ ငါက အစိုးရဝန်ထမ်း အထက်ဆရာတွေကို တိုင်ပင်ပြီး ခွင့်ပြုမှနေလို့ရမယ်။ အခုတော့ အဖြေ မပေးနိုင်သေးဘူးလို့ပြောပြီး အိပ်လိုက်တာ အခုမှ တစ်ရေးပဲနိုးတော့ တယ် … ဆရာရေ"

ကျွန်ုပ် …

"တော်သေးတာပေါ့ကွာ … ငါတို့မှာတော့ ဒီနေ့ဆိုရင် (ငြ ရက်ရှိပြီ။ မင်းကို တောအနှံ့၊ တောင်အနှံ့ လိုက်ရှာရတာ။ နေ့ညနား တယ်ကို မရှိဘူး"

ကျော်စိန်ဝင်း …

"ဆရာ … ကျွန်တော် အဲဒီရွာကြီးကိုသွားတာ တစ်ညအိပ် ထဲပါ။ လေးရက်လည်း မကြာပါဘူး၊ ခဏကလေးရယ်ပါ"

သူကြီး …





"အရေးပိုင်မင်း … သူတို့ဆီက အချိန်ကာလနဲ့ ကျုပ်တို့ဆီ က အချိန်ကာလက မတူဘူးလေ။ အဲဒါကြောင့် ဖြစ်မှာပါ"

ကျွန်ုပ် …

"ကျော်စိန်ဝင်း … အဲဒီရွာကြီးက ဘယ်နားမှာလဲ"

"ဒီနေရာနဲ့ မဝေးဘူးဆရာ။ စမ်းချောင်းကို ဖြတ်ပြီးတာနဲ့ ဟိုနားက ရိုးမတောင်ခြေရင်းမှာပါ"

ကျွန်ုပ် …

"ငါတို့ အဲဒီတောင်ခြေရော တောင်ပေါ်ပါ နေ့ရောညပါရောက် တယ်။ တောဝက်နဲ့ဆတ်တောင် ပစ်ကြသေးတယ်။ မင်းငါတို့အဖွဲ့ အသံ တွေကို မကြားဘူးလား။ မမြင်ဘူးလား။ သေနတ်သံတွေရော မကြား ဘူးလား"

"မြင်လည်း မမြင်ဘူး၊ ကြားလည်း မကြားဘူးဆရာ။ အခုမှ သိထားမိတယ်။ အဲဒီရွာကြီးမှာ တိရစ္ဆာန်လည်း မရှိဘူး။ ကြက်၊ ငှက်အော်သံတောင် မကြားမိဘူး"

သူကြီး …

"အဲ့သဟာ ရွာပုန်းလို့ခေါ်တယ် … အရေးပိုင်မင်း။ ကျုပ်တို့ မြေပေါ်မှာ ရှိနေလျက်ကယ်နဲ့ သာမန်မျက်စိနဲ့ မမြင်ရဘဲ၊ ပျောက်ကွယ် နေတဲ့ရွာပေါ့။ ကျုပ်တို့ရွာက ပျောက်သွားပြီး ပြန်ရောက်လာတဲ့ မတင်မိ ဆိုသိန်လည်း အဲဒီရွာပုန်းကို ရောက်သွားတာနေမှာ"

ကျွန်ုပ် …

"ထူးဆန်းလှပါရဲ့ဗျာ … ကျွန်တော်တို့အနားမှာတင် ရှိရက် နဲ့ မမြင်ရတာ အံ့ဩစရာပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စခန်းပြန်ကြရအောင်၊ ကျော်စိန်ဝင်းပြန်ရောက် ဆိုတော့ ကျွန်တော်တို့လည်း နေ့လယ်စာ စားသောက်ပြီးတာနဲ့ ပြန် မယ်။ သချိုင်းလည်း အားသွားပြီပေါ့"

ကျော်စိန်ဝင်း ...

"ဆရာ ... ဘာသချိုင်း အားသွားတာလဲ။ ကျွန်တော် ရောက်လို့လား"

ကျွန်ုပ် ...

"မင်းနဲ့ မဆိုင်ပါဘူး၊ ငါတို့စခန်းချတဲ့ ဒီတောင်ကုန်းက သချိုင်းကုန်းဟ။ ငါတို့စခန်းဖျက်ပြီး ပြောင်းကြတော့ သချိုင်းကု အားသွားတာကိုပြောတာ။ ရွာထဲက ဒေါ်ဘုမက ငါတို့အစိုးရဝန်ထ တွေ သချိုင်းကုန်းပေါ်မှာ တည်းခိုနေတော့ အသက်မထွက်နိုင်ဘူး နေသတဲ့"

ကျွန်ုပ်တို့ တောင်ကုန်းပေါ်ပြန်ရောက်တော့ အားလုံး ဝ နေကြသည်။ နေ့လယ်စာစားပြီး ပြန်ကြတော့မည်ဖြစ်၍ သူကြီးက အိမ်တွင် တစ်ညအိပ်တည်းခိုရန် တားသည်။ ကျွန်ုပ် မဆုံးဖြတ် ဖော်မင်းတို့ကိစ္စက ရှိသေးသည်။ ဖော်မင်းကိုတိုင်ပင်ရန်ရှာတော့ မနှင်းနုကိုလည်း မတွေ့ရ။

နောက်မှ အောင်ဘုပါခေါ်၍ ထွက်သွားကြကြောင်း သူကြီ ပြောသည်။ ကျွန်ုပ် သိလိုက်ပါပြီ။ သစ်ခွပန်း သွားရှာကြခြင်းဖြစ်ပေ မကြာပါ သူတို့ ပြန်ရောက်လာကြသည်။ ဖော်မင်းနှင့် မနှင်းနု သစ်ခွပန်းများ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ဖြစ်သည်။

ကျွန်ုပ် ...





"ကဲ ... ဖော်မင်းနဲ့အောင်ဘု ... လာကြဦး။ စာရေးလေး ပြန်တွေ့ပြီဆိုတော့ ဒီနေ့ ဒီမှာ နေ့လယ်စာစားပြီးတာနဲ့ ငါတို့ ဖန် ကုန်းစခန်းကို ပြန်ကြမယ့် အစီအစဉ်ရှိတယ်။ ကားလည်း အဆင် ရှိတယ်။ အဲ ... ဒါပေမဲ့ သူကြီးကလည်း သူ့အိမ်မှာ တစ်ည က် အိပ်ဖို့ တောင်းဆိုနေတယ်။ အဲဒါမင်းတို့ ဘယ်လိုသဘောရ ပြောကြစမ်းကွာ"

ဖော်မင်း ...

"သူကြီးက ဖိတ်တာဆိုတော့ ကျွန်တော်တို့ရွာမှာ တစ်ည က် နေချင်သေးတယ်ဆရာ"

ကျွန်ုပ် ...

"အောင်ဘုရောကွာ"

အောင်ဘုက စာရေးလေးကျော်စိန်ဝင်းဘက် လှည့်၍ကြည့် ...

"ကိုကျော်စိန်ဝင်း ... ဘယ်လိုလဲ"

"မင်းတို့သဘောပါကွာ။ ငါလည်း ဒီမှာ ပျော်ပါတယ်"

ကျွန်ုပ် ...

"ကဲ ... အဲဒါဆို အားလုံးသဘောတူရင် သူကြီးအိမ်မှာ အိပ်ကြမယ်။ ပစ္စည်းပစ္စယတွေကိုတော့ မော်တော်ယာဉ်မှူး ဦးလှ င်တို့ကားနဲ့ တင်ပေးလိုက်မယ်။ နေ့လယ်စာ စားပြီးတာနဲ့ တို့ ခန်းကို ဖျက်ကြတော့။ ဦးလှသောင်းတို့က ပြန်နှင့်ကြပေါ့။ မနက် တော့လည်း ကားလာမကြိုနဲ့။ ဒီနဲ့ ဖန်ခါးကုန်းစခန်း (၂) မိုင် သေးတာ။ ကျွန်တော်တို့ အမဲလည်ရင်း လမ်းလျှောက်ပြန်ခဲ့မယ်"

ဦးလှသောင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ညနေစာ အသင့်ပြင်ဆင်ထား ပါ့မယ်"

အစီအစဉ်များ ချပြီးသည်နှင့် အောင်ဘုတို့စီစဉ်ထားသော နေ့လယ်စာကို ကျွန်ုပ်တို့ ပျော်ရွှင်စွာ စားကြသည်။ ကျော်စိန်ဝင်းတို့ ပြန်တွေ့ပြီးဖြစ်၍လည်း ကျွန်ုပ် စိတ်ချသွားပေပြီ။

နေ့လယ် (၁၂) နာရီကျော်ခန့်တွင် ယာယီတဲများအား ဖျက်နေ ကြစဉ် ရွာဘက်မှ ကြေးစည်ရိုက်သံ တလွင်လွင်ကို ကြားရသည်။

သူကြီးက ...

"ဩော် ... သချိုင်းအားသွားလို့ ဒေါ်ဘုမ ဆုံးရှာပြီပဲ"

တိုက်ဆိုင်မှုလား၊ ရွာခလေ့၊ ရပ်ခလေ့လားတော့ မသိပါ။ ထူ ဆန်းနေသည်ကတော့ အမှန်ဖြစ်သည်။ အိုးခွက်ပန်းကန်အသုံးအဆောင် ပစ္စည်းများ၊ အမိုးရွက်ဖျင်များအား ကားပေါ်သို့တင်ကြသည်။ ကျွန်ုပ်တို့ ကတော့ အဝတ်အစားတစ်စုံစီပါသည့် အိတ်တစ်လုံးစီနှင့် သေနတ်ကိုယ် စီထမ်းကာ တောင်အောက်သို့ ဆင်းကြရန် ပြင်ဆင်ကြသည်။ ထိုအခိုက် ကျွန်ုပ် သတိရသဖြင့် ...

"သူကြီး ... ဖန်ခါးပင်ငုတ်တိုနားမှာ ပုံထားတဲ့ ခွဲသားသစ် တွေက အကောင်းချည်းတွေ။ တော်ကြာ ရွာကလူတွေ ယူသုံးရင် ပြဿနာဖြစ်နေဦးမယ်။ တစ်ခါတည်း မီးရှို့ဖျက်ဆီးလိုက်တာ ကောင်း မယ်ထင်တယ်"

သူကြီး ...

"အရေးပိုင်မင်းတို့ အစိုးရဝန်ထမ်းတွေပဲ တစ်ခါတည်း ရှင်း သွားရင်တော့ အကောင်းဆုံးပေါ့လေ"

ကျွန်ုပ် ...





"ကဲ ... မော်တော်ယာဉ်မှူး ဦးလှသောင်းရေ၊ ကျွန်တော် အမိန့်ပေးတယ်။ ဖန်းခါးပင်ငုတ်တိုကြီးနဲ့ ဖန်ခါးသားတွေကို ခင်ဗျားတို့ အမြန်မှာ ဓာတ်ဆီလောင်းပြီး မီးရှို့လိုက်ပေရော့။ အားလုံး ပြာကျမှ ခင်ဗျားတို့ပြန်ကြပါ။ ကျွန်တော်တို့တော့ သူကြီးတို့ရွာ လိုက်သွားတော့ မယ်"

ဦးလှသောင်း ...

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော် ပြီးပြတ်အောင် လုပ်လိုက်ပါ့ မယ်၊ စိတ်ချပါခင်ဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၄]

❑

ကျွန်ုပ်နှင့်သူကြီးက ဦးဆောင်၍ သချိုင်းတောင်ကုန်းပေါ်မှ လမ်းကလေးအတိုင်း ရွာဘက်သို့ ဆင်းလာကြသည်။ နောက်ဘက်တွင် ဖော်မင်းနှင့်မနှင်းနု၊ ကျော်စိန်ဝင်းနှင့် အောင်ဘုအပြင် ရွာခံမုဆိုးစံသိန်းတို့အဖွဲ့က တဝါးဝါးပွဲကျရင်း လိုက်လာကြသည်။ ကျော်စိန်ဝင်းအား ရွာပုန်းအကြောင်းမေးရင်း နောက်ပြောင်ကျီစယ် လာကြခြင်းဖြစ်သည်။

ကျွန်ုပ်ကိုယ်၌လည်း စိတ်လက်ပေါ့ပါးသွားသဖြင့် တောသဘာဝ အလှကို ခံစားရင်း ကြည်နူးမိပါသည်။ ကျွန်ုပ်တို့ထက် ဝမ်းသာကြည်နူး သူကတော့ တောအုပ်ဖော်မင်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ် နောက်လှည့် ကြည့်ရာ ရွှင်လန်းတက်ကြွနေကြသည့် ဖော်မင်းနှင့် မနှင်းနုတို့ စုံတွဲ ကို မြင်နေရသည်။

ကျွန်ုပ်တို့အဖွဲ့ ရွာအဝင် တံခါးရောက်သည်နှင့် နောက်လှည့် ကြည့်ရာ သချိုင်းကုန်းတောစပ်မှ မီးခိုးလုံးမဲမဲကြီးများ တက်လာသည်ကို





တွေ့ရသည်။ ကျွန်ုပ်၏အမိန့်အတိုင်း မော်တော်ယာဉ်မှူး ဦးလှသောင်း တို့အဖွဲ့ ဖန်ခါးပင်ငုတ်တိုကြီးမှ ဖန်ခါးသီးများအား ခတ်ဆီလောင်း၍ မီးရှို့လိုက်ခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့ သူကြီးအိမ်ရောက်သော် ရေမိုးချိုးကြပြီး ခေတ္တနား ကြသည်။ မနှင်းနုနှင့် သူကြီးကတော်က ညနေစာအတွက် ချက်ပြုတ် ပြင်ဆင်နေကြရာ အောင်ဘုက ဝိုင်းကူလုပ်ကိုင်ပေးနေသည်။ ကျွန်ုပ် က မပြောမပြီး မတီးမမြည်ဆိုသော စကားအတိုင်း သူကြီးအား ပြောရ တော့သည်။

ကျွန်ုပ် ...

“သူကြီးခင်ဗျား ... ကျွန်တော့်တပည့် မောင်ဖော်မင်းနဲ့ မနှင်းနု တို့ရဲ့ သံယောဇဉ်ကို သူကြီးလည်း ရိပ်မိမှာပါ။ အဲဒီကိစ္စအတွက် ကျွန် တော်က မောင်ဖော်မင်းရဲ့အုပ်ထိန်းသူ အထက်အရာရှိအနေနဲ့ သူကြီး ကို နားဖောက်တာပါ။

တွေ့ကြတာရယ် မကြာသေးပေမယ့် ယခင်ဘဝက ပဋ္ဌာန်းဆက် ကြောင့် ထင်ပါရဲ့၊ သူတို့နှစ်ဦး သံယောဇဉ် ဖြစ်နေကြပါတယ်။ အဲဒါ သူကြီးသဘောတူရင်ဖြင့် မနက်ဖြန်မနက်မှာ လူကြီးစုံရာနဲ့ စေ့စပ်ပွဲ လေး လုပ်ချင်ပါတယ်။ လက်ထပ်မဲ့ကိစ္စကတော့ မောင်ဖော်မင်းရဲ့ မိဘတွေကို အကြောင်းကြားအသိပေးပြီး နေ့ကောင်းရက်သာ ရွေးကြ တာပေါ့။ သူကြီးသဘောကို သိချင်ပါတယ်”

သူကြီး ...

“နဖူးစာ ရွာလည်ဆိုသလိုပေါ့လေ။ ကလေးချင်း မေတ္တာရှိ ကြမှတော့ ကျုပ်တို့ ကန့်ကွက်ဖို့အကြောင်း မရှိပါဘူး။ အရေးပိုင်မင်း ကောင်းတယ်ထင်သလို စီစဉ်ပါ။ ကျုပ် သဘောတူပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"ကဲ ... အဲဒါဆိုရင် မနှင်းနုနဲ့ သူ့အမေကိုလည်း ခေါ်ပါဦး။ ကျွန်တော်တို့ဘက်က အစိုးရဝန်ထမ်း အရာရှိတွေဆိုပြီး နိုင်ထက်စီးနင်း ပြုရာရောက်မှာစိုးလို့ပါ။ သူတို့သဘောကိုလည်း မျက်နှာစုံညီ မေးမြန်းကြည့်ပါဦး ... သူကြီးခင်ဗျား"

သူကြီး ...

"ဟဲ့ ... အဘွားကြီးနဲ့သမီးနှင်းနု ... လာကြပါဦး။ ဒီမှာ ဧည့်သည်တွေနဲ့ စကားပြောရအောင်"

သူကြီးကတော် ...

"ဟုတ်ကဲ့ ... လာပါပြီတော်။ ဒီမှာ ညနေစာအတွက် ချက်ပြုတ်ဖို့ စီစဉ်နေကြတာ ဘာကိစ္စများတုံးတော့"

သူတို့ အိမ်ပေါ်ထပ်မှ ဆင်းလာကြသည်။ နှင်းနုကတော့ ဇော်မင်းပြောထား၍ သိပြီးဟန်တူသည်။ အိမ်အောက်ထပ် ကွပ်ပျစ်ပေါ်တွင် ကြုံ့ကြုံ့ကလေးထိုင်၍ ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့ထားသည်။

သူကြီး ...

"ဒီလိုဟေ့ ...။ အရေးပိုင်မင်းက သူ့တပည့် တောအုပ်မောင်ဇော်မင်းနဲ့ သမီးနှင်းနုကို စေ့စပ်ကြောင်းလမ်းဖို့ နားဖောက်နေတယ်။ အဲဒါ မင်းတို့သဘော သိချင်လို့ ခေါ်မေးတာ"

သူကြီးကတော် ...

"ကျုပ်ကတော့ သမီးသဘောပါပဲရှင်။ နှင်းနုက ကျုပ်တို့ရဲ့ တစ်ဦးတည်းသော သမီးလေးပါ။ ရွာမှာလည်း ကွမ်းတောင်ကိုင်ပါ။ ကဲ သမီးသဘောကို ပြောပါဦး"

နှင်းနု ...





"ဟုတ်ကဲ့ရှင့်"

သူကြီးကတော် ...

"ဘာ ... ဟုတ်ကဲ့ရှင့်လဲ၊ ညည်း သဘောတူမတူ မေးနေတာ"

နှင်းနု ...

"ဟုတ်ကဲ့ရှင့် သဘောတူပါတယ်ရှင့်"

ကျွန်ုပ် ...

"ကဲ ... မောင်ဇော်မင်း သဘောကရော၊ ပြောပါ"

ဇော်မင်း ...

"ဟုတ်ကဲ့ ခင်ဗျား။ ကျွန်တော်နဲ့ မနှင်းနုက တွေ့တာမကြာသေးပေမယ့် ဘဝဟောင်းက ရေစက်အကြောင်းပဲ ထင်ပါရဲ့။ မြင်မြင်ချင်း မေတ္တာရှိမိကြပါတယ်။ နှစ်ဖက်မိဘများ သဘောတူလျှင်ဖြင့် မနက်ဖြန်မနက် စေ့စပ်ကြောင်းလမ်းပြီး ကျွန်တော့်မိဘများကို အကြောင်းကြားပြီးတာနဲ့ အမြန်ဆုံး လက်ထပ်ချင်ပါတယ်ခင်ဗျား"

သူကြီး ...

"ကျုပ်တို့ဘက်ကတော့ သမီးရှင်ဖြစ်ပေမယ့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ကာယကံရှင် နှစ်ဦးနှစ်ဖက် သဘောတူလျှင်ဖြင့် မနက်ဖြန်မနက် လူကြီးတွေကိုဖိတ်ကြားပြီး စေ့စပ်ပွဲလေး လုပ်ကြတာပေါ့"

ကျွန်ုပ် ...

"ဝမ်းသာပါတယ် ... သူကြီး။ ကျွန်တော့်တပည့်ဘက်ကတော့ ကျွန်တော် အစစအရာရာ တာဝန်ယူ အာမခံပါတယ်"

သူကြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ညနေပိုင်းတွင် ရွာတွင်းလျှောက်ကြ၍ သူကြီးက ရွာမှလူများနှင့် မိတ်ဆက်ပေးသည်။ ကျွန်ုပ်တို့ ဒေါ်ဘုမအသုဘအိမ်လည်း ရောက်သည်။ ကျန်ရစ်သူများအား အားပေးရင်း အလှူငွေများလည်း ထည့်ခဲ့သည်။

တစ်ရွာလုံးကို ကျွန်ုပ်တို့မသိသော်လည်း တစ်ရွာလုံးက ကျွန်ုပ်တို့အား သိနေကြသည်။ ခင်မင်ဖော်ရွေစွာ နှုတ်ဆက်ကြသည်။ အညာဒေသထုံးစံအတိုင်း အိမ်တိုင်းက လက်ဖက်ရည်ပွဲများဖြင့် ဖိတ်၍ ကျွေးမွေးညှော်ခဲ့ကြသည်။ ဖော်မင်းနှင့် မနှင်းနုတို့ မင်္ဂလာကိစ္စမှာလည်း တစ်ရွာလုံး ပြန့်နှံ့သွားတော့သည်။

ညဘက်တွင် ကာလသားအဖွဲ့နှင့် မဆိုးအဖွဲ့များ လာကြ၍ သူကြီးက အရက်ဖြင့် ညှော်ခံသည်။ ကျွန်ုပ်တို့ကလည်း လက်ကျန်အရက်များကို ထုတ်၍ ညှော်ခံရသည်။ ကာလသားအဖွဲ့မှာလည်း ကျော်စိန်ဝင်းအား လိုက်လံရှာဖွေစဉ်က ကူညီခဲ့သော အဖွဲ့များဖြစ်၍ ကျွန်ုပ်တို့နှင့် မစိမ်းပါ။ အားလုံး ပျော်ပျော်ပါးပါး သောက်ကြစားကြသည်။

သူကြီးနှင့် သူကြီးကတော်မှာလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေကြသည်။ တောရွာဇနပုဒ်မှ တောသူလေးနှင့် မြို့ကြီးသား သစ်တောအရာရှိတောအုပ် ပညာတတ် ဖူးစာဖက်ကြခြင်းမှာ တော်ရုံတန်ရုံ သံယောဇဉ်နှင့် မဖြစ်နိုင်ချေ။ ဘဝဟောင်းက အကြောင်းဆက်များကြောင့်သာ ဖြစ်ပေမည်။ ကျွန်ုပ်လည်း အလွန်ဝမ်းမြောက်မိပါသည်။ ရှေးလူကြီးများစကားပုံအရ 'ကျွန်ကုလား မယားတောသူ' ဆိုမဟုတ်ပါလား။





ထိုအချိန်တွင် ညှော်ခန်းထောင့်၌ ငြိမ်၍ စားသောက်နေကြသော တပည့်ကျော်အောင်ဘုနှင့် စာရေးလေးကျော်စိန်ဝင်းတို့အား သတိထားမိသည်။ ချောင်ကပ်၍ ငြိမ်နေသည်ထင်ရသော်လည်း နှစ်ဦးသား တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြခြင်းဖြစ်သည်။ ကျွန်ုပ် သူတို့အနားထသွားရာ စကားသံ ရပ်သွားသည်။

ကျွန်ုပ် . . .

"ဟေ့ကောင်တွေ . . . ဘာတွေ တီးတိုးတီးတိုး လုပ်နေတာလဲ။ ငါ့ကိုပြောကြစမ်း"

ကျော်စိန်ဝင်း . . .

"ဒီလိုပါ . . . ဆရာ၊ ကျွန်တော်ရောက်သွားတဲ့ ရွာကြီးက သူကြီးသမီးမြခက်က မနှင်းနုနဲ့ တူလွန်းလို့ပါ"

ကျွန်ုပ် . . .

"တူတော့ ဘာဖြစ်သလဲ"

ကျော်စိန်ဝင်း . . .

"တူတော့ သတိရတာပေါ့ ဆရာရယ်။ ကျွန်တော်လည်း လှပျို ကိုဖော်မင်းကို အားကျတာပေါ့"

ကျွန်ုပ် . . .

"အေး . . . သူက တကယ့်လူအစစ်ကို မေတ္တာမျှတာ။ မင်းသာ ဘာမှန်းမသိ၊ ညာမှန်းမသိ ဖြစ်နေတာ။

အောင်ဘုရေ . . . ညအိပ်ရင် မင်းလက်နဲ့ သူ့လက်ကို ကြိုးချည်အိပ်။ အပေါ့ပါးသွားတာကအစ မင်းလိုက်သွား။ ဒီကောင်သတိရ ပြီး ရွာပုန်းကို လစ်သွားဦးမယ်။ ဟိုက စဉ်းစားခိုင်းထားတာ။ အချိန်မရွေး ပြန်ခေါ်နိုင်တယ်။ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်ဝင်း …

"နောက်ပြောတာပါ … ဆရာရယ်၊ တကယ်မဟုတ်ပါဘူး။ ရွာပုန်းကို နောက်တစ်ခါလည်း မသွားရဲတော့ပါဘူး။ ဒီတစ်ခါသွားရင် ဟိုမှာ အပြီးနေရတော့မှာ"

ကျွန်ုပ် …

"အေး … မင်းဟာမဲင်းလည်း သိသားပဲ။ ညအိပ်ရာဝင်ရင် ဘုရားရှိခိုးပြီး အမျှအတမ်းဝေအိပ်။ တစ်ယောက်တည်းလည်း အိမ်အောက်ဆင်းမသွားနဲ့၊ ကြပ်ကြပ်သတိထား"

"ဟုတ်ကဲ့ပါ … ဆရာ၊ စိတ်ချပါ။ ကျွန်တော်တစ်ယောက်တည်းလည်း မှောင်ထဲ မသွားရဲပါဘူး"

ထိုည (၁၀) နာရီကျော်မှ ဝိုင်းသိမ်းဖြစ်သည်။ အမြည်းများနှင့် ဗိုက်ပြည့်သွားသဖြင့် နှင်းနုက ညစာပြင်ပေးသော်လည်း အနည်းငယ်စီသာ စားနိုင်ကြတော့သည်။ ညအိပ်တော့လည်း အောက်လင်းဓာတ်မီးကြီးကို ထွန်းထားသည်။ ဧည့်ခန်းတွင် ကျွန်ုပ်၊ ဇော်မင်းနှင့် စာရေးလေးကျော်စိန်ဝင်း၊ အောင်ဘုတို့ တန်းစီအိပ်ကြရာ အောင်ဘုက ကျွန်ုပ်ပြောသည့်အတိုင်း သူ့ညာလက်နှင့် ကျော်စိန်ဝင်း၏ဘယ်လက်ကို ကြိုးချည်၍ အိပ်သည်။

မနက် (၆)နာရီခန့် ကျွန်ုပ်အိပ်ရာကထသော်လည်း ကျော်စိန်ဝင်း ပျောက်မသွားပါ။ ပျောက်သွားသူက ဇော်မင်းဖြစ်သည်။ ကျွန်ုပ်အောက်ထပ်ဆင်း၍ မျက်နှာသစ်တော့ သူတို့အတွဲက ထိုင်ခုံတွင်ထိုင်၍ မနက်စာကျွေးရန် စောင့်စားရင်း စကားတွတ်ထိုးနေကြသည်။

ကျွန်ုပ်က စလို၍ …





"မနှင်းနု … တို့နဲ့ တစ်ခါတည်း လိုက်မှာလား။ ဇော်မင်းက မြို့သားနော်၊ တောအုပ်အရာရှိ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ စိတ်မချရဘူးနော်"

ဇော်မင်း …

"ဆရာကလည်း မီးလောင်ရာ လေပင့်နေပြန်ပါပြီ။ ဒီမှာ တစ်ခါတည်း လိုက်မယ်လုပ်နေတာ။ စေ့စပ်ပွဲမလုပ်ဘဲ တစ်ခါတည်း မင်္ဂလာဆောင်မယ်လို့ ပူဆာနေတယ်"

ကျွန်ုပ် …

"အေး … အဲဒါလည်း ကောင်းတာပဲ။ ဇော်မင်း ခြေငြိမ်သွားတာပေါ့။ ဒီကောင်က ဟိုကောင်မလေးလိုလို၊ ဒီကောင်မလေးလိုလို ဖြစ်နေတာ"

မနှင်းနု …

"အစ်ကို … ဟုတ်သလားဟင်၊ နှင်းနု မနေခဲ့တော့ဘူးနော်။ တစ်ခါတည်းလိုက်မှာပဲ"

ဇော်မင်း …

"နှင်းနုရယ် … ဆရာက စ,နေတာပါကွာ။ အစ်ကို့မှာ ဘယ်ကောင်မလေးမှ မရှိပါဘူး။ နှင်းနုသာ အစ်ကို့ရဲ့ ပထမဆုံး အချစ်ဦးပါ။ …ပါ … နှင်းနုရယ်။

အခုလည်း မြို့ကိုရောက်တာနဲ့ မိဘတွေကို အကြောင်းကြားပြီး …ကိုလာခေါ်လို့ လက်ထပ်မှာပါ"

နှင်းနု …

"ဟင့်အင်း … မရဘူး … မရဘူး။ တစ်ခါတည်း ဒီရွာ…ဆောင်ပြီး အစ်ကို့နောက်ကို လိုက်ခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူကြီး အိမ်ပေါ်ထပ်မှ ဆင်းလာပြီး ...

"ဟဲ့ ... သမီးနှင်းနု၊ မောင်ဇော်မင်းတို့က အစိုးရဝန်ထမ်း အရာရှိတွေကွယ့်။ ချက်ချင်းလုပ်လို့ ဘယ်ရမလဲ။ သူ့မိဘတွေကိုလည်း အသိပေးရဦးမယ်။ အထက်ဆိုင်ရာတွေကိုလည်း ခွင့်တောင်းရဦးမှာပေါ့"

နှင်းနု ...

"အဖေ ... သမီး ရွာမှာ မနေရစ်ခဲ့ချင်ဘူး အဖေ။ သူ့ကို မျှော်နေရရင် သမီး လွမ်းဖျားလွမ်းနာကျပြီး သေမှာပဲ။ အဖေတို့ သမီးကို မသနားကြဘူးလား ဟင်။ ပြောကြပါဦး"

"အင်း ... အဟင့် ... အင်း ... အင်း ..."

မနှင်းနုမှာ ချုံးပွဲချ၍ ငိုရင်း အသံပင်ပျောက်သွားသည်။ သူကြီးမှာ မျက်ကလူးဆန်ပြာဖြစ်၍ ...

"သမီး ... သမီး ... ဟဲ့သမီး ... သတိထားလေ"

ဇော်မင်းမှာ သူကြီးရှေ့မှာဖြစ်သော်လည်း မရှက်နိုင်တော့ဘဲ နှင်းနုအား ပွေ့၍ ချော့မော့ရတော့သည်။ ခဏကြာမှ နှင်းနုမှာ အသံပြန်ထွက်လာပြီး ...

"အင်း ... ဟင့် ... ဟင့် ..."

ဇော်မင်း ...

"နှင်းနု ... အစ်ကိုရှိတယ်လေ၊ သတိထားပါ။ နှင်းနုသဘော အတိုင်း လုပ်ပေးမယ်နော်။ ပြန်ရင်လည်း တစ်ခါတည်း ခေါ်သွားမယ် မငိုနဲ့တော့နော်"

ထိုအခါမှ နှင်းနုက အငိုတိတ်ပြီး ...

"အစ်ကို တကယ်ပြောတာလား"

ဇော်မင်း ...





"တကယ်ပြောတာပါ ... နှင်းနုရယ်၊ အစ်ကို ကတိပေးပါ တယ်။ တိတ်တော့နော်"

သူကြီး ...

"သမီးက စိတ်ကြီးတယ် ... အရေးပိုင်မင်းရဲ့။ ငယ်စဉ် ကတည်းက သူလိုချင်တာမရရင် အသံပျောက်အောင်ငိုပြီး တက်သွား တတ်တယ်"

ကျွန်ုပ် ...

"ကျွန်တော်လည်း စ,လိုက်မိပါတယ် ... သူကြီး။ သူတို့က ချစ်ကြီးကြတော့လည်း စေ့စပ်ပွဲနဲ့ မင်္ဂလာပွဲ တစ်ခါတည်းသာ လုပ် လိုက်ပါတော့။ မောင်ဇော်မင်းရဲ့မိဘတွေနဲ့ အထက်ဆိုင်ရာတွေကို ခွင့် တောင်းဖို့လည်း ကျွန်တော်ပဲ တာဝန်ယူလိုက်ပါ့မယ်"

သူကြီး ...

"အင်း ... ကျုပ်ကတော့ ဒီမနက် ရွာသူရွာသားတွေ အသိ သက်သေပြုရုံ စေ့စပ်ပွဲလေးလုပ်ဖို့ စီစဉ်ထားတာ။ လက်ထပ်ပွဲဆိုတော့ ကျေးအမွေးပါမှ ကောင်းမှာ။ ဒီမနက် ချက်ချင်းလုပ်လို့မရဘူး။ အရေး ပိုင်မင်းတို့ ရက်ဆိုင်းဦးမှရမှာပါ"

ကျွန်ုပ် ...

"သူကြီး ... ဘာကျွေးရမှာမို့လဲ"

သူကြီး ...

"ကျုပ်တို့ရွာ ထုံးစံအတိုင်း ထမင်းကျွေးရမှာပါ။ တစ်ရွာလုံး ကို ဖိတ် ကျွေးရမှာ။ တောရွာထုံးစံအတိုင်း သတို့သားက ဦးဆောင် ပြီး အမဲလိုက်ရမယ်။ ရတဲ့တောကောင်နဲ့ မင်္ဂလာဆွမ်းကျွေးရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"ဒါလည်း မပူပါနဲ့။ ကျွန်တော်တို့က မုဆိုးတွေပဲ။ သေနတ်လည်း ရှိနေတာပဲ အဆင်ပြေမှာပါ"

သူကြီး ...

"အဲဒါဆိုရင် ဘယ်နေ့လုပ်ကြမလဲ ... အရေးပိုင်မင်း"

ကျွန်ုပ် ...

"မနက်ဖြန်လုပ်ဗျာ ... နေ့လယ်စာ ကျွေးမှာမဟုတ်လား မိပါတယ်။ ကျွန်တော်တို့ ဒီနေ့မနက်နဲ့ည တောလည်မယ်။ ဝက်အုပ်တွေ ဒါလောက်ပေါတာ မရမရှိပါဘူး။ တောကျွမ်းတဲ့ရွာမုဆိုးအဖွဲ့တော့ ခေါ်ထား ဦးနော် ... သူကြီး"

သူကြီး ...

"သူတို့က ဒါမျိုးပွဲစောင့်နေတာ မလိုက်မှာမပူပါနဲ့ ... အရေးပိုင်မင်း၊ ကျုပ် စုပေးပါ့မယ်။ တော်ကြာ လူများလို့ အနှောင့်အယှက်ဖြစ်တယ်လို့တော့ မပြောနဲ့နော်"

ကျွန်ုပ် ...

"လူများတော့လည်း တောခြောက်နိုင်းရတာပေါ့ဗျာ။ ရွာသားတွေလည်း တောထဲတောင်ထဲနေရတော့ တောအထာ တောင်အထာ သိမှာပါ။ ညပိုင်းကျမှသာ ရွာမုဆိုးအဖွဲ့လောက်ပဲ ခေါ်မယ်။ ညပိုင်းကျတော့ လူများရင် မကောင်းဘူး"

သူကြီး ...

"အဲဒါဆိုရင် ကျုပ်စီစဉ်လိုက်တော့မယ်။ အရေးပိုင်မင်းတို့ မနက်စာ စားသောက်ပြီး အသင့်ပြင်ထားကြပါ"





ကျွန်ုပ်နှင့် ဇော်မင်းတို့ စားသောက်ကြပြီး သေနတ်များအား သိုက်ချက်၍ အသင့်ပြင်ထားကြသည်။ ကျော်စိန်ဝင်းနှင့် တပည့်ကျော် အောင်ဘုတို့ကိုတော့ မခေါ်တော့။ သူတို့အား အိမ်အလုပ်များ ဝိုင်းလုပ်ခိုင်း ထားခဲ့ရမည်ဖြစ်သည်။

မကြာမီ မုဆိုးစံသိန်းတို့ ရွာမုဆိုးအဖွဲ့နှင့် ရွာသား (၁၀)ဦး (ခုတ်) ဓားများနှင့် ရောက်လာကြသည်။

ကျွန်ုပ် ...

"ဘယ်ဘက်ထွက်မလဲ ... ကိုစံသိန်း"

"အနောက်ဘက်တောကတော့ အကောင်ပေါ်လောင်စုံတယ် .. အရေးပိုင်မင်း။ ဒါပေမဲ့ ဆင်တွေရှိတော့ အန္တရာယ်များတယ်။ မြောက်ဘက်တောကို သွားကြမယ်။ မြောက်ဘက်တောက ရိုးမအခြေမို့ စိမ့်စမ်းပေါတယ်၊ လမ်းတော့ကြမ်းတယ်၊ တောကောင်လည်း ပေါတယ်။ ရှေ့မှာ လယ်ကွင်းတွေကို ကျော်တာနဲ့ တောင်ခြေရောက်ပါတယ်"

ကျွန်ုပ် ...

"ကဲ ... အချိန်ရှိတုန်း သွားကြမယ်ဗျာ"

ကျွန်ုပ်တို့အဖွဲ့ ရွာမြောက်ဘက်အပေါက်မှထွက်၍ လယ်ကွင်းများအား ဖြတ်ကြသည်။ လယ်ကွင်းများမှာ ရိတ်သိမ်းပြီး ကြာသေးဟန်မတူ ရိုးပြတ်နံ့သင်း၍ ကျန်နေသေးသည်။ တောင်ကြားလွင်ပြင်ဖြစ်သော်လည်း အတော်ကျယ်ပြန့်သည်။ အိမ်ခြေ (၅၀) ကျော်ခန့်သာရှိသော ပိန္နဲကုန်းရွာအတွက် စားသောက်ရန် ဖူလုံရုံတင်မက ပိုလျှံ၍ပင် နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လယ်ကွင်းများတွင် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များနှင့် ပြောင်းဖူးများစိုက်ထားရာ စိမ်းစိုဝေဆာနေသည်။ ရေမြေကောင်းသော တောင်ခြေလွင်ပြင်ဖြစ်သဖြင့် စိုက်သမျှ ဖြစ်ထွန်းလှသည်။ ရုံးပတီပင်ကြီးများမှာ လူတစ်ရပ်ကျော်သည်။ အသီးများမှာလည်း တစ်တောင်ခန့်ရှိသည်။ လွင်ပြင်မှာ ကေ (၅၀)လောက် ကျယ်ပြန့်မည်ထင်သည်။

✿ ✿ ✿

## အခန်း [၈]

❑

လယ်ကွင်းများဆုံးတော့ ထောင်ခြေတောစပ် စမ်းချောင်းသို့ ာက်သည်။ ကျွန်ုပ်တို့ ခေတ္တနားရင်း ကျွဲတည်င်းပင်ကြီးအောက်တွင် ာအပန်းဖြေနေကြစဉ် ...

"အု ...အု ...ဝု ...ဝု ..."

ဟူသော ဝက်အော်သံများအား ကြားရသည်။ ကျွန်ုပ်တို့မှာ အောက်ကဖြစ်၍ ထိုင်ရာမထ စောင့်နေကြစဉ် ဝက်အုပ်ကြီး စမ်း င်းသို့ ရေသောက်ဆင်းလာသည်။ ကျွန်ုပ်နှင့် ဇော်မင်းတို့ နေရာ အသင့်ပြင်ကြသည်။ ဝက်အုပ်ကြီးမှာ ဝက်တောင်းကြီးဦးဆောင် ည် ဝက်မ (၈)ကောင်ပါ အုပ်ကြီးဖြစ်သည်။

ထုံးစံအတိုင်း ကျွန်ုပ်က ဝက်တောင်းကြီးကို ရွေးသည်။ ဇော် ာ ဝက်မများကို ပစ်ရန်ဖြစ်သည်။ ထုံးစံအတိုင်းဆိုသည်မှာ ကျွန်ုပ် အသာမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်မှာ အမဲကြီးပစ်ရန် သင့်တော်၍ ဇော်မင်း



www.burmeseclassic.com

www.burmeseclassic.com



၏ နှစ်လုံးပြူးကြီးမှာ ဝက်မများလောက်သာ ပစ်၍သင့်တော်သောကြောင့် ဖြစ်သည်။ ပစ်မှတ်အား ပြိုင်တူချိန်၍ အသင့်ဖြစ်သည်နှင့် ကျွန်ုပ်က လေချွန်၍ အချက်ပေးလိုက်သည်။

"ရွှီ ..."

ဝက်များခေါင်းထောင်အကြည့် ကျွန်ုပ်တို့ ပြိုင်တူ ခလုတ်ဆွဲ လိုက်ကြတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

ထုံးစံအတိုင်း ဇော်မင်းက နှစ်လုံးပြူးနှင့် နှစ်ဆင့်ဆွဲ၍ ပစ် သည်။ ပစ်မှတ်မှာ ကိုက် (၁၀၀)အတွင်းသာရှိသဖြင့် ကျွန်ုပ်တို့လိုချင် သော ပစ်မှတ်ကို ထိသဖြင့် ဝက်များနေရာတွင် ပွဲသိမ်းသည်။ ရွာခံမုဆိုး စံသိန်းနှင့် ရွာသားများက ဝမ်းသာအားရ ပြေးကောက်ကြသည်။ မင်္ဂလာ ပွဲအတွက် အသားစိုရိက္ခာဖူလုံပေပြီ။ သို့သော် ကျွန်ုပ်လက်တွေ့လှသဖြင့် ရွာခံမုဆိုးအား ...

"ကိုစံသိန်းရေ ... ရိုးမပေါ် တက်ရအောင်ဗျာ။ လာဘ်ဦး ကောင်းတော့ လက်တွေ့လှတယ်။ ဖောဖောသီသီ စားရအောင်ဗျာ။ ရွာသားတွေကို ဝက်ထမ်းပြီး သူကြီးအိမ် ပြန်ခိုင်းလိုက်တော့။ ကျွန်တော် တို့နှစ်ယောက်နဲ့ ခင်ဗျားတို့ရွာခံမုဆိုး (၃) ယောက်ပဲ သွားကြတာပေါ့ ဗျာ"

စံသိန်း ...

"ဆရာ ... ရွာသားတွေကို တောခြောက်မခိုင်းတော့ဘူးလား"

ကျွန်ုပ် ...

"ဒီလောက် အကောင်ပလောင်ပေါတာဗျာ၊ လိုမယ်မထင်ပါ ဘူး။ နောက်ပြီး တောခြောက်ပြီးပစ်တယ်ဆိုတာ မုဆိုးကောင်းတို့ အလုပ်





မဟုတ်ပါဘူး။ တောသတ္တဝါတွေကိုလည်း မညှာတာရာကျပါတယ်"

စံသိန်း ...

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်ရွာသားတွေကို ဝက်ထမ်းပြီး ပြန်လွှတ်လိုက်မယ်။ ဟိုမှာ ဖျက်မှာပြုမှာနဲ့ အလုပ်ရှုပ်ဦးမှာ"

ရွာသားများ ဝက်ထမ်းပြန်သွားကြတော့ ကျွန်ုပ်တို့ (၅)ယောက် အဖွဲ့စမ်းချောင်းအားဖြတ်ကူးပြီး ရိုးမပေါ်သို့ တက်ခဲ့ကြသည်။ စိမ့်စမ်း ပါသော တောင်ခြေဖြစ်၍ ကြိမ်ရုံ၊ ရေငန်းရုံနှင့် တောင့်ကုပ်ပျော့ရုံများ က ထူထပ်လှသည်။ ရွာခံမုဆိုးစံသိန်းက အရှေ့ကဦးဆောင်၍ လမ်းပြ ရင်း ခုတ်ထွင်ရှင်းလင်းနေရသည်။

တောင်ခုလတ်မှ တောင်ပေါ်အတက် စံသိန်းက လက်မြှောက် ပြသဖြင့် ကျွန်ုပ်တို့ရပ်လိုက်စဉ် ဆီးဖြူသီးပင်အောက်တွင် ချေသုံးကောင် ခန့်ကို တွေ့ရသည်။ အေးဆေးစွာ ဆီးဖြူသီးကောက်စားနေကြသည်။ ကျွန်ုပ်က ချေဖိုကြီးကိုချိန်၍ ဇော်မင်းက ချေမနှစ်ကောင်ကို ပစ်ရန်ဖြစ် သည်။

ထိုစဉ်တွင် ...

'ဝေါင်း' ဟူသော အသံကြီးနှင့်အတူ အဝါအစင်းကြား သတ္တဝါ ကြီးတစ်ကောင် ချေဖိုကြီးပေါ်သို့ ကျလာရာ ကျွန်ုပ်ကလည်း ခလုတ် ဆွဲ ဇော်မင်းကလည်း မောင်းအဖြုတ်နှင့် ကြုံရာ ...

"ဒိုင်း ... ဒိန်း ..."

ကျားကြီးမှာ ချေဖိုကိုကိုက်လျက် လဲအကျ၊ ချေမတစ်ကောင် လည်းလဲပြီး ကျားကြီးပြန်ကထတွင် ဇော်မင်းက သူ၏ နှစ်လုံးပြူး ဘယ်ပြောင်းဖြင့် ကျားကြီးခေါင်းအား ပစ်၍ ဇာတ်သိမ်းလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးမှာ သေဆုံးသွားသော်လည်း ချေဖိုကြီးကုတ်အားခဲထားခြင်းကို မလွှတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့မုဆိုးအဖွဲ့ ချေဖိုကြီးအား အချောင်ရလိုက်တော့သည်။

ဇော်မင်း ...

"ဆရာ ... ဘယ်ကဘယ်လို ဟင်းမျိုးကြီးက ပေါ်လာတာလဲ"

ကျွန်ုပ် ...

"သူက အလျှင်ချောင်းနေတာဖြစ်မယ်၊ ကံကောင်းလို့ပေါ့ကွာ။ ငါလည်း ချေလက်ပတ်ကို ချိန်ထားတာနဲ့ သူက ခုန်အအုပ်၊ သူ့ခေါင်းနဲ့ ငါ့ကျည်ဆန် ကွက်တိဖြစ်သွားတာပေါ့။ တခြားနေရာသာမှန်ရင် ငါတို့ မလွယ်ဘူး။ ဒီကောင်မျိုးက ရှောင်သွားပြီး ကျားနာခဲ ခဲလို့ လက်စားချေမှာ"

ထိုစဉ် ရွာခံမုဆိုးစံသိန်းက ...

"အလို ... ဒီကောင်ကြီးက ပြီးခဲ့တဲ့နှစ်က ရွာကိုဝင်မွှေတဲ့ နားရွက်တိုကြီးပဲ။ ဒီမှာ ကျွန်တော်မိုန်းနဲ့ ထိုးလိုက်လို့ နားရွက်ပြတ်သွားတာ။ ဒီကောင် ကိုးတောင်ကျားကြီးဆရာ။ နာမည်ကြီး ဟင်းမျိုးကြီးပေါ့။ ရွာအနောက်ဘက်မှာ ဆင်တွေရှိလို့ ရွာနားမကပ်ဘဲ ဒီရိုးပေါ်မှာ လာခိုနေတာကိုး။ ကောင်းပါ့ဗျာ ... တစ်ရန်အေးတာပေါ့။ ဒီကောင်ကြီးရန်က မသေးဘူးဆရာ။ အတော်ကြောက်စရာကောင်းတဲ့ ... ကောင်ကြီး။ ပြီးခဲ့တဲ့နှစ်က ရွာက ကျွဲတွေ၊ နွားတွေ အတော်ကုန်သွားတယ်"

ကျွန်ုပ် ...

"ကဲ ... ကိုစံသိန်းရေ၊ ချေနှစ်ကောင် ကျားတစ်ကောင်ရပြီ ဘယ်လိုသယ်ကြမလဲ"





"ဆရာတို့ ... စောင့်နေကြပါ။ ကျွန်တော်တို့ ကျားထမ်းပြန်ရန်း လူခေါ်လာခဲ့မယ်"

"ဒီလိုလုပ်ရအောင် ... ကိုစံသိန်း၊ အချိန်မကုန်ရအောင် ခင်ဗျားတပည့်နှစ်ယောက်က ကျားကိုထမ်း၊ ခင်ဗျားက ချေမတစ်ကောင်သယ်။ ကျွန်တော်နဲ့ ဇော်မင်းက ချေဖိုကြီးကို နှစ်ယောက်ထမ်းသယ်ခဲ့မယ်၊ ဟုတ်ပြီလား"

စံသိန်း ...

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အရေးပိုင်မင်းတို့ ထမ်းလို့ မတော်ပါဘူး။ ဒါ ကျွန်တော်တို့ တာဝန်ပါခင်ဗျာ"

ကျွန်ုပ် ...

"ကိုစံသိန်းရေ ... အရေးပိုင်မင်းတွေ ဘာတွေလုပ်မနေနဲ့၊ ဘယ်လူကြီးဖြစ်ဖြစ် ကားမောင်းရင် ဒရိုင်ဘာပဲ။ တောပစ်ရင် မုဆိုးပဲ။ ကဲ ... လာ သွားကြမယ်"

ကျွန်ုပ်တို့ တောကောင်များထမ်း၍ ပြန်ခဲ့ကြသည်။ ကျွန်ုပ်နှင့် ဇော်မင်းမှာ သေနတ်ကြီးများလွယ်၍ ချေသေကြီးကိုလည်း ဝါးလုံးလျှိုပြီး နှစ်ယောက်ထမ်းရသဖြင့် တောင်တက်၊ တောင်ဆင်းလမ်းကျဉ်းကျဉ်းလေးတွင် အတော် ဒုက္ခရောက်ကြသည်။ ရွာမုဆိုးများကတော့ အေးအေးဆေးဆေးပင်။

စမ်းချောင်းအနားရောက်တော့ ကျွန်ုပ်တို့ အတော် မောပန်းသဖြင့် ခေတ္တနားကြရသေးသည်။ ယောက်ျားတို့ ဖွဲမလျှော့လိုသဖြင့် ရွာအရောက်ထမ်းကြရာ ရွာအဝင်တွင် ရွာသားများအဖွဲ့နှင့် ဆုံသဖြင့် အုံးပြောင်းလိုက်မှ သက်သာရာ ရတော့သည်။ ကျားရလာသဖြင့် တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



လုံး လာကြည့်ကြသည်။ ရွာကိုဒုက္ခပေးခဲ့သော ကျားဆိုးကြီးဖြစ်၍ တစ်ရွာလုံး ဝမ်းသာနေကြသည်။

ဤအဖိုးတန်ကျားကြီးကိုတော့ ဗန်းမော်မြို့သို့ တက်ရောင်းရန် မုဆိုးစံသိန်းတို့အဖွဲ့က အဆိုပြုသဖြင့် သူကြီးက သဘောတူသည်။ ကျွန်ုပ်က ကားကြုံခရီးကူညီရန် ဖန်ခါးကုန်းစခန်းမှ မော်တော်ယာဉ်မှူးထံ စာရေးပေးလိုက်သည်။ မုဆိုးစံသိန်းတို့အဖွဲ့ ကျားကြီးထမ်း၍ ဖန်ခါးကုန်းစခန်းသို့ ချက်ချင်းတက်သွားကြသည်။

ချေနှစ်ကောင်နှင့် ဝက်သုံးကောင်ရသဖြင့် မင်္ဂလာထမင်းကျွေးရန်အတွက် အတော်အဆင်ပြေသွားသည်။ အားလုံးကလည်း မင်္ဂလာပွဲဖြစ်မြောက်တော့မည်ဖြစ်၍ ဝမ်းသာနေကြသည်။ ကျွန်ုပ်နှင့် ဇော်မင်း ပင်ပန်းလွန်းသဖြင့် ရေမိုးချိုးအပြီး နေ့လယ်စာစား၍ အိမ်အပေါ်ထပ်တွင် အနားယူကြသည်။

နှင်းနုက အိပ်ရာများခင်းကျင်းပေးသဖြင့် အနားယူရင်း အိပ်စက်ကြသည်။ အထမ်းအပိုးမလုပ်သည်မှာ ကြာပြီဖြစ်၍ ကျွန်ုပ်တို့ အိပ်ပျော်သွားရာ ညနေစောင်းတွင် ကျော်စိန်ဝင်းလာနှိုးမှ နိုးတော့သည်။

"ဆရာတို့ ... ထပါဦး၊ နှင်းနုပျောက်သွားလို့ တစ်ရွာလုံးရှာနေကြတယ်"

ကျွန်ုပ် ...

"ဘာ ... ဘယ်လို နှင်းနုပျောက်သွားတယ်ဟုတ်လား"

"ဟုတ်တယ် ... ဆရာ၊ တစ်ချိန်လုံး မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြတာ။ အဲဒါ ညနေစောင်း အိမ်အနောက်ဘက် ထွက်သွားရင်း ပျောက်သွားတာ။ ကျွန်တော်တို့လည်း တစ်ပိုတစ်ပါး သွားတယ်ထင်ပြီး





အတော်ကြာမှ သတိရလို့ လိုက်ရှာကြတော့ အိမ်သာထဲမှာလည်း မရှိဘူး ပတ်ဝန်းကျင်မှာလည်း ရှာတာ နှံ့နေပြီ။ သူကြီးကတော့ ကာလသားအဖွဲ့ခေါ်ပြီး ဆရာဇော်မင်းရဲ့ နှစ်လုံးပြူးသေနတ်ကြီးကိုထမ်းလို့ တစ်အိမ်တက်ဆင်း လိုက်ရှာနေတယ်"

ဇော်မင်း ...

"ဒုက္ခပါပဲ ... ဆရာရယ်၊ နှင်းနုတော့ ဒုက္ခရောက်ပြီထင်တယ်။ လုပ်ပါဦး ... ဆရာရယ်"

ထိုစဉ် သူကြီးကတော် အိမ်ပေါ်ထပ်သို့ တက်လာပြီး ...

"အရေးပိုင်မင်းနဲ့ မောင်ဇော်မင်းရေ ... လုပ်ကြပါဦးကွယ် သမီးလေး ပျောက်သွားပြီ။ အီး ... ဟီး ... ဟီး ..."

ဒါကြောင့် ပြောနေရတာ။ စေ့စပ်ရုံ စေ့စပ်ပါဆိုတာ ပြောမရဘူး ခေါင်းမာတဲ့ သမီးလေး။ အခုတော့ ဘယ့်နှယ့်လုပ်ကြမလဲ ... မောင်ဇော်မင်းရဲ့။ အင့် ... အီး ... ဟီး ... ဟီး ... အဖြစ်ဆိုးလှချည်လား ... သမီးလေးရဲ့။ အီး ... ဟီး ... ဟီး ..."

ကျွန်ုပ် ...

"နေပါဦး ... ဒေါ်လေးရဲ့၊ နှင်းနုက လက်ထပ်လို့မရဘူးလား။ ဘာဖြစ်လို့လဲ"

"သူက ရွာပုန်းက လူဝင်စားကွယ့်။ လက်ထပ်ရင် ပြန်ခေါ်မယ်လို့ ဗေဒင်ဆရာရော နတ်ဆရာကပါ ပြောထားတယ်။ အဲဒါကြောင့် ဒီရွာမှာ သူ့ကိုကြိုက်တဲ့သူတွေ အများကြီးရှိပေမယ့် အိမ်ထောင်ရေးကိုမှ မစဉ်းစားဘဲ မောင်ဇော်မင်းနဲ့တွေ့မှ သူလက်ခံတာ။ အခုတော့ ဘယ်လိုလုပ်ကြမလဲကွယ့်။ အဟီး ... အဟီး ... အင့် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် သူကြီးနှင့် ကာလသားများအဖွဲ့ ပြန်လာကြသည်။

သူကြီး ...

"တောက် ... တစ်ရွာလုံးလည်း နံ့နေပြီ။ အိမ်တိုင်းစေ့လည်း တက်ရှာပြီးပြီ။ စပါးကျီ၊ အိမ်သာနဲ့ ကောက်ရိုးပုံတောင် မကျန်ဘူး နံ့နေပြီ၊ မတွေ့ဘူး။ ဘယ်လိုလုပ်ကြမလဲ ... အရေးပိုင်မင်းရယ်"

ကျွန်ုပ် ...

"သူကြီး ... နားပါဦး။ ကျွန်တော်တို့ ရွာပတ်ဝန်းကျင် တောနင်းရှာပါဦးမယ်။ မှောင်စပြုလာပြီဆိုတော့ မီးတုတ်မီးတိုင်တော့ လိုမယ်"

သူကြီး ...

"ရပါတယ် ... ကျုပ်စီစဉ်ပေးပါ့မယ်။ ကဲ ... ကာလသားခေါင်း ... ငထွားရေ ရွာခံမုဆိုးအဖွဲ့ကိုခေါ်ပြီး နောက်ဖေးထင်းရုံထဲက အရေးပေါ်သုံးဖို့ထားတဲ့ မီးတုတ်တွေကိုထုတ်ပြီး အရေးပိုင်မင်းတို့နဲ့လိုက်ပြီး တောနင်းရှာပေတော့။ မြန်မြန်လုပ်"

"ဟုတ်ကဲ့ ... သူကြီး"

ကာလသားခေါင်းနှင့် မုဆိုးတို့ မီးတုတ်များ ထွန်းညှိပြီးတော့ ကျွန်ုပ်နှင့် ဇော်မင်းတို့ သေနတ်ကိုယ်စီဖြင့် လိုက်ခဲ့ကြသည်။ ရွာအား အပြင်မှပတ်၍ အရှေ့ဖျားမှ အနောက်ဖျား၊ အနောက်ဖျားမှ အရှေ့ဖျားသို့ ပိုက်စိပ်တိုက်ရှာသော်လည်း မတွေ့သဖြင့် သချိုင်းကုန်းတောင်ကုန်း အပေါ်နှင့် အောက်ခြေ၊ စမ်းချောင်း၊ ရိုးမအခြေအထိ အနှံ့ရှာသော်လည်း အရိပ်အယောင်မျှ မတွေ့ရ။ ကျော်စိန်ဝင်း ပျောက်တုန်းကလို သဲလွန်စပင် မကျန်ခဲ့။ ခြေရာ၊ လက်ရာလည်း မတွေ့ရ။ ကျွန်ုပ်တို့အဖွဲ့





ည (၁၀) နာရီခန့်မှ သူကြီးအိမ် ပြန်ရောက်သည်။ ညစာလည်း မစားရ ၍ အတော်ဆာနေကြပြီဖြစ်သည်။

ထူးဆန်းသည်မှာတော့ ယနေ့ည နေရာအနှံ့ တောတိုးကြသော်လည်း တောကောင်တစ်ကောင်တစ်မြီးမှ မတွေ့ရ။ တောကောင် အလွန်ပေါသော နေရာဒေသဖြစ်ပါလျက် ထူးဆန်းနေပြန်သည်။ ပို၍ ချမ်းသည်မှာ ယနေ့ည ပုစဉ်းကွဲသံနှင့် ပုရစ်သံများပင် တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်နေခြင်းဖြစ်သည်။

တောတိတ်ဆိတ်နေခြင်းမှာ ကောင်းသော လက္ခဏာတော့ မဟုတ်။ တောကောင်ကြီးကြီးမားမား ပတ်ဝန်းကျင်တွင်ရှိသော် တောတိတ်ဆိတ်နေတတ်သည်ကို ကျွန်ုပ်၏မုဆိုးအတွေ့အကြုံအရ သိပြီးဖြစ်သည်။

ထို့ကြောင့် အန္တရာယ်ရန် ရသည်ထင်၍ ရွာတွင်းသို့ ပြန်ဝင်ခဲ့ကြခြင်းဖြစ်သည်။ တောကောင်ကျားတော့ မဟုတ်တန်ရာ။ ယနေ့မနက်က ကျွန်ုပ်တို့ရွာအား အန္တရာယ်ပေးခဲ့သည့် ဟင်းမျိုးကြီးအား သုတ်သင်ရှင်းလင်းခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့ သူကြီးအိမ်တွင် ပြင်ဆင်ပေးသော ညစာကို စားကြသည်။ အဆာလွန်ပြီး ပင်ပန်းလွန်းသောကြောင့်လည်းကောင်း၊ စိတ်မကောင်းကြ၍လည်းကောင်း၊ ညစာကို ကောင်းစွာ မစားနိုင်ကြ။ ထိုညက သူကြီးအိမ်ပေါ်တွင် အောက်လင်းဓာတ်မီးကြီးထွန်း၍ စကား ဆိုင်ပြောကြရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားကြသည်။

မနက် (၈) နာရီခန့်မှ နိုးကြရာ အောက်ထပ်ဆင်း၍ မျက်နှာသစ်တော့ သူကြီးနှင့် သူကြီးကတော်က နတ်ဆရာပင့်၍ ကန်တော့များ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်နေသည်ကို တွေ့ရသည်။ အိမ်ခြေရင်းကွက်လပ်တွင် ထမင်းအိုး၊ ဟင်းအိုးကြီးများကလည်း မီးဖိုများပေါ်တွင် တန်းလန်း။ ချက်ပြုတ်သူများကတော့ အိမ်ဘေးတစ်ဖက်ရပ် အဖီကလေးအတွင်း၌ အတုံးအရုံး အိပ်ပျော်နေကြသည်။ မင်္ဂလာပွဲတော့ ပျက်ပြီထင်သည်။

သူကြီး . . .

"အရေးပိုင်မင်းတို့ . . . နိုးပြီလား။ ဟိုစားပွဲပေါ်မှာ မနက်စာ စီစဉ်ထားပါတယ်။ အတော်လည်း ပင်ပန်းသွားကြပြီနော်"

ကျွန်ုပ် . . .

"ရပါတယ် . . . သူကြီး၊ မိသားစုတွေဖြစ်နေတော့ သူ့အမှုကိုယ့်အမှု အတူတူပါပဲ။ ဒီနေ့ ဘာလုပ်ကြမလဲ"

သူကြီး . . .

"အရေးပိုင်မင်းတို့ ပင်ပန်းပြီပဲ ဒီနေ့နားကြပါ။ ကျုပ်တို့ပဲ နတ်ဆရာနဲ့ ကန်တော့ပွဲပေးပြီး ပိုင်ရာဆိုင်ရာထံက ပြန်တောင်းရတော့မှာပေါ့"

နတ်ဆရာ . . .

"ကျုပ်ပြောသားပဲ . . . သူကြီးရယ်၊ နှင်းနုက ရှာပုန်းကလာတဲ့ လူဝင်စားပါလို့။ မင်္ဂလာဆောင်လို့ မရဘူး။ စေ့စပ်ရုံ စေ့စပ်ပြီး မြို့ရောက်မှ လက်ထပ်တော့ ဒီဒေသနဲ့ အလှမ်းဝေးပြီး သူတို့ ခေါ်လို့မရတော့ဘူးပေါ့။ အခုတော့ ဒီမှာတင်လုပ်တော့ သူတို့ဒေသ သူတို့ခေါ်ချင်တဲ့အချိန် ခေါ်နိုင်တာပေါ့"

"နောက်ပြီး အမှားတွေ လုပ်မိကြသေးတယ်။ သချိုင်းကုန်းက သစ်ခွပန်းတွေ ခူးတာရယ်၊ နတ်ကျားကြီးကို ပစ်တာရယ်လေ။ သချိုင်း





ကုန်းနားက ဖန်ခါးပင်ကြီးလှဲတုန်းကလည်း ကျုပ် သူကြီးကို မပြောဘူးလား၊ ဒုက္ခရောက်လိမ့်မယ်လို့။ အခု အဲဒါတွေ အကုန်စုပြီး နှင်းနုခံရတာ"

ကျွန်ုပ် . . .

"ဒါတွေက တိုက်ဆိုင်မှုတွေပါ . . . နတ်ဆရာရယ် အစွဲအလမ်းထားရင် မှားမှာပေါ့"

သူကြီး . . .

"ဟုတ်တော့ဟုတ်တယ် . . . အရေးပိုင်မင်း၊ နတ်ဆရာက ကျုပ်ကို ကြိုတင်သတိပေးခဲ့ပါတယ်။ သမီးကိုပြောတော့ သမီးက ခေါင်းအရမ်းမာတယ်။ ငယ်ငယ်ကတည်းက တစ်ဖွတ်ထိုး လုပ်တတ်တယ်။ တစ်ဦးတည်းသော သမီးဆိုတော့ ကျုပ်တို့အလိုလိုက်ခဲ့တာ မှားတာပဲ"

ကျွန်ုပ် . . .

"သူကြီးတို့လည်း လုပ်စရာရှိတာလုပ်ပါ။ ကျွန်တော်တို့လည်း မနားပါဘူး။ ရှာမုဆိုးကို စံသိန်းတို့ကိုခေါ်ပြီး ကျွန်တော်တို့ မရှာရသေးဘဲ ကျန်နေတဲ့ ရွာအနောက်ဘက်တောင်ခြေကို သွားရှာကြဦးမယ်"

သူကြီး . . .

"အရေးပိုင်မင်း၊ အဲဒီဘက်မှာ ဆင်တွေရှိတယ်လေ။ အန္တရာယ်များပါတယ် မသွားပါနဲ့"

ကျွန်ုပ် . . .

"သွားမှဖြစ်မယ် . . . သူကြီး၊ အဲဒီတစ်နေရာပဲ ကျန်နေတာ၊ ကျွန်တော်တို့ ဆင်တွေကို မပစ်ပါဘူး။ ကျွန်တော်တို့ကို အန္တရာယ်ပြု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ခြောက်လှန့်ပစ်ရမှာပေါ့။ သစ်တောဥပဒေအရလည်း ဆင်တွေကို ပစ်ခွင့်မရှိပါဘူး။ ကျွန်တော်တို့က မနှင်းနုကို ရှာရုံတင်ပါ''

သူကြီး . . .

''သတိထားတော့ သွားကြပါ . . . အရေးပိုင်မင်း။ ဆင်တို့ကျားတို့ဆိုတာ တောဘုရင်တွေပါ။ တောထဲမှာ ကြောက်စရာအကောင်းဆုံး တိရစ္ဆာန်တွေပဲ။ ဝေးဝေးကနေ ရှောင်ပါ။ အငြိုးအတေးလည်း အလွန်ကြီးကြတယ်၊ သူတို့ကို ပစ်မိရင်တော့ ရွာကိုဝင်ဖျက်မှာ အသေအချာပါပဲ''

✿ ✿ ✿

## အခန်း (၉)

❑

ကျွန်ုပ်နှင့်ဖော်မင်း ရွာခံမုဆိုး စံသိန်းတို့အဖွဲ့အားခေါ်၍ ရွာအနောက်ဘက်သို့ ထွက်ခဲ့ကြသည်။

စံသိန်း . . .

''အရေးပိုင်မင်း . . . ကျွန်တော်တို့ တည့်တည့်သွားလို့တော့ ကောင်းဘူး။ ဆင်တွေနဲ့ ထိပ်တိုက်တိုးလိမ့်မယ်။ ဘေးကပတ်ပြီး ရိုးမပေါ်တက်မယ်။ အဲဒီကမှ သစ်ပင်မြင့်မြင့်ပေါ်တက်ပြီး ကြည့်ကြတာပေါ့။ ဆင်အုပ်အထဲမှာတော့ နှင်းနု ရှိမနေနိုင်ပါဘူး''

ကျွန်ုပ် . . .

''ကိုစံသိန်းအစီအစဉ် ကောင်းပါတယ်။ အဝေးက ကြည့်ကြတာပေါ့။ ကျွန်တော်တို့လည်း ဆင်တွေကို အနှောင့်အယှက် မပေးချင်ဘူး။ လိုရမည်ရ ကြည့်ကြမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အနောက်ရိုးမတောင်ခြေကို ခပ်လှမ်းလှမ်းမှ ပတ်၍ သွားကြသည်။ မကြာမီ ဆင်အော်သံများကို ကြားလာရသည်။ အတော်ဝေးဝေးမှဖြစ်သည်။

"အူး ... ဝူး ... ဝူး"

တောင်ခြေရောက်တော့ စိမ့်စမ်းများကိုဖြတ်၍ တောင်ပေါ်တက်ကြသည်။ ဤနေရာမှာ စိမ့်စမ်းပေါသဖြင့် စားပင်သီးပင်များအစုံရှိသဖြင့် ဆင်များ ခိုအောင်းနေခြင်းဖြစ်ပေမည်။ ရိုးမအခြေနှင့် ရွာမှာ အတော်လှမ်းသည်။ တောစိုမှာလည်း အတော်ကျယ်ပြန့်သည်။ စမ်းချောင်းကမ်းဘေးတစ်လျှောက် ကြိမ်ရုံ၊ ဝါးရုံနှင့် တောငှက်ပျောရုံများ ပေါများလှသည်။

ဆင်များကြိုက်သော အစာများဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ ခြေသံလုံလုံနှင့် စကားမပြောကြဘဲ လေအောက်ကိုရွေး၍ တောင်ခြေမှ တောင်ပေါ်သို့ တက်ကြသည်။ လူသူအရောက်အပေါက် ရှိဟန်မတူ၍ မုဆိုးလမ်းပင်မရှိ။ လမ်းထွင်၍ တောတိုးရသည်။

တောင်ထိပ်ပေါ်ရောက်မှ ခေတ္တနား၍ အမောအပန်းဖြေကြသည်။ ထိုစဉ် မုဆိုးစံသိန်းက တောင်စောင်းတွင်ပေါ်နေသည့် ကညင်ဖြူပင်ကြီးကို ညွှန်ပြပြီး ပင်စည်အား အပိုပါလာသည့် ပုဆိုးပတ်ပြီး တရွေ့ရွေ့ တက်တော့သည်။ ကိုင်းဆုံရောက်တော့ ခေတ္တနားပြီး ဆင်အုပ်ရှိရာသို့ ကြည့်သည်။ မသဲကွဲသေးဟန်ဖြင့် လက်ခါပြပြီး ကိုင်းများသို့ ဆက်တက်သည်။ ကညင်ဖြူပင်ကြီးမှာ ပင်ခြေမှ ကိုင်းဖျားအထိ ပေ ၂၀၀ ကျော်ခန့်မြင့်ပေမည်။

စံသိန်းက ကိုင်းဖျားမှကြည့်၍ ခေါင်းညိတ်ပြပြီး လက်ခါပြ





သည်။ ဆင်များကိုမြင်ရပြီး နှင်းနုအား မတွေ့ရဟု ဆိုဟန်ရှိသည်။ ထို့နောက် တရွေ့ရွေ့ ပြန်ဆင်းလာသည်။

စံသိန်း ...

"အရေးပိုင်မင်း ... ဆင်တွေက အကောင် (၂၀)လောက်ရှိတယ်။ စွယ်စုံဆင်ကြီးတစ်ကောင်လည်းပါတယ်။ ကျုပ်တာ ဆင်မတွေ့ဖြစ်မယ်။ နှင်းနုအရိပ်အခြည်တော့ မတွေ့ရပါဘူး"

ကျွန်ုပ် ...

"အင်း ... ရှင်းသွားတာပေါ့ဗျာ။ ဒီတစ်နေရာပဲ ရှာစရာရှိတော့တာ။ ကဲ ... ပြန်ကြစို့"

ကျွန်ုပ်တို့ အလာလမ်းအတိုင်း ပြန်ခဲ့ကြသည်။ လမ်းတွင် သစ်စရာ ဘာကောင်မှမတွေ့၊ တွေ့လျှင်လည်း ပစ်ခွင့်သာမည်မဟုတ်။ ဆင်အုပ်နှင့်နီး၍ ဆင်များအား မလန့်စေလိုပါ။ အန္တရာယ်နှင့်ကြုံမှ ပစ်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်ထားကြသည်။

အပြန်လမ်းကြောသိ၍ မြန်ပါသည်။ ကျွန်ုပ်တို့ ရွာပြန်ရောက်တော့ နေ့လယ် ၁၂ နာရီခန့်ရှိပြီဖြစ်သည်။ ခေတ္တနား ရေချိုးကြပြီး နေ့လယ် ထမင်းစားကြသည်။ ထမင်းဝိုင်းတွင် နှင်းနုမရှိ၍ ဟာတာတာ ဖြစ်နေသည်။ စကားပင် မပြောမိကြပါ။

ထမင်းစားပြီး လက်ဖက်ရည်ကြမ်းဝိုင်းကျမှ စကားပြောဖြစ်ကြသည်။

သူကြီး ...

"အရေးပိုင်မင်းတို့ ဘာထူးခြားတာ တွေ့သေးသလဲ"

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူး . . . သူကြီး၊ ဆင်တွေပဲ တွေ့ခဲ့တာပါ။ သူတို့လည်း အေးအေးဆေးဆေးပါပဲ။ ကျွန်တော်တို့လည်း အနှောင့်အယှက်မပေးခဲ့ပါဘူး။ သူကြီးတို့ဘက်ကရော ဘာထူးသေးသလဲ"

"ကျုပ်တို့ဘက်ကလည်း မထူးပါဘူး။ နှင်းနုပျောက်သွားတဲ့ အိမ်အနောက်ဘက်မှာ ကန်တော့ပွဲပေးပြီး တောင်းပန်တာပါပဲ။ နတ်ဆရာကတော့ပြောတယ်၊ တစ်ပါတ်လောက်တောင်းကြည့်ပြီး ပြန်မလာရင်တော့ မရတော့ဘူးတဲ့"

ကျွန်ုပ် . . .

"ဒါနဲ့ သူကြီး ထမင်းတွေ၊ ဟင်းတွေရော ဘာလုပ်ထားလဲ"

"ရွာကို အိမ်တိုင်းစေ့ ဝေလိုက်ပါပြီ . . . အရေးပိုင်မင်း၊ နှင်းနုအတွက် အလှူလုပ်တာလို့ပဲ မှတ်ရတော့မှာပေါ့"

ကျော်စိန်ဝင်း . . .

"ဒါကြောင့် ကျွန်တော် ရွာပုန်းကြီးကိုရောက်တော့ သူကြီးသမီး မြခက်က နှင်းနုနဲ့ ချွတ်စွတ်တူနေတာ။ သူတို့ ညီအစ်မတွေများ ဖြစ်နေမလား မသိဘူး"

ထိုအခိုက် အိမ်အပေါ်ထပ်မှ သူကြီးကတော်၏ ငိုသံကြား သည်။

"ခြော် . . . သမီးနှင်းနုရဲ့ အမြတ်တမ်းဝတ်ထားတဲ့ ဆွဲကြိုးကလေးကိုတော့ ထားခဲ့သလား။ အမေတို့ ဘယ်လို ဖြေရမှာလဲကွယ်၊ မောင်ဖော်မင်းကို ဘယ်လိုပြောရမှာလဲ"

"အီး . . . ဟီး . . . ဟီး . . ."

ကျွန်ုပ်တို့ သူကြီးကတော်ငိုသံကြောင့် အိမ်အပေါ်ထပ် အပြေးတက်ကြသည်။ အပေါ်ထပ် နှင်းနု၏အိပ်ခန်းတွင် သူကြီးကတော်





ရွှေဆွဲကြိုးကလေးတစ်ခုကို ကိုင်၍ ငိုနေသည်။ နှင်းနုကို စမြင်ကတည်းက ဆွဲထားသော ရွှေကြိုးလေးဖြစ်သည်။ လောကက်ပြား အဝိုင်းကလေးတွင် မြန်မာလို နှင်းနုဟု ထိုးထားသည်။

ကျွန်ုပ် . . .

"အဒေါ် . . . မနှင်းနုက ဒီဆွဲကြိုးကလေးကို အမြဲတမ်းဝတ်ထားတာမဟုတ်လား၊ ဘာကြောင့် ချွတ်ထားခဲ့တာလဲ"

သူကြီးကတော် . . .

"သမီးက ရေချိုးခါနီးရင်တော့ ချွတ်ထားလေ့ရှိတယ်ကွယ်။ အခြားအချိန်မှာတော့ အမြဲတမ်း ဝတ်ထားတတ်တယ်"

ကျွန်ုပ် . . .

"ရေက ဘယ်မှာချိုးတာလဲ"

"ရေချိုးတာက အိမ်ဘေးတွင်ပါ။ အရေးပိုင်မင်းတို့ချိုးတဲ့ နေရာပဲ။ ရာဝင်အိုးကြီးတွေ တန်းစီချထားတယ်လေ။ ရေခပ်တာတော့ နောက်ဖေးက ရေတွင်းမှာ ခပ်ရတာပါ။ ရေလည်း ခပ်စရာမလိုပါဘူး။ အလှူလုပ်မယ်ဆိုလို့ ရွာသားတွေ ခပ်ထည့်ထားတာ။ စဉ့်အိုးတွေ အပြည့် ပဲ"

ကျွန်ုပ်တို့ အိမ်အောက်ဆင်း၍ သဲလွန်စ ရှာကြပြန်သည်။ ရေအိုးကြီးများ အနီးတွင် ဘာမျှမတွေ့ရ။ တစ်ခါ ရေတွင်းဘက် သွားကြည့်ပြန်ရာ ရေငင်ပုံးကို စက်သီးချိတ်၍ ကြိုးတန်းလန်းနှင့် ရေတွင်းဘောင်ပေါ်တင်ထားသည်ကိုသာ တွေ့ရသည်။ ရေငင်ခြင်း မပြုရသေးသဖြင့် ရေပုံးထဲ၌ ရေမရှိပါ၊ ထို့ကြောင့် နှင်းနု ရေခပ်ခြင်းပြုသည်မှာ မဟုတ်နိုင်။ ရေတွင်းထဲသို့ ကြည့်တော့လည်း ဘာမျှမတွေ့။ တွင်းအောက်ခြေနားတွင် ရေများ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အိမ်ပေါ်ထပ်သို့ စိတ်မကောင်းစွာဖြင့် ပြန်ခဲ့ကြသည်။ အိပ်ရာများပေါ်တွင် ကိုယ်စီလှဲ၍ နှုတ်ဆိတ်နေကြသည်။ တောအု ဖော်မင်းမှာ အတော်ခံစားရပုံပေါ်သည်။ အိပ်ရာပေါ်၌ တလူးလူး တလ လိမ့် ဖြစ်နေရှာသည်။

ညဦးပိုင်းရောက်တော့ ပိုဆိုးသည်။ သတင်းမေးလာသူများ ညှော်ခံရင်းဖြင့် သူကြီးအိမ်ကြီးမှာ အသုဘအိမ်ကြီးကဲ့သို့ ဖြစ်နေ သည်။ သူကြီးကတော်ကတော့ သတင်းလာမေးသူရောက်တိုင်း ငို သာ နေတော့သည်။ နှင်းနု၏ သူငယ်ချင်းအပေါင်းအသင်း မိန်းမပျိုလေ များလာလျှင်တော့ ငို၍မဆုံးတော့ပါ။

သို့နှင့် ကျွန်ုပ်တို့အဖွဲ့မှာ တစ်ပတ်ပြည့်အောင် စောင့်ရ သူကြီးအိမ်တွင် သောင်တင်နေတော့သည်။ တပည့်ကျော် အောင်ဘု ကျော်စိန်ဝင်း၊ မုဆိုးစံသိန်းတို့က အလိုက်တသိ ချက်ပြုတ်ပေး၍ ကောင်းကောင်းစားနေရသည်။ သူကြီးကတော်ကြီးက မီးဖိုချောင် လုံးဝမဝင်တော့။ မီးဖိုချောင်တွင် နှင်းနုလက်၊ နှင်းနုခြေဖြင့် ချက်ပြု နေတတ်သည်ကို မြင်ယောင်နေသဖြင့် မဖြေဆည်နိုင်သောကြောင့် သည်ဟုဆိုသည်။

တစ်ဦးတည်းသမီး မင်္ဂလာဆောင်ခါနီး ပျောက်သွားရခြင်း မိဘများ ရင်ကျိုးမည်ဆိုလျှင်လည်း ရင်ကျိုးလောက်ပေသည်။ သားသ ချင်း ကိုယ်ချင်းစာ၍ အိမ်ထောင်ရှင်ဖြစ်သူ ကျွန်ုပ်လည်း အလွန်အ ခံစားရပါသည်။ ငွေနှင့်ဝယ်၍ရသောကိစ္စလည်း မဟုတ်သဖြင့် ကျွ လက်မှိုင်ချကာ နေရတော့သည်။

(၇) ရက်ပြည့်သော မနက်ခင်းတွင် သူကြီးနှင့် နုတ်ဆ ကာလသားများကတစ်ဖွဲ့ ကျွန်ုပ်နှင့် ဖော်မင်း၊ ရှာခံမုဆိုးစံသိန်းတို့





တစ်ဖွဲ့ နေရာအနှံ့ လိုက်ရှာကြပြန်သည်။ မနှင်းနု၏ အရိပ်အယောင်ကို မတွေ့ရုံတင်မက တောကောင် တစ်ကောင်တစ်မြီးပင် မတွေ့ရ။ အလွန် တစ်ရာပေါ်သော တောဝက်အသံပင် မကြားရ။ တောမှာ အငြိမ်သက် ကြီး ငြိမ်သက်နေသည်။

ကျွန်ုပ် ...

"ကိုစံသိန်းရေ ... ဘယ်လိုဖြစ်တာလဲကွ။ တောက ငြိမ်လှ ချည်လား"

"ဟုတ်တယ် ဆရာ။ တောငြိမ်နေတာ အံ့သြစရာပဲ။ ကျွန် တော့်အတွေ့အကြုံအရတော့ တောငြိမ်တာမကောင်းဘူး ... အရေး မိုင်မင်း"

"အေး ... ငါလည်း ကြုံဖူးတယ်။ တောငြိမ်တာ တောကောင် ကြီးကြီး တောထဲရောက်နေရင် ဖြစ်တတ်တယ်။ ဆင်တွေက နဂိုကတည်း က ရှိပြီးသားဆိုတော့ ဆင်တော့မဖြစ်နိုင်ဘူး။ ဆင်မဟုတ် ဘာလဲ၊ တင်းမျိုးကြီးတစ်ကောင်ကောင်များ ရောက်နေရော့လား"

စံသိန်း ...

"ဟင်းမျိုးတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဆရာတို့ပစ်လို့ ဟင်း မျိုးကြီးက ကြွသွားပြီပဲ။ ကျွန်တော်တို့တောင် ဗန်းမောက်တက်ရောင်း မှာပြီလေ"

ကျွန်ုပ်တို့အဖွဲ့ သတိထား၍ ရွာပတ်ဝန်းကျင်အနှံ့ ပတ်၍ရှာ ကြသည်။ သို့သော် တောကောင်ဟင်းမျိုး၏ ခြေရာကိုပင် မတွေ့ရ။ ဆင်အော်သံလည်း မကြားကြရ။ တောမှာ ငြိမ်သက်ပြီး ထူးဆန်းနေ ပြန်သည်။ မနက်ခင်း အစာရှာကြသည့် ကြက်ငှက်ကလေးများ အော်မြည် သံလည်း ပျောက်ကွယ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"ကဲ ... ပြန်ကြရအောင်ကွာ။ ငါ့စိတ်ထဲမှာ မသိုးမသန့် နောက်ကျောမလုံသလိုပဲ"

ဇော်မင်း ...

"ဟုတ်တယ် ဆရာ။ တောငြိမ်နေတာ စိတ်ထဲ တစ်မျိုးကြီးပဲ ပြန်ကြရအောင်"

မှဆိုးစံသိန်း ...

"ကျွန်တော်တို့ရွာကလည်း ထူးဆန်းပါ့ဗျာ။ တော်ကြာတစ် မျိုး၊ တော်ကြာတစ်မျိုး မရိုးနိုင်အောင် တစ်ခုခုတော့ ဖြစ်နေတာပဲ စုန်းပူးလိုက် နတ်ပူးလိုက်ကလည်း ရှိသေး။ ဘာဖြစ်မှန်းမသိပေါင်ဗျာ"

ကျွန်ုပ် ...

"တောထဲ တောင်ထဲ ရွာတည်ထားတော့ ဒီလိုပဲပေါ့ကွာ။ တော တောင်ဆိုတာ အလွန်ဆန်းကြယ်တာ။ ဒါနဲ့ မင်းတို့ရွာမှာ ငှက်ဖျား ရောဂါတို့ ဘာတို့ဆို မဖြစ်ကြဘူးလား"

မှဆိုးစံသိန်း ...

"အဲဒါတော့ မဖြစ်ဘူးဆရာ။ ကျွန်တော်တို့မှာ ဆေးရှိတယ်"

ကျွန်ုပ် ...

"ဘာဆေးလည်းကွ သဘာဝ၊ သစ်ဥ၊ သစ်ဖု သစ်ရွက်လား"

မှဆိုးစံသိန်း ...

"မဟုတ်ဘူး ဆရာ။ ဆေးက မြေကြီးခဲပါ။ ရွာကနေ အဝေး ထွက်သွားပြီး ပြန်လာရင် ကိုယ့်ဒေသ ကိုယ့်ရွာက မြေကြီးခဲကို နည်း နည်းစားပေးရတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ ဘိုးဘွားစဉ်ဆက်က ရိုးရာ နည်းပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့ရွာမှာ ငှက်ဖျားမဖြစ်ကြပါဘူး"





ကျွန်ုပ် ...

"အကယ်၍ ငှက်ဖျားဖြစ်ရင်ကော ဘာဆေးနဲ့ကုသသလဲ"

မှဆိုးစံသိန်း ...

"တကယ်လို့ ငှက်ဖျားဖြစ်ရင်တော့ အိမ်အနောက်ဘက်ကို သွားပြီး မတ်ရပ် ကိုယ့်လက်ခုပ်ထဲကို အပေါ့စွန့်ရတယ်။ ပြီးတော့ သုံး ကြိမ်တိတိ ရှိုက်ရှူပြီး စွန့်ပစ်ရတယ်။ ပျောက်တာပါပဲဆရာ"

ကျွန်ုပ် ...

"မင်းတို့ဆေးနည်းတွေကလည်း ထူးဆန်းလှချည်လား။ တစ် ရွာလုံး ယောကျ်ား၊ မိန်းမ ဒီနည်းပဲ သုံးတာပဲလား"

မှဆိုးစံသိန်း ...

"ဟုတ်ပါတယ် ဆရာ။ ဒီနည်းကိုပဲ သုံးကြပါတယ်။ ဒါကြောင့် လည်း ကျွန်တော်တို့ရွာမှာ အဖိတ်အစင်နည်းပါတယ်။ ဒီနည်းကလည်း အရင်တုန်းက ရွာမှာရှိခဲ့ဖူးတဲ့ ရှမ်းဆရာကြီးနည်းလို့ သိရပါတယ်"

စကားတပြောပြောနှင့် ကျွန်ုပ်တို့အဖွဲ့ ရွာထဲပြန်ဝင်လာကြ ရာ သူကြီးအိမ်ရှေ့တွင် လူစုရုံးနေသည်ကို တွေ့ရပြီး အိမ်အပေါ်တက် လိုက်သည်နှင့် မိန်းမအသံဖြင့် ငိုပြီးပြောနေသော နတ်ဆရာကို တွေ့ရ သည်။ လေသံမှာ မနှင်းနု၏လေသံဖြစ်သည်။ ကျွန်ုပ်တို့အထဲမှ ဇော်မင်း ကို တွေ့သည်နှင့် ...

"အစ်ကို ... နှင်းနု ရွာဟောင်းကို ပြန်ရတာပါ။ အစ်ကို့ အတွက် အလွမ်းပြေ နှင်းနုဆွဲနေကျ လည်ဆွဲကလေးကို ထားခဲ့ပါတယ်။ အစ်ကို အမှတ်တရသိမ်းထားပါ။ တစ်နေ့ အစ်ကိုနဲ့ပြန်ဆုံရအောင် နှင်းနု ကြိုးစားပါ့မယ်။ လိုက်ရှာမနေပါနဲ့တော့။ ရှာလို့လည်း တွေ့မှာမဟုတ်ပါ ဘူး။ အစ်ကို စိတ်လျှော့လိုက်ပါတော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျွန်ုပ်တို့ ရင်ဆိုင်သွားမိသည်။ ကာယကံရှင် ဖော်မင်းကတော့ ယောကျ်ားတန်မဲ့ ချုံးပွဲချ၍ ငိုတော့သည်။ ထိုစဉ် သူကြီးကတော်ကြီးက နှင်းနုအခန်းထဲဝင်၍ ရွှေဆွဲကြိုးကလေးအား ဖော်မင်း၏လက်သို့ အပ်ရင်း ...

"သားရယ် ... မင်းအတွက် မင်းနုမက ပေးခဲ့တဲ့ပစ္စည်းပါ။ မင်း သိမ်းထားပါ"

ဖော်မင်းမှာ ရွှေကြိုးကလေးကို မြတ်နိုးစွာယူရင်း သူ၏ ဘယ်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ကျောက်စိမ်းလက်စွပ် ကလေးအား ချွတ်၍ ...

"အမေ ... တကယ်လို့ နှင်းနုပြန်လာရင်လည်း ဒီလက်စွပ်ကလေးကို ပေးလိုက်ပြီး ကျွန်တော်နဲ့ ဆက်သွယ်ပါ။ ဘယ်လောက်ကြာကြာ ကျွန်တော်စောင့်နေပါ့မယ်လို့ ပြောပေးပါ"

သမက်နှင့် ယောက္ခမ ငြိုငြင်တွင်ငိုကြပြန်သည်။ သူကြီးကတော့ အံကြိတ်ပြီး အောင့်အီးမျိုသိပ်နေပုံရသည်။

လူစုကွဲသွားတော့ ကျွန်ုပ်တို့အား တပည့်ကျော် အောင်ဘုက နေ့လယ်စာ ပြင်ဆင်ကျွေးမွေးသည်။ စိတ်မကောင်းကြလွန်း၍ ဟုတ်တိပတ်တိ မစားနိုင်ကြ။ ထိုစဉ် ကားသံကြားရပြီး မကြာမီ မော်တော်ယာဉ်မှူး ဦးလှသောင်းတို့အဖွဲ့ ရောက်လာကြသည်။

ဦးလှသောင်း ...

"ဆရာတို့ အခြေအနေ ဘာထူးသေးလဲ။ ဗန်းမော်က ကြေးနန်းဝင်လာလို့ ကျွန်တော်လိုက်လာတာ"

ကျွန်ုပ် ...





"ဒီမှာတော့ မနှင်းနုပျောက်နေတာ ရှာမတွေ့တော့ (၇)ရက်ရှိပြီ။ ဒါနဲ့ဗန်းမော်က ကြေးနန်းက ဘာသတင်းထူးလို့လဲ ... ဦးလှသောင်း"

ဦးလှသောင်း ...

"ကသာဘက်မှာ သစ်ခိုးသမားတွေ သောင်းကျန်းနေလို့တဲ့ လက်နက်တွေလည်း ပါဆိုပဲ။ အဲဒါ အရေးပိုင်မင်းတို့အဖွဲ့ အမြန်ပြန်လာဖို့ အကြောင်းကြားတာ"

ကျွန်ုပ် ...

"အင်း ... ဒီမှာလည်း ပြဿနာက ပြီးဆုံးပါပြီ။ တာဝန်အရဆိုတော့လည်း သွားရပေမပေါ့လေ"

"ကဲ ... သူကြီးနဲ့ သူကြီးကတော် ကျွန်တော်တို့ ပြန်ပါဦးမယ်။ အကြောင်းထူးရင်တော့ ဖန်ခါးကုန်းစခန်းက မော်တော်ယာဉ်မှူး ဦးလှသောင်းကို အကြောင်းကြားပါ။ သူကတစ်ဆင့် ကျွန်တော်တို့ကို ဆက်သွယ်ပါလိမ့်မယ်"

ထိုစဉ် တောအုပ်ဖော်မင်းက သူကြီးနှင့် သူကြီးကတော်အပြင် ကျွန်ုပ်ကိုပါ လက်အုပ်ချီ၍ ရှိခိုးရှာသည်။ ကျွန်ုပ်တို့ကလည်း အသီးသီး ဆုပေးကြသည်။ ကျွန်ုပ်တို့အပြန်တွင် တစ်ရွာလုံးက ကားဆီသို့ လိုက်ပို့ကြသည်။ ဤအပြန်ခရီးမှာ မောင်ဖော်မင်းနှင့် မနှင်းနုတို့၏ ပျားရည်ဆမ်းခရီးဖြစ်သင့်သည်။ ယခုတော့ ...

ကျွန်ုပ်တို့တစ်ရွာလုံးအား လက်ပြနှုတ်ဆက်၍ 'ကားကြီးခေါင်းဆောင်ရာသို့ လိုက်ခဲ့ကြသည်။ ချစ်ခင်ကြိုကြွဲ မတည်မြဲသော ဇာတ်ကကြီးကိုလည်း စဉ်းစားမိ၍ တရားကျမိသည်။ တောအုပ်ဖော်မင်းကတော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပြူးကြီးကို ပိုက်၍ ငူငူငိုင်ငိုင်နှင့် တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာသည်။ ကျွန်ုပ်လည်း အလိုက်သိစွာဖြင့် သူ့အား အနှောင့်အယှက်မပေးတော့ပါ။

ကျွန်ုပ်တို့အဖွဲ့ ဖန်ခါးကုန်းစခန်းတွင် ခေတ္တနားရင်း မော်တော်ယာဉ်မှူး ဦးလှသောင်းနှင့် တောအုပ်ဦးခင်မောင်တို့ တည်ခင်းသော ကော်ဖီနှင့် မုန့်များကို စားကြသည်။ ပိန္နဲကုန်းရွာတွင် စိတ်မကောင်းခြင်းကြောင့် ထမင်းမစားနိုင်ကြ၍ ယခုမှ ဆာခြင်းဖြစ်သည်။ နယ်မြေဒေသပြောင်းပြီး အလုပ်တာဝန်များကို ထမ်းဆောင်ကြရတော့မည်ဖြစ်၍ တောအုပ်ဇော်မင်းတစ်ယောက် စိတ်ပြေပျောက်နိုင်ပါစေဟုသာ ကျွန်ုပ် ဆုတောင်းနေရပေသည်။

✿ ✿ ✿

## အခန်း [၁၀]

❑

ကျွန်ုပ်တို့အဖွဲ့ ပစ္စည်းများသိမ်းဆည်း၍ စစ်ဆေးပြီး ခရီးထွက်ပြင်ဆင်နေကြစဉ် …

မော်တော်ယာဉ်မှူး ဦးလှသောင်း …

"ဆရာ … ဒုက္ခပေးတဲ့ သစ်ကားကြီးကတော့ ဖန်ခါးသားဇင့်တုံး (ဆင့်တုံး) တွေဖြုတ်ပြီး သူ့နေရာ ပြန်ထားပြီးတာနဲ့ ငြိမ်သွားပါတယ်။ ညဘက်လည်း စက်မနှိုးတော့ပါဘူး။ အခု ကျွန်တော် ဖန်ခါးသားတွေအစား တောင်ပိန္နဲသားနဲ့ ဇင်တုံးတွေ လဲပြီးပါပြီ။ အလုပ်တာဝန်ဝင်ရအောင် ဆရာထောက်ချထားခဲ့တဲ့အမိန့် ပြန်ရုပ်သိမ်းပေးပါဦး။ ကားတစ်စီးလျော့တာနဲ့ အလုပ်တာဝန် အလွန်လစ်ဟင်းပါတယ်ခင်ဗျား"

ကျွန်ုပ် …

"ဦးလှသောင်း … အခုလုပ်ထားတဲ့ တောင်ပိန္နဲသားကရော ဘယ်ကရတာလဲ။ ပိန္နဲသွားကရော ဇင်တုံးလုပ်ဖို့ ကောင်းရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှသောင်း …

"တောင်ပိန္နဲသားက သစ်ရာပင်စခန်းဝင်းထဲက ရတာပါဆရာ။ သစ်ခုတ်ဖို့ တံဆိပ်ရိုက်ပြီးသား ကျွန်တော်တို့ ကြိုးဝိုင်းထဲကပါ။ အပတောက မဟုတ်ပါဘူး။ အသုံးပြုခွင့်လည်း ကျွန်တော် ဗန်းမောက်သစ်တောရုံးကို တင်ပြီးမှ လိုအပ်သလို ခွဲစိတ်အသုံးပြုတာပါ။

ပိန္နဲသားကလည်း ပျဉ်းတွဲတွဲမို့ အထိအခိုက်ခံပါတယ်။ ဖင်တုံးလုပ်လို့ ကောင်းပါတယ်။ သားရေလုပ်ငန်းတွေမှာ ပိန္နဲသားကို 'စဉ်းတီတုံး' လုပ်သုံးကြတာ များတယ်။ သူက မဆတ်ဘူးဆရာ၊ မာလည်း မမာဘူး။ အလေးအပင် အထိအခိုက်ခံပါတယ်"

ကျွန်ုပ်တို့ ကားကြီးအား သွားရောက်ကြည့်ရှုရာ ဝါထိန်နေသော ပိန္နဲသားများအား ကားနောက်ဖရိမ်တန်းပေါ်တွင် ဖင်တုံး(ဆင်တုံး) လုပ်၍ သေသပ်စွာ တပ်ဆင်ထားသည်ကို တွေ့ရသည်။

ကျွန်ုပ် …

"ဒီကားကြီးမောင်းမဲ့ဒရိုင်ဘာရော ရပြီလား … ဦးလှသောင်း"

ဦးလှသောင်း …

"ဗန်းမောက်ကို သတင်းပို့ထားပါတယ်။ ဒီအပတ်အတွင်း ရမှာပါ"

ကျွန်ုပ် …

"ဒါဆိုရင်လည်း ကျွန်တော့်အမိန့်နဲ့ ထောင်ချထားတဲ့ ဒီကားကြီးကို အပြစ်ကလွှတ်ပြီး လုပ်ငန်းသုံးခွင့်ပြုပါတယ်။ ဂရုတစိုက်တော့ သုံးကြဗျို့။ ဒရိုင်ဘာအသစ်ရောက်ရင်လည်း ဘရိတ်နဲ့မီးတွေ ကောင်းမကောင်း အသေအချာ ပြင်ဆင်စစ်ဆေးပြီးမှ အပ်ပါ။ နောက်တစ်ခါ ပြဿနာဖြစ်တာမျိုး မကြားချင်ဘူးဗျာ … နော် … ဦးလှသောင်း"





"စိတ်ချပါ ဆရာ။ အားလုံးပြင်ဆင်ပြီး ကျွန်တော်ကိုယ်တိုင် မောင်းကြည့်ပြီးပါပြီ။ ကားကြီးက အင်ဂျင်လည်း အလွန်ကောင်းပါတယ်။ အခုလည်း ကြံ့ခိုင်ရေးလုပ်ထားတော့ လုပ်ငန်းသုံးဖို့ အသင့်ပါပဲဆရာ"

ကျွန်ုပ် …

"ကဲ … စိတ်ချပါပြီဗျာ။ ကျွန်တော်တို့ကိုသာ ဗန်းမောက် ဆိုက်ပို့ပါတော့။ ဟိုမှာ တစ်ညတာ သက်သောင့်သက်သာနားကြပြီး နက်ဖြန်မနက်မှ ကသာကိုခရီးထွက်တော့မယ် ပိန္နဲကုန်းရွာက မနှင်းနုသတင်းထူးရင်လည်း ကြေးနန်းနဲ့ အရေးပေါ် လှမ်းဆက်သွယ်လိုက်ပါနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါခင်ဗျား"

ကျွန်ုပ်တို့ သစ်ကားကြီးဖြင့် ဖန်ခါးကုန်းစခန်းမှ ဗန်းမောက်သို့ ညနေ (၂) နာရီခန့်တွင် ထွက်ခွာလာခဲ့ကြရာ ဗန်းမောက်မြို့သို့ ညနေမှောင်စပြုချိန် ည (၇)နာရီခန့်တွင် ရောက်သည်။ ဗန်းမောက် ဘိုတဲတွင် တည်းခိုကြပြီး ဗန်းမောက်သစ်တောစခန်းမှ ကျွေးသည့်ညစာအား စားကြပြီး အနားယူကြသည်။

သစ်တောစခန်းနှင့် ဘိုတဲမှာ နီးသော်လည်း မြို့နှင့် အတန်ငယ်လှမ်းသည်။ မြို့စွန်ဖြစ်သော်လည်း တောတွင်းစခန်း မဟုတ်သဖြင့် တောကောင်အန္တရာယ်မရှိဘဲ စိတ်အေးလက်အေး အနားယူနိုင်ပါသည်။

ဘိုတဲကြီးမှာ သစ်ကောင်းဝါးကောင်းနှင့် ဆောက်လုပ်ထားပြီး သက်တမ်းရင့်သော်လည်း ခိုင်ခန့်တောင့်တင်းပါသည်။ ရေနံချေးဝသဖြင့် အိမ်ကြီးတော့ဖြစ်နေသည်။ အင်္ဂလိပ်ခေတ်က လုပ်ထားခဲ့သော ဧည့်ခန်းတွင် ဆွဲသည့်ယပ်ကြီးမှာ ယခုအထိ ရှိနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိန္နဲကုန်းရွာတွင် ရှိနေစဉ်က အိပ်ပျက်ညပေါင်းများခဲ့သဖြင့် ညက နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ရာ မနက်(၆)နာရီမှ နိုးတော့သည်။ ဗန်းမောက်စခန်းမှ သစ်တောအုပ်ကြီးဦးလှသောင်း၏ မနက်စာ ရှမ်းခေါက်ဆွဲနှင့် လက်ဖက်ရည်အား သောက်ကြပြီး မနက်(၇)နာရီခန့်တွင် သစ်တောဌာနသုံး ဝီလီဂျစ်ကားလေးဖြင့် ကျွန်ုပ်တို့အဖွဲ့ ဗန်းမောက်မှ ကသာသို့ ခရီးထွက်ခဲ့ပါသည်။ ကျောက်ခင်းလမ်းဖြစ်၍ တောတွင်းမြေလမ်းထက် ကောင်းပါသည်။ ကားငယ်ဖြစ်၍လည်း သစ်ထုတ်ကားကြီးထက် သက်သောင့်သက်သာ စီးနိုင်ပါသည်။

လမ်းတွင် နန်းကျင်ရွာ၌ ခေတ္တနားကြပြီး နေ့လယ်စာ စားကြသည်။ တစ်လျှောက်လုံး တောကောင်သားများ စားခဲ့ကြပြီး ရွာလက်ရာ စားရတော့လည်း ခရီးပန်းသဖြင့် ထမင်းမြိန်ပါသည်။ ခရီးသွားနေရ၍ ထင်ပါသည်။ တောအုပ်ဖော်မင်းမျက်နှာ ကြည်လင်လာသည်။ တပည့်ကျော် အောင်ဘုနှင့် ကျော်စိန်ဝင်းတို့ကတော့ ခရီးထွက်ရသဖြင့် ပျော်ရွှင်နေကြသည်။

ကျွန်ုပ်တို့အဖွဲ့ ကသာမြို့(အနောက်ဘက်)သို့ ညနေ (၆)နာရီခန့်တွင် ရောက်သည်။ ဧရာဝတီမြစ်ကမ်းဘေးရှိ သစ်တောဌာနဘိုတဲတွင် တည်းခိုကြသည်။ ကသာသစ်တောအုပ်ကြီးက တည်ခင်းသော ညစာကို ဘိုတဲရှေ့ လသာဆောင်ပေါ်တွင် စားကြသောက်ကြရင်း ဧရာဝတီမြစ်ကြီးအား ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးကလေးကို ခံစားရင်း အပန်းဖြေရသည်။

ကသာမြို့မှာ ဧရာဝတီမြစ်ကြီးက ခြားထားသဖြင့် အနောက်ကသာနှင့် အရှေ့ကသာဟု ခွဲခြားနေသည်။ ကသာရှိ ယင်းခဲကြိုးဝိုင်း





မှာ ကမ္ဘာကျော်ဖြစ်သည်။ အဖိုးတန် သစ်မာမျိုးစုံထွက်သည်။ ယခု အဖိုးတန်သစ်မာများအား လက်နက်ကိုင်သစ်ခိုးသမားများက ခိုးထုတ်နေကြကြောင်း သတင်းရရှိသဖြင့် ကျွန်ုပ်တို့အဖွဲ့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ဤယင်းခဲ ကြိုးဝိုင်းသစ်တောနှင့် ပတ်သက်၍ သစ်တောဌာနတွင် မှတ်တမ်းရှိသည်။ ကုန်းဘောင်ခေတ် မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်ကဖြစ်သည်။ မြန်မာ့သစ်များ စနစ်တကျ ခုတ်သိမ်းထုတ်ယူနိုင်ရန်အတွက် ဂျာမန်သစ်တောပညာရှင် ဘရန်းဒစ်အား မြန်မာမင်းက လစာတော်ပေး၍ ငှားရသည်။

မြန်မာသစ်တောများမှာ တစ်မျိုးတစ်စားတည်းမဟုတ်ဘဲ သစ်မျိုးစုံပေါက်ရောက်သဖြင့် သစ်တောပညာရှင် ဘရန်းဒစ်က ယင်းခဲသစ်တောကြိုးဝိုင်းအား မြေပုံဆွဲပြီး တစ်နှစ်တစ်ကွက် သစ်ထုတ်ရန်အကွက်ကြီး (၃၀) ချမှတ်ခဲ့သည်။ သစ်ခုတ်ရာတွင်လည်း လုံးပတ် (၇ ပေ)နှင့်အထက်သာ ခုတ်ရပြီး (၇)ပေ မပြည့်ပါက ချန်ထားရသည်။ ပင်စည်ခုတ်တိုကိုလည်း (၄) ပေ ချန်ထားစေသည်။

သစ်ပင်တို့၏သဘောမှာ နှစ် (၃၀)ကြာတိုင်း လုံးပတ် (၁)ပေတိုးသဖြင့် တစ်နှစ် တစ်ကွက်နှုန်းဖြင့် ခုတ်သွားရာ နှစ် (၃၀) ပြည့်၍ထပ်မံ (၁) အကွက်အား ပြန်ဝင်သော် ယခင်က လုံးပတ်မပြည့်၍ ချန်ထားခဲ့ရသော သစ်ပင်ကြီးများမှာ (၇)ပေနှင့် အထက်သို့ ဖြစ်နေလေသည်။ ထိုစဉ်က သစ်ထုတ်အားလည်း နည်း၍ စနစ်တကျခုတ်ခြင်းကြောင့် ကျွန်ုပ်တို့ခေတ်တွင် စံချိန်မီသစ်ကွက်များ ကျန်ရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့ သစ်တောဌာနတွင် ဆန့်ကျင်ဘက် နှစ်ခုရှိသည်။ (State Timber Board)က သစ်ခုတ်သူဖြစ်သည်။ ကျွန်ုပ်တို့ သစ်တော



www.burmeseclassic.com

www.burmeseclassic.com



ဌာနဝန်ထမ်းများက ထိန်းသိမ်းသူများဖြစ်သည်။ ထို့ကြောင့် တစ်ခါ တစ်ရံ စဉ်းစားမိလျှင် ကျွန်ုပ် မကျေမနပ်ဖြစ်ရသည်။

ယခု သစ်ခိုးသမားများအား ဖမ်းဆီးရခြင်း၊ သစ်လုံးများအား မြစ်ချောင်းများအတွင်း သစ်မျှောလျှင်လည်း စောင့်ရှောက်ကာကွယ်ရခြင်း၊ သစ်မာပင်များ ပျိုးထောင်ခြင်းတို့ကို ကျွန်ုပ်တို့ သစ်တောဌာနက တာဝန်ယူရသည်။ ငှက်ဖျားဖြစ်ခြင်း၊ တောတိရစ္ဆာန်များ အန္တရာယ်ခံရခြင်းဒဏ်ကိုလည်း ကျွန်ုပ်တို့ပင် အလူးအလဲခံရသည်။

သစ်ခုတ်အဖွဲ့ကတော့ ခုတ်ပြီး တာဝန်ပြီးပေပြီ။ ဆင်၊ ကျွဲတို့ဖြင့် သစ်ဆွဲခြင်း၊ ဖောင်မျှောခြင်း၊ သယ်ယူခြင်း၊ အလုပ်များက ကျွန်ုပ်တို့ သစ်တောဝန်ထမ်းများ၏ အလုပ်ဖြစ်သည်။ ဆင်သမား၊ ကျွဲသမားနှင့် သစ်တိုက်ကားများမှာလည်း ကျွန်ုပ်တို့သစ်တောဌာန၏ ဝန်ထမ်းများသာ ဖြစ်ကြသည်။ နိုင်ငံခြားဝင်ငွေရသော အလုပ်ဖြစ်၍သာ ကျွန်ုပ်တို့ ဖြေသာပါသည်။

စားသောက်ရင်း ကျွန်ုပ်က ကသာတောအုပ်ကြီး ဦးဘိုနီအား မေးမြန်းရတော့သည်။

"တောအုပ်ကြီး . . . သစ်ခိုးအဖွဲ့က အင်အားဘယ်လောက်ရှိသလဲ"

"အင်အား (၂၀)လောက် ရှိတယ်ဆရာ။ စစ်ပြေးလက်ကျန် လက်နက်တိုက်ကို ရသွားဟန်တူပါရဲ့။ လက်နက်အင်အား တောင့်တယ်။ အင်္ဂလိပ်ရိုင်ဖယ်၊ ခေါင်းတိုတွေ သုံးတာ တွေ့ရတယ်"

ကျွန်ုပ် . . .

"ခင်ဗျားတို့နဲ့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပြီးပြီလား"





"ကျွန်တော်တို့ ကင်းလှည့်အဖွဲ့နဲ့ ဆုံတာဆရာ။ ကင်းအဖွဲ့က ခြောက်တည်းဆိုတော့ ပြန်ဆုတ်လာရတယ်။ အကျအဆုံးတော့ မရှိပါဘူး။ သူတို့ဘက်ကလည်း ဆုတ်သွားတယ်။ စနစ်တကျတော့ မရှိဘူးလို့ သိရတယ်"

"ဘယ်နားမှာ ဖြစ်တာလဲ . . . တောအုပ်ကြီး"

"ယင်းခဲကြိုးဝိုင်း အစွန်ဆုံးလုပ်ကွက် (၃၀)၊ ရောဝတီမြစ်ကမ်းဘေးမှာ ဖြစ်တာပါဆရာ"

"တိုက်ပွဲဖြစ်တာ ကြာပြီလား"

"မကြာသေးဘူး ဆရာ။ ပြီးခဲ့တဲ့ အပတ်ထဲကပါ"

"ခင်ဗျားတို့ ရဲကို အကြောင်းကြား၊ အကူအညီမတောင်းကြဘူးလား"

"အကြောင်းကြားပြီးပါပြီ ဆရာ။ ဒီအပါတ်ထဲမှာပဲ တက်ကြဖို့ ကျွန်တော်တို့ ညှိနှိုင်းထားပါတယ်။ ဆရာတို့အမိန့်ကို စောင့်နေတာပါ။ အရင်က သစ်ခိုးအဖွဲ့အင်အားနည်းတော့ ကျွန်တော်တို့ဘာသာ ဖြေရှင်းခဲ့ပါတယ်။ အခုတော့ အင်အားများတော့ ခွင့်ပြုမိန့်တောင်းရတာပါ"

ကျွန်ုပ် . . .

"ဦးဘိုနီ . . . ခင်ဗျားတို့ဆီမှာ ဘာလက်နက်တွေရှိသလဲ"

"ကျွန်တော်တို့ဆီမှာတော့ ခြောက်လုံးပြူးရယ်၊ ရိုင်ဖယ်ရယ် ဂရင်းနာ (Greener) တစ်လုံးပြူးသေနတ်နဲ့ နှစ်လုံးပြူးတွေပဲ ရှိတယ် ဆရာ"

"ရဲအဖွဲ့ဘက်မှာရော ဘာသေနတ်တွေ ရှိသလဲ"

"ရဲအဖွဲ့ဘက်မှာတော့ ဘရင်းဂန်း၊ စတင်းဂန်းနဲ့ ရိုင်ဖယ်တွေ ရှိတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် . . .

"ဒါဆိုလည်း ရပါပြီ။ နှစ်ဖွဲ့ပေါင်း တိုက်ကြတာပေါ့။ ဘယ် စီစဉ်မလဲ။ ရဲအဖွဲ့နှင့် ညှိလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ။ ဆရာတို့ရောက်လာတော့ ကျွန်တော် အားရှိသွားပါပြီ။ ကျွန်တော် မနက်ဖြန်မနက်ပဲ သွားညှိလိုက်ပါမယ်"

ထိုညက စားသောက်ကြပြီး ကျွန်ုပ်တို့ ခရီးပန်းလာသဖြ ည (၉)နာရီကျော်ခန့်မှာပင် အိပ်ရာဝင်ခဲ့ကြသည်။ ရောဝတီမြစ်မှ တိုက ခတ်လာသည့် လေနုအေးနှင့် ဆောင်းညအချမ်းတို့ပေါင်းပြီး အေ ချမ်းအေးသဖြင့် ဂွမ်းစောင်များ အထပ်ထပ်ခြုံ၍ ကွေးကြရတော့သည် ထိုညက အားဖြည့်သည့်အနေဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ကြသည်။

မနက် (၆)နာရီခန့် အိပ်ရာမှထကြပြီး ကသာတောအုပ်ကြ ဦးဘိုနီစီစဉ်ပေးသော ရှမ်းခေါက်ဆွဲနှင့် လက်ဖက်ရည်ကို စားသော ကြသည်။ ပြီးနောက် ကျွန်ုပ်တို့ သေနတ်များအား တိုက်ချွတ်စစ်ဆေ ကြသည်။ ကျော်စိန်ဝင်းနှင့် တပည့်ကျော်အောင်ဘုတို့အတွက်လည် (Greener)သေနတ်များကို တောအုပ်ကြီး ဦးဘိုနီက ထုတ်ပေးသည်။

ယင်းသေနတ်များမှာ နှစ်လုံးပြူးသေနတ်ကဲ့သို့ ပြောင်ချော သေနတ်ဖြစ်၍ လက်မတည့်သော်လည်း ကျည်မနှင့် စရိတ်ကျည်မျာ အသုံးပြု၍ ပစ်ခတ်လျှင် အနီးကပ်အသုံးတည့်သော သေနတ်ကြီးများဖြ သည်။ ကျွန်ုပ်တို့ သစ်တောဌာနဝန်ထမ်းများမှာလည်း လက်နက်ကိုင် အဖွဲ့အစည်းဖြစ်၍ စစ်သုံး ဒဿမ ၃၀၃ ရိုင်ဖယ်နှင့် Greener သေနတ် များကို ကောင်းစွာ အသုံးပြုတတ်ကြပါသည်။

မနက် (၈)နာရီခန့်တွင် တောအုပ်ကြီး ဦးဘိုနီ အပြင်ထွက် သွားပြီး မနက်(၉)နာရီခန့်တွင် ပြန်ရောက်လာပါသည်။





"ဆရာ . . . ရဲအဖွဲ့နဲ့ ညှိနှိုင်းခဲ့ပြီးပါပြီ။ နေ့လယ်စာ စားပြီး သယ် (၁)နာရီမှာ ယင်းခဲသစ်တောဘိုတဲမှာ ဆုံကြမယ်။ အဲဒီကမှ ကားကြီးနှစ်စီးနဲ့ သစ်ကွက်ကြီး(၂၀)အထိသွားပြီး အကွက်ကြီး (၃၀) တပ်ဖြန့်ဝိုင်းမယ်ဆရာ။ ကျွန်တော်တို့ သစ်တောယူနီဖောင်းတော့ ပြည့်အစုံဝတ်ဖို့ လိုမယ်။ လူမှားမှာစိုးလို့ပါ"

"ဦးဘိုနီတို့အစီအစဉ် ကောင်းပါတယ်။ တစ်ပွဲတစ်လမ်း စမ်း ကြတာပေါ့။ လိုက်ပါမယ့် ဝန်ထမ်းတွေကိုတော့ ပြောထားပါ။ တစ်ဖွဲ့ ဖြစ်လို့ စည်းကမ်းရှိကြပါ။ အမိန့်မရဘဲ မပစ်ရဘူးလို့။ အဲဒါ အရေး တယ်"

"ဟုတ်ကဲ့ ဆရာ။ ဒီကဝန်ထမ်းတွေ အတွေ့အကြုံလည်း ရှိ တယ်။ စည်းကမ်းရှိပြီး အမိန့်လည်း နာခံတတ်ပါတယ်"

ကျွန်ုပ်တို့ မနက် (၁၁) နာရီခန့်တွင် တောအုပ်ကြီး ဦးဘိုနီ စဉ်ပေးသော နေ့လယ်စာကို စောစောစားကြပြီးနောက် သစ်တော ဖောင်း အပြည့်အစုံဝတ်၍ ပြင်ဆင်နေကြစဉ် သစ်တောဝန်ထမ်းများ နက်ကိုယ်စီကိုင်စွဲ၍ ဘိုတဲရှေ့တွင် တန်းစီကြသည်။ အင်အားမှာ ည်းလု။ သစ်တောအုပ်ကြီး ဦးဘိုနီနှင့် တောအုပ်တောခေါင်းများ အဝင် အယောက် (၂၀) ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ (၄) ယောက် ပါက (၂၄) ယောက်ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့ ငှက်သမ္ဘန်များစီး၍ ရောဝတီမြစ်တစ်ဖက်ကမ်း ခဲကြီးဝိုင်း ဘိုတဲဘက်သို့ အဖွဲ့လိုက် ချီတက်ခဲ့ကြသည်။ ဘိုတဲသို့ ပ်တို့ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ တပ်စိတ် စိတ်စာ (၁၀)ယောက် အဖွဲ့ဖြစ်သည်။ ရဲအုပ်တစ်ယောက်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာသည်။ ကျွန်ုပ်အား တောအုပ်ကြီးဦးဘိုနီမှ မိတ်ဆက် သဖြင့် ရဲအုပ်မောင်မောင်ဝင်းဟု သိရသည်။

ကျွန်ုပ်တို့ ညှိနှိုင်းတာဝန်ခွဲကြပြီး အသင့်စီစဉ်ထားသည့် ကားကြီးနှစ်စီးဖြင့် သစ်ထုတ်လမ်းအတိုင်း အကွက်ကြီး (၂၀)သို့ ခဲ့ကြသည်။ ယင်းခဲသစ်တောကြိုးဝိုင်းမှာ နာမည်ကြီးဖြစ်၍ သစ်ထုတ် လမ်းများ ကောင်းမွန်သည်။ သစ်မာရွက်ကြွေတောဖြစ်သဖြင့် အောက် ရှင်းပြီး အဝေးသို့ လှမ်းမြင်နိုင်သည်။

အကွက်ကြီး (၂၀)သို့ရောက်တော့ ကျွန်ုပ်တို့ကားပေါ်မှ ဆင် ကြပြီး ရဲအုပ်ဦးမောင်မောင်ဝင်း၏ အစီအစဉ်အတိုင်း အဖွဲ့နှစ်ဖွဲ့ခွဲ သည်။ ရဲတပ်သား (၅)ယောက် ရိုင်ဖယ် (၄)လက် ဘရင်းဂန်းတစ်လ စီ နှစ်ဖွဲ့ခွဲသည်။ ကျွန်ုပ်တို့ သစ်တောဝန်ထမ်းအဖွဲ့လိုက်လည်း နှစ်ဖွဲ့ လိုက်သည်။

ပထမအဖွဲ့ခေါင်းဆောင်က ရဲအုပ်ဦးမောင်မောင်ဝင်း ဒုတိ အဖွဲ့ခေါင်းဆောင်က ကျွန်ုပ်ဖြစ်သည်။ အကွက်ကြီး (၂၀)မှ ဘယ်တော ပံ၊ ညာတောင်ပံဖြန့်၍ အကွက်ကြီး (၃၀)သို့ ချီတက်ခဲ့ကြတော့သည်။

အကွက်ကြီး (၂၀)နှင့် အကွက်ကြီး (၃၀)မှာ (၃)မိုင်ခန့် သဖြင့် တစ်နာရီခန့် လမ်းလျှောက်တောတိုးကြရသည်။ ကားသံကြ မည်စိုး၍ ကားကို အဝေးတွင် ရပ်ထားခဲ့ရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝ များမှာ တိုက်ပွဲအတွေ့အကြုံရှိသဖြင့် တောတိုးသည်မှာ စနစ်ကျ သည်။ အသံပလံမထွက် ငြိမ်လှသည်။ အမဲလိုက်မုဆိုးများဖြစ်ကြသော ကျွန်ုပ်တို့ကလည်း မညံ့ပါ။ တောအတွေ့အကြုံ ရှိကြသူများချည်းသာ ဖြစ်ကြသည်။





သစ်ကွက်ကြီး(၃၀) အနီးရောက်သော် သစ်ခုတ်သံ၊ သစ်ဆွဲသံ နှင့် လူသံများအား ကြားလာရသဖြင့် ကျွန်ုပ်တို့အဖွဲ့ ရပ်တန့်လိုက်သည်။ ကင်းစောင့်အဖွဲ့ မလွဲမသွေ ရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့ ကင်းစောင့်တဲ နှင့် သစ်ပင်ကြီးများပေါ်သို့ လှမ်းမျှော်ကြည့်ကြသည်။

ထိုစဉ်တွင် ရဲအုပ်မောင်မောင်ဝင်းတို့ဘက်မှ 'ဒိုင်း' ဟူသော သေနတ်သံတစ်ချက်ကြားရပြီး လူတစ်ယောက် သစ်ပင်ပေါ်မှ ပြုတ်ကျ လာသည်။ မရှေးမနှောင်းပင် ဘရင်းဂန်းသေနတ်အတွဲလိုက် ဆွဲသံများ ပေါ်လာပြီး ကျွန်ုပ်တို့ဘက်မှလည်း မဲမဲမြင်ရာ ပစ်ကြသည်။

သစ်ခိုးသမားများမှာ တစ်ချက်မျှပင် ပြန်မပစ်နိုင်ဘဲ မြေပြင် တွင် ဝပ်၍လည်းကောင်း၊ သစ်ပင်ကြီးများအား ကပ်၍လည်းကောင်း၊ သစ်ဖောင်ပေါ် တက်ပြေး၍လည်းကောင်း အော်ဟစ်ဆူညံနေကြသည်။ ထိုစဉ် ရဲအုပ်မောင်မောင်ဝင်းဘက်မှ အော်ဟစ်အမိန့်ပေးသံ ကြားရ သည်။

"သစ်ခိုးသမားတွေ ... မင်းတို့ကို တို့အဖွဲ့က ဝိုင်းထားပြီ။ လက်နက်ချကြ။ ရေစပ်သောင်ပြင်မှာ လက်နှစ်ဖက် ခေါင်းပေါ်တင်ပြီး ဆောင့်ကြောင့်ထိုင်နေကြ။ (၁)မိနစ် အချိန်ပေးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ ... ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ လက်နက် ချပါပြီ။ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

သစ်ခိုးသမားများ စုစည်း၍ သောင်ပြင်၌ ထိုင်ကြသည်။ ကျွန်ုပ်ရေတွက်ကြည့်ရာ (၁၈)ယောက်ပဲရှိသည်။ သစ်ပင်ပေါ်ကကျလာ သည့် ကင်းသမားနှင့်ပေါင်းပါက (၁၉) ယောက်သာ ရှိသေးသည်။ ထို [illegible]တွင် ငှက်မုဆိုး ကျော်စိန်ဂင်း၏ (Greener) သေနတ်ကြီးမှ အသံ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း' ဟူသော သေနတ်သံကြီးနှင့်အတူ ကညင်ပင်ကြီးပေါ်မှ လူတစ်ဦး၏အော်သံနှင့်အတူ ပြုတ်ကျသံကြီးကို ကြားလိုက်ရသည်။

"အား ... ဗုန်း ..."

ရဲအုပ်မောင်မောင်ဝင်း ...

"ခေါင်းဆောင်ဘယ်သူလဲ ... ထစမ်း"

"ကျွန် ... ကျွန်တော်ပါ ဆရာ"

"ဩော် ... ဘယ်သူလဲမှတ်တယ် ဘိုကုန်းရွာက ငမိုးပါလားကွ ... ဟေ။ မင်းတို့လူ ဒါအကုန်ပဲလား။ လက်နက်တွေရောကွ"

"ဒါအကုန်ပါပဲ ဆရာ။ လူအယောက် (၂၀) ရှိပါတယ်။ လက်နက်တွေကတော့ ဟိုတဲထဲမှာပါ။ ကင်းသမားနှစ်လက်နဲ့ ဟိုတဲထဲမှာ (၂)လက်ရှိပါတယ်။ အားလုံး အလက် (၂၀) ပါ"

"လူအစေ့ လက်နက်အစေ့ပါလားကွ။ မင်းတို့လက်နက်တွေကို ဘယ်ကရသလဲ၊ ပြောစမ်း"

"ဒီသစ်ကွက်ကြီး ဂူထဲကရတာပါဆရာ။ အင်္ဂလိပ်တွေ ပြေးတုန်းက ဝှက်သွားတာ ထင်ပါတယ်"

"ဂူထဲမှာ ကျန်သေးသလား။ လာ ... ငမိုး ငါ့လိုက်ပြစမ်း"

စိတ်မြန်လက်မြန် လုပ်တတ်သော ရဲအုပ်မောင်မောင်ဝင်း နောက်သို့ ရဲအဖွဲ့ဝင်နှစ်ဦး လိုက်သွားကြသည်။ ကျန်အဖွဲ့ဝင်များက အနီးရှိ တဲတွင်းမှ လက်နက်နှင့် ကျည်ဆန်များကို သိမ်းသည်။ ကျွန်ုပ်တို့အဖွဲ့က ဆောင့်ကြောင့်ထိုင်နေကြသော သစ်ခိုးသမားအဖွဲ့ကို လက်ပြန် ကြိုးတုပ်ကြသည်။ သူတို့အဖွဲ့ ခုတ်ထားသောသစ်များနှင့် ဖောင်ဖွဲ့ထားသောသစ်များမှာ ကျွန်းသစ်လုံးချောများ ဖြစ်ကြသည်။





ကျွန်ုပ် သတိတစ်ချက် ရလိုက်သဖြင့် သစ်ခိုးသမားတစ်ဦး [illegible]း ...

"မင်းတို့ ဒီသစ်တွေကို ဘာနဲ့ဆွဲချသလဲ၊ မှန်မှန်ပြောစမ်း"

"လူအား၊ ကုပ်အားနဲ့ပါ ဆရာ"

"မလိမ်နဲ့။ ငါ သစ်တောဌာနက၊ သစ်အကြောင်း ကောင်း[illegible]ာင်းသိတယ်။ ဆင်နဲ့ဆွဲထုတ်တာလား၊ ကျွဲနဲ့ဆွဲထုတ်တာလား မှန်[illegible]ပြော"

"ကျွဲနဲ့ပါ ဆရာ"

"အဲဒီကျွဲတွေ ဘယ်မှာလဲ။ ငါ ချေးပုံနဲ့ ခြေရာတွေ မြင်ပြီး [illegible]ထည်းက သိတယ်"

"ဘိုကုန်းက ကျွန်တော်တို့ခေါင်းဆောင် ဆရာမိုးကြီး ကျွဲတွေ[illegible]ဆရာ။ ဒီနေ့ ဖောင်မျှောမှာမို့ ယူမလာပါဘူး"

"မင်းလိမ်ရင်တော့ နာမယ်နော်"

"မလိမ်ဝံ့ပါဘူး ဆရာ။ ကျွန်တော် အမှန်အတိုင်း ပြောတာ[illegible]"

"မင်းတို့ဖောင်ဖွဲ့ပြီး သစ်လုံးတွေကို ဘယ်ပို့ရတာလဲ"

"ဗန်းမောက်ဘက်ကို ပို့ရတာပါ ဆရာ။ အဲဒီကမှ တရုတ်[illegible]န်သည်တွေ လာယူတာပါ။ အဲဒီရောက်ရင် ကျွန်တော်တို့တာဝန် ပြီး[illegible]တယ်"

"ဘယ်နှစ်ခေါက် ပို့ပြီးပြီလဲ။ တစ်ခေါက် သစ်လုံးဘယ်နှစ်လုံး[illegible]သလဲ"

"တစ်ခေါက်ပဲ ပို့ရပါသေးတယ်ဆရာ။ တစ်ကြိမ် သစ်အလုံး



www.burmeseclassic.com

www.burmeseclassic.com



(၄၀)ပါ။ သစ်ဖောင် (၄) လုံးပေါ့။ သစ်ဖောင်တစ်ခုကို ကျွန်တော်တို့ (၅)ယောက် ထိန်းရပါတယ်''

ဇော်မင်း ...

''အတော်အကြံကြီးတဲ့ ကောင်တွေပဲဆရာ။ အဆက်အသွယ် ကောင်းလည်း ရှိလိမ့်မယ်။ ငွေထုတ်ပေးတဲ့လူလည်း ရှိမယ်''

ကျွန်ုပ် ...

''ဒါတွေက ရဲအလုပ်ပါကွာ။ ငါတို့နဲ့ မဆိုင်ပါဘူး။ သူတို့ဘာသာ စခန်းနဲ့ တရားရုံးမှာ စစ်လိမ့်မယ်။ သက်သေခေါ်ရင်တော့ ငါတို့ လိုက်ရမှာပေါ့''

ထိုစဉ်တွင် ရဲအုပ်မောင်မောင်ဝင်းနှင့် ရဲအဖွဲ့ဝင်များ လက်နက်နှင့် ကျည်ဆန်များအား ထမ်းလာကြသည်။

ရဲအုပ်မောင်မောင်ဝင်း ...

''ကဲ ... ရဲဘော်တို့ လာကြပါဦးဟေ့။ ဂူထဲမှာ လက်နက်နဲ့ ကျည်ဆန်တွေ အများကြီးရှိသေးတယ်။ ဝိုင်းကူကြဦး''

ရဲအဖွဲ့ဝင်များသာမက ကျွန်ုပ်တို့ သစ်တောဝန်ထမ်းများလည်း လိုက်သွားပြီး သယ်ကြသည်။ ကျွန်ုပ်၊ ဇော်မင်း၊ ကျော်စိန်ဝင်း၊ အောင်ဘု နှင့် တောအုပ်ကြီး ဦးဘိုနီတို့သာ သေနတ်ကိုယ်စီပိုက်၍ တရားခံများ အား စောင့်ကြပ်နေကြသည်။ တရားခံများကလည်း ကြောက်ရွံ့သဖြင့် တုတ်တုတ်မျှ မလှုပ်ကြပါ။ ဤအဖွဲ့မှာ နိုင်ငံတော်အတွက် အလွန် အရေးကြီးသော အဖွဲ့ဖြစ်သည်။

ဤအဖွဲ့ကိုသာ ဖမ်းဆီးမမိပါက မြန်မာ့အဖိုးတန်ရတနာ ကျွန်း သစ်များ တန်ပေါင်းများစွာ ဆုံးရှုံးရမည်ဖြစ်သည်။ မကြာမီ အကွက်ကြီး (၂၀)တွင် ရပ်စောင့်နေသော သစ်တင်ကားကြီးများ ရောက်လာကြသည်။





တောအုပ်ကြီး ဦးဘိုနီက တိုက်ပွဲပြီးဆုံးသဖြင့် ပစ္စည်းနှင့် လူများတင်ရန် အခေါ်လွှတ်လိုက်ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ ထုံးစံအတိုင်း ဖမ်းမိပစ္စည်းများအား စစ်ဆေးရာ အင်္ဂလိပ်ခေါင်းတို ရိုင်ဖယ်အလက် (၂၀)၊ ရိုင်ဖယ်ကျည်ဆန် (၁၀၀၀) ကျော်၊ သစ်ခွဲငမန်းလွှကြီး (၁၀)လက်၊ ဓားမကြီး (၁၀)၊ သစ်ခုတ်ပုဆိန် (၁၀)လက်နှင့် အိုးခွက်ပန်းကန်များ အသုံးအဆောင်များနှင့် ငွေငါး သောင်းကျပ်ခန့် ဖမ်းဆီးရမိသည့်အပြင် ခုတ်လှဲထားသော ကျွန်းသစ်လုံး များနှင့် ဖောင်ဖွဲ့ထားသော သစ်လုံးစုစုပေါင်း (၅၀)လုံးခန့် ဖမ်းဆီးရရှိ သည်။ အင်္ဂလိပ်လက်ကျန် ဂူထဲမှလည်း အင်္ဂလိပ်ရိုင်ဖယ် အလက် (၂၀)ကျော်နှင့် ငုင်းကျည်တစ်သောင်းခန့်လည်း ရှာဖွေတွေ့ရှိ၍ သိမ်း ဆည်းနိုင်ခဲ့ကြသည်။

အပြန်တွင် ကားမဆန့်တော့သဖြင့် ကျွန်ုပ်တို့ သစ်တောအဖွဲ့ ကျန်ခဲ့ပြီး ရဲတပ်ဖွဲ့က လက်နက်များနှင့် တရားခံ သစ်ခိုးသမားများအား ကားကြီးနှစ်စီးဖြင့် ခေါ်ဆောင်သွားတော့သည်။ ကျွန်ုပ်တို့ သစ်တော အဖွဲ့အား ပြန်လာကြိုမည့်ကားကို စောင့်ရင်း သစ်ခိုးသမား အလောင်း အလောင်းကို ကျင်းတူးမြှုပ်နှံရသည်။

ကျွန်ုပ်နှင့် ဇော်မင်း၊ ကျော်စိန်ဝင်းနှင့် တပည့်ကျော်အောင်ဘု တို့သာတော့ ပတ်ဝန်းကျင်ကို လေ့လာရင်း အကွက်ကြီး (၃၀) နှင့် ဆာဝတီမြစ်ကမ်းဘေးအား လိုက်ကြည့်ကြသည်။ တိုက်ပွဲဖြစ်ထားသော သေနတ်သံကြောင့် တောကောင်များ၏ အရိပ်အယောင်ကိုပင် မမြင် ကြရ။ ပင်ယံထက်တွင် လှပဝေဆာစွာ ပွင့်လန်းနေကြသည့် သစ်ခွပန်း အမျိုးမျိုးကိုတော့ မြင်ရသည်။

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဇော်မင်းရေ . . . သစ်ခွပန်းတွေ လှလိုက်တာ၊ ရှုကြရအောင်ကွာ"

"တော်ပါပြီ . . . ဆရာရယ်၊ သစ်ခွပန်း လှလှတွေကိုမြင်ရင် မနှင်းနုကို သတိရလွန်းလို့ပါ"

"ဘာဆိုင်လဲကွာ။ သစ်ခွပန်းတွေမှာ အပြစ်မရှိပါဘူး။ သူ့ဘာသာ ပင်ယံမြင့်မှာ လူသားတွေ မျက်စိပသာဒအေးစေဖို့ အလှဆင်နေတာပါ။ မနှင်းနုပျောက်တာကလည်း သူ့ကံနဲ့ သူ့အကြောင်းပါ"

ဇော်မင်း . . .

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဆရာ။ နှင်းနုပျောက်တာကို သစ်ခွပန်းတွေ ရှုလို့ဆိုပြီး နတ်ဆရာက ပြောတာကိုး။ ကျွန်တော် စိတ်ထဲစွဲနေတယ်ဆရာ။ ဒါကြောင့်ပါ"

ကျွန်ုပ် . . .

"မင်းလည်း ခေတ်ပညာတတ်ပဲကွာ။ ဒါတွေကို ယုံကြည်ပြီး အစွဲအလမ်းမထားပါနဲ့။ အစွဲအလမ်းထားရင် ယုံကြည်မှု ဖြစ်သွားတတ်တယ်။ ယုံကြည်လွန်းရင်လည်း စိတ်ဓာတ်ပျော့ညံ့တတ်တယ်"

ဇော်မင်း . . .

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် စိတ်ဓာတ်ခိုင်မာပြီး မေ့ပျောက်နိုင်အောင် ကြိုးစားပါ့မယ်"

ဇော်မင်းမှာ နှုတ်ကပြောနေသော်လည်း လည်တွင်ဆွဲထားသည့် မနှင်းနုပေးဘားသော ဆွဲကြိုးလေးအား ပွတ်သပ်ကိုင်တွယ်၍ ငေးမောနေရှာသည်။ မုန်းမေ့လိုသော်လည်း အချစ်ဦးမို့ မေ့ပျောက်၍ ရဟန်မတူပါ။

✿ ✿ ✿

# အခန်း (၁၁)

❑

ကားသံများကြား၍ ကျွန်ုပ်တို့ မှုလနေရာသို့ ပြန်လာကြရာ တောအုပ်ကြီး ဦးဘိုနီနှင့် တောခေါင်းများက သစ်တောဌာနဝန်ထမ်းများအား တန်းစီ၍ လက်နက်နှင့် လူစစ်ဆေးနေသည်။

ဦးဘိုနီ . . .

"ဆရာတို့လေးယောက်ပေါင်းရင် ကျွန်တော်တို့အင်အားက (၂၄) ယောက်ပါ။ ဘယ့်နှယ့်ကြောင့် တစ်ယောက်လိုနေသလဲ မသိဘူး။ ကိုယ့်အနီးအနားကလူ ကိုယ်စစ်ကြစမ်း။ ဘယ်သူလိုနေသလဲ ပြောကြစမ်း"

တောခေါင်းတင်ရွှေ . . .

"ဆရာဘိုနီ . . . မောင်တင်လိုနေတယ်ဗျ။ ပင်စည်တံဆိပ်ရိုက်အဖွဲ့က မောင်တင်လေ"

ဦးဘိုနီ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . လဆန်းပိုင်းတုန်းက ငှက်ဖျားဖြစ်လို့ ဆေးရုံတင်ရတဲ့ ဟိုဖြူနွဲ့နွဲ့ကောင်လေးလား"

တောခေါင်း . . .

"ဟုတ်ပါတယ် ဆရာ။ မိန်းမလျှာလို ကောင်လေးပါ"

ဦးဘိုနီ . . .

"ကဲ . . . ကားမရောက်ခင် လူစုခွဲပြီး ရှာကြစမ်း။ လူမကွဲစေနဲ့ နှစ်ယောက်တစ်တွဲ ရှာကြ။ လက်နက်တွေပါ အသင့်ပြင်ထား"

ကျွန်ုပ် . . .

"ဦးဘိုနီ . . . ဘယ်လိုထင်သလဲ တစ်ပိုတစ်ပါးသွားတာများလား။ သူ့ပေးထားတဲ့ လက်နက်ရော ပါသွားသလား"

ဦးဘိုနီ . . .

"ပါသွားတယ်ဆရာ Greener သေနတ်ကြီးပါ။ ဒီကောင်လေးက မိန်းမရှာလို ရှက်တတ်တယ် ဆရာရဲ့။ တစ်ပိုတစ်ပါးသွားရင်လည်း အဖော်ခေါ်တတ်တာ မဟုတ်ဘူး။ စခန်းမှာ စုန်းပူး၊ နတ်ပူးရင်လည်း သူပဲ၊ လိပ်ပြာလုတယ်လို့ ပယောဂဆရာတွေက ပြောကြတာပဲ"

ဟော . . . လိပ်ပြာလုသူတဲ့ တစ်ယောက်တွေ့ပြန်ပြီ။ လိပ်ပြာလုသော ကျွန်ုပ်၏တပည့် ကျော်စိန်ဝင်းကတော့ ကျွန်ုပ်တို့နှင့်အတူ ရှိနေ၍ မပျောက်ပါ။ ဤလိုကိစ္စမျိုးမှာ တောတွင်းနေရာတိုင်း၌ ရှိနိုင်သလော၊ ကျွန်ုပ် မစဉ်းစားတတ်ပါ။ ကျွန်ုပ်တို့အဖွဲ့လည်း နီးစပ်ရာ တောတွင်းနှင့် မြစ်ကမ်းစပ်ကို ရှာကြသည်။ မကြာမီ . . .

"ဟော . . . တွေ့ပြီ"

ဆိုသည့် တောအုပ်ကြီး ဦးဘိုနီ၏အသံကို ကြားသဖြင့် ကျွန်ုပ်တို့ အပြေးအလွှားသွားကြရာ ချုံများဖုံးအုပ်နေသည့် ကျောက်ဂူအနီးရှိ





ခင်ကြင်းပင်ကြီးအောက်တွင် Greener သေနတ်ကြီးနှင့် ကျည်ခါးပတ်အား ထောင်ထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က . . .

"တောအုပ်ကြီး အပေါ့အလေးများ သွားတာလား။ ဂူထဲရော၊ ပတ်ဝန်းကျင်ရော ရှာကြည့်ပြီးပြီလား"

"ဂူထဲ ရှာပြီးပြီဗျ။ ဂူက ကျဉ်းကျဉ်းကလေး။ လက်နက်တွေ သည့်သိမ်းထားတာ။ ထုတ်လိုက်တော့ ရှင်းနေတာပဲ၊ ဘာမှမရှိတော့ဘူး။ ပတ်ဝန်းကျင်တော့ ရှာနေကြတုန်းပဲ"

"အရင်ကရော ဒီလိုတောထဲမှာ လူပျောက်တာမျိုး ကြုံဖူးသလား . . . တောအုပ်ကြီး"

"ကြုံဖူးပါတယ်။ ကြာတော့ ကြာပါပြီ၊ ပြီးခဲ့တဲ့ နှစ်ကာပဲ။ ပင်ထောင်တံဆိပ်ရိုက်တဲ့ တောခေါင်းကျော်ဝင်းတို့အဖွဲ့ထဲက စိန်မောင် ပျောက်ဖူးတယ်၊ နှစ်ရက်သုံးရက်ရှာတာ မရလို့ နောက်ဆုံး ရွာသားတွေက နတ်ဝှက်တာ။ ကန်တော့ပွဲပေးပါလို့ ပြောတာနဲ့ လုပ်ပေးရတယ်။ အဲဒါ တစ်ပတ်လောက်နေတော့ သူတို့ပထမဆုံး ပင်ထောင်တံဆိပ်ရိုက်တဲ့ ပျဉ်းမပင်ကြီးအောက်မှာ အိပ်ပျော်နေတာကိုတွေ့လို့ နှိုးပြီး ခေါ်ခဲ့ရတယ်။ တောထဲတောင်ထဲ အလွန်ထူးဆန်းပါ့ဗျာ"

ကျွန်ုပ် . . .

"သူက ဘယ်ရောက်သွားတာတဲ့လဲ . . . တောအုပ်ကြီး"

"ရွာကြီးတစ်ရွာ ရောက်သွားတယ် ပြောတာပဲ။ အလွန်စည်ကားတဲ့ ရွာကြီးတဲ့။ မိန်းမအချောအလှတွေလည်း ပေါသတဲ့။ တစ်ရွာလုံး သက်သတ်လွတ်စားကြပြီး ငါးပါးသီလလည်း မြဲသတဲ့"

ကျွန်ုပ် . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အတူတူပါပဲလေ။ ရွာပုန်းတွေက တောတော
အနံ့ ရှိနေတာပဲ ထင်ပါရဲ့ဗျာ"

တောအုပ်ကြီး ...

"ဘယ်လိုတူတာလည်း ဆရာ၊ ကျွန်တော့်ကို ပြောပြပါဦး"

ကျွန်ုပ်က တပည့်ကျော် ကျော်စိန်ဝင်း ပျောက်သွားပြီး ပြ
ရောက်လာပုံကို ပြောပြလိုက်သည်။

တောအုပ်ကြီး ...

"ဩော် ... ဆရာတို့က ကိုယ်တိုင်ကြုံဖူးကြတာကိုး။ အ
လည်း ဒီအတိုင်းပဲ ထင်ပါရဲ့ဗျာ"

ကျွန်ုပ် ...

"ဒါနဲ့ အဲဒီဝန်ထမ်းလေးပျောက်သွားပြီး တစ်ပတ်ကြာမှ ပြ
တွေ့တယ်ဆိုတော့ ဘာကြောင့် ပြန်လာရသလဲ၊ မေးကြည့်သေးလား"

တောအုပ်ကြီး ...

"မေးတာပေါ့ ... ဆရာရယ်၊ သူ့အပြောကတော့ သူပျော
သွားတာ တစ်ပတ်မကြာပါဘူး၊ တစ်ညအိပ်တည်းပါတဲ့။ သူ့ကို အဲဒီ
မှာ နေမလားလို့မေးတော့ သူက မိခင်အိုကြီးကိုသတိရပြီး နေလို့မရ
အကြောင်း ပြန်မယ်ပြောတာနဲ့ ပြန်လွှတ်တာတဲ့။

ကျွန်တော်တို့ဆီမှာ တစ်ပတ်ကြာပြီး သူတို့ဆီမှာ တစ်ညအိပ်
ဆိုတာ ဘယ်လိုဖြစ်တယ်ထင်သလဲ ဆရာ။ ကျွန်တော်တော့ မစဉ်း
တတ်အောင်ဘဲ။ အခု မောင်တင်ပျောက်တာလည်း ဒီအတိုင်းပဲ ထင်
ဆရာနော်"

ကျွန်ုပ် ...





"အချိန်ရဲ့ ကွာခြားမှုထင်ပါရဲ့ဗျာ။ နိုင်ငံခြားမဂ္ဂဇင်းတွေမှာ
ကျွန်တော် ဖတ်ဖူးပါတယ်။ ကျွန်တော်တို့ မြန်မာလိုတော့ နတ်
တာတို့၊ ရွာပုန်းကခေါ်သွားတာတို့၊ လိပ်ပြာလုတာတို့ စုံနေတာပဲ။
ဘယ်ဟာယုံရမှန်းတော့ မသိဘူး။ လက်ရှိ ဖြစ်နေတာတော့ အမှန်ပဲ

ထိုစဉ် သစ်ကားကြီးနှစ်စီး ရောက်လာသည်။ အချိန်ကလည်း
တစ်နာရီခန့် ရှိပြီ။ ကားပေါ်မှ ဒရိုင်ဘာနှစ်ဦးနှင့်အတူ ဝန်ထမ်း
ဆင်းလာကြပြီး ထမင်းထုပ်နှင့် ရေဘူးများ သယ်ဆောင်လာကြ

ဝန်ထမ်း ...

"ဆရာဦးဘိုနီရေ ... ရဲဆရာတွေ အရစ်ရှည်နေတာနဲ့ ဆရာ
ထမင်းစားနောက်ကျမှာစိုးလို့ ထမင်းနဲ့ဟင်းတွေကို ထုပ်ယူလာခဲ့
ဆရာတို့အတွက်တော့ ချိုင့်နဲ့ ထည့်ယူလာပါတယ်"

ကျွန်ုပ် ...

"အများစားသလို ထမင်းထုပ်ယူလာရင်လည်း ဖြစ်ပါတယ်
တစ်နပ်တလေပဲ။ ငါတို့ထင်တာက ကားတစ်နာရီလောက် စီးရ
ဆင်းခဲ့ဘိုတဲရောက်ရင် ညနေ (၂)နာရီကျော်မှ ထမင်းစားရမယ်
ကျေးဇူးပဲဟေ့"

ဝန်ထမ်း ...

"ကျွန်တော်တို့က ထမင်းထုပ်စောင့်ယူနေရတာကြာလို့ ဆရာ
ဆိုမယ်ထင်နေတာဆရာ"

တောအုပ်ဦးဘိုနီ ...



www.burmeseclassic.com

www.burmeseclassic.com



"မဆူတဲ့အပြင် မင်းတို့ကို ကျေးဇူးတင်ပါရဲ့ကွာ။ ဒီမှာလည် ပင်စည်တံဆိပ်ရိုက်အဖွဲ့က မောင်တင်ပျောက်နေလို့ ရှာနေကြတာ နေပြီ။ အတော်နဲ့ ပြန်နိုင်ဦးမှာ မဟုတ်သေးဘူး"

ကားသမား ...

"ဘယ်သူလဲ ဆရာ။ ဟိုအခြောက်ကလေး မောင်တင်လာ ဒီကောင်လေးက ကန့်ကလျနဲ့ ဘယ်ချောင်ပုန်းပြီး ဘာလုပ်နေသလဲ မသိတာ"

ဦးဘိုနီ ...

"ဟဲ့ကောင်တွေ ... တော်တော့။ မောင်တင် တကယ်ပျော နေတာ။ သူ့သေနတ်ကြီးကိုတော့ ဂူနားက ပျဉ်းမပင်ကြီးအောက် ထားခဲ့တယ်။ နတ်ဝှက်တာလို့ ငါထင်တယ်။ အရင်နှစ်က ပင်ထော တံဆိပ်ရိုက်တဲ့ စိန်မောင် ပျောက်သလိုပဲဟေ့"

ကားသမား ...

"ပင်ထောင်တံဆိပ်ရိုက်တဲ့အဖွဲ့ကို နတ်တွေက ချစ်တယ် ပါရဲ့ဗျာ။ နတ်ဝှက်ရင် သူတို့ချည်းပဲ။ ကျွန်တော်တို့ ကားသမား တော့ နေ့ည တစ်ယောက်တည်း သွားရလာရတာ ဘာမှမဖြစ်ပါ ဆရာရယ်"

ဦးဘိုနီ ...

"အေး ... မင်းတို့ပျောက်ရင်လည်း ကားကြီးပါ ပျောက်သွ လိမ့်မယ်။ မင်းတို့ပျောက်တာ အရေးမကြီးဘူး၊ ငါ့ဌာနက ကားကြီး အပျောက်မခံနိုင်ဘူးဟေ့"

ကားသမား ...





"သြော် ... ဆရာက ကျွန်တော်တို့အပေါ် မေတ္တာထားတယ် ပေါ့ ကျွန်တော်တို့ပျောက်ရင်တော့ ကားကြီးပါယူသွားမှ ဖြစ်မယ်ဆရာ။ ကျွန်တော်တို့က ကားမောင်းတတ်တာကလွဲလို့ ဘာမှ လုပ်ကိုင်စားတတ် တာမဟုတ်ဘူး။ ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

အားလုံး ဝိုင်းရယ်ကြသည်။ သောကရောက်နေချိန်တွင် ရယ် ရော မောစရာပြော၍ အပန်းဖြေကြခြင်းဖြစ်သည်။

တောအုပ်ကြီး ဦးဘိုနီက ဝီစီမှုတ်ခေါ်သဖြင့် အားလုံး ပြန်ဆုံ ကြပြီး နေ့လယ်စာကို မြိန်ရှက်စွာ စားကြသည်။ ဟင်းမှာ ဘဲဥချဉ်ရည် ဟင်းနှင့် ငါးပိချက်သာဖြစ်သည်။ ထမင်းစားပြီးတော့ ညနေ (၂) နာရီ ထိုးပြီ။

နှစ်ယောက်တစ်တွဲ အဖွဲ့များခွဲ၍ ရှာကြပြန်သည်။ တောတွင်း၌ သာမက တောစပ်ချုံပုတ်မကျန် ရှာကြသော်လည်း မတွေ့သဖြင့် လက် လျှော့ပြီး ဝီစီမှုတ်၍ လူစုခေါ်သည်။ လူအင်အားကောင်းသဖြင့် သစ်ကွက် ကြီးအမှတ် (၃၀) နှံ့သွားသော်လည်း ပျောက်ဆုံးသွားသော မောင်တင် ၏ အရိပ်အယောင်ကိုပင် သဲလွန်စမရတော့ပါ။

ကျွန်ုပ်တို့ သစ်ကားကြီးနှစ်စီးဖြင့် ယင်းခဲကြိုးဝိုင်း ဘိုတဲသို့ ပြန်ခဲ့ကြသည်။ ထိုတွင် ခေတ္တနားကြပြီး ညနေ (၆) နာရီခန့် မှောင်စ ပြုချိန်တွင် ငှက်သမ္မန်များစီး၍ ဧရာဝတီမြစ်ကိုဖြတ်ကူးကာ မြစ်တစ် ဖက်ကမ်းရှိ ကျွန်ုပ်တို့တည်းခိုခဲ့သော ဘိုတဲသို့ ပြန်ခဲ့ကြသည်။

ဘိုတဲရောက်သော် ပင်ပန်းသော်လည်း ဆောင်းညချမ်းဖြစ်၍ ရေမချိုးနိုင်ကြ။ မျက်နှာသစ်၊ ခြေလက်ဆေးပြီး လသာဆောင် ဝရံတာ ထွက်၍ အရက်သောက်ရင်း စားမြုံ့ပြန်ကြသည်။ ည (၈) နာရီခန့်မှ



www.burmeseclassic.com

www.burmeseclassic.com



ညစာထမင်းစားဖြစ်ကြသည်။ ထမင်းစားပြီး ခေတ္တနား၍ ခရီးပန်းသောကြောင့် ည (၉) နာရီခန့်တွင် အိပ်ရာဝင်ခဲ့ကြတော့သည်။

နောက်တစ်နေ့မနက် (၆) နာရီခန့် ကျွန်ုပ် အိပ်ရာမှထ၍ ဘုရားဝတ်ပြုအပြီး၌ တပည့်ကျော် အောင်ဘုစီစဉ်ပေးသော ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီသောက်နေစဉ် တစ်ဖက်ကမ်းမှ သစ်တောအုပ်ကြီး ဦးဘိုနီရောက်ရှိလာပြီး ...

"ဆရာ ... သစ်သူခိုးအဖွဲ့ဖမ်းဆီးရမိခြင်း အစီရင်ခံစာတော့ ရိုက်ပြီးပါပြီ။ ပျောက်သွားတဲ့ မောင်တင်ကိစ္စ ဘယ်လိုလုပ်ရမလဲ"

ကျွန်ုပ် ...

"ထူးခြားဖြစ်စဉ် အစီရင်ခံစာဆိုပြီး ပူးတွဲတင်လိုက်ပေါ့ဗျာ။ ကျွန်တော်လည်း ထောက်ခံချက်ရေးပေးပါ့မယ်။ ပြန်တွေ့တော့လည်း အကြောင်းကြားစာ ထပ်တင်ပေါ့။ ဒါနဲ့ မောင်တင်ကိစ္စ ဘာလုပ်ထားသေးသလဲ"

ဦးဘိုနီ ...

"ဒီနေ့ နေ့လယ် ထမင်းစားပြီးတာနဲ့ အကွက်ကြီး (၃၀)ကို သွားပြီး နားလည်တဲ့ဝန်ထမ်းနဲ့ မောင်တင်ပျောက်သွားတဲ့အချိန်မှာ ကန်တော့ပွဲပေးပြီး တောင်းပန်ဖို့ စီစဉ်ထားတယ်ဆရာ။ ပြန်တွေ့လို့တွေ့ငြား နေ့တိုင်းတော့ သွားကြည့်နေရမှာပဲ။ ဝန်ထမ်းဆိုတော့ သူ့ရိုပိုင်ခွင့်တွေ ရှိသေးတယ်လေဆရာ။ သူက လူပျိုလူလွတ်ဆိုတော့ သူ့မိဘအိမ်ကိုလည်း အကြောင်းကြားရဦးမှာပေါ့"

ကျွန်ုပ် ...

"ကျွန်တော့်သဘောကတော့ သူ့မိဘအိမ်ကို အကြောင်းကြားတာကို တစ်ပတ်လောက် စောင့်စေချင်သေးတယ်။ စိတ်ပူနေကြမှာ စိုးသို့ပါ။ တစ်ပတ်အတွင်း ပြန်တွေ့တော့လည်း ကိစ္စပြီးတာပေါ့။ သူ့မိဘတွေက ဘယ်မြို့ကလဲ"





ဦးဘိုနီ ...

"ဟုတ်ကဲ့ ... ဆရာ၊ တစ်ပတ်လောက် စောင့်လိုက်တာပေါ့။ မောင်တင့်မိဘတွေက မန္တလေးက ဆရာ"

ကျွန်ုပ် ...

"အင်း ... ဝေးသားပဲ။ လမ်းစရိတ်၊ စားစရိတ်နဲ့ အတော်ကုန်မှာ"

ဦးဘိုနီ ...

"ဆရာတို့ ယင်းခဲဘိုတဲကို ပြောင်းနေစေချင်ပါတယ်။ ကျွန်တော်တို့ ပြုစုရတာ အလှမ်းဝေးနေလို့ပါ"

ကျွန်ုပ် ...

"ရပါတယ်ဗျာ ... ဒီမှာလည်း အဆင်ပြေပါတယ်"

ဦးဘိုနီ ...

"ဟိုဘက်ကမ်း ဘိုတဲက ကြိုးဝိုင်းနဲ့နီးတော့ ဆရာတို့ အမဲလိုက်ချင်ရင်လည်း အဆင်ပြေအောင်လို့ပါ။ သစ်ခိုးအဖွဲ့ အမှုစစ်တာကိုလည်း စောင့်ရင်း၊ မောင်တင်ပျောက်သွားတာကိုလည်း စောင့်ရင်း ဆရာတို့ တစ်ပတ်လောက်တော့ နေကြရဦးမှာပါ။ အဲဒါကြောင့်ပါ ဆရာ"

ကျွန်ုပ် ...

"အဲဒါဆိုရင်လည်း ပြောင်းကြတာပေါ့ဗျာ။ ဟိုဘက်ကမ်းမှာဆိုတော့ လုပ်ကွက်နဲ့လည်း နီးပြီး၊ အမဲလိုက်ဖို့လည်း အဆင်ပြေတော့ ကောင်းမှာပါ။ ကျွန်တော်တို့က ခင်ဗျားတို့ အလုပ်ရှုပ်နေတုန်း အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုနီ . . .

"အနှောင့်အယှက် မဖြစ်ပါဘူးဆရာ။ သစ်ထုတ်လုပ်ကွက်နဲ့ နီးတော့ ကျွန်တော်တို့ လုပ်ငန်းကိစ္စတိုင်ပင်ရတာ ပိုအဆင်ပြေတာပေ့ ကဲ . . . အဲဒါဆိုရင် နေ့လယ်စာစားအမီ ဟိုဘက်ကမ်း ကူးလိုက်ကြ အောင် ဆရာ"

ကျွန်ုပ်တို့ ပစ္စည်းများသိမ်းဆည်း၍ ငှက်သမ္ဗန်ဖြင့် တစ်ဖ ကမ်းသို့ ကူးခဲ့ကြပါသည်။ တစ်ဖက်ကမ်းတွင် ဦးဘိုနီ အသင့်စီစဉ်ထာ သော သစ်ထုတ်ကားကြီးစီး၍ ယင်းခဲဘိုတဲသို့ ပြောင်းရွှေ့ခဲ့ကြသည်

ယင်းခဲသစ်တောကြိုးဝိုင်းမှာ ကမ္ဘာကျော်ဖြစ်၍ ဘိုတဲကြီးမှ လည်း ခမ်းနားကျယ်ဝန်းလှသည်။ အင်္ဂလိပ်ခေတ်ဦးပိုင်းက ပုံစံဖြ ထုထည်ကလည်း ကြီးမားခိုင်ခန့်သည်။ အုတ်ဖိနပ်ခံ၍ ကျွန်း၊ ပျဉ် ကတိုးသစ်များဖြင့်သာ ဆောက်လုပ်ထားသော်လည်း ရေနံချေးဝသဖြ မဲပြောင်နေသည်။ အမိုးမှာ ကျွန်းသားသစ်အကောင်းစားများအား အုတ် ကြွပ်လုပ်၍ မိုးထားသည်။

တိုင်များမှာ ပျဉ်းကတိုး ဖြစ်ဟန်ရှိသည်။ (၁၂" x ၁၂")လက် ပတ်လည်တိုင်များဖြစ်သည်။ အကာမှာလည်း (၁၂" x ၁")လက်မ ကျွ သားအထူများဖြစ်၍ အတော်ခိုင်ခန့်သေးသည်။ ဘိုတဲအဆောက်အဦ သက်တမ်းမှာ နှစ်ပေါင်း (၁၀၀) ကျော်မည်ဖြစ်သော်လည်း မျက်နှာကြ ကအစ ကျွန်းပြားကြီးများဖြင့် ကာရံထားသဖြင့် ခိုင်မာတောင့်တင်း သည်။

အတွင်းတံခါးကြီးများမှာလည်း ကျွန်းထုသားကြီးများဖြစ် လေးလံခိုင်ခံ့လှသည်။ (၆") လက်မ ကြေးပတ္တာကြီးများ တပ်ထာ ကြေးဝါရောင်ဝင်းလက်နေပြီး တောင့်တင်းသန်မာသည်။ အခန်းတွင်





အိပ်ရာ၊ ခုတင်များမှာလည်း အင်္ဂလန်လုပ် ကြေးဝါခုတင်ကြီးများ ကြသည်။

တိုင်များမှာ ကြေးဝါပွတ်လုံးပုံဖော်ထားပြီး ခုတင်ထိပ်လေး က်လေးတန်တွင် ကြေးဝါဘုလုံးကြီးများ ပါရှိသည်။ အလုပ်သမား ၏ ပွတ်တိုက်အားကောင်းမှုကြောင့် ရွှေခုတင်ကြီးအလား ပြောင် က်ဝင်းထိန်နေသည်။ ကျွန်ုပ် တာဝန်ကျ၍ လှည့်လည်ခဲ့ကြရသော တိုင်းတိုင်းအတွင်းရှိ ဘိုတဲများအနက် အဆောက်အဦအကောင်းဆုံး ပရိဘောဂအပြည့်အစုံ အကောင်းမွန်ဆုံးဖြစ်သည်။

ရောက်စနေ့တွင် ကျွန်ုပ်တို့ ကောင်းစွာ နားကြသည်။ ဘိုတဲ တ်ဝန်းကျင်သာ လမ်းလျှောက်ထွက်ကြပြီး အမဲမလိုက်ဖြစ်ပါ။ တော ကြီးဦးဘိုနီ၏ အစီအစဉ်ကောင်းမွန်မှုကြောင့် တပည့်ကျော် အောင်ဘု နားရနေသည်။ မနက်စာ ညစာ ချက်ပြုတ်ရန်မလို။

ဒုတိယနေ့မနက်တွင် ကျွန်ုပ်တို့အဖွဲ့လိုက် အမဲလည်ကြသည်။ ာက်ခြေရှင်းသော တောဖြစ်သဖြင့် မြင်မြင်ထင်ထင်ရှိသည်။ တော ပင်အောက်မှ ဆတ်ဖားကြီးတစ်ကောင်ကို အလွယ်တကူ ပစ်ခတ် ခဲ့သည်။ တတိယနေ့တွင် ချေဖိုနှင့် ချေမနစ်ကောင်ရသည်။ စတုတ္ထ တွင် တောဝက်မနစ်ကောင် ရသည်။

ပဉ္စမနေ့၌ အောင်လောင်ငှက်ကြီး တစ်ကောင်အား စာရေး းကျော်စိန်ဝင်း ဂရင်းနာသေနတ်ဖြင့် ပစ်ခတ်ရာရရှိပြီးနောက် သေနတ် ကြောင့် တောကောင်ထပ်မံ မရတော့ပါ။ အောင်လောင်ငှက်ကြီးမှာ းငါးပိဿာ အချိန်စီးသော်လည်း နူတ်သီးနှစ်ထပ်ကြီးနှင့် အမွေး တောင်အရိုးများက လေးပ်သာခန့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားမှာလည်း စားမကောင်း။ မာလှသည်။ သက်ရင့်ငှ
ကြီးများဖြစ်၍ နောင်မပစ်ရန် ကျွန်ုပ်က ကျော်စိန်ဝင်းအား တာ
သည်။ သူကလည်း အကောင်ပလောင်ထက် ကြက်၊ ငှက်ပစ်ရန် ဝါသ
ကြီးသူဖြစ်သည်။

ဆဋ္ဌမနေ့တွင် ဆတ်ဖားကြီးတစ်ကောင် ရရှိပြန်သည်။ သတ္တ
နေ့တွင်တော့ ကျွန်ုပ်တို့ အမဲမလည်တော့။ ပျောက်ဆုံးသွားသော သ
တောဝန်ထမ်းမောင်တင်အား သစ်ကွက်ကြီးအမှတ် (၃၀)တွင် သွာ
ရောက်ရှာဖွေကြသည်။ မတွေ့ရတော့ပါ။

ထိုနေ့တွင်ပင် ကသာတရားရုံးက သစ်ခိုးသမားများအာ
အကျဉ်းနည်းဖြင့် စစ်ဆေးပြီး ကိုယ်တိုင်ဝန်ခံကြသဖြင့် လက်နက်
သစ်ခိုးမှုတို့ဖြင့် ထောင်ဒဏ်(၇)နှစ်စီ အပြစ်ချမှတ်လိုက်ပါသည်။ ကျွန်
တို့အဖွဲ့လည်း ကိစ္စပြီးမြောက်ပြီဖြစ်၍ (၈) ရက်မြောက်နေ့တွင် ပြန်
ရန် ပြင်ဆင်ရပါတော့သည်။

✿ ✿ ✿

# အခန်း [၁၂]

❑

နောက်တစ်နေ့မနက် (၇)နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့အား တော
အုပ်ကြီးဦးဘိုနီက ကသာဘူတာသို့ ကားဖြင့် လိုက်ပို့သည်။ အထက်
တန်းလက်မှတ် အသင့်ခံထားသဖြင့် အဆင်ပြေသည်။ လမ်းခရီးတွင်
နေ့လယ်စာစားရန်လည်း ဦးဘိုနီက အသင့်စီစဉ်ပေးလိုက်သည်။ ရထား
ခရီးစဉ်မှာ ငြိမ့်ညောင်းလှသည်။

မီးသွေးသုံး စက်ခေါင်းကြီးဖြစ်သော်လည်း မီးရထားကြီးမှာ
အချိန်မှန်သည်။ ကသာမှ ကောလင်းဝန်းသိုကို ဖြတ်၍ ခုတ်မောင်းလာ
ရာ ညနေ (၅)နာရီကျော်ခန့်တွင် ကန့်ဘလူမြို့သို့ ရောက်သည်။ ထိုမှ
ကျွန်ုပ်တို့၏ အထိုင်စခန်း ကျွန်းလှသို့သွားရန် ဖြစ်သော်လည်း အချိန်
နှောင်းပြီဖြစ်၍ ကန့်ဘလူမြို့ သစ်တောဘိုတဲတွင် ညအိပ်ကြရပြန်သည်။

နောက်တစ်နေ့မနက်တွင်မှ သစ်တောဌာနကားဖြင့် မိုင် ၅၀ ခန့်
ဝေးသော ကျွန်းလှသို့ ထွက်ခဲ့ကြသည်။ ကိုယ့်မြို့ကိုယ်ရွာရောက်၍ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းမည် ကြာကာရှိသေး ရုံးချုပ်မှ အမိန့်စာက ကျွန်းလှတွင် ရောက်ရှိနေပြီဖြစ်သည်။ ကျွန်ုပ်အား ကျွန်းလှမှဟုမ္မလင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာဖြစ်သည်။

ကျွန်ုပ် ရေဦးမြို့မှ ပြောင်းလာမည့် တောအုပ်ကြီး ဦးရွှေဘော်ကို စောင့်ရသည်။ သူရောက်သည်နှင့် ကျွန်းလှမှလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးပြီး ကျွန်ုပ်တို့အဖွဲ့ ဟုမ္မလင်းမြို့သို့ ပြောင်းရွှေ့ရန် ပြင်ဆင်ရတော့သည်။

ကျွန်ုပ်အိမ်ထောင်မှာ ရန်ကုန်တွင်ရှိသဖြင့် လက်ရှိ လူလွတ်ဖြစ်သလို ကျွန်ုပ်၏အဖွဲ့ဝင် တောအုပ်ဇော်မင်းနှင့် စာရေးလေး ကျော်စိန်ဝင်း၊ အောင်ဘုတို့မှာ လူပျိုလူလွတ်များဖြစ်ကြ၍ ပြဿနာမရှိပါ။

ကျွန်ုပ်တို့ သစ်တောဌာနသုံး Land Cruiser (Pick Up) ကားလေးဖြင့် ကျွန်းလှမြို့မှ တန့်ဆည်၊ ရေဦးကလေးဝ–မဟာမြိုင်လမ်းကို ဖြတ်၍ ကလေးဝမှ မော်တော်စီး၍ ချင်းတွင်းမြစ်အတိုင်း ဟုမ္မလင်းမြို့သို့ ဆန်တက်ရမည်ဖြစ်သည်။

နောက်တစ်နေ့မနက် (၇) နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့ကို လိုက်ပို့သည့် ကားကလေးဖြင့် ရေဦးမြို့သို့ လာခဲ့သည်။ ထိုအချိန်က ရေဦး ကလေးဝ၊ မဟာမြိုင်လမ်းမှာ အင်ကြင်းတောကြီးအား ဖြတ်ဖောက်ထားသည့် မြေလမ်းကျဉ်းကလေးသာဖြစ်သည်။ သစ်တောကားများသာ အသွားအလာရှိသည်။ အရပ်ကားများ အသွားအလာ အလွန်နည်းသည်။

ကျွန်ုပ်တို့ ရေဦးသို့ နေ့လယ်ပိုင်းရောက်၍ ကြုံရာဆိုင်တွင် နေ့လယ်စာ စားကြသည်။ ရေဦးမှ ကလေးဝအတွက် လမ်းဘေးတွင်





ရွာလေးများသာရှိပြီး ထမင်းဆိုင်မရှိသဖြင့် စောစောထမင်းစားကြရခြင်းဖြစ်သည်။

ရေဦးမြို့ကို ကျော်သည်နှင့် မဟာမြိုင်တောစပ်သို့ စဝင်သည်။ လမ်းတစ်လျှောက်လုံး အင်ကြင်းတောကြီးသာဖြစ်သည်။ အပွင့်ဝါဝါလေးများ အခိုင်လိုက်ပွင့်ပြီး တစ်လမ်းလုံး မွှေးကြိုင်သင်းပျံ့နေသည်။ ခရီးတစ်လျှောက်လုံး ကျော်တက်ရန်ကားနှင့် မျက်နှာချင်းဆိုင်လာသော ကားဝင်မမြင်ရ။ လမ်းမှာ အလွန်ရှင်းသည်။ ကားချင်းဆုံမိလျှင်လည်း တစ်စီးစီးက လမ်းဘေးချရပ်ပေးမှ ရှောင်လို့ တိမ်းလို့ ရပေမည်။

ဆောင်းနှင်းရာသီဖြစ်၍ မဟာမြိုင်တောကြီးထဲ စဝင်သည်နှင့် အေးချမ်းသွားသည်။ ညနေစောင်းလာတော့ အတော်အေးလာသဖြင့် အနွေးထည်များ ဝတ်ကြရသည်။ ဆောင်းရာသီဖြစ်ပြီး လေတိုးသဖြင့် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

တောနံ့တောင်နံ့ သင်းသောလေကို ရှူရှိုက်ရသဖြင့် စိတ်တော့ အလွန်ချမ်းမြေ့မိသည်။ ကျွန်ုပ်တို့မဟာမြိုင်လမ်းတွင် တည်းခိုရန် 'ချောင်းဆုံ'ဟူသော သစ်ထုတ်စခန်းလေးသို့ အရောက်သွားကြရမည်ဖြစ်သည်။

သစ်တောဌာနသုံး (Land Cruiser) ကားလေးမှာ အတော်သန်မာကောင်းသည်။ လမ်းတွင် စက်မပျက်၊ ဘီးပင်မပေါက်၊ ခေတ္တရပ်နား၍ တတ်ဆီထည့် ရေတိုင်ကီ ရေဖြည့်ရတာလောက်သာရှိသည်။ ဆောင်းတွင်းဖြစ်သော်လည်း ကားဘီးနှင့်ယက်မိသဖြင့် မြေလမ်းမှာ ဖုန်အလိပ်လိုက်ထပြီး နောက်တွင်ကျန်ခဲ့သည်။

ကျွန်ုပ်နှင့်ဇော်မင်းမှာ ဒရိုင်ဘာနှင့်အတူ ရှေ့ခန်းတွင် စီးသဖြင့် ဖုန်အနည်းငယ်ပေသော်လည်း နောက်ခန်းတွင်လိုက်လာသည့် စာရေး



www.burmeseclassic.com

www.burmeseclassic.com



လေး ကျော်စိန်ဝင်း၊ တပည့်ကျော်အောင်ဘုနှင့် စက်ပြင်ဆရာ ဝန်ထမ်းတို့မှာ ဖုန်မှုန့်များ လူးနေကြရှာသည်။

မိုးချုပ်စ ချောင်းဆုံစခန်းအနီးရောက်မှ သစ်တိုက်ကားကြီးတစ်စီးနှင့် ဆုံမိသည်။ ကျွန်ုပ်တို့ အရောက်နောက်ကျသဖြင့် ချောင်းဆုံစခန်းမှ အကြိုထောက်ရန် ထွက်လာသည့် တောအုပ်ခင်ဇော်တို့ ကားကြီးဖြစ်သည်။ ကျွန်ုပ်တို့ ကားအားမြင်သည်နှင့် လမ်းဘေးချရပ်ပြီး ကားပေါ်မှ ခင်ဇော်တို့အဖွဲ့ ဆင်းလာကြသည်။

တောအုပ်ခင်ဇော် ...

"ဆရာဦးနေအောင်တို့အဖွဲ့ မဟုတ်လားခင်ဗျား"

ဖုန်အလိမ်းလိမ်းကပ်နေသော ကျွန်ုပ်တို့ကားအား မမှတ်မိ၊ ကျွန်ုပ်တို့လည်း ကားပေါ်မှ ဆင်းကြပြီး ...

"ဟုတ်ပါ့ ... ခင်ဇော်ရေ့ ငါတို့လည်း တောအရသာခံပြီး ဖြည်းဖြည်းမှန်မှန် မောင်းလာတာ။ မင်းတို့လမ်းကလည်း ကျဉ်းပါ့ကွား တချို့တံတားလေးတွေက စိတ်မချရတော့ဘူး၊ ပြင်ကြဦး။ သစ်တင်ကား ဝိတ်နဲ့ဆို အခက်ပဲ"

ခင်ဇော် ...

"ဒီလိုပဲ မောင်းနေကြရတာပါပဲ ... ဆရာရယ်၊ မဟာမြိုင်လမ်းမကြီး ဖောက်မယ်ကြားပြီးကတည်းက လမ်းပြင်ဆင်စရိတ်ဘတ်ဂျက် ချမပေးတော့လို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေကြရတာပါ။ ဆရာတို့ နောက်ကျနေတော့ လမ်းမှာများ ကားမှောက်နေသလားလို့ လာကြိုတာပါ။ ရေဦးက မနက်ကတည်းကပို့တဲ့ ကြေးနန်းရပါတယ်။ ဒီတောက တောကောင်ပေါတယ်ဆရာ။ ရှက်ကြွေတောဖြစ်ပေမယ့် သမင်၊ ဒရယ်၊ စိုင်၊ ဆတ်၊ ဝက်၊ ကျား အကုန်ရှိတယ်"

စိတ်ကူးသစ်စာပေ



ကျွန်ုပ် ...

"တွေ့တော့လည်း ပစ်ကြရုံပေါ့ကွာ။ ငါတို့မှာ လက်နက်တွေ အသင့်ပါတာပဲ။ လမ်းမှာ မြွေဝပ်ငှက်နဲ့ တောယုန်တွေကလွဲလို့ တခြား အကောင် ကြီးကြီးမားမား မမြင်ခဲ့ရပါဘူး"

ခင်ဇော် ...

"ဆရာတို့ ... စောရောက်လို့ပါ။ ည (၈)နာရီ (၉)နာရီဆိုရင် အကောင်တွေ လမ်းဖြတ်ကူးတာနဲ့တင် ကားနဲ့တိုက်မိနိုင်တယ်။ ဒီ ဒေသထဲက အကောင်တွေက အရိုင်းတွေဆရာ၊ ကားမီးထိုးတာနဲ့ တော ထဲကထွက်ပြီး မီးရောင်နောက်ကို အုပ်လိုက် လမ်းတစ်လျှောက်လုံး လိုက်တော့တာပဲ"

ကျွန်ုပ် ...

"ဟာ ... အဲဒါဆိုရင် ညဘက်လမ်းပေါ် ကားမောင်းပြီး လိုက် ပစ်ရုံနဲ့ သားကောင် အတော်ရမှာနော်"

ခင်ဇော် ...

"ရပေါ့ ... ဆရာရယ်၊ ဆရာတို့ပစ်ချင်ရင် ကျွန်တော် စီစဉ် ပေးပါမယ်။ ဒီနေ့တော့ နားပါ။ ခရီးလည်း ပန်းလာကြရောပေါ့။ ကျွန် တော်တို့ဆီမှာလည်း ဆရာတို့လာမယ်ဆိုလို့ မနက်က တောလည်ထား တာ။ ဆတ်ဖားကြီးတစ်ကောင် ရထားပါတယ်။ ဦးချိုတောင် ဆရာ့ကို လက်ဆောင်ပေးဖို့ ပြင်ဆင်ထားပါတယ်"

ကျွန်ုပ် ...

"ချိုနလား၊ ချိုရင့်လား မောင်ခင်ဇော်"

ခင်ဇော် ...

"ဒီရာသီက ချိုသစ်လဲချိန်ဆရာ။ တစ်ထွာလောက်ရှိတဲ့ ချိုနု လေး အသားဖက်ဝင်တယ် ဆရာ။ ပျားရည်လည်း ဒီမှာပေါတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စခန်းအရှေ့ ရောက်နေပြီဖြစ်၍ ကားမစီးတော့ဘဲ အညောင်းပြေ လမ်းလျှောက်ရင်း စခန်းအဝင်မျက်နှာစာရှိ ယာယီတဲ သို့ သွားကြသည်။ စခန်းမှာလည်း စခန်းသစ်ဖြစ်၍ အဆောက်အဦ အားလုံး ဓနိမိုး၊ ဝါးထရံကာ၊ မြေစိုက်တဲအဆင့်သာ ဖြစ်သည်။

ကြမ်းခင်းကိုတော့ ပျဉ်ခင်းထားသည်။ ကျွန်ုပ်တို့ ခေတ္တနား ကြပြီး ရေချိုးကြသည်။ စခန်းအနောက်ဘက် စမ်းချောင်းကလေးမှရေ ကို စည်ပိုင်းကြီးများအတွင်း ခပ်ထားခြင်းဖြစ်သည်။ ဆောင်းထဲ၊ တောင် ထဲ ညဘက် ရေမချိုးသင့်သော်လည်း ဖုန်အလိမ်းလိမ်း ကပ်နေသဖြင့် ရေမချိုး၍ မရတော့။

ရေချိုးပြီးတော့ တောအုပ်ခင်ဇော်က အာမီရမ်နှင့် ဆတ်ဝမ်း တွင်းသားဟင်း၊ ဆတ်ဦးနှောက်ကြော်နှင့် ဆတ်သားကင်တို့အား အမြည်း လုပ်ပေးသည်။ အာမီရမ်မှာ ငှက်ဖျားကာကွယ်ဆေးလို နိုင်ပါသဖြင့် အဆင်ပြေသည်။ ကျွန်ုပ်တို့အဖွဲ့ လတ်ဆတ်သော တောကောင်သားအား စားကြရပြန်သည်။

စားသောက်ရင်း စကားဝိုင်းတွင် တောကောင်များအကြောင်း သစ်ခွပန်းများအကြောင်း၊ သစ်တောများအကြောင်း ရောက်သွားရာ ဇန်းမောက်၊ ပိန္နဲကုန်းစခန်းတွင် စာရေးလေးကျော်စိန်ဝင်း ပျောက်သွား ပြီး ပြန်တွေ့ပုံ၊ ကသာ၊ ယင်းခဲကြိုးဝိုင်းအတွင်း၌ တိုက်ပွဲဖြစ်ပြီး ဝန်ထမ်း မောင်တင်ပျောက်သွားပုံ၊ ‘ရှာပုန်း’ များအကြောင်း ပြောမိကြရာ တော အုပ်ခင်ဇော်မှ ...

“ဆရာ ... ဒီမဟာမြိုင်တောထဲမှာလည်း ‘ရှာပုန်း’ တွေ တယ်။ ကျွန်တော်တို့စခန်း အနောက်ဘက်မှာ ချောင်းဆုံဆိုတဲ့ ရွာလေး





ရှိတယ်။ အိမ်ခြေ (၂၀)လောက်ပဲရှိပြီး ထင်းခုတ်၊ ရွှေကျင်တဲ့ ရွာကလေး ပါ။

ကျွန်တော်တို့စခန်းကိုလည်း ချောင်းဆုံစခန်းလို့ ခေါ်တာက အဲဒီရွာကလေးကို အစွဲပြုပြီး ခေါ်တာပါ၊ ကျွန်တော်တို့စခန်းနဲ့ ရွာကြား မှာ မြောက်ဘက်ကလာတဲ့ စမ်းချောင်းကလေးနဲ့ တောင်ဘက်ကလာတဲ့ စမ်းချောင်းကလေး နှစ်ခုဆုံပြီး ရေအိုင်ကလေးဖြစ်နေတယ်။

အဲဒီရေအိုင်ကလေးက နွေရာသီလည်း ရေ မခမ်းဘူး၊ ရွှေ လည်း ထွက်တယ်။ ရွာနဲ့ ကျွန်တော်တို့စခန်း သောက်သုံးရေအတွက် မှီခိုနေရတဲ့ စမ်းရေအိုင်ကလေးပေါ့။ အဲဒီစမ်းရေအိုင်မှာ နေဝင်မိုးချုပ်စ ရေခပ်ရင်၊ ခပ်တဲ့လူ ပျောက်ပျောက်သွားတတ်လို့ အခုဆိုရင် ညဘက် ဘယ်သူမှ ရေမခပ်ရဲကြတော့ဘူးဆရာ။ အတော်ထူးဆန်းပါတယ်”

ကျွန်ုပ် ...

“ပျောက်သွားပြီး ပြန်ပေါ်လာကြသေးသလား”

ခင်ဇော် ...

“ဒီမှာတော့ ကိုကျော်စိန်ဝင်းလို မဟုတ်ဘူးဆရာ။ ပျောက် သွားပြီး ဘယ်တော့မှ ပြန်ပေါ်မလာကြတော့ဘူး”

ကျွန်ုပ် ...

“ပျောက်သွားတာက တစ်ယောက်တည်းသွားလို့ ပျောက်တာ လား”

ခင်ဇော် ...

“ညပိုင်း တစ်ယောက်တည်းသွားလည်း ပျောက်တယ်ဆရာ။ နှစ်ယောက်တွဲသွားလည်း ပျောက်တာပဲ”

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဆီက တယ်ကြမ်းပါလား။ ဒီစခန်းမှာရော၊ ပျောက်တဲ့လူ ရှိသလား"

ခင်ဇော် ...

"ရှိတယ်ဆရာ။ ဒီစခန်းက မိန်းမတွေနဲ့ ကလေးတွေ ရေချိုးရင်း ပျောက်ဖူးတယ်"

ကျွန်ုပ် ...

"ဖြစ်ပုံလေး ပြောပြပါဦး။ ပျောက်သွားတာ ဘယ်နှစ်ဦးလောက်ရှိသလဲ"

ခင်ဇော် ...

"ဒီစခန်း စဖွင့်ကာစက ဆရာ၊ ဝန်ထမ်းတွေက နှစ်အတန်ကြာ နေရမှာဆိုတော့ မိန်းမနဲ့မိသားစုကို ခေါ်လာတာပေါ့။ အဲဒါ စခန်းစဖွင့်လို့ တစ်လအတွင်းမှာပဲ ကားသမားတင်ဦးရဲ့ ဇနီးနဲ့သမီး ညနေဘက် ရေခပ်သွားရင်း ပျောက်သွားတယ်။ ကျွန်တော်တို့စခန်းက လူအားလုံး တစ်ညလုံး လိုက်ရှာကြတာ မတွေ့ဘူး။ နောက်ဆုံး ချောင်းဆုံရွာလေး သွားမေးမှ 'ရှာပုန်း' က ခေါ်သွားတဲ့အကြောင်း သိရတာ။ အခုထိ ပြန်မလာတော့ဘူးဆရာ။

နောက်တစ်ကြိမ်က အသစ်ပြောင်းလာကြတဲ့ ကားသမားဇနီးမောင်နှံ ရေသွားချိုးကြရင်း ပျောက်သွားကြတာ။ ဆပ်ပြာခွက်နဲ့ လုံချည်အင်္ကျီတွေပဲ ကျန်ခဲ့တယ်ဆရာ။ သူတို့လည်း အခုထိ ပေါ်မလာတော့ဘူးဆရာ။ ဒါကြောင့် အဲဒီကုန်းလေးမှာ ညဘက် ရေမခပ်ရ ရေမချိုးရလို့ အမိန့်ထုတ်ထားပြီး တားထားရတယ်ဆရာ"

ကျွန်ုပ် ...





"အံ့သြစရာပဲနော်။ ဒီမဟာမြိုင်တောက နာမည်ကြီးပေမယ့် တောက မနက်ပါဘူး။ နောက်ပြီး ရွက်ကြွေတောမို့ အောက်ခြေရှင်းပြီး တောခြောက်ကြီးပါ။ ဒါတောင် ဒါမျိုးတွေက ဖြစ်တတ်သလား"

ခင်ဇော် ...

"တောဆိုမှတော့ ဆန်းကြယ်တာပေါ့ ... ဆရာရယ်။ ရွက်ကြွေတောခြောက်ဆိုပေမယ့် ဒီတောက တကယ်တောဗျ။ ထူးဆန်းတာတွေ အလွန်ဖြစ်တယ်။ ကျွန်တော်တို့ဆီက ဝန်ထမ်းတွေ မကြုံဖူးတဲ့သူ မရှိ၊ အကုန်ကြုံဖူးကြတယ်။ သစ်တိုက်ကားသမားတွေကတော့ အကြုံရဆုံးပဲ။ သစ်ပင်ခုတ်သမားတွေလည်း မကြာခဏ ကြုံရတတ်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြုံဖူးတယ်"

ကျွန်ုပ် ...

"မောင်ခင်ဇော်ရယ် ... မင်းကြုံပုံလေး ပြောပြပါဦး"

ခင်ဇော် ...

"မကြာသေးဘူး ဆရာ၊ ပြီးခဲ့တဲ့ လကုန်ပိုင်းကပဲ။ ကျွန်တော်နဲ့ ကားသမားတစ်ယောက်ရယ်၊ စာရေးလေးရယ်၊ ဝန်ထမ်းလစာတွေကို ရွှေညီးသစ်တောရုံးမှာ သွားထုတ်တယ်။ ဒီစခန်းမှာ ဝန်ထမ်းအင်အား (၅၀) လောက်ရှိတယ် ဆရာ။

အဲဒါ အပြန်မှာ ဈေးဝယ်တာနဲ့ ကားပျက်တာနဲ့ မြတောင်တောဆိုတဲ့နေရာမှာ ညအိပ်ရပါရောလား။ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ ခြောက်လုံးပြူးကလေးပဲ ပါတယ်ဆရာ။ အရင်ကလည်း အခေါက်ခေါက် သွားဖူးတယ်။ ဈေးဝယ်လိုက်သူတွေနဲ့ လူလည်းများ၊ ကားလည်းမပျက်တော့ တစ်ခါမှ မကြုံဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကပေါ့ ဆရာရယ်။ လစာထုတ်၊ ရုံးကိစ္စလုပ်၊ ဈေးဝယ် နဲ့ ညနေစောင်းမှ ပြန်လာရတာ။ မဟာမြိုင်တောစပ်ရောက်တာနဲ့ မှောင် နေပြီ။ ဟိုမှာစားသောက်နေရင် မှောင်နေမှာစိုးတာနဲ့ စားစရာနဲ့ သောက် စရာတွေကိုတော့ ကျွန်တော်တို့ လမ်းမှာစားဖို့ အပြည့်အစုံ ဝယ်ခဲ့တယ် ဆရာ။

အဲဒါ ကားက တစ်လမ်းလုံး ကောင်းနေပါလျက်နဲ့ မြတောင် တောထဲဝင်တာနဲ့ ဖောက်လာရောဗျာ။ အဲဒါနဲ့ မြတောင် တောင်ခြေမှာ ကားရပ်ပြီး ပြင်ရတာပေါ့။ အချိန်က ည (၈)နာရီလောက်ပဲ ရှိသေးတယ်။ ကျွန်တော်တို့က ကားအကြောင်း နားလည်တာမဟုတ်တော့ ကားဆရာ ပြောတဲ့အတိုင်း ဝိုင်းလုပ်ရတာပေါ့။

ပထမ ကာဘရိုက်တာက ဆီပိတ်တာတဲ့၊ အဲဒါပြင်ပြီးတော့ မီးပျောက်ပြန်ရော။ ဒစ်စတီဗျူတာက ပွိုင့်တွေချိန်ပြီးတော့လည်း မီး မလာဘူး။ တစ်ခါ ကွိုင်တဲ့။ ကွိုင်ကိုစစ်တော့လည်း အကောင်းဆိုတော့ ပလပ်တွေစစ်ပြီး ဖြုတ်ဆေးပြန်ရော။ ပြီးတော့လည်း မနိုးတာနဲ့ တွန်း နိုးကြတယ်။ လူတွေကို ဖပ်ဖပ်မောရော ကားကြီးကစက်မနိုးဘူး။ ဆောင်း ညကြီးမှာ ချွေးတွေကိုပြန်ရောဗျာ။

နောက်ဆုံး မတတ်နိုင်ကြတော့လို့ ကားနောက်ခန်းမှာ အရက် သောက်ကြတယ်။ အချိန်ကတော့ ည (၁၀) နာရီလောက်ရှိပြီ။ အဲဒါမှာ ဆိုင်းသံ၊ ဗုံသံတွေ ကြားလို့ ထကြည့်ကြတော့ လူတွေမှ မနည်းဘူး (၂၀၀)လောက် ရှိမယ်ထင်တယ်။ အမျိုးသမီးတွေပါ ပါတယ်။

ဝတ်ကောင်းစားလှဝတ်ပြီး မီးတုတ်တွေနဲ့ ကျွန်တော်တို့ရှေ့ က ဖြတ်ပြီး လမ်းအတိုင်းလျှောက်လို့ တရွေ့ရွေ့ ပျောက်သွားကြတယ်။ ဘာတွေမှန်းတော့ မသိဘူး။ အဲလိုကိစ္စမျိုးက ကျွန်တော်တို့တင်မကဘူး





တောင်တောထဲမှာ ကားပျက်တဲ့ ကားသမားတိုင်း ကြုံဖူးကြတယ်လို့ နောက်မှသိရတယ်။ အဲဒီမြတောင် တောတစ်ဝိုက်မှာ ရွာမရှိဘူးဆရာ။ ဆာကတော့ နက်တယ်။

သူတို့ပျောက်သွားပြီးတော့ ကားဆရာက စက်ကိုနှိုးကြည့်တော့ တစ်ချက်တည်းနဲ့ ဝူးခနဲနိုးသဗျ။ ဘယ်လောက် ထူးဆန်းသလဲ။ တွန်းနှိုး ပြီး မနိုးတဲ့ကားကြီးက သူ့အလိုလို နိုးသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ဆက်တာနဲ့ ကားရှေ့မြေလမ်းပေါ်မှာ ကားမီးရောင်နဲ့ လိုက်ကြည့် တာ ဘာခြေရာမှ မတွေ့ရဘူးဗျ။

မနက်က ကျွန်တော်တို့လာတုန်းက ထင်ကျန်နေတဲ့ ကျွန်တော် တို့ ကားဘီးရာကတော့ ထင်းနေတာပဲ။ လူ(၂၀၀)လောက် လမ်းလျှောက် သွားမှတော့ ကားဘီးရာလည်း ပျက်မယ်၊ လူ့ခြေရာလည်း ထင်ကျန်နေခဲ့ မှာပေါ့၊ မဟုတ်ဘူးလား . . . ဆရာရယ်"

ကျွန်ုပ် . . .

"ဟုတ်ပါတယ်၊ ထူးဆန်းတဲ့ အဖြစ်အပျက်ပါပဲ။ ဒါနဲ့ မင်းတို့ အဆက်လုပ်ကြသလဲ"

ခင်ဇော် . . .

"အရက်သောက်ပြီး ထမင်းတောင် မစားရဲကြတော့ဘဲ စခန်း ကို အမြန်နှုန်းနဲ့ ပြန်ပြေးလာရတာပေါ့ . . . ဆရာရယ်။ ကားကြီးက တစ်လမ်းလုံး အကောင်းဗျား"

ကျွန်ုပ် . . .

"ငါတို့ကားကလေးကတော့ စက်ကောင်းလို့ ထင်ပါရဲ့၊ လမ်း မှာ မပျက်ဘူးကွ။ ပျက်ရင်လည်း စက်ပြင်ဆရာ အသင့်ပါတယ်လေ၊ နောက်ပြီး အမဲလိုက်သေနတ်ကြီးတွေလည်း အသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဇော် ...

"ဒီနယ်မြေက ကားနဲ့မဆိုင်ဘူးဆရာ။ ကားကောင်းလျှ[illegible] ပျက်တာ။ ထူးဆန်းတဲ့ နယ်မြေပါ။ လူကို အန္တရာယ်တော့ မပေးတ[illegible] ကျေးဇူးတင်ရဦးမယ်။ ဆရာတို့ နေဦးမှာမဟုတ်လား။ မနက်ဖြ[illegible] အမဲလည်ဖို့ စီစဉ်ပေးမယ်လေ"

ကျွန်ုပ် ...

"ထားပါတော့ကွာ ...။ ငါတို့က ဟုမ္မလင်းအထိ သွား[illegible] မှာ။ ဟိုမှာ အလုပ်တာဝန်တွေ လွှဲကြရဦးမှာ။ နောက်ကြုံဦးမှာပါ[illegible]"

အရက်ဝိုင်းပြီးတော့ ကျွန်ုပ်တို့ ညစာစားကြသည်။ [illegible] အိပ်ရာဝင်ကြသည်။ ည (၁၁) နာရီခန့် ရှိပြီဖြစ်သည်။ ခရီးပန်းလာသ[illegible] ခေါင်းချသည်နှင့် အိပ်ပျော်သည်။ တောရိပ်၊ တောင်ရိပ်ကြောင့် အ[illegible] တတ်က စိမ့်နေသဖြင့် အိပ်၍ အလွန်ကောင်းသည်။

အဝေးဆီမှ ချေဟောက်သံ၊ ဆတ်တစ်သံများကိုတော့ [illegible] သင့်လျှင် တစ်ချက်တစ်ချက် ကြားနေရသည်။ ကျွန်ုပ် အိပ်ရာက တ[illegible] နိုးတော့ မနက်(၃)နာရီခန့် ရှိပြီဖြစ်သည်။ အပေါ့အပါးထသွားပြီး [illegible] အိပ်ရာ မနက် (၆)နာရီမှ နိုးတော့သည်။

အိပ်ရေးကောင်းစွာဝ၍ လူမှာ ခရီးပန်းသော်လည်း လန်း[illegible] နေသည်။ အောင်ဘုတို့၊ ကျော်စိန်ဝင်းတို့ အဖွဲ့ကတော့ မနိုးကြ[illegible] ကျွန်ုပ် မျက်နှာသစ်၊ အပေါ့အပါးသွားပြီး ဘုရားဝတ်ပြု၍ တောစေ[illegible] တောင်စောင့်နတ်များနှင့် စခန်းစောင့် နတ်များအား အမျှအတမ်း[illegible] မေတ္တာပို့နေမိပါသည်။

✿ ✿ ✿

# အခန်း [၁၃]

❑

ကျွန်ုပ် ဘုရားဝတ်ပြုအပြီး စခန်းပတ်ဝန်းကျင် လမ်းလျှောက် [illegible]ဝဲ့ ဇော်မင်း၊ ကျော်စိန်ဝင်းနှင့် အောင်ဘုတို့ အိပ်ရာမှ နိုးထလာ[illegible]သည်။ ထိုအချိန်တွင် ချောင်းဆုံစခန်းမှ တောအုပ်ခင်ဇော်တို့အဖွဲ့က [illegible]စာ စားသောက်ရန် ယူဆောင်လာကြသည်။ ထမင်းကြော်၊ ဆတ် [illegible]နှင့် လက်ဖက်ရည်များဖြစ်သည်။ ကျွန်ုပ်တို့ မနက်စာ စားသောက် [illegible]ဖြင်း ...

ကျွန်ုပ် ...

"ဇော်မင်းရေ ...ဒီတောက သစ်ခွပန်း အလွန်ပေါတယ် [illegible]ပါရဲ့။ စခန်းအနီးက အင်ပင်ပေါက်တွေပေါ်မှာတင် ဖယောင်းပန်း [illegible]တံတို့၊ လက်တံရှည်တွေ ပွင့်နေကြတာ ဝေနေတာပဲ"

ခင်ဇော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ။ ဒီဒေသက အပူပိုင်းသစ်တောမို့ ထင်း ရဲ၊ သစ်ခွပန်း အလွန်ပေါတယ်။ ဒါပေမဲ့ အဖိုးတန်တွေတော့ မဟုတ် ဘူး။ ဖယောင်းပန်းအမျိုးမျိုးနဲ့ ရတနာရွှေခွက်၊ ငှက်ကြီးသစ်ခွပ တွေ လောက်ပါပဲ။ ကချင်ပြည်နယ်က တောတွေလို အဖိုးတန်သစ် တော့ မရှိဘူးဆရာ"

ကျွန်ုပ် ...

"သဘာဝတောကြီးက ထွက်တဲ့ သဘာဝသစ်ခွတွေပဲ မဟု လား။ ပေါတာနဲ့ အဖိုးမတန်တာ မရှိပါဘူးကွာ။ သူ့သဘာဝအလှ သူပါ။ ရှားပါးမှ အဖိုးတန်တာ မဟုတ်ပါဘူး။ ငါကတော့ သစ်ခွပ မှန်သမျှကို တန်ဖိုးထားတယ်၊ မြတ်နိုးတယ်၊ သစ်ခွပင်တွေဟာ တရု ပြည်ဘက်မှာဆိုရင် ဆေးဝါးဖော်စပ်တာတောင် သုံးတယ်လို့ ဒီးဒါးဒိုင်ဂျ မဂ္ဂဇင်းမှာ ငါဖတ်ဖူးတယ်"

ဖော်မင်း ...

"ဟုတ်တယ် ဆရာ။ ဒီတောထဲမှာ အင်ကြင်းပင်တွေ ပေါတေ အင်ကြင်းကျောက်တွေလည်း ရှိလိမ့်မယ်ထင်တယ်။ အဲဒီကျောက်တွေ ကိုလည်း တရုတ်ပြည်ဘက်မှာ အသုံးများတယ်လို့ သိရတယ်။ ဘာသုံ တာလဲတော့ ကျွန်တော်လည်း မသိဘူး"

တောအုပ်ခင်ဇော် ...

"အင်ကြင်းကျောက်တွေသာ လာဝယ်ရင်တော့ ကျွန်တော် တို့ ထောပြီပေါ့ ဆရာရယ်။ မဟာမြိုင်တော လမ်းဘေးမှာတင် အင်ကြင် ကျောက်တွေပြည့်လို့ စခန်းအနောက်က စမ်းရေအိုင်ဘေးမှာတင် ကျောက်ဖြစ်ပြီး ပြိုလဲနေတဲ့ အင်ကြင်းပင်ကြီးတစ်ပင် ရှိသေးတယ်





ဆစ်ပင်ကဖြစ်တဲ့ ကျောက်ဆိုတော့ အကွက်အတော်လှတယ် ဆရာ။ နီ၊ အဖြူ၊ အညို၊ အနက်စပ်နေတဲ့ ကျောက်သစ်ခွတွေပဲ။ အပြားကြီး ကြီးတော့ မဟုတ်ဘူးဆရာ။ အင်ကြင်းပင်က ကျောက်ဖြစ်တာနဲ့ တစ်စစီ ကျိုးပဲ့ပြီး အက်ကွဲကုန်တာပါ။ အထဲအူတိုင်မှာတော့ ဘယ်လိုနေမယ် သိဘူးဆရာ"

ကျွန်ုပ် ...

"အင်ကြင်းပင်စည်အနှစ်ပိုင်းမှာ အပြားကြီးတွေ ရှိတတ်တယ်၊ အပေါ်ယံကတော့ ရာသီဥတုဒဏ်ကြောင့် တစ်စစီ အကြောလိုက် အက် ကွဲကုန်တာပဲ။ အိမ်နံ့ရဲ့အလှဆင်တာနဲ့ ပရိဘောဂတွေမှာ မြှုပ်နှံပြီး အသုံး ကြတယ်။ အင်ကြင်းကျောက်လုပ်ပြီး သုံးခဲ့ကြတယ်မဟုတ်လား ... ခင်ခင်ဇော်ရဲ့"

ခင်ဇော် ...

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်လည်း ကြားဖူးပါတယ်။ ဒီမှာ တော့ အသုံးဝင်တန်ဖိုးမသိကြလို့ ဒီအတိုင်း ပစ်ထားရတာပါပဲ"

ကျွန်ုပ် ...

"အားချိန်မှာ နိုင်သလောက် စုထားပေါ့ကွာ။ တစ်နေ့ အသုံး လာမှာပေါ့။ အင်ကြင်းကျောက်ဆိုတာ ဒီလိုအင်ကြင်းတောတွင်းမှာ သာ ရနိုင်တာ။ တခြား မြန်မာပြည်အထက်ပိုင်းနဲ့ အောက်ပိုင်းမှာ မရှိ ဘူးကွ။ အလွန်ရှားပါးပစ္စည်းပဲ"

ခင်ဇော် ...

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော် စုထားပါ့မယ်"

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ငါတို့အဖွဲ့လည်း ခရီးဆက်ကြရအောင်။ ဟုမ္မလင်းဘက် ထွက်တဲ့မော်တော်က ဘယ်အချိန်ရှိသလဲကွ"

ခင်ဇော် . . .

"ဆရာ မိပါတယ်။ နေ့လယ်မှာထွက်တဲ့ မော်တော်နဲ့ မနက်စောပိုင်းထွက်တဲ့ မော်တော်ရှိတယ်ဆရာ။ မုံရွာဘက်ကထွက်လာတဲ့ မော်တော်ကြီးတွေလည်း ရှိပါတယ်။ အကောင်းဆုံးကတော့ ချင်းတွင်းမြစ်ကမ်းဘေး ကိုင်းရွာကထွက်တဲ့ မော်တော်လေးတွေက မြန်တယ်ဆရာ။ လူစီးသက်သက်ပဲ။

မော်တော်ကြီးတွေက ဒီချိန်ဆို ဖောင်းပြင်မြို့ကျော်တာနဲ့ သောင်တင်တတ်လို့ ခရီးကြာတယ်။ နောက်ပြီး အဲဒီမော်တော်ကြီးတွေက ကုန်ပစ္စည်းတွေ အသွားအပြန် တနင့်တပိုးတင်တတ်လို့ အန္တရာယ်များတယ်။ နေ့လယ်စာ စောစောစားပြီးမှ သွားကြပါဆရာ"

ကျွန်ုပ် . . .

"နေပါစေတော့ . . . မောင်ခင်ဇော်ရေ၊ ငါတို့ မော်တော်ဆိပ်ရောက်မှ နေ့လယ်စာ စားတော့မယ်။ ဟိုမှာ အဆင်ပြေတယ်မဟုတ်လား"

ခင်ဇော် . . .

"ပြေပါတယ် ဆရာ။ မော်တော်ဆိပ်ကိုင်းရွာက ရွာကြီးပဲ။ အလွန်စည်ကားပါတယ်။ တစ်ဖက်ကမ်းက ကလေးဝမြို့၊ ကလေးမြို့ဘက်ကလာတဲ့ အိန္ဒိယပစ္စည်းတွေ အလွန်ပေါတယ်။ သားငါးလည်း အလွန်ပေါပါတယ်။ ကျွန်တော်လည်း လိုက်ပို့မှာပါ။ အဲဒီမှာပဲ နေ့လယ်စာ ထမင်းစားကြတာပေါ့"





ကျွန်ုပ် . . .

"အေးကွာ . . . ငါးစိုဟင်းလည်း မစားရတာကြာပါပြီ။ ကသာဘက်တုန်းကလည်း ဧရာဝတီမြစ်ကမ်းဘေးဖြစ်ပြီး ငါးဟင်းမစားခဲ့ရဘူး။ တောကောင်သားတွေချည်းပဲ စားခဲ့ရတယ်"

ခင်ဇော် . . .

"ကိုင်းရွာရောက်ရင်တော့ ငါးစိုဟင်း တစ်ဝစားရမှာ . . . ဆရာရေ။ ဒီအချိန်မှာ ချင်းတွင်းငါးတန်ဖိုက်သားဟင်းနဲ့ ငါးကြင်းက အလွန်ဆူတာ ဆရာ။ ငါးကျည်း၊ ငါးခူကြော်နှပ်လည်း အလွန်ကောင်းပါတယ်"

ကျွန်ုပ်တို့အဖွဲ့ (Land Cruiser)ကားလေးဖြင့် မနက်(၉)နာရီခန့်တွင် ချောင်းဆုံစခန်းမှ ထွက်ခဲ့ကြသည်။ ချောင်းဆုံစခန်းနှင့် ကိုင်းရွာကြီးမှာ တောလမ်းခရီး (၁၀) မိုင်ခန့်သာ ဝေးသော်လည်း လမ်းဆိုး၍ (၁)နာရီခန့် ကားမောင်းရသည်။ တောင်ဆင်းတောင်တက် လျှိုမြောင်ကိုလည်း ဖြတ်ရသည်။

မနက် (၁၀)နာရီကျော်ခန့်တွင် ချင်းတွင်းမြစ်ကမ်းဘေး ကိုင်းရွာကြီးသို့ရောက်သည်။ ကိုင်းရွာကြီးမှာ အိမ်ခြေလေးငါးရာရှိသော အလွန်စည်ကားသည့် ရွာကြီးဖြစ်သည်။ ချင်းတွင်းမြစ်ရေမှာ အပြာရောင်သမ်းပြီး ကြည်လင်စိမ်းလဲ့နေသည်။ တစ်ဖက်ကမ်းရှိ ကလေးဝမြို့မှာ တောင်ကုန်းကလေးများပေါ်တွင် အိမ်ဆောက်ထားသဖြင့် အလွန်လှပသာယာသည်။

ပထမဆုံး တောအုပ်ခင်ဇော်က ဟုမ္မလင်းသွားမည့် မော်တော်ကိုစုံစမ်းရာ ဆိပ်ကမ်းတွင် ကပ်ထားသော မော်တော်သုံးစီးအနက် စိန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်' ဟူသော မော်တော်က နေ့လယ် (၁၂)နာရီတွင် ထွက်မည် ဖြစ်ကြောင်း သိရသဖြင့် (၄)ယောက်စာ စာရင်းပေးခဲ့သည်။

နေ့လယ်စာ ထမင်းစားချိန်နီးပြီဖြစ်၍ ဆိပ်ကမ်းတွင်ရှိသည့် ထမင်းဆိုင်(၃)ဆိုင်အနက် အလယ်ဆိုင်သို့ တောအုပ်ခင်ဇော်က ဦးဆောင် ဝင်သည်။ သန့်ပြန့်သော ဆိုင်လည်းဖြစ်သည်။ ခင်ဇော်က ရသမျှငါး ဟင်း အကုန်မှာသည်။ ငါးတန်ဗိုက်သား၊ ငါးမြင်းဗိုက်သား၊ ငါးခူကြော် နှပ်၊ ငါးသလဲထိုးဟင်းနှင့် ပုစွန်ထုပ်ဟင်းများဖြစ်သည်။ ဆိုင်ရှင်က တောကောင်သားဟင်းများရကြောင်း ပြောသော်လည်း ကျွန်ုပ်တို့ မမှာ ပါ။

ကျွန်ုပ်တို့အဖွဲ့ ငါးဟင်းမစားရသည်မှာ ကြာသဖြင့် ထမင်း အလွန်မြိန်ကြသည်။ အရန်ဟင်းများမှာလည်း ပဲကြီးနှပ်နှင့် ဝါးရောင်း ချဉ်ရွက် ချဉ်ရည်ဟင်း၊ ဆူးပုပ်ရွက်တို့စရာ၊ ဖရဲစိုးနှင့် ခရမ်းသီးပြုတ်၊ ရုံးပတီသီးပြုတ်၊ ငါးပိရည်တို့စရာ မစားရတာကြာပြီဖြစ်၍ အလွန်လိုက် ဖက်ပါသည်။

ကျွန်ုပ်တို့အဖွဲ့ နေ့လယ်စာ စားပြီးသည်နှင့် တောအုပ်ခင်ဇော် ဦးဆောင်ပြီး ကိုင်းရွာကြီးထဲသို့ ဝင်ကြသည်။ ရွာလယ်က နှစ်ထပ်အိမ် ကြီးရှေ့အရောက်တွင် လူကြီးတစ်ဦး ထွက်လာပြီး ...

"ဟော ... ဆရာခင်ဇော်တို့ အဖွဲ့ပါလား။ ကလေးဝဘက် ကူးကြမလို့လား။ ကျုပ်အိမ်မှာ ထမင်း၊ ဟင်း အဆင်သင့်ရှိတယ်။ စားပြီးမှ ကူးကြပါလား"

ခင်ဇော် ...

"ကျွန်တော်တို့ ထမင်းစားပြီးပါပြီ ... သူကြီး။ ဒီက သစ်တော အရေးပိုင် ဆရာဦးနေအောင် ဟုမ္မလင်းပြောင်းမှာမို့ လိုက်ပို့တာပါ"





သူကြီး ...

"ဟောဗျာ ... ဆရာတို့လာရင် ဒီအိမ်မှာ စားနေကျဟာကို၊ ဘယ်နှယ့် ... အပြင်မှာ စားရသလဲ။ ကျုပ်တို့ရွာက ညှိသည်မျှော်နေ တာပါ"

ခင်ဇော် ...

"ဒီနေ့အဖွဲ့က လူများတယ် ... သူကြီး၊ ဒါကြောင့် သူကြီး တို့ အားနာလာနဲ့ အပြင်ဆိုင်မှာ စားတာပါ"

သူကြီး ...

"ကျုပ်တို့ရွာမှာ ပူစရာမရှိပါဘူးဗျာ။ အစားအသောက် ပေါပါ တယ်။ ရွာသူရွာသားတွေကလည်း သဒ္ဓါတရား အလွန်ရှိကြပါတယ်။ ကျုပ်အိမ်မှာ သူများလို မပြည့်စုံရင်တောင်မှ မောင်းတီးလိုက်တာနဲ့ တစ်အိမ်တစ်ခွက် ဟင်းလာပို့ကြမှာပါ။ ဟော ... ပြောရင်းဆိုရင်း လာ ကြပါပြီဗျာ။ မောင်းတောင် မတီးရသေးပါဘူး"

ဟုတ်ပါသည်။ ရွာသူများ လင်ဗန်းကိုယ်စီရွက်၍ ဒယ်ကြမ်း ခရားနှင့် အကြော်အလှော်၊ လက်ဖက်သုပ်များ လာပို့ကြခြင်းဖြစ်သည်။

အဒေါ်ကြီးတစ်ဦးက ...

"ညှိသည်တွေ ဝင်သွားတာတွေ့လို့ သူကြီးမောင်းတီးသံ စောင့် နေတာ။ မောင်းမတီးတော့ ထမင်းစားပြီးကြမှန်း သိလို့ အခါးရည်နဲ့ အမြည်းလာပို့တာပါ"

သူကြီး ...

"အေး ... အေး ... သစ်တောက အရေးပိုင်မင်းတို့ အဖွဲ့ပါး ထမင်းစားပြီးကြပြီတဲ့၊ အဲဒါကြောင့် ကျုပ် မောင်းမတီးတာ။ ထား[illegible]ကြ ထားခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါတရားနှင့် ပြည့်စုံ၍ အလွန်စည်းလုံးညီညွတ်သော ရွာကြီးဖြစ်သည်။ ညေ့သည်မျှော်နေသည်ဆိုသည်ကလည်း မြန်မာ့ရိုးရာဓလေ့ဖြစ်၍ အလွန်ချစ်စရာကောင်းသော စရိုက်ဖြစ်သည်။ ရွာမှာ အိမ်ကြီးအိမ်ကောင်းပေါ်များ၍ စီးပွားရေးကောင်းမွန်သော ရွာကြီးဖြစ်ဟန်ရှိသည်။

သူကြီး ...

''အရေးပိုင်မင်းတို့ ဖြည်းဖြည်းသုံးဆောင်ကြပါဦး။ မော်တော်ထွက်ချိန် ဝေးပါသေးတယ်။ ဒီနေ့ထွက်မယ့် 'စိန်ဝင်းကြည်' မော်တော်က ကျုပ်အပိုင်ပါ။ ထွက်ခါနီး လာခေါ်ကြပါလိမ့်မယ်။ အေးအေးဆေးဆေး အနားယူရင်း သုံးဆောင်ကြပါ''

''ဪ ... ညအိပ်ခရီးဆိုတော့ အရေးပိုင်မင်းတို့ မော်တော်ပေါ်မှာ စားသောက်ဖို့ပါ ကျုပ် စီစဉ်ပေးလိုက်ပါ့မယ်''

ကျွန်ုပ် ...

''ကိစ္စမရှိပါဘူး ... သူကြီး။ ကျွန်တော်တို့ အသားဘူးနဲ့ ပေါင်မုန့်တွေ ပါ,ပါတယ်''

သူကြီး ...

''အဲဒါလည်း တစ်ပိုင်းပေါ့ ... အရေးပိုင်မင်း။ တခြားခရီးသည်တွေက ထမင်းချိုင့်၊ ဟင်းချိုင့်တွေ ပါကြတယ်။ အရေးပိုင်မင်းတို့က ဒီခရီး မသွားဖူးကြသေးလို့ပါ။ တစ်ညအိပ် နှစ်ရက်ခရီးဆိုပေမယ့် ရေလမ်းခရီးဆိုတာ ပြောမရဘူး။ တစ်ခါတစ်ရံ နှစ်ညအိပ် (၃)ရက်လောက်နေရမှာ။ အခက်အခဲတွေ့ရင် အနှောင့်အယှက်မဖြစ်ရအောင် ကျုပ်ပြည့်စုံအောင် ထည့်ပေးလိုက်ပါ့မယ်။ ထမင်းချိန်မှာ ထမင်းစားရမှ





အာသာပြေမှာပေါ့။ ပေါင်မုန့်နဲ့ အသားဘူးချည်းစားလို့ ဘယ်ဖြစ်မလဲ။ ကျုပ်တို့အတွက် အပန်းမကြီးပါဘူး''

တောအုပ်ခင်ဇော် ...

''အရေးပိုင်မင်းတို့က သူကြီးကို အားနာလို့ပါ''

သူကြီး ...

''ဒါ အားနာရမယ့်ကိစ္စမှ မဟုတ်တာ။ ကျုပ်လည်း ဆရာခင်ဇော်ဆီမှာ အားမနာတမ်း အကူအညီတောင်းခဲ့ဖူးတာပဲ''

ကျွန်ုပ် တောအုပ်ခင်ဇော်အား လှမ်းအကြည့်တွင် ခင်ဇော်က ...

''ဆရာရေ ... သူကြီးသားမောင်တင်မောင် တောထဲမှာ အမဲလိုက်ရင်း ပျောက်တုန်းက ကျွန်တော်တို့စခန်းကို အကူအညီတောင်းလို့ လိုက်ရှာပေးတာကို ပြောတာပါ။ လွန်ခဲ့တဲ့ နှစ်ကပါ။ ကြာပါပြီ''

ကျွန်ုပ် ...

''ပြန်ရောတွေ့သလား ... သူကြီး''

သူကြီး ...

''ကျုပ်တို့ဆီမှာ လူပျောက်ရင် ပြန်တွေ့ခဲပါတယ်။ ရွာပုန်းက ခေါ်သွားတာပါ ... အရေးပိုင်မင်း''

ကျွန်ုပ် ...

''ဘယ်လိုဗျာ ... ရွာပုန်းက ခေါ်သွားတာဟုတ်သလား။ ဒီရွာမှာလည်း ဒီလိုမျိုးကိစ္စတွေ ရှိသလား''

သူကြီး ...

''ရှိတာပေါ့ ... အရေးပိုင်မင်းရယ်၊ တောနဲ့ ဆက်နေတဲ့ ဥဒ္ဓာ ဒီကိစ္စမျိုးတွေရှိတာပေါ့။ မြစ်ထဲ၊ ချောင်းထဲမှာ လေ့မှောက်လို့ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းပြန်တွေ့ရသေးတယ်၊ တောထဲ တောင်ထဲမှာ တောမှောက်ရင်တော့ အလောင်းတောင် ပြန်မရနိုင်တော့ဘူး။ ကျုပ်တို့လည်း ရွာတာမှ တစ်ပတ်တိတိပဲ။ သဲလွန်စဆိုလို့ ကျုပ်နှစ်လုံးပြူးကြီးပဲ တောထဲက ပြန်ရတယ်။ ကျုပ်သားကတော့ ပျောက်သွားလိုက်တာ အခုထိပါပဲဗျာ"

ကျွန်ုပ် ...

"သူကြီးတို့ ... ကန်တော့ပွဲတွေ ဘာတွေနဲ့ရော လုပ်ကြသေးသလား"

သူကြီး ...

"ဘယ်နေ့ပါ့မလဲ ... အရေးပိုင်မင်းရယ်၊ ကျုပ်က ဒီသားတစ်ယောက်တည်းရှိတာ။ မီးကုန်၊ ယမ်းကုန် ဆရာကို စုံသွားရောပဲ။ ကလေးက နာမည်ကြီးဆရာတောင် သွားပင့်ပြီး လုပ်သေးတယ်။ မရပါဘူးဗျာ။ ဒီ ရွာပုန်းကိစ္စက အတော်ခက်ပါတယ်။ ပျောက်သွားရင် ပြန်လမ်းကို မရှိတော့ဘူး။ ဒါကြောင့် တောထဲသွားရင် အဖော်နဲ့သွားပါဆိုတာ သားက ပြောမရဘူး။ သူက သတ္တိလည်း အလွန်ကောင်းတာ"

ကျွန်ုပ် ...

"အင်း ... ဒီရွာပုန်းကိစ္စက တစ်နိုင်ငံလုံးမှာရှိတဲ့ တောတောင်အနှံ့ ဖြစ်နေတော့တာပဲနော်။ ကျွန်တော်လည်း အရင်က မယုံပါဘူး။ ကိုယ်တွေ့ကြုံရမှ ယုံရတော့တာပဲ"

သူကြီး ...

"အရေးပိုင်မင်းက ဘယ်လို ကိုယ်တွေ့ကြုံရတာလဲ"

ကျွန်ုပ်က ကျော်စိန်ဝင်းပျောက်စဉ်က အဖြစ်အပျက်နှင့် ကသာယင်းခဲကြိုးဝိုင်းအတွင်း မောင်တင်ပျောက်ဆုံးသွားစဉ်က အဖြစ်အပျက်များအား ပြောပြရာ သူကြီးက ...





"ဩော် ... အရပ်သားတွေသာ ပျောက်တယ်အောက်မေ့မိတာ အစိုးရဝန်ထမ်းတွေလည်း ပျောက်တတ်တာပဲနော်။ ပျောက်ပြီးမြင်တွေ့တယ်ဆိုတာတော့ ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ အံ့ဩချက်ဗျာ"

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် နေ့လယ် (၁၂) နာရီခန့်၌ မော်တော်ဟွန်းသံ တဘော်ဘော်ကို ကြားရပြီး လူတစ်ဦးသူကြီးအား လာခေါ်ပါသည်။

"သူကြီး ... မော်တော်ထွက်တော့မယ်"

"မောင်နီရေ ... နေဦးဟေ့။ ဒီက ဧည့်သည် အရေးပိုင်မင်းတို့လည်း လိုက်မှာ။ ငါးခြောက် ငါးခြမ်းနဲ့ ကြက်သွန်၊ ရေတ်၊ ဆန်၊ ဆီ၊ ဆား၊ ပြည့်စုံအောင် ယူသွားဦး။ ငါး၊ ပုစွန်လည်း မောင်လှတို့ဆီက များများယူသွား။ ပြီးမှ ငါရှင်းလိုက်မယ်။ လမ်းမှာ အရေးပိုင်မင်းတို့ကို ချက်ပြုတ်ကျွေးမွေးပြီး သိုလေသေးမရှိ ပြုစုကြ။ ကြားလား"

"ဟုတ်ကဲ့ပါ ... သူကြီးမင်း၊ စိတ်ချပါခင်ဗျား။ အရေးပိုင်မင်းတို့ပစ္စည်းတွေကိုလည်း ကားပေါ်က မော်တော်ပေါ် တင်ပြီးပါပြီခင်ဗျား"

ကျွန်ုပ်ပစ္စည်းများအား ယခုမှ သတိရတော့သည်။ ကားသမားအား တောအုပ်ခင်ဖော်က အစောင့်ထားခဲ့၍သာ တော်တော့သည်။ ကျွန်ုပ်တို့ သူကြီးနှင့်အတူ လှေဆိပ်ဆင်းလာကြရာ 'စိန်ဝင်းကြည်' မော်တော်မှာ ထွက်ရန် အဆင်သင့်ဖြစ်နေပေပြီ။

လူ (၁၆)ယောက်ခန့် မော်တော်ပေါ်တွင် ရောက်ရှိနေပြီး ကျွန်ုပ်တို့လေးဦးပေါင်းလျှင် လူ (၂၀) ခန့် ဖြစ်ပေမည်။ ကျွန်ုပ်တို့အား မော်တော်သမားက မော်တော်အလယ် နေရာကောင်းတွင် နေရာချထားပေးသည်။ ပစ္စည်းများကိုတော့ အမိုးပေါ်တင်၍ ကြိုးချည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်လေးမှာ လူအယောက် (၂၀–၂၅)ယောက်ဆန့်သဖြ
အလတ်စားဖြစ်သည်။ ခေါင်မိုးအပြည့်နှင့် ထိုင်ခုံရှည်ကြီးကို ဘေးနှ
ဖက်တွင် ရိုက်ထားသဖြင့် ခြေဆင်းပြီး သက်တောင့်သက်သာ စီးနိုင်
သည်။

ကျွန်ုပ်တို့ မော်တော်ပေါ်ရောက်သည်နှင့် ဟွန်းသံရှည်ဆွဲပြီ
မော်တော်ထွက်တော့သည်။ ကျွန်ုပ်တို့ သူကြီးနှင့် တောအုပ်ခင်မေ
ကားသမားအဖွဲ့ကို လက်ပြနှုတ်ဆက်ကြရတော့သည်။ ရေဆန်ခရီးဖြ
၍ မော်တော်မှာ နှေးသည်ထင်ရသော်လည်း စက်အားကောင်းသဖြ
တဖြည်းဖြည်း မြန်လာသည်။

ချင်းတွင်းမြစ်ရေမှာ ကြည်လင်လှသည်။ မြစ်ကမ်းနှစ်ဖ
တွင် စိမ်းစိုနေသော တောအုပ်နှင့်တောင်များသာ။ သဘာဝအလှအ
ကို ခံစားရင်း ကျွန်ုပ်တို့ စကားမပြောမိကြဘဲ ငြိမ်သက်နေကြသည
မော်တော်တစ်စီးလုံးလည်း ငြိမ်သက်နေသည်။ တစ်ခါတစ်ရံ မော်တေ
သမားများ၏ စကားပြောသံကိုသာ မော်တော်စက်သံကို ဖောက်ထွင်
ကြားရတတ်သည်။

ကြာတော့လည်း သဘာဝပတ်ဝန်းကျင်မှာ ရိုးအီသွားပြီး အ
ငိုက်စ ပြုလာသည်။ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ မှောင်စပြ
တစ်ရေးနိုးတော့သည်။ ထိုအချိန်တွင် မော်တော်သမားက ...

"ဆရာကြီးတို့ ... ညစာ စားကြပါ။ မှောင်သွားရင် မ
တော့ဘူး။ အလင်းရောင်လေးရှိတုန်း စားကြပါ"

ပန်းကန်ပြားပေါ်တွင် ထမင်းနှင့်ဟင်းပုံထားပြီး အရည်သော
ပန်းကန်ကြီးတစ်လုံးကို ဝိုင်းလယ်တွင် ခုံတစ်ခုပေါ်တင်၍ ချပေးသ





ကန်ကြီးဘေးတွင် ကြက်သွန်နီလှီးပြီး ငရုတ်သီးမှုန့်နှင့်နယ်ခါ ဆီရွှဲရွဲ
၍ ဆားဖြူးထားသော ငရုပ်သီးဆားထောင်းတစ်ပန်းကန် ပါသေး
ည်။

ဖွန်းမပါသဖြင့် တပည့်ကျော်အောင်ဘုက ခရီးဆောင်ဆွဲခြင်း
မှ ခက်ရင်းနှင့် ဖွန်းကို ယူပေးသည်။ ကျွန်ုပ်က အောင်ဘုယူပေး
ာဖွန်းနှင့် ဟင်းချိုပန်းကန်အား ခပ်ပြီးသောက်ကြည့်ရာ နနွင်းနံ့နံ
ာ ပဲဟင်းချိုဖြစ်နေသည်။

အောင်ဘုက ကျွန်ုပ်ကိုကြည့်ပြီး ...

"ဆရာ ... ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ကွာ။ မင်း ရေခွက်ပါတယ်မဟုတ်လား။ ချင်းတွင်း
ထဲက ရေတစ်ခွက် ကောက်ခပ်လိုက်စမ်းကွာ"

ရေခပ်ပေးသည်နှင့် ကျွန်ုပ် လက်ဆေးပြီး စားတော့သည်။
ကန်ထဲမှ ငါးဟင်းတုံးမှာလည်း နနွင်းရောင် ဝါထိန်နေသည်။ ကျွန်ုပ်
တ်နှင့်စားသဖြင့် လက်နှင့်ပင် အားလုံးစားကြတော့သည်။ လှေသမား
တ်လာပြန်ပြီး ...

"ဆရာကြီးတို့ ... အဝစားကြပါ။ ဟင်းတွေရော ထမင်းတွေ
အများကြီးရှိပါတယ်"

အောင်ဘု ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်တော်တို့ ဝပါပြီ"

"ဟာ ... ဆရာတို့က အစားနည်းလိုက်ကြတာ။ ကျွန်တော်တို့
သုံးပန်းကန်လောက်မှ ဝကြတာ"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး အောင်ဘုက ရေခပ်ပေးပြန်သဖြင့် ကျွန်ုပ် လက်ဆေးကြသည်။ ပြီးနောက် တစ်ယောက်မျက်နှာတစ်ယောက် ကြ ၍ ပြုံးမိကြသည်။ ထိုစဉ် လှေသမားက ပန်းကန်များ လာသိမ်း သည်။

ကျွန်ုပ် . . .

"အောင်ဘုရေ . . . အဆင်ပြေသွားပဲကွ။ ထိုင်ရာမထ စာ ရတယ်။ မင်းလက်ရာနီးနီးလည်း ကောင်းပါတယ်"

အောင်ဘု . . .

"တော်ပါ ဆရာရယ်။ ကျွန်တော်ဖြင့် ဆရာတို့ကို အားနာ တာ။ မိုက်ဆာရင် ပြောဆရာ။ ကျွန်တော် အချိန်မရွေး ထလုပ်ပေး ဒီမှာ ပေါင်မုန့်နဲ့ ငါးသေတ္တာ အဆင်သင့်ရှိတယ်"

ကျွန်ုပ်တို့ ညစာ စားသောက်ပြီး၍ စကားပြောနေကြ ခရီးသည်များ လှေဝမ်းထဲတွင် ထမင်းချိုင့်များခင်း၍ စားသောက်နေ သည်။ မိုးချုပ်စဖြစ်သော်လည်း ကောင်းကင်မှ အလင်းရောင်အား ရောင်ပြန်ဟပ်၍ အလင်းရောင်သဲ့သဲ့ ရှိနေသေးသည်။

အောင်ဘုတစ်ယောက် မော်တော်အနောက်ဘက်သို့ ထ ပြီး အပြန်တွင် သတ္တုရေနွေးအိုး မဲမဲကြီးတစ်လုံးအား ယူလာသ ပြီးနောက် အသင့်ပါလာသော မတ်ခွက်ကြီးထဲသို့ ကော်ဖီ၊ သ နို့ဆီထည့်ကာ ဖျော်တော့သည်။ ပြီးနောက် ကျွန်ုပ်တို့အား သော ဖန်ခွက်တစ်လုံးထဲထည့်၍ ခွက်လှည့်တိုက်တော့သည်။

ကျွန်ုပ် . . .

"အောင်ဘုရေ . . . မင်း မော်တော်နောက်ဘက် သွား အပေါ့အလေးသွားဖို့ မှတ်နေတာ။ အခုမှ ရေနွေးအိုးသွားယူမှန်း





တော့တယ်။ တစ်ခါတလေ အစားအသောက်ကို ဆင်ခြင်ရတာ ပြဿနာ မရှိပါဘူးကွာ။ မြစ်ထဲ၊ ချောင်းထဲ ခရီးသွားနေရတာပဲ ဖြစ်သလိုပေါ့"

အောင်ဘု . . .

"ကျွန်တော်လည်း အပေါ့သွားရင်း ရေနွေးအိုးတွေ့လို့ တောင်း လာခဲ့တာဆရာ။ ဆရာတို့ ထမင်းစားမကောင်းကြတော့ ကော်ဖီတော့ သောက်ချင်မယ်ထင်လို့ပါ။ ကျွန်တော့်ရေနွေးတွေ ပါလာတဲ့ ဓာတ်ဘူးထဲ ထည့်လိုက်မယ်ဆရာ။ ညလယ်ဆာတော့လည်း သောက်ရတာပေါ့"

ဇော်မင်း . . .

"အေး . . . ကောင်းတာပေါ့ . . . အောင်ဘုရာ။ ငါတော့ ထမင်း စားမကောင်းလို့ ညလယ်ကျ ဆာမှာ အသေအချာပဲ"

မော်တော်ကလေးမှာ ရေကိုဆန်၍ ပြေးနေသည်။ မော်တော် ဝမ်းထဲတွင် ထွန်းထားသော မီးသီးကလေးကြောင့် အလင်းရောင်တော့ ရနေသည်။ ဆောင်းနှောင်းရာသီဖြစ်သော်လည်း ရေဓာတ်ကြောင့် အေး လာသဖြင့် အောင်ဘုက အနွေးထည်များ ထုတ်ပေးသည်။ ခရီးသည် များကတော့ အညာစောင်ကြမ်းခြုံ၍ ကွေးနေကြသည်။

ကျွန်ုပ်တို့လည်း ငိုက်မြည်းရင်း အိပ်ပျော်သွားကြရာ မနက် နိုးတော့ မိုးလင်းနေပြီး လက်ျာဘက်ကမ်းဘေးတွင် မြို့တစ်မြို့ကို တွေ့ရ သည်။ ဖောင်းပြင်မြို့ ဖြစ်သည်။

ကမ်းကပ်ပြီး မော်တော်ခေတ္တနားသဖြင့် ကျွန်ုပ်တို့ မျက်နှာ သစ်ကြသည်။ ထူးဆန်းသည်မှာ ချင်းတွင်းမြစ်ထဲတွင် ရေမှာ နစ်ရောင် ဖြစ်နေသည်။ ချင်းတွင်းမြစ်ရေပြာနှင့် တစ်ဖက်ခြမ်းတွင် ရေဝါများဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်သမားအား မေးကြည့်မှ ဟုမ္မလင်းမြို့အနီးတွင် ဥရု
ချောင်းက ချင်းတွင်းမြစ်ထဲ စီးဝင်ကြောင်း၊ ဥရုချောင်းမှာ တောင်ပေါ်
စီးဆင်းလာသော ချောင်းဖြစ်၍ ရေနောက်ကြောင်း၊ ဟုမ္မလင်းမှ ဖောင်း
ပြင်အထိ ရေမှာ နှစ်ရောင်ဖြစ်နေကြောင်း သိရတော့သည်။

ကျွန်ုပ်တို့ ကမ်းပေါ်တင်၍ မနက်စာ စားကြသည်။ ကြက်
ထမင်းကြော်နှင့် လက်ဖက်ရည်ချိုဖြစ်သည်။ နယ်လက်ရာဖြစ်၍ စား
ကောင်းပါသည်။ ခရီးသည်အချို့ဆင်းကြပြီး မော်တော်ဆက်ထွက်သည်။

လက်ဖက်ခြောက်ကောင်းထွက်သော ချင်းတွင်းမြစ်ကမ်းဘေး
မှ ကက်သာ၊ ဂေါ်ရာ၊ မောင်စဉ်ကျေးရွာကြီးများအား ကျော်ခဲ့ပြီး နေ့
လယ်စာအား မော်တော်ပေါ်တွင် စားရပြန်သည်။ ယနေ့နေ့လယ် ဟင်း
မှာတော့ ငါးခြောက်ကြော်နှင့် သီးစုံချဉ်ရည်ဟင်းဖြစ်သည်။

တပည့်ကျော် အောင်ဘု၊ မော်တော်သမားများနှင့် အဖွဲ့ကျ
ဝိုင်းကူချက်ပြုတ်ပေးသဖြင့် ဟင်းလက်ရာ ကောင်းသည်။ ကျွန်ုပ်တို့
အတွက် သီးသန့်အသားဘူးများ ဖောက်၍လည်း ဟင်းတစ်ခွက်တိုး
လာသည်။ ထိုနေ့လယ်စာကတော့ ထမင်းမြိန်လှသည်။

✿ ✿ ✿

## အခန်း [၁၄]

❑

တစ်နေကုန် မော်တော်စီးရသည်။ ဖောင်းပြင်မြို့ကိုကျော်သည်
[illegible] ချင်းတွင်းမြစ်ကမ်းဘေးတွင် ရွာများ စိပ်လာသည်။ ကမ်းနှစ်ဖက်
[illegible]တွင် စိမ်းစိုနေသော ယာတောများကို တစ်မျှော်တစ်ခေါ် မြင်နေရ
[illegible] ကျွန်ုပ်တို့ နေ့လယ် မော်တော်ပေါ်တွင် အိပ်စက်အနားယူကြပြန်
[illegible] နေ့လယ်စားကောင်း၍ ဗိုက်ပြည့်နေသဖြင့် တငြိမ့်ငြိမ့် မော်တော်
[illegible] အိပ်၍လိုက်ခဲ့တော့သည်။

မိုးချုပ်စတွင် မော်တော်ဟွန်းသံကြောင့် အိပ်ရာမှ နိုးကြသည်။
[illegible]တွင် မီးလင်းနေသော မြို့တစ်မြို့ကို မြင်ရသည်။ ကျွန်ုပ်တို့ သွား
[illegible]တာဝန်ထမ်းဆောင်ရမည့် ဟုမ္မလင်းမြို့ဖြစ်သည်။ ဥရုချောင်းက
[illegible]မြို့အနီးတွင် ချင်းတွင်းမြစ်အတွင်းသို့ ပေါင်းဆုံစီးဝင်သည်။
[illegible]မှာ ရွှေထွက်သော ချောင်းဖြစ်သည်။ ခန္တီး၊ ဖားကန့်၊ မိုးကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



တနိုင်း၊ တာမခံ၊ မောင်းပါးနှင့် နောင်ပိုအောင် ရွာကြီးတို့မှာ ရွှေနှင့် ကျောက်စိမ်းထွက်သော ဒေသများဖြစ်သည်။

ကျွန်ုပ်တို့ ဆိပ်ကမ်းပေါ်တက်တော့ ဟုမ္မလင်းသစ်တောဌာနမှ တောအုပ်ကြီး ဦးအောင်မြတ်နှင့်အဖွဲ့က လာကြိုကြသည်။

"ဆရာတို့ ...မောသွားပဲ။ ဒီရေလမ်းခရီးက စိတ်မချရဘူး ဆရာ။ လမ်းမှာ နှစ်ညအိပ်ရတာ များတယ်။ ဆရာတို့ ကံကောင်းပါတယ်။ ကြုံကြပါ ... ဆရာ။ ကျွန်တော်တို့ ညစာ အဆင်သင့်ပြင်ထားပါတယ်။ မော်တော်ဟွန်းသံကြားကတည်းက စောင့်နေကြတာဆရာ"

ကျွန်ုပ် ...

"အေးဗျာ ...ကျွန်တော်တို့ အဆင်ပြေပါတယ်။ လမ်းမှာလည်း ပြဿနာမဖြစ်ပါဘူး။ အစားအသောက် ဆင်းရဲတာတစ်ခုပဲ ရှိပါတယ်။ အိပ်ရေးလည်း ဝကြပါတယ်။ ရေလမ်းခရီး အတွေ့အကြုံရတာပေါ့ဗျာ။ ကဲ ... သွားကြစို့"

"ဟုတ်ကဲ့ ဆရာ"

ဟုမ္မလင်းသစ်တောရုံးမှာ ကမ်းနှင့်မဝေးသဖြင့် ကျွန်ုပ်တို့ လမ်းလျှောက်လာကြသည်။ ချင်းတွင်းမြစ်အတွင်းမှ တိုက်ခိုက်လာသော လေနုအေးကြောင့် လမ်းလျှောက်ရသည်မှာ သက်သောင့်သက်သာရှိသည်။ မော်တော်ပေါ်တွင် အညောင်းမိလာကြသဖြင့် အညောင်းလည်း ပြေသွားသည်။

ကျွန်ုပ်တို့အား သစ်တောရုံးဝင်းအတွင်းရှိ ဧည့်ရိပ်သာတွင် နေရာချပေးသည်။ ဧည့်ရိပ်သာမှာ အသစ်ဖြစ်သည်။ ယခင် ဘိုတဲဟောင်းက ဟောင်းနွမ်းလှပြီဖြစ်၍ ပြင်ဆင်နေကြောင်းသိရသည်။ ခရီးပန်းလာ





း ရေမချိုးရသည်မှာ (၂) ရက်ရှိပြီဖြစ်၍ ရေချိုးကြသည်။ ရေချိုး ခ်မှ လန်းဆန်းပေါ့ပါးသွားသည်။

ရေချိုးပြီးနောက် တောအုပ်ကြီး ဦးအောင်မြတ် စီစဉ်ထားသော က်ဝိုင်းတွင် ထိုင်ကြသည်။ မြို့ပေါ်ဖြစ်၍ အမြည်းက စုံလှသည်။ ကြော်၊ ဝက်နံရိုးကြော်၊ ဝက်သားပေါင်း၊ အခေါက်ကင်၊ အစိမ်း စုံသည်။ စားသောက်ရင်း တောအုပ်ကြီး ဦးအောင်မြတ်ကလုပ် အကြောင်း၊ နယ်မြေဒေသအကြောင်း ရှင်းပြသည်။

"ဆရာဦးနေအောင် ...ဟုမ္မလင်းက နေလို့ကောင်းတယ်ဗျ။ လုပ်ငန်းရော ကျောက်စိမ်းလုပ်ငန်းရော တွင်ကျယ်တယ်။ ဒီမြို့က တယ်ဆိုပေမယ့် ချမ်းသာတဲ့သူတွေ အားကြီးပေါတယ်။ သိန်း ၄၀/ ကိုင်နိုင်တဲ့သူတွေ အများကြီးပဲ။ မိန်းမချောတွေလည်း များတယ်။ မြေခံကောင်းတဲ့ မြို့ပေါ့ဗျာ"

(မှတ်ချက် – ထိုခေတ်က လွတ်လပ်ရေးရပြီးစဖြစ်၍ ငွေကျပ် ၄၀/၅၀ ကိုင်နိုင်သူများမှာ သူဌေးများဖြစ်သည်။)

ကျွန်ုပ် ...

"ကောင်းပါလေ့ ...ဦးအောင်မြတ်ရယ်၊ ကျွန်တော်တို့လည်း ထဲတောင်ထဲမှာ နေရတာများတော့ တစ်ခါတလေ မြို့မှာနေရင် လည်း အဆင်ပြေတာပေါ့ဗျာ"

ဦးအောင်မြတ် ...

"ဆရာရေ ...အဆင်ပြေလွန်းလို့ နောက်မိန်းမတောင် ရ င်တယ်။ ဒီမြို့မှာ အရာရှိဆိုရင် တစ်မြို့လုံးက လေးစားကြတယ်။ ပေးကြတယ်။ လူပျို၊ လူလွတ် အရာရှိဆိုရင်တော့ ပြောမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့။ သေချာပေါက် မိန်းမရမှာ။ သမက်ဖမ်းချင်တဲ့သူဌေးတွေ အများ
ကြီး''

ကျွန်ုပ် ...

''ဒါဆို ကျွန်တော့်တပည့် မောင်ဇော်မင်းအတွက် အဆင်ပြေ
တာပေါ့။ ကျော်စိန်ဝင်းတို့၊ အောင်ဘုတို့ကလည်း လူပျိုတွေချည်းပဲ''

ဇော်မင်း ...

''မလုပ်ပါနဲ့ ... ဆရာရယ်၊ ကျွန်တော့်မှာ နှင်းနုရှိပါသေး
တယ်။ သူနဲ့မှ မပြတ်သေးတာ။ သူ ဘယ်အချိန် ဆက်သွယ်လာမလဲ
စောင့်မျှော်နေရတာပေါ့''

ဦးအောင်မြတ် ...

''နှင်းနုက ဘယ်ကလဲ ... ကိုဇော်မင်း။ ခင်ဗျားရည်းစားလား
အခု ဘယ်ရောက်နေလို့လဲ''

ကျွန်ုပ် ...

''နှင်းနုက ဇော်မင်းရည်းစားပါ။ ဗန်းမောက် ပိန္နဲကုန်းစခန်း
မှာ တွေ့ခဲ့ကြတာ။ လက်ထပ်ဖို့ စီစဉ်နေတုန်း ပျောက်သွားတာဗျ။ ဒါ
ကြောင့် ကျွန်တော့်ကောင်ကြီး ကျွန်ုပ်ဖြစ်နေတာပါ''

ဦးအောင်မြတ် ...

''ဘယ်လိုဗျ ... ဆရာဦးနေအောင်၊ ဒီလောက်ရုပ်ဖြောင့်တဲ့
သစ်တောအရာရှိ ကိုဇော်မင်းလိုလူကို မင်္ဂလာဆောင်ခါနီးမှ ပစ်သွား
တယ်ဆိုတာ အံ့ဩစရာပဲ။ အဲဒီနှင်းနုဆိုတာက ဘယ်သူ့သမီးမို့လို့လဲ''

ကျွန်ုပ် ...

''အဲဒီပိန္နဲကုန်းရွာက သူကြီးသမီးပါဗျာ။ ပစ်သွားတာ မဟုတ်





ပါဘူး။ မင်္ဂလာဆောင်မယ့်ညမှာ ပျောက်သွားတာပါ။ ရှာပုန်းက ခေါ်သွား
တယ် ပြောကြတာပဲ။ ကျွန်တော်တို့လိုက်ရှာတာလည်း နှံ့နေတာပဲ''

ဦးအောင်မြတ် ...

''ရှာပုန်း ... ဟုတ်သလား ... ဆရာဦးနေအောင်၊ အဲဒီ
ဘက်မှာလည်း ရှာပုန်းတွေ ရှိသလား''

ကျွန်ုပ်က ထူးဆန်းသော ရှာပုန်းများအကြောင်းကို ကျော်
စိန်ဝင်းနှင့် ကသာ၊ ယင်းခဲကြီးဝိုင်းသစ်တောအတွင်း ပျောက်ဆုံးသွား
သော သစ်တောဝန်ထမ်း မောင်တင်တို့အကြောင်းကို ရှင်းပြရပြန်သည်။

ဦးအောင်မြတ် ...

''ဆရာဦးနေအောင်ရေ ... ကျွန်တော်တို့ဆီမှာလည်း အဲဒါမျိုး
တွေရှိသဗျ။ ဥရုချောင်းဖျားက နောင်မိုးရွာမှာ တစ်ခါ၊ ဟုမ္မလင်းအောက်
က ညောင်ပင်သာရွာမှာတစ်ခါ၊ ကျွန်တော်တို့ရောက်နေတုန်း သစ်ဆွဲ
ဆင်သမားနဲ့ ကျွဲသမား ပျောက်သွားတာ ကြုံဖူးတယ်။ တော်သေးတာ
က အရပ်သားတွေမို့ ကျွန်တော် ဆရာတို့ဆီကို အစီရင်မခံတာ။

အတော်တော့ ထူးဆန်းတယ်ဆရာ။ ကျွန်တော်တို့နဲ့ အလုပ်
လုပ်နေရင်း ညနေစောင်းမှာ ပျောက်သွားကြတာ။ ရှာလိုက်တာမှ အစ
အနသောင် မတွေ့ရတော့ဘူး။ အနီးက ရွာတွေကပြောမှ ရှာပုန်းက
ခေါ်သွားတယ်လို့ သိရတယ်။ အဲဒီကိစ္စတွေက ဆောင်းတွင်းမှာ အဖြစ်
များတယ်လို့ ပြောကြတယ်''

''သူတို့ ရပ်ရွာထုံးစံအတိုင်း ကန်တော့ပွဲလည်း ပေးကြပါရဲ့၊
နတ်ဝင်သည်တွေနဲ့လည်း မေးမြန်းကြပါရဲ့၊ ဘာမှမထူးပါဘူး ဆရာ။
နောက်ဆုံး လက်လျှော့လိုက်ကြရတာပါပဲ။ ကျွန်တော်ဖြင့် အဲဒီကိစ္စတွေ
ကို မယုံကြည်ဘဲ လက်မခံချင်ပေမယ့် အဟုတ်ကို ဖြစ်နေကြတာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မျက်စိမှိတ်ပြီး မယုံဘူးလို့ ပြောလို့မရဘူးဆရာ။ လက်ခံရမလိုလို ကို ဖြစ်နေပြီဗျာ''

ကျွန်ုပ် ...

''ကျွန်တော်လည်း ခင်ဗျားလိုပါပဲဗျာ။ လက်မခံချင်ပေမယ့် လက်ခံရတော့မှာပေါ့။ ဒါထက် ဝန်ထမ်းထဲကရော ပျောက်သေးသလား ဦးအောင်မြတ်''

ဦးအောင်မြတ် ...

''ဟုတ်ကဲ့ ... ပျောက်ဖူးတယ် ဆရာ။ ဥရုချောင်းဘေးတစ်လျှောက်မှာ မောင်းဝါး၊ တာမခံ၊ အထက်ဖာလုံရွာ၊ နန်တောရွာနဲ့ချောင်းများမှာ နောင်မိုးရွာရှိတယ်။ ကျွန်တော်တို့ သစ်ထုတ်ကွက်တွေကနေ ဥရုချောင်းအတိုင်း ဟုမ္မလင်းကို မိုးရာသီမှာ သစ်ဖောင်မျှောရတယ် ဆရာ။

အဲဒါ သစ်ဖောင်တွေကို ကြီးကြပ်နေရင်း အထက်ဖာလုံရွာမှာ ကျွန်တော်တို့ စတည်းချတယ်။ သစ်ဖောင်တွေ ကမ်းမတင်အောင်နဲ့ ဒိုက်ပုံ (စုပုံထပ်နေခြင်း) မဖြစ်ရအောင် မော်တော်လေးနဲ့ လိုက်စစ်ဆေးပြီး လိုအပ်ရင် ဆွဲချရတယ်။ ဥရုချောင်းက မိုးရာသီနဲ့ ဆောင်းရာသီပဲ မော်တော်သွားလို့ရတာ။ နွေမှာ စက်တပ်လှေသွားမရဘူး။ မိုးရိုးလက်ခတ်လှေသာ သွားရတယ်။

အဲဒါကြောင့် မိုးတွင်းမှာ အင်တိုက်အားတိုက် လုပ်ရတယ်။ လုပ်ငန်းသိမ်းလို့ ညနေမိုးချုပ်စ အထက်ဖလုံရွာစခန်းမှာ နားနေကြတုန်း မော်တော်မောင်းတဲ့ ဝန်ထမ်းမောင်ငယ် ပျောက်သွားတာ ရှာလိုက်ကြတာမှ တစ်ညလုံးပဲ။ ရွာနဲ့လည်းနီးတော့ ရွာထဲလည်း ရှာတယ်။ ရွာသားတွေကလည်း ဝိုင်းရှာပေးတယ်။ မတွေ့ဘူး။



အဲဒါ ရွာကလူကြီးတစ်ယောက်က ညနေ မိုးချုပ်စပျောက်ရင် ရနိုးဘူး။ နတ်ဝှက်တာဆိုလို့ နောက်တစ်နေ့မှာ အဲဒီလူကြီးကိုပဲ အကူအညီတောင်းပြီး ကန်တော့ပွဲ ပေးရှာရတာ။ သုံးလေးရက်ကြာတော့ ကျွန်တော်တို့ စခန်းအနောက် တောင်သရက်ပင်ကြီးအောက်မှာ ပြန်တွေ့တယ်။ အိပ်ပျော်နေတာမို့ မနည်းနိုးယူရတယ်။

သူ့ကိုမေးတော့ ရွာကြီးတစ်ရွာ ရောက်သွားတာတဲ့။ အစားကောင်းတွေကျွေးပြီး ဝန်ထမ်းဆိုလို့ ပြန်လွှတ်လိုက်တာတဲ့။ အံ့ရောဗျာ ...။ သူက မော်တော်မောင်းသမားမို့ ကျွန်တော်တို့ သုံးလေးရက်လောက် အလုပ်ပျက်တာ၊ သစ်လုံးတွေဆို ကမ်းဘေးမှာကပ်ပြီး ဒိုက်ပုံဖြစ်နေလို့ မနည်းဆွဲချရတယ်''

ကျွန်ုပ် ...

''ဩော် ... ဦးအောင်မြတ်ပြောလိုတာက ဝန်ထမ်းဆို ရှာပုန်းက ပြန်လွှတ်တယ်ဆိုပါတော့။ ကျွန်တော့်တပည့် စာရေးလေး ကျော်စိန်ဝင်းကိုလည်း ပြန်လွှတ်ပါတယ်။ ဒါပေမဲ့ ကသာ၊ ယင်းခဲကြိုးဝိုင်းထဲမှာ ပျောက်သွားတဲ့ မောင်တင်ကိုတော့ တစ်ပတ်တိတိ ကျွန်တော်တို့ စောင့်တာ ပြန်ပေါ်မလာပါဘူးဗျာ''

ဦးအောင်မြတ် ...

''ပြန်လာမှာပါ ဆရာ။ သူတို့က အစိုးရဝန်ထမ်းဆိုရင် လက်ခံကြပါဘူး။ အနှေးနဲ့အမြန် ပြန်ရောက်လာမှာပါ''

ကျွန်ုပ်တို့ စကားကောင်းနေ၍ ညစာစားနောက်ကျသည်။ ည (၁၀)နာရီကျော်မှ ညစာ စားဖြစ်ကြသည်။ ညစာစားပြီးနောက် ခေတ္တဆက်ဖက်ရည်ကြမ်းဝိုင်းထိုင်ကြပြီး ခရီးပန်းလာသဖြင့် အိပ်ရာဝင်ကြသည်။ အိပ်ရာဝင်တော့ ည (၁၁)နာရီကျော်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မနက်အိပ်ရာကထ၊ ဘုရားဝတ်ပြုပြီးတော့ (၇)နာရီခန့်တွင် ဦးအောင်မြတ်တို့အဖွဲ့ ရောက်လာကြသည်။ ကျွန်ုပ်တို့ မြို့တွင်း လက်ဖက်ရည်ဆိုင်သို့ထွက်၍ စားသောက်ကြသည်။

ဦးအောင်မြတ် ...

"ဆရာ ... ညက ကသာက ကြေးနန်းဝင်လာတယ်။ ယင်းခဲကြိုးဝိုင်းထဲမှာ ပျောက်သွားတဲ့ ဝန်းထမ်းမောင်တင်ကို ပြန်တွေ့ပြီတဲ့။ အကွက်ကြီး (၃၀) ကြိုးဝိုင်းထဲမှာပဲ။ မုဆိုးက တွေ့လို့ စခန်းကို ပြန်ပို့ပေးတာတဲ့"

ကျွန်ုပ် ...

"အင်း ... အဲဒါဆိုရင်တော့ ရှာပုန်းက ဝန်ထမ်းကို လက်မခံဘူးဆိုတဲ့ ဦးအောင်မြတ်အယူအဆကို လက်ခံရတော့မယ် ထင်ပါရဲ့နော်"

ဦးအောင်မြတ် ...

"ဒါပေါ့ ... ဆရာရဲ့။ တိုက်ဆိုင်မှုဆိုတာ တစ်ခါနှစ်ခါတော့ မှန်မှာပေါ့။ သုံးကြိမ်သုံးခါဆိုရင်တော့ တိုက်ဆိုင်မှု မဟုတ်တော့ဘူးလေ"

ကျွန်ုပ်တို့ စားသောက်ကြပြီးနောက် ဦးအောင်မြတ်နှင့် ကျွန်ုပ် အလုပ်လွှဲကြရန် မနက် (၁၀)နာရီအချိန် ချိန်းဆိုလိုက်ပြီး တည်းခိုဆောင်သို့ ပြန်ခဲ့ကြသည်။

မနက် (၁၀)နာရီအချိန် ယူနီဖောင်းဝတ်၍ သစ်တောရုံးသို့ လာခဲ့သည်။ ဦးအောင်မြတ်က အဆင်သင့်ပြုလုပ်ပြီးဖြစ်၍ အဆင်ပြေသည်။ တောအုပ်များ တောခေါင်းများမှာ အပြောင်းအလဲမရှိသဖြင့် ကွင်းဆင်းလွှဲစရာမလိုပါ။



ရုံးအတွင်းရှိ စာရွက်စာတမ်းများ၊ အသုံးအဆောင် ပရိဘောဂနှင့် ရုံးအဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ဘုတ်ပေါ်စီးဖြစ်သည်။ မော်တော်ဘုတ်များမှာ သူ့လူနှင့်သူရှိပြီး မော်တော်ယာဉ်မှူးပါရှိသဖြင့် နဂိုနေမြဲပင်ဖြစ်သည်။ သို့သော် လုပ်ကွက်များဆင်း၍ စစ်ရန်တော့ လိုပေသေးသည်။ လုပ်ကွက်ပိုင်နက်နှင့် လုပ်ငန်းသဘောတရားကို ကျွန်ုပ်သိရှိရန် လိုအပ်ပေသည်။

ရုံးလုပ်ငန်းများ လွှဲပြီးတော့ ဦးအောင်မြတ် ဆင့်ခေါ်ထားသဖြင့် တောအုပ်၊ တောခေါင်းများနှင့် မော်တော်ယာဉ်မှူးတို့ ရောက်လာကြသည်။ ဦးအောင်မြတ်က ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။

မနက်ဖြန်တွင် မော်တော်ဘုတ်ဖြင့် သစ်ထုတ်ကွက်၊ သစ်ဆယ်ကွက်နှင့် သစ်မျှောခြင်းလုပ်ငန်းများကို လေ့လာကြည့်ရှုရန် ချိန်းလိုက်ကြပြီး ညနေတွင် သစ်တောရုံး၌ စားသောက်ပွဲလုပ်ကြရန် စီစဉ်ကြသည်။ နေ့လယ်စာ စားကြပြီးနောက်၊ ကျွန်ုပ်တို့အဖွဲ့ လိုအပ်သည့်ပစ္စည်းများ ဝယ်ရန်နှင့် မြို့အားလေ့လာရန် မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

ဟုမ္မလင်းမြို့မှာ သစ်လုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းတို့ကြောင့် စည်ကားသည်။ မြို့မှာ မကျယ်ဝန်းလှသော်လည်း အိမ်ကြီးအိမ်ကောင်း တိုက်တာများဖြင့် သပ်ရပ်လှပသည်။ စီးပွားရေးကောင်းသော မြို့ဖြစ်သည်။ ဈေးဆိုင်များလည်း စုံသည်။ စီးပွားရေးကောင်းသော မြို့ဖြစ်၍ စားသောက်ဆိုင်များက အတော်များသည်။ ကျွန်ုပ်တို့ လိုအပ်သည်များ ဝယ်၍ တည်းခိုရိပ်သာသို့ပြန်ပြီး အနားယူကြသည်။

ညနေ ၅ နာရီခန့်တွင် သစ်တောရုံး၌ သစ်တောအရာရှိများ စုကြသည်။ ကျွန်ုပ်အား ကြိုဆိုပြီး သစ်တောအုပ်ကြီး ဦးအောင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



အား နှုတ်ဆက်ပွဲဖြစ်သည်။ လက်ဆောင်များလည်း ပေးကြသည်။ လုပ်
ငန်းများ လွှဲပြောင်းပြီးသဖြင့် မနက်ဖြန် သစ်ကွက်များဆင်း၍ လေ့လာရ
သာရှိတော့သည်။ တောအုပ်ကြီး ဦးအောင်မြတ်မှာ မုံရွာသို့ ပြောင်း
မည်ဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ မနက်စာ စားပြီးသည်နှ
ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ကာ သေနတ်များပါယူ၍ ဆိပ်ကမ်း
ဆင်းခဲ့ကြသည်။ ဆိပ်ကမ်းတွင် သစ်တောဌာနပိုင် U Boat ကလေ
(၅)စင်းကို အသင့်ထိုးထားပြီး ဝန်ထမ်းများက အသင့်စောင့်နေကြသည်

တောအုပ်ကြီး ဦးအောင်မြတ်က တောခေါင်း၊ ချောင်းခေါင်
နှင့် မော်တော်မောင်းသမားများအား ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်
ဥရုမြစ်အတိုင်း ချောင်းဖျားအထိ ဆန်တက်ရန်ဖြစ်၍ ကျွန်ုပ်က မောင်ငယ်
ဆိုသော ဝန်ထမ်းမောင်းသည့် U Boat ဘုတ်အား ရွေးလိုက်သည်
တောအုပ်ကြီး ဦးအောင်မြတ်က ကျွန်ုပ်အား ကြည့်၍ သဘောကျ
ပြုံးလိုက်ပြီး ...

"ဆရာဦးနေအောင်ကတော့ ရွာပုန်းကပြန်လာတဲ့ မောင်ငယ်
ကို ဖျူးတော့မယ်ထင်ပါရဲ့"

ကျွန်ုပ် ...

"ဟုတ်ပါ့ဗျာ ... ဒီအကြောင်းတွေက ကျွန်တော့်ရင်ထဲ ခေ
ခဏဝင်လာတော့ မေးစရာမြန်းစရာလေးတွေ ရှိလို့ပါ"

ဦးအောင်မြတ် ...

"ဆရာ ... သွားရင်းလာရင်းတော့ မေးလို့ရမှာမဟုတ်ဘူ
စခန်းတစ်နေရာနားမှပဲ မေးလို့ရမှာ။ ဥရုမြစ်က တောင်ကျချောင်းပြ





လို့ ရေစီးသန်တယ်။ မြစ်အကျယ်အဝန်းကလည်း ပေ (၁၀၀) လောက်ပဲ
ကျယ်တာ။ အထက်ကလျှောချလာတဲ့ သစ်ဖောင်တွေကြောင့်လည်း မော်
တော်မောင်းသမားက ရေမြင်ကွင်းကို အလွတ်ပေးလို့မရဘူး။ အမြဲ
သတိရှိနေရတယ်။

ဒါပေမဲ့ ဒီဆောင်းတွင်းဘက်မှာတော့ သစ်မျှောတာ နည်းပါ
တယ်။ သောင်မတင်အောင်ဘဲ ဂရုစိုက်ရမှာပါ။ နွေဆိုရင်တော့ မော်
တော်တုတ်သွားလို့ မရတော့ဘူးဆရာ။ လက်ခတ်လှေပဲ သွားလို့ရတော့
တယ်။ ချောင်းက ကျဉ်းပြီး ရေနည်းသွားပြီလေ"

ကျွန်ုပ် ...

"ဥရုမြစ်ချောင်းတစ်လျှောက် ဘာရွာတွေ ရှိသလဲဗျ"

ဦးအောင်မြတ် ...

"ဒီက ဟုမ္မလင်းနဲ့ဆက်နေတဲ့ နောင်ပိုအောင် ကျေးရွာကြီး
က အလွန်ကြီးတဲ့ ရွာကြီးဆရာ။ အိမ်ခြေ (၄၀၀–၅၀၀)ရှိတယ်။ ကျောက်
စိမ်းနဲ့ ရွှေ အရောင်းအဝယ်လုပ်ကြလို့ ချမ်းသာတဲ့သူများတယ်။ ရေမြေ
ကောင်းလို့ မိန်းမချောတွေလည်း ထွက်တယ်။

ဥရုချောင်းကို ဆက်တက်ရင် အောက်ဖာလုံရွာ၊ အထက်ဖာလုံ
ရွာနဲ့ နန်တောရွာကို ရောက်မယ်။ ဥရုမြစ်ဖျားအထိ ဆက်သွားရင်တော့
အလွန်ခေါင်တဲ့ နောင်မိုးရွာကို ရောက်မယ်။ အိမ်ကလည်း (၅) လုံး
လောက်သာရှိတဲ့ ရွာသိမ်ကလေးပေါ့ ဆရာ"

ကျွန်ုပ် ...

"ဒါနဲ့ ဥရုမြစ်ကို ဥရုချောင်းလို့လည်း ခေါ်ကြတယ်။ ဘာ
ကြောင့်လဲဗျာ"

ဦးအောင်မြတ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း မြစ်ခေါ်လိုက်၊ ချောင်းခေါ်လိုက်ပါပဲ .. ဆရာရယ်။ သူက ချောင်းမကာ မြစ်မကျလို့ ပြောရမှာပါပဲ။ တကယ်တော့ တောင်ကျချောင်းကြီးပါပဲ"

ကျွန်ုပ် ...

"ဥရုချောင်းက ရွှေထွက်တာတော့ နာမည်ကြီးပဲနော်"

ဦးအောင်မြတ် ...

"ရွှေတင် ဘယ်ကမလဲ ... ဆရာရယ်၊ ဥရုချောင်းများမှာ လုံခင်းတို့၊ တာမခံတို့ဆိုတာ ကျောက်စိမ်းထွက်တဲ့ နေရာတွေပေါ့"

ကျွန်ုပ်တို့ မော်တော်ထွက်လာပြီး နောင်ပိုအောင်ရွာကြီးကို ဖြတ်ကျော်လာသည်။ အိမ်ခြေလေးငါးရာရှိပြီး အိမ်ကြီးအိမ်ကောင်းများ များသည်။ အပြန်မှ ဝင်လည်ကြရန် ဦးအောင်မြတ်ကပြောသဖြင့် ဆက်ထွက်လာကြသည်။

ဥရုချောင်းရေမှာ တောင်ကျချောင်းရေဖြစ်သည်နှင့်အညီ ရေနီရေဝါဖြစ်နေသည်။ သောင်များထွန်းစ ပြုလာပြီဖြစ်၍ မော်တော်သမားမောင်ငယ်က ဂရုတစိုက် မောင်းနေရသည်။ အထက်မှာ သစ်လုံးဖောင်များ မျှောလာသည်ကို မတွေ့ရ။ မြစ်မှာ ရေနည်းနေပြီဖြစ်၍ သစ်မျှောရန်လည်း မသင့်တော်တော့ပါ။

ကျွန်ုပ်တို့ အောက်ဖာလုံရွာသို့ရောက်တော့ နေ့လယ်စာစားချိန် ရောက်ပြီဖြစ်၍ မော်တော်ကားကမ်းကပ်ပြီး သစ်မျှောဆိပ် သစ်တောရုံး အဆောက်အဦလေးထဲ ဝင်ခဲ့ကြသည်။ ဝန်ထမ်းနှစ်ဦးသာ တွေ့ရသည်။

ကျွန်ုပ်တို့ ဦးအောင်မြတ်စီစဉ်ပြီး ထည့်ယူလာခဲ့သည့် ချိုင့်များဖြင့် နေ့လယ်စာ စားကြသည်။ သစ်စခန်းဖြစ်၍ ဝင်းထဲ၌ သစ်လုံးများ





စုပုံနေသည်။ ရေနည်း၍ သစ်မမျှောနိုင်ကြောင်း သိရသည်။ ဝန်ထမ်းများလည်း တောဝင်နေကြသဖြင့် သစ်တောရုံး၌ အစောင့်သာရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့ နေ့လယ်စာစားပြီး ခေတ္တနား၍ ဆက်ထွက်ခဲ့ကြပြန်သည်။ ဥရုချောင်းမှာ အကောက်တကောက်လေ၊ ချောင်းကျဉ်းပြီး ရေနည်းလာလေဖြစ်သည်။ ကမ်းနှစ်ဖက်မှာတော့ ညို့မှိုင်းနေသည့် သစ်တောကြီးက အပြိုင်းအရိုင်းဖြစ်သည်။ လယ်ကွင်းပြင်များကိုလည်း မြေပြန့်များတွင် တစ်မျှော်တစ်ခေါ် မြင်ကြရသည်။

အထက်ဖာလုံရွာရောက်တော့ မော်တော်ကမ်းကပ်၍ ဝင်ကြပြန်သည်။ သစ်တောရုံးတွင် ဝန်ထမ်းတစ်ဦးနှင့် ကျွဲသမားများကိုသာ တွေ့ရသည်။ သစ်တောဝင်းထဲမှာတော့ ရေမျှောရန် သစ်လုံးများ စုပုံထားသည်ကို အမြောက်အမြား တွေ့ရသည်။ ခေတ္တနားပြီး၊ ကျွန်ုပ်တို့ ဆက်ထွက်ခဲ့ပြန်သည်။

နန်တောရွာရောက်တော့ ညနေစောင်းပြီ၊ ကျွန်ုပ်တို့ ညအိပ်ရပ်နားရမည့် စခန်းဖြစ်သည်။ ညနေစောင်းပြီဖြစ်၍ ဝန်ထမ်းများ အလျှိုလျှို ရောက်လာကြသည်။ နန်တောသစ်စခန်းမှာ စခန်းကြီးဖြစ်၍ တောအုပ်တစ်ယောက်နှင့် တောခေါင်း၊ ဆင်သမား၊ ကျွဲသမားများရှိသည်။

ဥရုမြစ်အား ဆန်တက်ရာတွင် ညအိပ်စခန်းဖြစ်၍ ဧည့်ဂေဟာလည်းရှိသည်။ သွပ်မိုးပျဉ်ထောင်အိမ်ကြီးဖြစ်သော်လည်း ကျယ်ဝန်းပါသည်။ ကျွန်ုပ်တို့အဖွဲ့လည်း စတည်းချကြသည်။ ညစာကိုတော့ နန်တောစခန်းက တာဝန်ယူ ချက်ပြုတ်နေကြသည်။

ကျွန်ုပ်တို့အဖွဲ့ ရေမိုးချိုးပြီးသည်နှင့် ဧည့်ခန်းတွင် ထိုင်ကာ ပါလာသည့် အရက်နှင့် အမြည်းကို စားသောက်ကြရင်း ညစာစားချိန်



www.burmeseclassic.com

www.burmeseclassic.com

စောင့်နေကြရသည်။ ထိုစဉ် နန်တော်ရှာ တောအုပ်မောင်ခင် ရောက်လာပြီး ငါးကြော်များ ချပေးရင်း ...

"ဆရာတို့ရေ ... သည်းခံပါဗျာ၊ အမဲလည်မဲ့သူမရှိတော့ ဒီစခန်းမှာ တောကောင်သား ပြတ်နေတယ်။ မြစ်နဲ့နီးပေမယ့် ငါးကလည်း မပေါဘူး။ ဒီကျောက်ငါးကြင်းတွေပဲရှိတယ်။ အရိုးတွေကို ကြွပ်ကြွပ်ကြော်ထားဘယ်။ ညစာကိုတော့ ရွာထဲက ဘဲငန်းကြီးတစ်ကောင်ဝယ်ပြီး ချက်ပြုတ်နေကြပါပြီ။ သုံးဆောင်ကြပါခင်ဗျား"

ကျွန်ုပ် ...

"မောင်ခင် ... မင်းရော၊ လာလေကွာ။ မရှိ့ရှိတာ ဝေမျှစားရမှာပေါ့။ ငါတို့ ကလေးဝကလာတုန်းက မော်တော်ပေါ်မှာ ဖြစ်သလိုစားခဲ့ရတာပါ။ အစားအသောက်အတွက်တော့ မပူပါနဲ့ကွာ"

မောင်ခင် ...

"ကိုယ့်ဆရာတွေလာတာ ပြုစုချင်တာပေါ့ ... ဆရာရယ်၊ မုဆိုးလုပ်တဲ့ တောခေါင်းက ငှက်ဖျားမိနေတော့ တောကောင်သား ရှားသွားတာပေါ့။ အရင်အခေါက်တွေက ဆရာဦးအောင်မြတ်တို့ လာတုန်းကတော့ အလျှံပယ်ပါ ... ဆရာရယ်"

ကျွန်ုပ် ...

"ဒီစခန်းနားမှာ ဘာကောင်တွေပေါသလဲ ... မောင်ခင်"

မောင်ခင် ...

"ချေ၊ စိုင်၊ ဆတ်၊ ဝက် အကုန်ပေါတယ် ဆရာ။ အခုလိုအချိန် ဆောင်းအကုန် နွေအစမှာ စပါးခင်းတွေမှည့်စပြုပြီလေ၊ ဒီအချိန်မှာတော့ စပါးခင်းဝင်တဲ့ တောဝက်ကတော့ အပေါဆုံးပဲ ဆရာ"





ကျွန်ုပ် ...

"ဒီကနဲ့ ဝေးသလား ... မောင်ခင်"

"မဝေးပါဘူး ဆရာ။ ဒီစခန်းက အနောက်ဘက်ကိုထွက်ရင် လယ်ကွင်းပြင်ကိုရောက်ပါတယ်။ လယ်ကွင်းပြင်က ရိုးမတောင်ခြေအထိ တစ်မျှော်တစ်ခေါ်ကြီးပါ"

ကျွန်ုပ် ...

"အေး ... အဲဒါဆိုရင် လမ်းပြ စီစဉ်ပေးစမ်းကွာ။ ငါတို့အဖွဲ့ ညစာစားပြီးတာနဲ့ ညမီးလည်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် ညစာမစားမီ အချိန်ကလေးရတုန်း အရက်သောက်သည်။ မော်တော်မောင်းသမား မောင်ငယ်အား 'ရှာပုန်း'အကြောင်း မေးမြန်းရတော့သည်။ သူရောက်ခဲ့သော ရွာမှာလည်း စာရေးလေး ကျော်မင်းတို့ရောက်ခဲ့ကြသည့် ငါးပါးသီလမြို့ သက်သတ်လွတ်စားသော ကြိုးနှင့် တစ်ပုံစံတည်းဖြစ်သည်။

အမျိုးသမီး အချောအလှပေါ်ပြီး ချမ်းသာကြွယ်ဝကြသည်မှာ …နည်း အတူတူပင်။ တစ်ခုထူးခြားသည်မှာ တောရွှေထွက်သော အရပ် …အဖြစ်၍ သူ့အား ရွှေဖွန်း၊ ရွှေပန်းကန်၊ ရွှေခွက်ဖြင့် ထမင်းကျွေးခြင်းဖြစ်သည်။

ကျွန်ုပ် ...

"မောင်ငယ်ရေ ... မင်းကိုရော ရွှေတွေ မပေးလိုက်ဘူးလား"

"ပေးတော့ မပေးဘူး ဆရာ။ အခန်းထဲခေါ်ပြတာတော့ ရွှေ…ကို တင်းတောင်းကြီးတွေနဲ့ ထည့်ထားတာအပြည့်ပဲ။ တစ်ရွာလုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း ယောက်ျား၊ မိန်းမ၊ ကလေး ရွှေတွေဆင်ထားတာ ညွတ်နေတာပဲ။ ကျွန်တော်နေရင် ပေးမယ်လို့ ပြောပါတယ်"

ကျွန်ုပ် ...

"မင်းက ဘာကြောင့်မနေတာလဲ ... မောင်ငယ်"

"ကျွန်တော်က အသားမပါရင် ထမင်းမစားတတ်ဘူး ဆရာ။ နောက်ပြီး အရက်ကလေးလည်း သောက်တတ်တော့ အဲဒီမှာ နေလို့ဖြစ်မှာမဟုတ်ဘူး။ နောက်ပြီး ကျွန်တော်က နောက်ပိုင်းကို ပြန်သတိရနေတာဆရာ။ အဲဒါကြောင့် အစိုးရဝန်ထမ်းလို့ ပြောလိုက်တော့ သူတို့မိသားစု တိုင်ပင်ကြပြီး ဒါဆို ဖြစ်မှာမဟုတ်ဘူးလို့ပြောပြီး ပြန်လွှတ်တာပါ"

ကျွန်ုပ် ...

"သူတို့မိသားစုဆိုတာ ဘယ်သူတွေလဲ ... မောင်ငယ်"

ရွာလူကြီးထင်တာပဲ ဆရာ။ ရွာမှာလည်း သြဇာကြီးတယ်။ သူတို့အိမ်ကြီးက နှစ်ထပ်ပျဉ်ထောင်အိမ်အသစ်ကြီး၊ ညပိုင်းဆိုရင်လည်း အောက်လင်းဓာတ်မီးကြီးကို ထိန်နေအောင် ထွန်းထားတာ။ သူတို့မိသားစုက အဒေါ်ကြီးတစ်ယောက်နဲ့ သမီးတစ်ယောက် ပေါင်း(၂)ယောက်တည်းပါ သမီးနာမည်က စိန်နုတဲ့ဆရာ။

အိမ်မှာနေရင်း ရွှေနဲ့စိန်ထည်တွေ ဝတ်ထားတာအပြည့်ပဲ။ အဲဒီအိမ်ရှင်လူကြီးကဆိုရင် ဆံရှည်ကို သျှောင်ထုံးထားပြီး စိန်နားရွှောင်းကြီးပန်ထားတာ တဖျပ်ဖျပ် လက်နေတော့တာပဲ။ အဒေါ်ကြီးကတော့ စိန်တွေစီထားတဲ့ ဘီးကြီးကို ဆံထုံးမှာစိုက်ပြီး စိန်နားရွှောင်းပန်၊ စိန်လည်ဆွဲကြီး ဆွဲထားတာ မီးရောင်မှာ တဖျပ်ဖျပ်ပဲ"





ကျွန်ုပ် ...

"သမီးလုပ်တဲ့ စိန်နုကရော ဘာတွေဝတ်ထားသလဲ"

"သူကတော့ စိန်မဝတ်ဘူးဆရာ။ အရည်ကောင်းတဲ့ ကျောက်စိမ်းတွေကို တစ်ကိုယ်လုံးမှာ ဆင်ထားတာ အသားအရေ ဝင်းဝင်းဝါဝါနဲ့ အလွန်လိုက်တယ်ဆရာ"

ကျွန်ုပ် ...

"မောင်ငယ် ... မင်းကိုရော သူ့သမီးနဲ့ ပေးစားမယ်၊ ဘာညာ ပြောသေးသလား"

"အဲသည်လိုတော့ မပြောဘူး ဆရာ။ ကျွန်တော်က အစိုးရဝန်ထမ်း မနေချင်ဘူးပြောတော့ တစ်ညအိပ်ပြီး ပြန်လွှတ်တာပါပဲ"

ကျွန်ုပ် ...

"အေးကွာ ... မောင်ငယ် မင်းရောက်သွားတဲ့ ရွာကတော့ တစ်မျိုးပဲ။ ငါးပါးသီလမြဲပြီး သက်သတ်လွတ်တောင် စားကြတယ်ဆိုတော့ လောဘနည်းရမှာပေါ့။ ဘာကြောင့် ရွှေတွေ၊ စိန်တွေဝတ်ပြီး မင်းကို လောဘတက်အောင် လုပ်ရတာလဲ"

"ဆရာ ... စိန်တွေရွှေတွေက သူတို့အတွက် အဓိကမဟုတ်ဘူးထင်တယ်ဆရာ။ တစ်ရွာလုံး ယောက်ျား၊ မိန်းမ၊ ကလေးကအစ ဝတ်နေကြတာဆိုတော့ အဝတ်တန်ဆာ အလှအပအနေနဲ့ပဲ ဝတ်ကြတာ ထင်ပါရဲ့ဗျာ"

"အဲ ... အဘိုးကြီးက ပြောတာ တစ်ခုတော့ရှိတယ်ဗျ။ လူတွေဟာ ငါးပါးသီလမြဲပြီး တစ်သက်လုံး သက်သတ်လွတ်စားရင် အသက်ရှည်သတဲ့။ ကျန်းမာရေးကောင်းအောင်တော့ ရွှေကို အသားနဲ့ ထိတွေ့နေတဲ့။ ခေါင်းကောင်းအောင် နားရွှောင်းပန်ရမယ်တဲ့။ နှလုံးနဲ့ ဝမ်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



ကလီစာတွေကောင်းအောင် လည်ဆွဲစလွယ် ဆင်ရထားရမယ်တဲ့။ လ
တွေ ကျန်းမာအောင် လက်ကောက်ဝတ်ရသလို၊ ခြေထောက်တွေကော
အောင်လည်း ရွှေခြေချင်းဝတ်ရမတဲ့လေ။ နောက်ပြီး ထမင်းစား
ရွှေဇွန်း၊ ရွှေပန်းကန်နဲ့ စားသင့်တယ်တဲ့။ ရေသောက်တာတောင် ရွှေ
ခွက်နဲ့ပေါ့ဗျာ''

ကျွန်ုပ် ...

''အေးကွ ... အဲဒီအယူအဆကိုတော့ ငါလက်ခံချင်တ
ငါတို့ဆီမှာတောင် အသားအရေစိုပြေအောင်၊ နှလုံးရောဂါပျောက်အော
သောက်တဲ့ သွေးဆေးတွေထဲမှာ ရွှေဆိုင်းထည့်ပြီး သောက်ကြတာ
မဟုတ်လား''

ဦးအောင်မြတ် ...

''ဟုတ်ပါ့ ဆရာ။ ကျွန်တော်လည်း နှလုံးရောဂါရှိလို့ ဇ
ပေါင်းတစ်ထောင်သွေးဆေးကို သောက်ရတာ ရွှေဆိုင်းပါတယ်ထေ

ဇော်မင်း ...

''ဟုတ်ပါရဲ့ဗျာ ... ဆရာတို့ပြောမှပဲ ကျွန်တော်လည်း သ
ထားမိတော့တယ်။ ကျွန်တော့်အမေလည်း ရွှေဆိုင်းပါတဲ့ ဂမုန်းဆေ
တစ်ထောင်ဆေးကို ဈေးကြီးပေးပြီး ဝယ်သောက်ရတာ။ တစ်ခါတ
ရွှေဆိုင်းနည်းတယ်ဆိုပြီး ဝယ်ထည့်ရသေးတယ်။ အမေ့အသားအရေ
ဆိုရင် ဝင်းဝါနေတာပဲ။ အခု အသက် (၆၀)ကျော်နေပြီ၊ ကျန်းမာ
ကောင်းတုန်းပဲဗျ''

ကျွန်ုပ် ...

''ရွှေဟာ ကျန်းမာရေးအတွက် ဆေးဖက်ဝင်တဲ့အကြော
ရှာပုန်းကလူတွေက ငါတို့ထက် ပိုသိလို့နေမှာပေါ့ ... ဇော်မင်းရေ





မောင်ငယ် ...

''ဆရာပြောတာ ဟုတ်ပုံရတယ်ဆရာ။ အဲဒီရွာကြီးကို ကျွန်တော်တစ်ရွာလုံးအနှံ့ ရောက်တယ်။ ရောဂါဖြစ်နေတဲ့သူ တစ်ယောက်မှ မတွေ့ခဲ့ဘူး။ အသက်လည်း ရှည်ကြတယ်ထင်ပါရဲ့။ ရွာထဲမှာ အသက် (၈၀–၉၀) အဘိုး၊ အဘွားတွေကို အများကြီးတွေ့ခဲ့တယ်။ သဒ္ဒါတရားကလည်း ထက်သန်ပါရဲ့ဗျာ။ တစိမ်းဖြစ်တဲ့ ကျွန်တော့်ကို အိမ်တိုင်းက ဖိတ်ခေါ်ပြီး ကျွေးမွေးကြတယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

❑

ကျွန်ုပ်တို့ စကားပြောကောင်းနေကြစဉ် မောင်ခင်က ထမင်း နှင့်ဟင်းပွဲများ ပြင်ဆင်ပေးတော့သည်။ ကျွန်ုပ်တို့ စကားဖြတ်၍ ထ ကြသောက်ကြသည်။ ဘဲငန်းသားဟင်းကို စပါးလင်ခပ်၍ အရည်သော ချက်ထားသဖြင့် အရသာထူးသည်။ ထမင်းစား၍ မြိန်ကြသည်။

ကျွန်ုပ်တို့ ထမင်းစားကြပြီး ခေတ္တနားနေကြစဉ် တောအုပ် မောင်ခင်က ရွာသားတစ်ယောက်ကို ခေါ်လာသည်။

"ဆရာဦးနေအောင် ... ဒါ ရွာက လမ်းပြမုဆိုးပါ။ လွယ် လို့ ခေါ်ပါတယ်။ ကချင်လူမျိုးပါ"

"အေး ... အေး ... ကောင်းပြီ၊ ခဏလေးစောင့်ဦးကွ ငါတို့ ပြင်ဆင်လိုက်ဦးမယ်"

ကျွန်ုပ် ယူနီဖောင်းအင်္ကျီကို လဲသည်။ သေနတ်ကြိုး စစ်ဆေးနေစဉ် တပည့်ကျော်အောင်ဘ Eveready Hunter Light အ





လိုက်ဓာတ်မီး (၈)တောင့်ထိုးနှင့် လက်နှိပ်ဓာတ်မီးများကို ပြင်ဆင်နေ သည်။ ဖော်မင်းကလည်း အသင့်ဖြစ်နေသည်။

ကျွန်ုပ် ...

"အောင်ဘုရေ ... ရေဘူး မမေ့စေနဲ့ဟေ့"

"ကျော်စိန့်ဝင်းကရော လိုက်မှာလား"

"ကျွန်တော် နေခဲ့တော့မယ်ဆရာ။ ကျွန်တော် ဆရာ့အတွက် အိပ်ရာလည်း ပြင်ရဦးမယ်။ နောက်ပြီး မောင်ငယ်နဲ့ စကားပြောချင် သေးလို့ပါ"

ရှာပုန်းရောက်ခဲ့သူချင်း အတွေ့အကြုံ ဖလှယ်လိုကြဟန်တူ သည်။

"အေး ... အေး ... ကောင်းပြီ။ ဘယ်မှတော့ မသွားနဲ့နော်။ ခင်းကို ငါက စိတ်ချတာမဟုတ်ဘူး"

"စိတ်ချပါ ဆရာ။ ကျွန်တော် ဘယ်မှမသွားပါဘူး။ အိမ်သာ သလည်း အိမ်ပေါ်မှာရှိတော့ အောက်တောင် မဆင်းပါဘူးဆရာ"

ကျွန်ုပ်တို့ သစ်စခန်းကထွက်တော့ အနောက်ဘက်တွင် စိမ်း စိုနေသော လယ်ကွင်းပြင်ကြီးကို တစ်မျှော်တစ်ခေါ် တွေ့ရသည်။

လမ်းပြမုဆိုးလွယ်လ ...

"ဆရာကြီး ... ချွန်တော်တို့ လယ်တဲကမသွား။ ဟိုဘက် တောစပ်က သွားမယ်။ ဒါမှ အကောင်တွေမမြင်မှာ၊ ဟိုးနားက တောင် ခြေကွင်းစပ်ကို ပန်းသွားရမယ်။ ဒီဘက်ကလေအောက်ပါ။ သူတို့ အနံ့ ရနိုင်ဘူး"

ကျွန်ုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... လွှယ်လ"

လမ်းပြမုဆိုး လွှယ်လက တောကျွမ်းဟန်တူသည်။ သူ ဆောင်လမ်းပြရာသို့ ကျွန်ုပ်တို့ သေနတ်များအား မောင်းတင်ပြီး ခြေ လုံလုံဖြင့် လိုက်ခဲ့ကြသည်။ သူပြသော တောင်ခြေမှာ အမြင့်နီးသော လည်း ခရီးက ဝေးလှသည်။ နာရီဝက်ခန့်ကြာမှ ကျွန်ုပ်တို့အား အသူ ပြ ရပ်နိုင်းသည်။ ထိုအချိန်တွင် တောဝက်အုပ်အသံကို ကြားလာ သည်။

"ဝု ... ဝု ... အိ ... အိ ..."

သူကပင် အောင်ဘုထံမှ မီးတောင်း၍ ကျွန်ုပ်တို့အား ခေါ် နေရာယူစေသည်။ အသင့်ဖြစ်သည်နှင့် အမဲလိုက်မီးအား မိုးပေါ်ထော ၍ ဖွင့်ပြီး တဖြည်းဖြည်းအောက်သို့ ဆွဲချလာရာ ဝက်အုပ်ပေါ်ရော သည်နှင့် စိုက်ထိုးထားပေးရာ မီးရောင်အောက်တွင် မျက်လုံးစိမ်း များနှင့် ပြူးကြည့်နေကြသော ဝက်အုပ်ကြီးကို မြင်ရသည်။ ကျွန်ုပ် ဖော်မင်း အပိုင်ချိန်ပြီးသည်နှင့် မောင်းဖြုတ်ချလိုက်တော့သည်။

"ဒိုင်း ... ဒိန်း ... ဒိန်း ..."

ပစ်ခတ်ပြီးသည်နှင့် ကျွန်ုပ်တို့ နေရာမှ ခုန်ရှောင်ကြပြီး ကျ သစ်ထိုး၍ အသင့်ပြင်ဆင်လိုက်ကြပြန်သည်။

လွှယ်လကလည်း အတွေ့အကြုံရှိသော မုဆိုးကောင်းပီပီ နေ မှာ မရှိတော့။ တစ်အောင့်ကြာမှ တခြားနေရာမှ မီးအလင်းတန်း လာပြီး ဝက်အုပ်ကြီးကို ထိုးပြသည်။ ဝက်အုပ်ကြီး မရှိတော့။ အ (၅၀)ခန့်စီရှိသော ဝက်မ (၃) ကောင်သာ နေရာတွင် ပုံလဲနေသည် ဝက်သိုးကြီးမပါ၊ ဝက်ပျိုမအုပ်သာ ဖြစ်ဟန်တူသည်။





လွှယ်လနှင့် တပည့်ကျော်အောင်ဘုက လယ်ကွင်းထဲဆင်း၍ ကောက်ကြသည်။ ဖော်မင်းက မီးပြပေးသည်။ ကုန်းပေါ်ရောက်တော့ လွှယ်လက သူတို့ရိုးရာထုံးစံအတိုင်း ဝက်သေများ၏ နားရွက်ဖျား အမြီးဖျားများကို ဖြတ်၍ တောစောင့်နတ်၊ တောင်စောင့်နတ်အား ပူဇော်သည်။

ပြီးနောက် ကျွန်ုပ်က ...

"လွှယ်လရေ ... ဘယ်လိုသယ်ကြမလဲ"

"ဆရာကြီး ... ချွန်တော် မှာထားခဲ့တယ်။ သေနတ်သံကြားရင် စခန်းကလူတွေ လိုက်လာလိမ့်မယ်။ ခဏနားပြီး စောင့်ပါ"

လွှယ်လနှင့် အောင်ဘုတို့ ဝါးခုတ်ခြင်း နွယ်ရှာခြင်း အမှုကို ပြု၍ ဝက်သေများအား သယ်ရန် ဆောင်ရွက်နေကြသည်ကို ကျွန်ုပ်တို့ စောင့်ကြည့်နေကြသည်။ မကြာပါ၊ စခန်းဘက်မှ လူသံနှင့် မီးရောင်များ မြင်ရပြီး လွှယ်လက အသံပေးလိုက်သည်။

"ဝူး ... အူး ... အူး ..."

တစ်ဖက်မှလည်း ...

"ဝူး ... အူး ... အူး ..."

ဟူသော အသံကို ကြားရသည်။ သူတို့အချက်ပေးသံမှာ ဆင်အော်သံနှင့် တူသည်။ ကျွန်ုပ်တို့ အချက်ပေးလျှင် ...

"ဝူး ... ဝူး ..."

ဟူသာ တောထဲတောင်ထဲ အချက်ပေးကြသည်။ တစ်ရွာ၊ တစ်ပုဒ်ဆန်း ဖြစ်ဟန်တူသည်။

ပြီးနောက် လွှယ်လက ဘာလုပ်မှန်းမသိ နောက်တွင်ကျန်ခဲ့သည်။ အပေါ်အလေး သွားဟန်တူသည်။ အထမ်းသမားများ ရှေ့ကသွား



www.burmeseclassic.com

www.burmeseclassic.com



၌ ကျွန်ုပ်တို့ နောက်ကလိုက်ခဲ့ကြရာ လွယ်လပါမလာသဖြင့် ကျွန်ုပ်က အထမ်းသမားများအား စောင့်ခိုင်းရာ ဖော်မင်းက …

"ဆရာ သူတို့သွားပါစေလား။ ကျွန်တော်တို့ပဲ စောင့်နေကြမယ်လေ"

ကျွန်ုပ် …

"အေး … အဲဒါလည်း ကောင်းသားပဲ"

ကျွန်ုပ်တို့ စောင့်နေကြရာ (၁၅)မိနစ်ခန့်ကြာသော်လည်း ပေါ်မလာသဖြင့် အောင်ဘုက မီးထိုးပြီးကြည့်သည်။ လိုက်သွားမည်ဖြစ်၍ ကျွန်ုပ်တို့သုံးယောက်စလုံး မှုရင်းနေရာသို့ ပြန်လာကြသည်။ မတွေ့ပါ။ ကျွန်ုပ်တို့ ပထမနေခဲ့ကြသော နေရာပတ်ဝန်းကျင်အား မီးထိုးရှာဖွေရာ ညောင်ကြပ်ပင်ကြီး တစ်ပင်အောက်ဖြစ်ကြောင်း သိရသည်။ အပင်မှာ အတော်ကြီးသည်။ ပင်စည်က လူသုံးလေးဘက်စာခန့် ရှိသည်။

ကျွန်ုပ် …

"ထူးတော့ ထူးဆန်းတယ်ကွ။ ဒီဒေသမှာ ညောင်ကြပ်ပင်ပေါက်ခဲတယ်။ ဒီအပင်ကြီးက သက်တမ်း အတော်ရင့်ပြီထင်တယ်။ အကိုင်းအခက်တွေလည်း ဝေနေတာပဲ။ ဟိုမှာ ကြည့်စမ်းပါဦး။ အပေါ်က အမြစ်တွေကျပြီး အမြစ်တွေက တိုင်လောက်ဖြစ်နေတာ"

အောင်ဘုက မီးထိုးကြည့်ပြီး ညောင်ပင်ကြီးအား ပတ်ကြည့်ရာမှ …

"ဆရာ … ဒီမှာဗျို့ လူချေးပုံ တစ်ပုံတွေ့ရတယ်။ လတ်လတ်ဆတ်ဆတ်ပဲဗျို့"





ကျွန်ုပ်တို့ အပြေးသွား၍ ကြည့်ရာ ချုံပုတ်တစ်ခုဘေးတွင် အလေးစွန့်ထားသည်ကို တွေ့ရသည်။

ကျွန်ုပ် …

"အင်း … ဒီကောင်လွယ်လ ဘယ်များရောက်သွားပါလိမ့်"

ကျွန်ုပ်တို့ ကြာနေ၍ စခန်းဘက်မှ မီးရောင်များမြင်ရပြီး တောအုပ်မောင်ခင်ခေါင်းဆောင်သောအဖွဲ့ ရောက်လာကြပြန်သည်။

ကျွန်ုပ်တို့က အသံပေး၍ခေါ်ပြီး ညောင်ပင်အောက်ကိုပြရာ တောအုပ်မောင်ခင်က …

"ဆရာရေ … တောမှောက်ပြီထင်တယ်။ ဒီညောင်ပင်ကြီးက အဓိကရအပင်ကြီး … ဆရာ။ လွယ်လ ဘယ်လိုလုပ်လိုက်ပါလိမ့်"

ကျွန်ုပ် …

"အေး … ငါလည်း အံ့ဩနေတာ။ ငါတို့ရှေ့တွင် တောထဲဝင်သွားပြီး ပျောက်သွားတာ"

ကျွန်ုပ်တို့ လှည့်ရှာ၍ ပတ်ဝန်းကျင်အနှံ့ ရှာသော်လည်း မတွေ့။ ညဉ့်နက်တည့် (၁၂)နာရီထိုးမှ ညောင်ကြပ်ပင်ကြီးအောက်တွင် ပြန်ဆုံကြပြီး လက်လျှော့၍ စခန်းပြန်ခဲ့ကြသည်။ စခန်းတွင် ညလယ်စာချက်ပြုတ်နေကြသည်။ ပြီးနောက် ညလယ်စာစားကြသည်။

ကျွန်ုပ်တို့ အိပ်ရာဝင်တော့ မနက် (၃) နာရီထိုးပြီး လွယ်လအရိပ်အယောင်ပင် မမြင်ရပါ။ စခန်းက ဝန်ထမ်းများကတော့ နတ်ဖမ်းတာ ရှာပုန်းက ခေါ်တာ၊ အဓိကရညောင်ပင်ကြီးအောက်တွင် အလေးသွား၍ တောမှောက်တာ စသဖြင့် မျိုးစုံဝေဖန်နေကြသည်။

ကျွန်ုပ် အိပ်မပျော်ဘဲ စဉ်းစားနေမိသည်။ ညောင်ကြပ်ပင်ကြီးမှာ အဓိကရအပင်ကြီးဟု ဆိုကြသည်။ လယ်ကွင်းစပ်တွင် ရှိနေ၍



www.burmeseclassic.com

www.burmeseclassic.com



လွယ်လမသိဘဲ ရှိမည်မဟုတ်။ သူက ဒေသခံလည်းဖြစ်သည်။ တော စောင့်၊ တောင်စောင့်နတ်များကို ရှိသေ၍လည်း တောဝက်သေများ၏ နားရွက်ဖျား၊ အမြီးဖျားကို ဖြတ်၍ တင်မြှောက်ပ,သခဲ့သေးသည်။ ထိုသို့ ယုံကြည်လေးစားသူက အဘယ်ကြောင့် အဓိကရညောင်ပင်ကြီးအောက် တွင် အလေးသွားခဲ့ရသနည်း။

ကျွန်ုပ် စဉ်းစားရင်း ... စဉ်းစားရင်း လုံးလည် လိုက်၍နေတော့ သည်။ နောက်ဆုံး အတွေးစများကို ဖြတ်တောက်ရင်း ဖွတ်နှစ်၍ အိပ် ရတော့သည်။ ကျွန်ုပ် အိပ်ရာက နေမြင့်မှနိုးသည်။

တောအုပ်၊ မောင်ခင်တို့အဖွဲ့ ကန်တော့ပွဲပြင်ပြီး ရွာမှလူကြီး တစ်ဦးနှင့် တိုင်ပင်နေကြသည်။ အမျိုးသမီးများကိုလည်း တွေ့ရသည်။ လွယ်လဘက်မှ ဖြစ်ဟန်တူသည်။ ငိုယို၍လည်း နေကြသည်။ မကြာမီ သူတို့အဖွဲ့ စခန်းအနောက်မှထွက်၍ တောစပ်ဘက်သို့ ကန်တော့ပွဲပင့်၍ ထွက်ခွာသွားကြသည်။

ကျွန်ုပ်တို့ စောင့်စားရင်း စကားပြောနေကြသည်။

တောအုပ်ကြီး ဦးအောင်မြတ် ...

“ဆရာဦးနေအောင်ရေ ... ကျွန်တော်တို့ ဉာဏ်မြစ်ဖျားထိအောင် မော်တော်နဲ့သွားလို့ မရတော့ဘူးဗျ။ ရေက နည်းနေပြီ။ မြစ်ဖျားမှာ လည်း နောင်မိုးရွာပဲ ရှိတော့တာပါ။ အိမ်ခြေကလည်း (၅) လုံးလောက်ပဲ ရှိတာပါ”

ကျွန်ုပ် ...

“အဲဒါဆိုရင်လည်း လွယ်လသတင်း စောင့်ကြပြီး ပြန်ဆင်းကြ တာပေါ့”

ဦးအောင်မြတ် ...





“ပြန်ဆင်းရင်လည်း ဒီစခန်းမှာ နေ့လယ်စာစားပြီးမှ ပြန်ကြ [illegible]ပေါ့။ လမ်းမှာနေ့လယ်စာစားဖို့ ခက်မှာစိုးလို့ပါ”

ကျွန်ုပ် ...

“ဦးအောင်မြတ် ... ကောင်းသလို စီစဉ်ပါ။ ကျွန်တော်တို့က [illegible]မြမကျွမ်းသေးတော့ ဦးအောင်မြတ်ပဲ အဆင်ပြေအောင် ဆောင်ရွက် [illegible]

ဦးအောင်မြတ် ...

“အပြန်တော့ ရေစုန်မို့ မြန်မယ်ဆရာ။ ဒီနေ့ နောင်မိုးအောင် [illegible]မှာ ညအိပ်မယ်။ အဲဒီက လူကြီးတွေနဲ့ ဆရာ့ကို မိတ်ဆက်ပေး [illegible]”

ကျွန်ုပ် ...

“ဦးအောင်မြတ်ရေ ... ဒီစခန်းမှာ ဆင်ဘယ်နှစ်ကောင်လောက် [illegible]”

“စခန်းပိုင် ငါးကောင်ရှိတယ်။ ကျန်တဲ့ဆင် (၅) ကောင်က [illegible]ပိုင် ဆင်တွေ၊ ကျွဲတွေရော ရှိတယ်။ ရာသီချိန်မှာ ငှားရတာပါ။ [illegible]ဟောင်မျှော်မှ ငှားရတာပါ။ အခုအချိန်မှာတော့ စခန်းပိုင် ဆင် [illegible]င်နဲ့ပဲ ခုတ်ပြီးသားသစ်တွေကို စုပုံထားလောက်ပဲရှိတော့ အလုပ် [illegible]ယ်။ ဆင်တွေကိုတော့ တောထဲက ဆင်ဝိုင်းမှာပဲ ထားပါတယ်”

ကျွန်ုပ် ...

“အေးဗျာ ... ကျွန်တော် ညက တောဝက်ပစ်ပြီး ဒီစခန်း[illegible] [illegible]ကြီးတော့ လှူသံပေးတာက ဆင်အော်သံလို ...

“ဝူး ... အူး ... အူး ...”



www.burmeseclassic.com

www.burmeseclassic.com



လို့ အော်လို့ မေးကြည့်မိတာပါ။ တချို့စခန်းတွေမှာ တောထဲ တောင်ထဲ၊ ဆင်အော်သံလို မအော်ရဘူးလို့ ကြားဖူးလို့ပါ။ ကျွန်တော်တို့ တောအုပ်သံကတော့ တစ်ယောက်နဲ့တစ်ယောက် အချက်ပေးရင်း ...

"ဝူး ... ဝူး ... ဝူး ... လို့ပဲ ပေးတယ်မဟုတ်လား"

ဦးအောင်မြတ် ...

"အမျိုးမျိုးပေါ့ ... ဆရာရယ်။ ဒီဘက်မှာတော့ ဆင်လုပ် သားတွေက ခန္တီးရှမ်းနဲ့ ကဒူးကနန်းတွေများတော့ အသံတစ်မျိုးပေါ့ သူတို့ဒေသခေလှေ့ပဲဖြစ်မှာပါ။ ဒီဘက်မှာတော့ သစ်တိုက်ကားမရှိတော့ ဆင်တွေ၊ ကျွဲတွေနဲ့ မြစ်ချောင်းကိုပဲ အားကိုးရတာ။ ဆင်ကတော့ အဓိကပေါ့။ တန်ဖိုးလည်း ကြီးတယ်ဆရာ။ တောထဲမှာလည်း ဆင်ဖမ်း အဖွဲ့တွေ ရှိသေးတယ်"

ကျွန်ုပ် ...

"ကျွန်တော်တို့ဘက်မှာတော့ ဆင်ကို ကျုံးသွင်းပြီး ဖမ်းတာ နဲ့ မေ့ဆေးသေနတ်နဲ့ ပစ်ပြီးဖမ်းတာနဲ့ နှစ်နည်းပဲရှိတယ်။ ဒီဘက်မှာ ရော ဘယ်နည်းတွေနဲ့ ဖမ်းကြသလဲ"

"ဒီဘက်ကနည်းတွေကတော့ ဆန်းတယ်ဆရာ။ ကြိုးကွင်း စွပ် ဆင်ယဉ်နဲ့ဆွဲပြီး ဝိုင်းဖမ်းရတဲ့ မိလာရှိကာနည်းနဲ့ ခန္တီးနည်းပေါ့ ဆရာ။ ကျုံးသွင်းတဲ့နည်းလည်း သုံးကြပါတယ်။ ကျုံးသွင်းတဲ့နည်း ကတော့ ဆင်အုပ်လိုက်တွေ့မှ သုံးတာဆရာ။ တစ်ကောင်ချင်း၊ နှစ် ကောင်ချင်းကတော့ ဆင်ယဉ်တွေနဲ့ ဝိုင်းပြီး မိလာရှိကာနည်းသုံး များကယ်။ ဒီရာသီ ဆင်တွေအလုပ်ပါးတော့ ဆင်ဖမ်းရာသီပေါ့ဆ ဆရာ ကြုံရဦးမှာပါ။ အန္တရာယ်တော့များတယ် ... ဆရာရေ"





ကျွန်ုပ် ...

"အေးဗျာ ... အတွေ့အကြုံရအောင် တစ်ခါလောက်တော့ ကြည့်ချင်ပါရဲ့"

"ဆင်နဲ့ သစ်လုပ်ငန်းကတော့ ကျွန်တော်တို့တိုင်းပြည်မှာ တွဲ ရက်နေတုန်းပါပဲဆရာ။ မရှိမဖြစ်တဲ့ တိရစ္ဆာန်ကြီးတွေပါ။ ဒီလိုပဲ ဆင် သမားတွေဆိုတာကလည်း ဆင်တွေလိုပဲ တောထဲ၊ တောင်ထဲမှာ ဥတု ဒဏ်ခံတဲ့ အကြမ်းပတမ်းသမားတွေပါပဲ။ ဆင်ဆိုတာကလည်း မော်တော် ကားလို ဘယ်သူတက်မောင်းမောင်း ရတာမဟုတ်ဘူးဆရာ။ သူ့သခင်နဲ့ မှ ဖြစ်တာ။

ဆင်တွေက သူ့သခင်တွေကို အလွန်ချစ်ကြတာ။ သခင်လုပ် သူတွေကလည်း ဆင်တွေကို အလိုက်သိရတယ်။ ကိုယ့်ဆင် ဘာဖြစ်လို့ ဒီလို အချက်ပြနေတယ်ဆိုတာကို ဒက်ခနဲ သိရတယ်။ ဥပမာ မုံတွင်း ... မုံရည်ကျနေတာကိုမသိဘဲ စွတ်ခိုင်းနေရင်တော့ ဆင်တွေက ပြန် ... ရန်ပြုတော့တာပဲ။ ခန္တီးရှမ်းတွေကတော့ ဆင်ထိန်းအလွန်တော် ... ယ် ဆရာ"

ကျွန်ုပ် ...

"သူတို့က ဒေသခံတွေမဟုတ်လား။ သစ်လုပ်ငန်း လုပ်ကြ ... ည်း ကြာပြီလေ။ အဲဒီတော့ ကျွမ်းကျင်ကြမှာပေါ့"

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် တောအုပ်မောင်ခင်နှင့် ... များအဖွဲ့ ပြန်လာကြသည်။

မောင်ခင် ...

"ဆရာ ... လွယ်လက တောမှောက်တာဆရာ။ နယ်ခံမြ ... တောစည်းကမ်း၊ တောင်စည်းကမ်းသိလျက်နဲ့ ဘယ်လိုဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ကန်တော့ပွဲပေးပြီး တောင်းပန်တော့ပြီးပါပြီ။ တစ်ပတ်တစ်
စောင့်ကြည့်ရဦးမှာပေါ့လေ"

မိန်းမများဘက်လှည့်၍ ...

"ကဲ ... နင်တို့လည်း ဝက်သားတွေယူပြီး ပြန်ကြ။ အကြောင်း
ထူးတာနဲ့ လာပြောမယ်"

"ဟုတ် ... ဆရာ"

မိန်းမအဖွဲ့ ပြန်သွားကြတော့မှ တောအုပ်မောင်ခင်က ...

"ကျွန်တော်တို့စခန်းမှာ ဒီလိုဖြစ်လေ့ မရှိဘူးဆရာ။ ကျွ
တော် ရောက်လာတာ နှစ်နှစ်ရှိပြီ။ ဘာသံမှ မကြားရဘူး၊ ကဲ ... ဆ
တို့ ထမင်းဆာရောပေါ့။ ကျွန်တော် ပြင်လိုက်တော့မယ်"

ကျွန်ုပ်တို့ ခရီးဆက်ရန်ရှိသဖြင့် နေ့လယ်စာ စောစောစား
သည်။ နေ့လယ် (၁၁)နာရီခန့်သာ ရှိပါသေးသည်။ လွယ်လ ပျော
သွားသဖြင့် စိတ်မကောင်းသောကြောင့် ထမင်းက စား၍မကောင်း
အပြန်တွင်မတော့ မောင်ခင်ထည့်ပေးလိုက်သော ဝက်သားများအ
အိတ်တစ်လုံးထဲထည့်၍ ယူခဲ့ကြသည်။

U Boat ကလေးမှာ အပြန်ရေစုန်ခရီးမို့ မြန်ပါသည်။
တောရွာ အထက်ဖာလုံရွာ၊ အောက်ဖာလုံရွာကို ကျော်ပြီး ညနေ
နာရီခန့်တွင် နောင်ပိုအောင်ကျေးရွာကြီးသို့ ရောက်သည်။ အိမ်
(၄၀၀–၅၀၀) ရှိသော ရွာကြီးဖြစ်၍ မြို့ငယ်တစ်မျှ စည်ကားလှသ
မော်တော်ကလေးကို ဦးအောင်မြတ်ညွှန်ကြားသည့်အတိုင်း တိုက်
ကြီးတစ်အိမ်ရှေ့ရှိ ရေဆင်းတံတားတွင် ကပ်လိုက်သည်။

ကျွန်ုပ် ...

"ဒါ ဘယ်သူ့အိမ်လဲ ... ဦးအောင်မြတ်"





"နောင်ပိုအောင်ရွာသူကြီး ဦးစိန်နီအိမ်ပါဆရာ။ ဒီရွာမှာတော့
သူက လောပန်ပဲ။ ကျောက်စိမ်း အရောင်းအဝယ်လုပ်တယ်။ ရွှေတွင်း
တူးတယ်"

ကျွန်ုပ် ...

"ဥရုချောင်းက ရွှေထွက်တယ်ဆို ကျွန်တော်တို့သွားလမ်းလာ
လမ်းတစ်လျှောက် မြစ်ကမ်းဘေးမှာတော့ ကလေးတွေနဲ့ မိန်းမတွေပဲ
ရွှေကျင်နေတာ တွေ့ခဲ့တယ်"

ဦးအောင်မြတ် ...

"ဒီဘက်မှာတော့ ဟုတ်တယ်ဆရာ။ ဦးစိန်နီတို့က ဥရုချောင်း
များမှာ ရွှေကျင်ပြီး ရွှေတွင်းတူးကြတာ။ အဲဒီဘက်ကမှ အတုံးလိုက်
အခဲလိုက် ထွက်တာဆရာ"

ကျွန်ုပ်တို့ စကားပြောရင်း တိုက်အိမ်ကြီးထဲ ဝင်လာကြရာ
ရှမ်းကြီးတစ်ဦး အိမ်ထဲမှထွက်လာပြီး ...

"ဆရာ ဦးအောင်မြတ်တို့ပါလား ... ကြွကြွပါခင်ဗျား။
ဧည့်သည်တွေလည်း ပါလာတာကိုး။ အထက်က ပြန်လာတာထင်ပါရဲ့"

ဦးအောင်မြတ် ...

"ဟုတ်ပါ့ ... ဦးစိန်နီ၊ ရွှေတွင်း မသွားဘူးလား။ ကျွန်တော်
တို့အပြန် သတိရတာနဲ့ ဝင်လာကြတာ။ ကျွန်တော်က မှုရှာကို ပြောင်း
ရမယ်။ ဒါက ကျွန်တော်နဲ့ ပြောင်းလဲတာဝန်ယူမယ့် သစ်တောအရေး
ပိုင် ဦးနေအောင်ပါ။ နောင်လည်း ဒီဆရာနဲ့ ဆက်ဆံကြရမှာပါ"

ကျွန်ုပ် ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ဦးစိန်နီ။ ကျွန်တော်
နေအောင်ပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ဆရာ၊ ကျွန်တော့်နံမည် စိန်နိုပါ။ ဒီရွာက သူကြီးပါ"

ကျွန်ုပ်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။

"ဆရာတို့ … ညစာစားပြီးမှ ပြန်ကြပါ။ ကျွန်တော် အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်။ အခုတော့ မိတ်ဖြစ်ခွေဖြစ် အရက်သောက်ရအောင်။ ကျွန်တော့်မှာ အရက်ကောင်းတွေ ရှိပါတယ်"

ဦးစိန်နိုမှာ တပည့်များအားခေါ်၍ ချက်ချင်း စီစဉ်သည်။ အိမ်ရှေ့ဝရန်တာပေါ်တွင် ဝိုင်းခင်း၍ အကျအန စီစဉ်ပေးသည်။ ကျွန်ုပ်တို့ကလည်း ပါလာသည့် တောဝက်သားများအား လက်ဆောင်ပေးလိုက်သည်။

ဦးစိန်နို …

"ကျေးဇူးတင် … ဆရာ၊ ကျွန်တော်တို့ဆီမှာ တောဝက်သားက တစ်ခါတလေမှ ရတာ။ ကျွန်တော် အကောင်းဆုံး ချက်ခိုင်းလိုက်မယ်။ အခုတော့ ရှိတာလေးနဲ့ မြည်းကြပါဦး ဆရာ"

ဦးစိန်နို၏ ရှိတာကလေးနဲ့ကလည်း အတော်စုံသည်။ မြေပဲဆံလှော်၊ ပြောင်းဖူးကြော်၊ အာလူးကြော်၊ ကြက်သားကြော်နှင့် ငါးကြော်များ ဖြစ်သည်။ စားသောက်ကြရင်း …

ကျွန်ုပ်က …

"ဦးစိန်နိုတို့ရွှေတွင်းက ဘယ်နားမှာလဲ"

"ဥရုချောင်းဖျား နောင်မိုးရွာနားမှာ ဆရာ။ အရင်နှစ်က ရွှေကြောတွေ့တဲ့နေရာမှာ ထပ်တူးနေတာပါ"

ကျွန်ုပ် …

"ရွှေကြော … ဟုတ်သလား၊ အတော်ကြီးသလား"

---





"ကြီးတယ် … ဆရာ။ အရင်နှစ်က မြေကြောတွေ့ပြီး ရွှေကြောပေါ်လာမှ မိုးကျပြီး တောင်ကျရေစီးလာလို့ ရပ်လိုက်ရတာ။ ကျွန်တော်တို့က ဥရုမြစ်ထဲမှာ တူးရတာဆရာ။ အားကြီး နတ်ကြီးတယ်ဆရာ။ ဒီနှစ် တွေ့ပါဦးမလားမသိဘူး"

ဦးအောင်မြတ် …

"သူတို့လုပ်ငန်းက ကြီးတယ်ဆရာ။ အရင်းအနှီးလည်း များတယ်။ အလုပ်သမားကလည်း များတယ်။ ရေငုပ်ပြီး တူးရတာဆိုတော့ ခေတ်မီစက်ကိရိယာလည်း လိုတယ်။ ကျွမ်းကျင်တဲ့ ရေငုပ်သမားတွေလည်း လိုတယ်"

ဦးစိန်နို …

"ဟုတ် … ဆရာ၊ ဥရုချောင်းက ရွှေအရမ်းထွက်တယ်။ ရွှေမှုန်တွေ အများကြီးထွက်တယ်။ ကျွန်တော်တို့က ရွှေမှုံလောက်ကျင်ရတာမျိုး မလုပ်တော့ဘူး။ ရွှေကြောတွေ့တော့ ရွှေကို အတုံးလိုက်၊ အခဲလိုက်ရတာပေါ့ဆရာ။ ရေငုပ်သမားတွေအတွက် ဝတ်စုံနဲ့ အသက်ရှူဖို့ ကိရိယာတွေလိုတယ် ဆရာ။ ရေအောက်ထဲဆင်းရင် တစ်နာရီလောက်ကြာတယ်။ မြေစာတွေကိုလည်း စက်နဲ့စုပ်ပြီး အပေါ်တင်ရတာ။ ရေငုပ်သမားတွေကလိုက်၊ ရေစီးနဲ့ သဲပြန်ဖို့လိုက်နဲ့၊ အတော် စိတ်ရှုပ်ရတယ်ဆရာ။

ရွှေကြောတွေ့ရင်တော့ သူတို့လည်း အားရှိကြပါတယ်။ နောက်က ရွှေကြောတွေ့တဲ့နေရာကို မှတ်ထားပြီး ဒီနှစ်တူးပေမယ့် တွေ့ချင်မှ တွေ့ရတာ ဆရာ။ အားကြီး နတ်ကြီးတယ်။ ချောင်းစောင့်နတ်၊ မြေစောင့်နတ် မကျေနပ်ရင် ဂုဏ်ထားရော။ အဲဒါကြောင့် ကန်တော့ပွဲပေးပြီး လုပ်ရတာပါ"

---



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ...

"ဟင်း ... ဦးစိန်နီတို့ အလုပ်ကလည်း မသေချာပါလား။ အရင်းအနှီးများပြီး စိတ်မချရပါလား"

ဦးစိန်နီ ...

"ရွှေများများ လိုချင်တော့လည်း စွန့်ရတာပေါ့ ဆရာရယ်။ ချွန်တော်တို့မှာ ရိုးရာ ယင်းတိုက်တဲ့လုပ်ငန်းကလည်းရှိတော့ ကုန်ကျ စရိတ်ကို ကာမိအောင် လုပ်ရတာပေါ့။ ရွှေကြောရရင်တော့ တစ်သက်စာ ချမ်းသာပြီပေါ့ ... ဆရာရယ်"

ကျွန်ုပ် ...

"အခက်အခဲရော ဘယ်လိုရှိသလဲဗျ။ ဥပမာ ထိခိုက်ဒဏ်ရာ ရတာတို့ လူသေတာတို့ လူပျောက်တာတို့ပေါ့ ... ဦးစိန်နီ"

ဦးစိန်နီ ...

"အခက်အခဲတော့ အားကြီးပေါ့ ... ဆရာရယ်။ တောင်ကျ ချောင်းဆိုတော့ ရေစီးသန်ပြီး ရေက အေးတော့ ရေငုပ်သမားတွေ အတွက် အန္တရာယ် အလွန်များပါတယ်။ အအေးမိတာနဲ့ အဆုတ်ထဲ ရေဝင်တာနဲ့ ကြိုးနဲ့ချည်ထားတာတောင် ကြိုးပြတ်ပြီး ရေစီးထဲမျောသွား တာမျိုး ရှိတတ်ပါတယ်"

ကျွန်ုပ် ...

"ဒီနှစ်တူးတာ အခြေအနေကောင်းရဲ့လား"

"ကောင်းပါတယ် ဆရာ။ မနှစ်က နွေနှောင်းပိုင်းမှ ဒီတွင်းကို တွေ့တော့ မိုးကျတာနဲ့ မလွှတ်တော့ဘူးပေါ့။ ဒီနှစ်တော့ ဆောင်းကုန်စ ရေစီးငြိမ်တာနဲ့ လုပ်ငန်းစတာလေ။ အချိန်ရတာပေါ့။ ဒါတောင် ဟိုအပတ်





က အလုပ်သမားတစ်ယောက် ပျောက်သွားလို့ ကန်တော့ပွဲပေးပြီး ရှာ နေကြတုန်းပဲ"

ကျွန်ုပ် ...

"ရေငုပ်သမား ပျောက်သွားတာလား"

"မဟုတ်ဘူး ဆရာ၊ ထမင်းချက်ပါ။ တောထဲဝင် ထင်းရှာရင်း ပျောက်သွားတာ။ နတ်ဖမ်းတာလို့လည်း ပြောကြတယ်။ ရှာပုန်းဖမ်းခေါ် သွားတာလို့လည်း ပြောကြတယ်"

ကျွန်ုပ် အလွန် အံ့သြမိပြန်ပါသည်။ ရှာပုန်းက ခေါ်ခြင်းမှာ ဆာနက်မှာသာမဟုတ်၊ သောင်ပြင်ကမ်းစပ်မှာလည်း ဖြစ်တတ်ပါလား ဟု တွေးရင်း ငေးမောနေမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com